ထားဝယ်သမဂ္ဂ(သမိုင်း)

၇၅နှစ်မြောက် စိန်ရတုသဘင်အကြို

ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ပဓာနကျသောတာဝန်ဖြစ်သည်။

တပ်မတော်ဖြိုခွဲသူ ဒို့ရန်သူ

တပ်မတော်ဖြိုခွဲမည့်အကြံ ဒို့လက်မခံ။

ဘယ်သူခွဲခွဲ ဒို့မကွဲ အမြဲစည်းလုံးမည်။

စည်းကမ်းလိုက်နာ ဘေးကင်းကွာ။
စည်းကမ်းရှိမှ တိုးတက်မည်။
စည်းမျဉ်းကိုက်ညီ ဘေးကင်းသည်။

ထားဝယိသမဂ္ဂသမိုင်း

၁၉၉၅

ပထမအကြိမ်ရိုက်နှိပ်ခြင်း
၁၉၉၄-ခုနှစ်၊ ဇန်နဝါရီလ
အုပ်ရေ ၁၅၀၀
တန်ဖိုး - ၉၅ ကျပ်

စာအုပ်စာတမ်း စာနယ်ဇင်း စာမူခွင့်ပြုချက်အမှတ် [၄၈၇/၉၃ (၁၁)]
စာအုပ်စာတမ်း စာနယ်ဇင်း မျက်နှာဖုံးခွင့်ပြုချက်အမှတ် [၁၄၇/၉၃ (၁၂)]
အဖုံးရိုက် - စုပေါင်းအော့ဖ်ဆက်

ထုတ်ဝေသူ - ဦးအောင်သိမ်း၊ (ဥက္ကဋ္ဌ)
ထားဝယ်သမဂ္ဂ
အမှတ် - ၈၂၈၊ မဟာဗန္ဓုလလမ်း၊ ရန်ကုန်မြို့။

ပုံနှိပ်သူ - ဦးလေးမြင့် (၀၄၃၃၉၂)
စုပေါင်းအော့ဖ်ဆက်၊ ရောင်စုံပုံနှိပ်လုပ်ငန်း
အမှတ် ၃၄-ခ၊ ၁၀၄-လမ်း
မဂ်လာတောင်ညွန့်၊ ရန်ကုန်မြို့။

ထားဝယ်သမဂ္ဂသမိုင်း

နိဒါန်း

အခန်း ၁။

အကြောင်းအရာ

စဉ်

၁။ ပထမဦးစွာ ဖွဲ့စည်းပေါ်ထွန်းလာသည့် ထားဝယ်အသင်း။
၂။ ထားဝယ်အသင်း ပြန်လည်တည်ထောင်ခဲ့ခြင်း။
၃။ ထားဝယ်သမဂ္ဂအသင်း၏ ပထမခရီး။
၄။ အသင်းပိုင်အဆောက်အအုံ ရရှိရန်ကြိုးပမ်းခြင်း။
၅။ အသင်း၏ ရည်ရွယ်ချက်
၆။ ထားဝယ်ရန်ကုန် ခရီးလမ်းပန်းဆက်သွယ်မှုများ။
၇။ ထားဝယ်သမဂ္ဂအသင်း၏ ကူညီဆောင်ရွက်ချက်များ။
၈။ အစဦးပိုင်း ဦးဆောင်ကြသည့်လူကြီးများ။
၉။ ထားဝယ်မြို့၌အသင်းခွဲဖွဲ့စည်းရေး။
၁၀။ ရန်ပုံငွေတောင့်တင်းရေးဆောင်ရွက်မှုများ။
၁၁။ အသင်းတိုက်အဆောက်အအုံအတွက်
အကြွေးပြန်ဆပ်ရန်ကြိုးပမ်းခြင်း။
၁၂။ စက်လှေများထွန်းကားလာခြင်း။
၁၃။ အသင်းကိစ္စဆောင်ရွက်ခြင်း။
၁၄။ ထားဝယ်နှင့်မြိတ်ရင်းနှီးရိုင်းပင်းမှု။
၁၅။ ဥက္ကဋ္ဌအပြောင်းအလဲ။
၁၆။ သဟာယရန်ပုံငွေ။
၁၇။ စစ်ဦးချိန်ကာလ။
၁၈။ အသင်းတိုက်ကိုထိန်းသိမ်းစောင့်ရှောက်မှု။
၁၉။ စုည်းကမ်း။
၂၀။ အနှစ်(၂၀)အတွင်းဆောင်ရွက်မှုများ။

၂၁။ လူမှုရေး။
၂၂။ ကယ်ဆယ်ရေး။
၂၃။ အသင်းဝန်ထမ်းများ။
၂၄။ အသုံးအစွဲ။
၂၅။ အမှုဆောင်။

အခန်း-၂

စဉ် အကြောင်းအရာ

၁။ ဂျပန်လွတ်လပ်ရေးခေတ်
၂။ ထားဝယ်သမဂ္ဂအသင်းပြန်လည်ရှင်သန်လာခြင်း။
၃။ အထင်လွဲမှားဖမ်းဆီးခံရသူလူငယ်များကိစ္စ။
၄။ အခြားလူမှုရေးကယ်ဆယ်မှု။
၅။ ထားဝယ်သမဂ္ဂအသင်းတိုက်ကိုအသစ်ပြန်လည်ဆောက်လုပ်ခြင်း။
၆။ အသင်းတိုက်စာရေးခန့်ထားခြင်း။
၇။ စက်လှေများနှင့်ပတ်သက်သည့်ဆောင်ရွက်ပေးချက်များ။
၈။ ၁၉၆၂ ခုနှောက်ပိုင်းကာလအတွင်းထားဝယ်သမဂ္ဂအခြေအနေ။
၉။ အသင်း၏မှတ်တမ်းအအချို့ပျက်စီးရခြင်း။
၁၀။ ဆွမ်းတော်ကြီးတင်ပွဲ။
၁၁။ ထားဝယ်သမဂ္ဂအသင်းတံဆိပ်များ။
၁၂။ အသင်း၏ဆောင်ပုဒ်။

အခန်း-၃

စဉ် အကြောင်းအရာ

၁။ ထားဝယ်သမဂ္ဂပြန်လည်လှုပ်ရှားရန်ကြိုးပမ်းမှု။
၂။ အသင်းတိုက်အောက်ထပ်အခန်းငှားကိစ္စ။
၃။ အသင်းတိုက်အခန်းငှားအကြေးကျန်ကိစ္စ။
၄။ တရားစွဲဆိုခြင်း။
၅။ အချိန်ကြာလွန်းလှသည့်အမှု။
၆။ အကြိမ်ကြိမ်နှိုင်သော်လည်းအမှုမပြီးပြတ်။
၇။ ၁၄ နှစ်ကြာသည့်အမှုပြီးဆုံးအနိုင်ရခြင်း။
၈။ လူငယ်များတက်တက်ကြွကြွဖြစ်လာကြခြင်း။
၉။ လူကြီးလူငယ်ပူးပေါင်းလာကြခြင်း။
၁၀။ ထားဝယ်သမဂ္ဂပြန်လည်စုစည်းခြင်း။
၁၁။ စည်းမျဉ်းဥပဒေများကိုတိုးချဲ့ပြင်ဆင်ခြင်း။
၁၂။ နာရေးထောက်ပံ့ကြေးကိစ္စ။
၁၃။ ပြက္ခဒိန်ထုတ်ဝေခြင်း။
၁၄။ နာရေးထောက်ပံ့ကြေးနှင့်မီးဘေးအလှူငွေများ။
၁၅။ အားကစားကိစ္စအားပေးချီးမြှင့်မှု။
၁၆။ တသက်လျှာအသင်းဝင်နှစ်ကြေးနှုန်းတိုးခြင်း။
၁၇။ ထားဝယ်သမဂ္ဂရွှေရတုသဘင်။
၁၈။ အသင်းတိုက်အဆောက်အအုံကိုထပ်မံပြင်ဆင်ခြင်း။
၁၉။ စည်ရိပ်သာထားရှိခြင်း။
၂၀။ အဆောက်အအုံရန်ပုံငွေအင်အားထပ်မံဖြည့်တင်းရခြင်း။

အခန်း-၄

စဉ် အကြောင်းအရာ

၁။ ကျင်းပလေ့ရှိသည့်ဘာသာရေးနှင့်ရိုးရာပွဲလမ်းများ။
၂။ အခြားပျော်ပွဲရွှင်ပွဲနှင့်မိတ်ဆုံစားပွဲ။
၃။ ထားဝယ်သမဂ္ဂနှစ်(၆၀)ပြည့်မိတ်ဆုံစားပွဲ။
၄။ ထားဝယ်သမဂ္ဂ၏ပညာရည်ချွန်ဆု။
၅။ တက္ကသိုလ် ပညာသင်စရိတ် ထောက်ပံ့ချီးမြှင့်မှု ရန်ပုံငွေ။
၆။ တက္ကသိုလ်ပညာသင်ဆု ဆိုင်းထားရခြင်း။
၇။ တက္ကသိုလ်ပညာသင်စရိတ် ထောင့်ပံ့ရေး
အမှုဆောင်အဖွဲ့ထပ်ဖွဲ့ခြင်း။
၈။ ပညာရည်ချွန်ဆုချီးမြှင့်ခြင်း။
၉။ ထားဝယ်သမဂ္ဂ၏ ပညာရေးဆိုင်ရာရည်ရွယ်ချက်
၁၀။ ပညာထူးချွန်ဆု။
၁၁။ ပညာရေးရန်ပုံငွေ စေတနာရှင်များ။
၁၂။ ပညာသင်ဆုငွေ တိုးမြှင့်ပေးခြင်း။
၁၃။ ဂုဏ်ထူးဆောင် စာရင်းဝင်များ။
၁၄။ စာအောင်သံဃာများနှင့် ဘွဲ့ထူးရသံဃာတော်များအားချီးမြှင့်
ပူဇော်ခြင်း။
၁၅။ ကယ်ဆယ်ရေးရန်ပုံငွေ ထူထောင်ခြင်း။
၁၆။ ဒုက္ခသည်များ ကယ်ဆယ်ရေး။
၁၇။ လူမှုရေးနှင့် အခြားကယ်ဆယ်ရေးကိစ္စများ။
၁၈။ ထားဝယ်သမဂ္ဂဟုခေါ်ဆိုခြင်း။

အမျှပ်ပို

အခန်း-၅

၁။ စည်းမျဉ်းဥပဒေပြင်ဆင်ခြင်းများ။
၂။ အသင်းစည်းမျဉ်းဥပဒေ စာအုပ်များ။
၃။ တရားဝင် အသိမှတ်ပြုခြင်းခံထားရသည့် ထားဝယ်သမဂ္ဂ။
၄။ ထားဝယ်သမဂ္ဂစည်းမျဉ်းဥပဒေများကို တိုးချဲ့.ပြင်ဆင်ရေးဆွဲခြင်း။
၅။ စည်းမျဉ်းသစ်ကို အတည်ပြုခြင်း။
၆။ ခေါင်းစဉ်အသီးသီးဖြင့် ဘဏ္ဍာငွေ ရှာဖွေစုဆောင်းခြင်း။
၇။ အသင်းရန်ပုံငွေနှင့် ဘဏ္ဍာရေးကိစ္စများ။
၈။ နာရေးရန်ပုံငွေ။
၉။ နာရေးရန်ပုံငွေစနစ်သစ်။
၁၀။ နာရေးထောက်ကူမှုကိစ္စ အလွန်ကျယ်ပြန့်.လာခြင်း။
၁၁။ ပညာသင်ထောက်ပံ့ရေးရန်ပုံငွေ။
၁၂။ တက္ကသိုလ်ပညာသင်ဆု။
၁၃။ ရန်ကုန်ထားဝယ် ကုန်းလမ်းပို့.ဆောင်ရေး အစီအစဉ်။
၁၄။ လူစီးကားခရီးစဉ် စတင်ပြေးဆွဲခြင်း။
၁၅။ ကုန်းလမ်းခရီးစဉ် ရပ်စဲသွားခြင်း။

အခန်း-၆

စဉ် အကြောင်းအရာ

၁။ ကျန်းမာရေးနှင့်အားကစားကိစ္စများ။
၂။ ထားဝယ်သမဂ္ဂအသင်းဝင်အင်အား။
၃။ ကွယ်လွန်ခဲ့သည့်လူကြီးများ။
၄။ အသင်းတိုက်ကိုမျက်ခြေမပြတ်ကြည့်ရှုစောင့်ရှောက်ကြသူ တချို့.။
၅။ ထားဝယ်သမဂ္ဂအသင်းခွဲများ။
၆။ အမျိုးသမီးအမှုဆောင်များ။
၇။ ဝန်ထမ်းများ။
၈။ ရိုးရာယဉ်ကျေးမှုဗဟုသုတနှင့်ဂေ ဟာပြောပွဲများ။
၉။ ထားဝယ်သမဂ္ဂသမိုင်းပြုစုရေး။
၁၀။ ထားဝယ်သမဂ္ဂသိမ့တ်ဖွယ်ရာသတင်းလွှာ။

ထားဝယ်သမဂ္ဂသမိုင်း
အစုပ်ဖို

ထားဝယ်သမဂ္ဂသမိုင်း

ထားဝယ်သမဂ္ဂသမိုင်း
အမှတ်တို့

ထားဝယ်သမဂ္ဂအသင်း၏ နာယကကြီးများ

ဦးဗဆွေ

ဝန်ကြီးချုပ်ဟောင်း

ကောလေ့သမဂ္ဂသမိုင်း
စာကြည့်ခန်း

ဦးလွန်းဘော်

ဒုတိယဝန်ကြီးချုပ်ဟောင်း

ဦးစိန်ဝင်း

ဝန်ကြီးချုပ်ကောင်း

ထားဝယ်သမဂ္ဂသစ်ဦး
စာကြည့်ခန်း

ဦးသိန်းတင်

ဦးကြည်မွန်

ထားဝယ်သမဂ္ဂအသင်းတည်ထောင်ခဲ့သူများ

ဦးထွန်းမြင့်

ပွဲစားကြီးဦးအေး

ထားဝယ်သမဂ္ဂသမိုင်း
ဒစ်ဂျစ်တယ်

ဦးရွှေဇုံ(မစ္စတာ - ကောဘွန်ချောင်း)

ထားဝယ်သမဂ္ဂအသင်းဌာဆောင်ရွက်ခဲ့ကြသောဥက္ကဋ္ဌများ

ဦးမောင်မောင်

ဦးကြီးဖေ

ဦးတင

ဦးတင်ထွန်း

ဦးစံလွင်

ဦးဘကျော်

ကားလမ်းသစ္ဆရာဝင်း
စာကြည့်

ဦးလှကျော်

ဦးဘမောင်



ထားဝယ်သမဂ္ဂ ဥက္ကဋ္ဌ၏ ဥယျောဧဉ်

ထားဝယ်သမဂ္ဂအသင်းကြီးသည် နိုင်ငံရေးကင်းရှင်းပြီး၊ လူမှုရေး သက်သက်ကိုသာ ဆောင်ရွက်နေသော လူမှုရေးအသင်းတစ်သင်း ဖြစ်ပေသည်။

သတ္တလောကသည် လူသားတို့အပါအဝင် သက်ရှိသတ္တဝါများကို ဆိုလိုခြင်းဖြစ်သည်။ သက်ရှိလောက (သတ္တလောက)တွင် သစ်ပင်သည် ရုပ်ရှိ၍ နာမ်မရှိသောကြောင့် သတ္တလောကတွင် ပါဝင်ခြင်းမရှိပေ။

သတ္တလောကရှိ လူသားများတွင် မျိုးနွယ်စုအလိုက် အမျိုးမျိုးကွဲပြားခြားနား၊ ခွဲခြားသတ်မှတ်လာကြသဲ့သည်။ နယ်မြေဒေသအလိုက် ရေကြည်ရာ မြက်နုရာ သွားလာကျက်စားနေထိုင်ရာမှ တိုင်းပြည်၊ မြို့ရွာထူထောင်လာကြသည်။

ဒေသအလိုက် အခြေချ နေထိုင်ကြရာတွင်လည်း လူမျိုးနွယ်ပေါင်းစုံ ပါဝင်ကြပေသည်။ အမျိုးတူရာ လူမျိုးစုအများ အနည်းသာရှိသည်။

မြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုးပေါင်းစုံ နေထိုင်ကြပေသည်။ မြန်မာနိုင်ငံ၏ တောင်ဘက်အစွန်းပိုင်း၌ တည်ရှိရာ တနင်္သာရီတိုင်းတွင် ထားဝယ်မျိုးနွယ်စု ထားဝယ်လူမျိုးများနေထိုင်ရာ ထားဝယ်ဓရိုင်၊ ထားဝယ်ဒေသ တည်ရှိသည်။ (ထားဝယ်ဒေသကို

ထားဝယ်ခရိုင်ဟုခေါ်တွင်သည်) ထားဝယ်ခရိုင်တွင် ထားဝယ်မြို့နယ်၊ သရက်ချောင်းမြို့နယ်၊ လောင်းလုံမြို့နယ်၊ ရေဖြူးမြို့နယ်၊ လေးမြို့နယ်ပါဝင်သည်။

ထားဝယ်လူမျိုး၊ ထားဝယ်မျိုးနွယ်စု တည်ရှိရာ ထားဝယ်ဒေသ(ထားဝယ်ခရိုင်)သည် လူနေမှုစရိုက်၊ ယဉ်ကျေးမှု၊ လူမျိုးနွယ်စု၏ ဓလေ့ထုံးတမ်း မှတ်တမ်းအထောက်အထားများ ရှိပေသည်။

ဒေသတစ်ခု၊ လူမျိုးနွယ်တစ်ခုသည်၊ တစ်ဦးတစ်ယောက်တည်း၊ အစုတစ်စုတည်း နေထိုင်သွားလာခြင်းမှ ဒေသတစ်ခုနှင့် တစ်ခု၊ လူမျိုးနွယ်စု တစ်ခုနှင့်တစ်ခု လူမှုရေးအရ၊ စီးပွားရေးအရ ကူးလူးဆက်ဆံ သွားလာလှုပ်ရှားနေကြပေသည်။

ထားဝယ်လူမျိုးစုသည် ထားဝယ်ဒေသမှ မြန်မာနိုင်ငံ၏မြို့တော် ရန်ကုန်မြို့သို့ ကူးသန်းရောင်းဝယ်သွားလာရင်း အခြေချ နေထိုင်လာကြသူများ ရှိလာကြသည်။ အခြေချ နေထိုင်သူများတွင် ဆူကြဲနိမ့်မြင့် ပေါင်းစုံ ရှိကြပေသည်။

အခြေချ နေထိုင်သူများကို အခြေခံ၍လည်းကောင်း၊ ရောင်းဝယ်ဖေါက်ကားခြင်း ဖြင့်လည်းကောင်း၊ ပညာသင်ကြားရေးကိစ္စဖြင့်လည်းကောင်း၊ အသီးသီး လှုပ်ရှားလာကြ ပေသည်။

ထားဝယ်ဒေသမှ ရန်ကုန်သို့ အခြေချနေထိုင်ခြင်း၊ ပညာသင်ကြားရေးကိစ္စဖြင့် သွားလာခြင်း၊ စီးပွားရေးကိစ္စဖြင့် သွားလာခြင်းဖြင့် ထားဝယ်သူ ထားဝယ်သားများသည် ရန်ကုန်တွင် များပြားလာပေသည်။ အလွှာပေါင်းစုံမှ အခြေချ သွားလာလှုပ်ရှား နေထိုင်မှုသည် လူဦးရေများလာသည်နှင့်အမျှ လူမှုရေးအရ ကူညီပံ့ပိုးမှုဆောင်ရွက်ပေးရမည့် ကိစ္စများ၊ ပေါ်ပေါက်လာသည့် လူမှုရေးအကူအညီပေးရန် ကိစ္စများ လိုအပ်လာပေသည်။

အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခ၊ သုက္ခရောက်ရခြင်း၊ ဒုက္ခရောက်ရန်အကြောင်း ကိစ္စပေါ်ပေါက်ခြင်း၊ ဒုက္ခရောက်ရသည့် အခြေအနေ ပေးလာခြင်းများအပေါ် ရန်ကုန်ရှိ မျိုးချစ်ထားဝယ်သား လူကြီးများနှင့် ထားဝယ်ဒေသကို အခြေပြု၍ စီးပွားရေးလုပ်ငန်းဖြင့် လုပ်ကိုင်ကြသူ ထားဝယ်သားများ၏ မိတ်ဆွေသင်္ဂဟများ၏ အကူအညီဖြင့် လူမှုရေးအကူ အညီ အထောက်အပံ့များ ပေးနိုင်ရန်အလို့ငှာ၊ ထားဝယ်အသင်း(ထားဝယ်သမဂ္ဂ) ဟူ၍ အဆင့်ဆင့် ဖွဲ့စည်းပေါ်ပေါက်လာခြင်း ဖြစ်ပေသည်။

ဤသို့ ဖွဲ့စည်းပေါ်ပေါက်နိုင်ရန် အခြေစိုက်နိုင်ရန်အတွက် ကိုယ်ပိုင်အဆောက်အဦးကြီး တစ်ခု ရရှိနိုင်ရန် ကြိုးပမ်းဆောင်ရွက်လာသော ပုဂ္ဂိုလ်များ၊ လက်ဆင့်ကမ်းသယ်ပိုး ထိန်းသိမ်းဆောင်ရွက်လာကြသော နာယကကြီးများ၊ အမှုဆောင်များ၊ စည်းရုံးရေးမှူးများအား

လည်း အထူးဂုဏ်ယူဝမ်းမြောက်စွာဖြင့် မှတ်တမ်းတင်ရပေမည်။ ထို့အတူ ထားဝယ်သမဂ္ဂ သမိုင်း၊ သမိုင်းမှတ်တိုင်တစ်ခု ပေါ်ပေါက်လာရေးအတွက် ကြိုးပမ်းခဲ့ကြသော ထားဝယ်သမဂ္ဂ အမှုဆောင်ကော်မတီ၊ ထားဝယ်သမဂ္ဂသမိုင်း ပြုစုရေးအဖွဲ့၊ ထားဝယ်သမဂ္ဂသမိုင်း စာအုပ်ထုတ်ဝေရေးအဖွဲ့များအားလည်း အထူး ဂုဏ်ယူဝမ်းမြောက်စွာဖြင့် မှတ်တမ်းတင်ရပေသည်။

အဓိက ရန်ကုန်မြို့လယ်ခေါင်တွင်အချက်အချာကျသောနေရာ၌ရှိသော ထားဝယ်သမဂ္ဂအသင်းကြီးဟူ၍ မားမားမတ်မတ် နှစ်ရှည်လများ ရပ်တည်နိုင်ခဲ့ခြင်းသည်၊ ထားဝယ်ဒေသနှင့် ထားဝယ်သူ ထားဝယ်သားများအတွက် ဂုဏ်ယူဝင့်ကြွားရပေမည်။

ဤ ထားဝယ်သမဂ္ဂသမိုင်းစာအုပ်သည်၊ ၁၉၉၂-ခုနှစ်အထိသာ မှတ်တမ်းတင်ရေးသားပြုစုခဲ့ခြင်း ဖြစ်ပေသည်။ သမိုင်းမှတ်တိုင်တစ်ခု စိုက်ထူလိုက်ခြင်းဖြစ်ပေသည်။

နောင်လာမည့် သမိုင်းမှတ်တိုင်တစ်ခု ဆက်လက်ပြုစုထူထောင်နိုင်ရန် အတွက်အမွေဆက်ခံမည့် အမှုဆောင်များက ဝမ်းပမ်းတသာ ကြည်နူးပီတိဖုံးလွှမ်းလျက် ဆက်လက်သယ်ပိုးထမ်းရွက်သွားရပေမည်။

အမွေဆက်ခံ တာဝန်ယူဆောင်ရွက်သွားကြရမည့် နာယကကြီးများ၊ အမှုဆောင်များနှင့် ထားဝယ်သူ ထားဝယ်သားများ၊ ထားဝယ်သမဂ္ဂဝင် အသင်းသား၊ အသင်းသူများအားလုံး ကိုယ်စိတ်နှလုံး သုံးပါးစလုံး ညီညွတ်စွာဖြင့် ရည်ရွယ်ချက်များနှင့်အညီ ဆက်လက်သယ်ပိုးထမ်းရွက်နိုင်ကြပါစေဟု ဆန္ဒပြုလျက်။

ဦးအောင်သိမ်း

၉၈၄၅

ထားဝယ်သမဂ္ဂ

၁၉၁၁ မှ ၁၉၉၃ ခု

နိဒါန်း

နိုင်ငံရေးအသင်း အဖွဲ့အစည်းမျိုး မဟုတ်ဘဲ၊ သာမန် ဒေသဆိုင်ရာ အသင်းအဖွဲ့များ၏ သမိုင်းကို ရေးသားမှတ်တမ်းတင်မှု၊ ပြုလေ့ပြုထ၊ နည်းပါးလှပေသည်။ သမိုင်းပြုစုမှတ်တမ်းတင်ထားမှု နည်းပါးသည်မှာလည်း အကြောင်းရှိသည်။ ဤသို့ သမိုင်းမှတ်တမ်းမျိုးမှာ ဖတ်ရှုရန် ငြီးငွေ့စရာ၊ ပျင်းစရာ ကောင်းသည်ချည်းဖြစ်သည်။ ခြောက်သွေ့သည်၊ စိတ်ဝင်စားစရာလည်း ရှိချင်မှ ရှိမည်။ သာမန်အားဖြင့် အစည်းအဝေးမှတ်တမ်းများ၊ နှစ်ပတ်လည် အစီရင်ခံစာများကိုပင် အားကိုးအားထား အခြေခံပြု၍ သမိုင်းမှတ်တမ်းကို ပြုစုရပေသည်။ အများသဘောတူ ဆုံးဖြတ်ပြီး "မည်သို့ ဆောင်ရွက်ကြလေသည်" ဆိုသည့် သမားရိုးကျ မှတ်တမ်းများပင် ဖြစ်သည်။

သာမန် ဒေသဆိုင်ရာ အသင်းအဖွဲ့များမှာ အများအားဖြင့်၊ လူမှုရေး၊ ဘာသာရေး၊ ပညာရေးအတွက် ကူညီဆောင်ရွက်ပေးမှုများကို အခြေခံဆောင်ရွက်ကြသည့် အသင်းအဖွဲ့များသာ အများစု ဖြစ်ခြေသည်။ သို့ဖြစ်၍လည်း ခြောက်သွေ့သည်၊ စိတ်ဝင်စားမှု နည်းစေသည်။ သို့တစေ အသင်းအဖွဲ့တစ်ခုသည်၊ တသမတ်တည်း နှစ်ပရိစ္ဆေဒကြာရှည်စွာ ရှင်သန်လျက် မပျက်မယွင်း ခိုင်မြဲစွာ ရပ်တည်နိုင်ခဲ့ပါက ထူးခြားမှုကား ရှိလာသည်။ ထို့အပြင် ဤအသင်း တည်ထောင်ခဲ့သည်မှာ ကြာပြီ၊ အခုထိ မပျက်သေး၊ ဘာလုပ်တဲ့ အသင်းလဲ၊ ဘယ်လိုအသင်းမျိုးလဲ စသည်ဖြင့် သတိမူမိလာကြသည်။

ထားဝယ်အသင်းသည် ထားဝယ်သမဂ္ဂအမည်ဖြင့် ကြာရှည်စွာ ရပ်တည်လာခဲ့ရာ၊ တမျိုး ဖြစ်နေသည်။ အများအားဖြင့် သမဂ္ဂဟူသော အမည်နာမမျိုးမှာ နိုင်ငံရေးအသင်းအဖွဲ့များ အသုံးပြုလေ့ရှိသည့် ဝေါဟာရဖြစ်နေသောကြောင့် ဖြစ်သည်။ ထူးခြားနေသည်။

ထားဝယ်သမဂ္ဂသည် နှစ်ပရိစ္ဆေဒရှည်ကြာသည့်ကာလကို ဖြတ်သန်းရပ်တည်လာခဲ့သည့် အသင်းအဖွဲ့တစ်ခု ဖြစ်လေသည်။ ၁၉၁၁-ခုနှစ်က ပထမဆုံး ဖွဲ့စည်းသည့် ထားဝယ်အသင်းသည် နှစ်ပေါင်း(၈၀)ကျော်ခဲ့ပြီ၊ ထိုအသင်း၏ ဆောင်ရွက်ချက်များကို အားမရသဖြင့် ၁၉၂၁-ခုနှစ်တွင် တဖန် ပြန်လည်၍ ကျစ်ကျစ်လစ်လစ် ထပ်မံဖွဲ့စည်းခဲ့ပြန်ရာ၊ ပြန်ဖွဲ့သည့် နှစ်ပင်လျင် နှစ်ပေါင်း ၇၂-ကျော်ခဲ့လေပြီ။ အခြားသူများ စိတ်ဝင်စားမှုရှိချင်မှ ရှိပေမည်။

သို့ရာတွင် ထားဝယ်သဓဂ္ဂအသင်းဝင်များကမူ အသင်း၏ သမိုင်းဖြစ်စဉ်ကို သိလိုကြသည်။ သမိုင်းမှတ်တမ်း မှတ်ရာတစ်ခု ရှိစေလိုသည့် ဆန္ဒရှိကြသည်။ အသင်းဝင်များသာမက ထားဝယ်သူ ထားဝယ်သားများကလည်း ဤဆန္ဒရှိကြသည်။ သို့ဖြစ်၍ပင် ဤထားဝယ်သဓဂ္ဂ၏ သမိုင်းမှတ်တမ်းတစ်ခုကို ရေးသားပြုစုကြခြင်း ဖြစ်သည်။

ခြောက်သွေ့သည့် သဘင်္ဂာရများထဲ၌ပင်လျှင် စိမ်းလန်းသည့် အိုအေစစ် အချို့ရှိသကဲ့သို့ အလွန်ခြောက်သွေ့ ငြီးငွေ့ဖွယ်ဖြစ်သည့် ဒေသဆိုင်ရာ အသင်းသမိုင်းမှတ်တမ်းများတွင်လည်း ရံဖန်ကြိုကြား၊ စိတ်ဝင်စားဖွယ်၊ မှတ်သားဖွယ်၊ အတုယူဖွယ်ကိစ္စများ၊ ဖြစ်ရပ်များ ပါရှိလာတတ်ပေသည်။ ထားဝယ်သဓဂ္ဂလည်း ဤနည်းနှယ်နှယ်ဖြစ်သည်။

ဤသမိုင်းမှတ်တမ်းကို ရေးသားပြုစုရာတွင် ခေတ်အဆက်ဆက်မှ ကိုယ်တိုင်ပါဝင်ခဲ့ကြသူ အသင်းဝင်လူကြီးများ၊ အမှုဆောင်ဟောင်းကြီးများထံမှ များစွာ အကူအညီရရှိခဲ့သည်။ ၎င်းတို့အထဲမှ ပုဂ္ဂိုလ်အချို့သည် ဖြစ်ကြောင်းကုန်စင် ကောင်းစွာ သတိရ မှတ်မိသူများရှိကြသည်။ အသင်းတည်ထောင်ကာစ၊ အစဦးပိုင်း ပုဂ္ဂိုလ်ကြီးများမှာမူ အားလုံးကွယ်လွန်ကုန်ပြီ၊ သို့ရာတွင် စစ်ကြီးမဖြစ်မီ စောစောပိုင်းကာလတစ်လျှောက်လုံး ပါဝင်လှုပ်ရှား၊ ဖြတ်သန်းခဲ့သူတချို့ ကျန်ရှိသေးသည်။ အသက်အရွယ်လည်းကြီးလှပြီ၊ ဤရှေ့မှီ နောက်မှီပုဂ္ဂိုလ်များထံမှလည်း အကူအညီရခဲ့သည်။

လက်ရှိ ဆောင်ရွက်လုပ်ကိုင်ဆဲဖြစ်သူများ အနားယူပြီ၊ နာယကကြီးများအဖြစ်နှင့် အသင်းကိစ္စအတွက် ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိသည့် ပုဂ္ဂိုလ်ကြီးများထံမှလည်း အလွန်အဖိုးတန်သည့် မှတ်သားချက်များ၊ အတွေ့အကြုံများကို မေးမြန်းစုံစမ်း နှိုးနောခွင့်ရသည်။ အကြံကောင်းဉာဏ်ကောင်းများလည်း ရရှိခဲ့ပေသည်။ ဤအတွေ့အကြုံများ ဆွေးနွေးချက်များနှင့် အသင်း၏ စည်းဝေးမှတ်တမ်းများမှ ကောက်နုတ်ပြုစုလိုက်ရသည့် သမိုင်းမှတ်တမ်းတစ်စောင် ဖြစ်ပေသည်။

ဤမှတ်တမ်း၌ပင်လျှင် ပျော့ကွက်၊ ဟာကွက်များ ရှိနေပေမည်။ လစ်ဟင်းမှု အားနည်းမှုများ ရှိပေလိမ့်မည်၊ ဤဟာကွက်များကို နောင်တွင် ပြင်ဆင်ရိုက်နှိပ်မည့် (သို့မဟုတ်) တိုးချဲ့ရေးသားမည့်သူများက ပြင်ဆင်ဖြည့်စွက်ကြပေလိမ့်မည်။ ပို၍ပြည့်စုံသည့် သမိုင်းမှတ်တမ်းတစ်စောင် ဖြစ်လာပေလိမ့်မည်။ မည်သို့ပင်ရှိစေ ပထမဆုံး ထားဝယ်သဓဂ္ဂ၏ သမိုင်းမှတ်တမ်းတစ်စောင်ကား အကောင်အထည်ပေါ်လာခဲ့ပေပြီ။

ထားဝယ်သမဂ္ဂ သမိုင်းမှတ်တမ်းတစ်ခု၊ အောင်အောင်မြင်မြင်၊ စုဆောင်း ရေးသား ပြုစု၍ ပြီးမြောက်ခဲ့ခြင်းကို ဝမ်းမြောက်မှာ ကြိုဆိုလိုက်ရပေသည်။ ထားဝယ်အသင်းတစ်ခုကို ၁၉၁၁ ခုနှစ် ကတည်းကပင် စတင်ဖွဲ့စည်း ခဲ့သည်ဖြစ်၍ ထားဝယ်အသင်း ပေါက်ဖွားလာခဲ့သည်မှာ နှစ်ပေါင်း(၈၀)ကျော်ခဲ့ပြီ။ ထားဝယ်သမဂ္ဂအသင်းအဖြစ် ပြန်လည်၍ အသက်သွင်းခဲ့သည်ပင်လျှင် နှစ်ပေါင်း(၇၀)ကျော်ခဲ့ပြီဖြစ်သည်။ ဤမျှသက်တမ်းကာလအတွင်း များလှစွာသော လူမှုရေး အကျိုးပြုလုပ်ငန်းများကို အစဉ်တစ်စိုက် ဆောင်ရွက်ပေးနိုင်ခဲ့သည်။ တားဝယ်ဒေသနှင့် ထားဝယ်နွယ်ဖွားများအတွက်လည်း တတ်နိုင်သမျှ အကျိုးပြုပေးနိုင်ခဲ့သည်။ ထားဝယ်နွယ်ဖွားဟုဆိုရာတွင် ထားဝယ်သည် မြန်မာလူမျိုးအုပ်စုဝင် မြန်မာ(၇) မျိုးဌ အကျုံးဝင်သည့် လူမျိုးစုတစ်စုဖြစ်သည်။ သက်နှင့်ရခိုင်၊ နိုင်းပြိုင်တောင်သူ၊ ပျူကမ်းယံ၊ ယော၊ ထားဝယ်နောက မျိုးသတ္တဟု မြန်မာ့စွယ်စုံကျမ်းတွင်ဆိုသည်။

ထားဝယ်နွယ်ဖွားများအတွက် အသင်း၏ အကျိုးပြုဆောင်ရွက်ချက်များကို ဤသို့ တစ်လုံးတစ်စည်းတည်း၊ စုပေါင်းပြီး သမိုင်းမှတ်တမ်းပြုစုလိုက်ကာမှ ပို၍ပေါ်လွင်လာသည်။ အစက အမှုမဲ့ အမှတ်မဲ့ပင် မေ့လျော့နေခဲ့ပြီဖြစ်သည်။ အသင်းဆောင်ရွက်ခဲ့သမျှ လူမှုရေး၊ ကယ်ဆယ်ရေး၊ ပညာရေးစသည့် အကျိုးပြု ပရဟိတလုပ်ငန်းများကို မီးမောင်းထိုးပြလိုက်သကဲ့သို့ မြင်ကွင်းကျယ်၊ ကွက်ကွက် ကွင်းကွင်းပေါ်လာသည်။

ဤဆောင်ရွက်အောင်မြင်မှုများမှာ တစ်ဦးတစ်ယောက်ကောင်းဖြင့် ဆောင်ရွက်ပေးခဲ့သည်မဟုတ်၊ တစ်ဦးကောင်းတစ်ယောက်ကောင်းအတွက် ဆောင်ရွက်ပေးခဲ့သည်လည်း မဟုတ်။ ထားဝယ်နွယ်ဖွားအားလုံးအတွက် ဆောင်ရွက်ပေးခြင်းသာဖြစ်သည်။ နှစ်ကာလရှည်လျားစွာ တစ်ဆင့်စီလက်ဆင့်ကမ်းလျှက် အစဉ်အလာမပျက်အောင် ကြိုးပမ်းခဲ့ကြသည့် အသင်းအမှုဆောင်များကိုလည်း ကျေးဇူးတင်မိသည်။ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် အသင်းကို တည်တံ့ခိုင်မြဲစေခဲ့သည့် အသင်းဝင်အားလုံးကိုလည်း ကျေးဇူးတင်မိသည်။ အကြံကောင်း၊ ဉာဏ်ကောင်းပေး၍ ပံ့ကိုင်ထိန်းကြောင်းပေးခဲ့သည့် နာယကကြီးများကိုလည်း ကျေးဇူးတင်မိပါသည်။

ပြောင်းလဲလာခဲ့သည့် ခေတ်ကာလအမျိုးမျိုး အခြေအနေအမျိုးစုံ၏ လှိုင်းတံပိုးရိုက်ခတ်မှုများကိုလည်း ဖြတ်သန်းနိုင်ခဲ့သည်။ ကြွကြွခိုင်ခိုင်၊ ခံနိုင်ရည်ရှိခဲ့သည်။ ရှေ့သို့လည်း ဤထားဝယ်သမဂ္ဂကြီး ဆက်၍ ဆက်၍ တည်တံ့နေမည်ဖြစ်သည်။ အဓွန့်ရှည်တည်တံ့အောင်လည်း စဉ်ဆက်မပြတ် လက်ဆင့်ကမ်း ဆောင်ရွက်သွားကြဖို့ ထားဝယ်နွယ်ဖွားတိုင်းတွင် တာဝန်ရှိသည်။ ထားဝယ်သမဂ္ဂ၏ အလင်းရောင်၊ မီးရှူးတန်ဆောင်ကို မမှိန်စေနှင့်၊ မငြိမ်းစေနှင့်ဟုသာ မှာကြားဆန္ဒပြုလိုက်ပါသည်။

(ဦးကျော်လင်း)

စာပေဗိမာန်စာတည်း (အငြိမ်းစား)

ရှေ့တန်း(ဝဲမှယာ)　　ဒေါ်ခင်တီ(အမှုဆောင်)၊ ဒေါ်တင်မြင့်(အမှုဆောင်)။

အလယ်တန်း(ဝဲမှယာ)　　ဦးခင်လှိုင်(အမှုဆောင်)၊ ဦးဘကျော့(အမှုဆောင်)
ဦးကျော်လင်း(ဒုဥက္ကဋ္ဌ)၊ ဦးတင်ထွန်း(ဥက္ကဋ္ဌ)၊ ဦးလူကြီး(နာယက)
ဦးဖေလှိုင်(နာယက)၊ ဦးစောမောင်(စာရင်းစစ်)။

နောက်ဆုံးတန်း(ဝဲမှယာ)　　ဦးအောင်မြင့်(စည်ရုံးရေးမှူး)၊
ဦးသိန်းဟန်(စည်ရုံးရေးမှူး)၊ ဦးဟန်ဂင်(အမှုဆောင်)၊ ဦးကြီးမြင့်
(အမှုဆောင်)၊ ဦးထွာဝိုင်(စည်ရုံးရေးမှူး)၊ ဦးမောင်မောင်သိန်း
(အမှုဆောင်)၊ ဦးဘဝိုး(စာရင်းစစ်)၊

နောက်ဆုံးတန်း(ဝဲမှယာ) ဦးမောင်ဆန်း၊ ဦးအုန်းတင်၊ ဦးသန်းရွှေ၊
ဦးဝတင်၊ ဦးကျော်သိန်း၊

နောက်တန်း(ဝဲမှယာ) ဦးရွှေကြည်၊ ဦးသန်းလွင်၊ ဦးဖေသန်း၊ ဦးသန်းရွှေ၊
ဦးသန်းဝင်း၊ ဦးအောင်မြင့်။

အလယ်တန်းထိုင်လျှက်(ဝဲမှယာ) ဦးကျော်စိုး၊ ဦးချန်တင်၊ ဦးခင်မောင်သန်း၊
ဦးဇော်သိန်း၊ဦးငွေကိုင်၊ ဦးထွန်းကြည်၊

ရှေ့ဆုံးတန်း(ဝဲမှယာ) ဒေါသန်းညွန့်၊ ဒေါတင်မြိုင်၊ ဒေါခင်တီ၊
ဒေါခင်ကြီး။

အမှတ်

၁၉၇၁ ခု ၁၉၇၄

နာယက၊ အမှုဆောင်၊ စည်းရုံးရေးမှူး

ရှေ့တန်း(ဝဲမှယာ) ဦးချစ်လှိုင်၊ ဒေါ်တင်မြုံ၊ ဒေါ်သန်းညွှန့်၊ ဒေါ်ခင်တီ၊ ဒေါ်ခင်ကြီး၊ ဦးမောင်မောင်သိန်း။

ဒုတိယတန်း(ဝဲမှယာ) ဦးဖေလှိုင်၊ ဦးလှဒင်၊ ဦးလှကြီး၊ ဦးဖေမြင့်၊ ဦးတင်ထွန်း၊ ဦးကျော်လင်း၊ ဦးကြီးဖေ၊ ဦးညွှန့်မောင်၊ ဦးသာဟန်။

တတိယတန်း(ဝဲမှယာ) ဦးထွာစိုင်၊ ဦးသန်းဝင်း(စည်းရုံးရေးမှူး)၊ဦးထွန်းကြည်၊ ဦးမောင်သန်း(စည်းရုံးရေးမှူး)၊ဦးသန်းရွှေ(စည်းရုံးရေးမှူး)၊ ဦးကျော်သိန်း၊ ဦးဝတင်(စည်းရုံးရေးမှူး)၊ဦးဘစိုး၊ဦးမောင်မောင်၊ ဦးအောင်ချို(စည်းရုံးရေးမှူး)၊ ဦးခင်လှိုင် (စည်းရုံးရေးမှူး)။

စတုတ္ထတန်း(ဝဲမှယာ) ဦးဟန်ဂင်၊ ဦးသိန်းဟန်(စည်းရုံးရေးမှူး)၊ ဦးအောင်မြင့် (စည်းရုံးရေးမှူး)၊ ဦးဇော်သိန်း(စည်းရုံးရေးမှူး)၊ ဦးအုန်းကင်၊ ဦးကြီးမြင့်၊ ဦးဘဇစိန်၊ ဦးဌေကိုင်။

နောက်ဆုံးတန်း(ဝဲမှယာ) ဦးမောင်ဆန်း(စည်းရုံးရေးမှူး)၊ ဦးချန်တင်(စည်းရုံးရေးမှူး)၊ ဦးသန်းရွှေ၊ဦးဖေသန်း(စည်းရုံးရေးမှူး)၊ ဦးကျော်စိုး(စည်းရုံးရေးမှူး)၊ ဦးမြင့်ဝေ၊ဦးသန်းလွင်၊ ဦးရွှေကြည်(စည်းရုံးရေးမှူး)။

၁၉၇၃-၇၄ ခုနှစ် အမှုဆောင်နှင့်စည်းရုံးရေးမှူးများ



ရှေ့တန်း(ဝဲမှယာ) ဦးဖေသန်း(စည်းရုံးရေးမှူး)၊ ဦးမြင့်ဝေ(အမှုဆောင်)၊ ဦးဖေမြင့်(ခုဥက္ကဋ္ဌ)၊ ဦးဟင်ထွန်း(ဥက္ကဋ္ဌ)၊ ဦးချစ်လှိုင်(တွဲဖက်အတွင်းရေးမှူး)၊ ဦးထွာမိုင်(အတွင်းရေးမှူး)၊ ဒေါ်ခင်ကြီး(အမှုဆောင်ဟောင်း)။

အလယ်တန်း(ဝဲမှယာ) ဦးသန်းလွင်(အမှုဆောင်)၊ ဦးအောင်မြင့်(စည်းရုံးရေးမှူး)၊ ဦးသန်းဝင်း(စည်းရုံးရေးမှူး)၊ ဦးကျော်စိုး(စည်းရုံးရေးမှူး)၊ ဦးမောင်သန်း(စည်းရုံးရေးမှူး)၊ ဦးထွန်းကြည်(အမှုဆောင်)၊ ဦးဇော်သိန်း(စည်းရုံးရေးမှူး)၊ ဦးအောင်ချို(စည်းရုံးရေးမှူး)၊ ဦးဘစိန်(အမှုဆောင်)၊ ဦးသန်းရွှေ(စည်းရုံးရေးမှူး)။

နောက်တန်း(ဝဲမှယာ) ဦးရွှေကြည်(စည်းရုံးရေးမှူး)၊ ဦးအုန်းတင်(အမှုဆောင်)၊ ဦးမော်ဆန်း(စည်းရုံးရေးမှူး)၊ ဦးချန်တင်(စည်းရုံးရေးမှူး)၊ ဦးကျော်သိန်း(အမှုဆောင်)၊ ဦးမောင်မောင်သိန်း(ကွဲဖက်အတွင်းရေးမှူး)၊ ဦးဝတင်(စည်းရုံးရေးမှူး)၊ ဦးငွေကိုင်(အမှုဆောင်ဟောင်း)။

၁၉၅၅ - ၁၉၈၇

ရန်ကုန်-ထားဝယ်၊ထားဝယ်-ရန်ကုန်ကုန်းလမ်းပို့ဆောင်ရေးအစီအစဉ်
၁၉၈၅ ခု၊ဒွန်လပိုင်းမှ ၁၉၈၇-ခုမတ်လကုန်အထိ သမဂ္ဂအောက်ထပ်၌
ယာဉ်လက်မှတ် ရောင်းချပေးသည့်ပုံ။

ထားဝယ်သမဂ္ဂသမိုင်း
အချပ်ပို
(၂-၂-၈၆)

ထားဝယ်သမဂ္ဂသက်တမ်း (၆၆)နှစ်-မိတ်ဆုံစားပွဲတွင်
အခြေခံပညာအထက်တန်း တူးချွန်စွာအောင်သူများအား ဒုဥက္ကဋ္ဌဦးသိန်းတင်က (၂-၂-၈၆)
ကန်တော်ကြီး ဟသံဘကျွန်း၌ဆုချီးမြှင့်စဉ်။

ကန်တော်ကြီး- ဟသံဘကျွန်း၌တားဝယ်သမဂ္ဂ (၆၆)နှစ်မြောက်မိတ်ဆုံပွဲ၌
ဖိတ်ကြားထားသည့် ဧည့်သည်တော်များအားဧည့်ခံစဉ်။

၁၉၉၀-၉၁ ဒုနှစ်၊ အမှုဆောင်ကော်မတီ



ရှေ့တန်း(ဝဲမှယာ)　　ဒေါ်ခင်မူ(ဘဏ္ဍာရေးမှူး)၊ ဦးသန်းနိုင်(အမှုဆောင်)၊ဦးကျော်ဒင်(ဒုဥက္ကဋ္ဌ-၂)၊ ဦးဘဒမောင်(ဥက္ကဋ္ဌ)၊ ဦးလှကျော်(ဒုဥက္ကဋ္ဌ-၁)၊ ဦးစံမြင့်(အမှုဆောင်)၊ ဒေါ်လှရီ(အမှုဆောင်)။

နောက်တန်း(ဝဲမှယာ)　　ဦးရွှေကြည်(အမှုဆောင်)၊ ဦးအေကင်(အမှုဆောင်)၊ ဦးအောင်လွန်(အမှုဆောင်)၊ ဦးဂွမ်ကြည်(အမှုဆောင်)၊ ဦးသန်းလွင်(အမှုဆောင်)၊ ဦးအောင်သိမ်း(တွဲဖက်အတွင်းရေးမှူး)၊ဦးကျော်မြင့်ဦး(အတွင်းရေးမှူး)၊ ဦးသိမ်းဝင်း(တွဲဖက်အတွင်းရေးမှူး၂)၊ဦးဆောရိန်(အမှုဆောင်)၊ဦးဘခွေး(အမှုဆောင်)။

၁၉၉၁-၉၂ မုန်စ်၊ အမှုဆောင်ကော်မတီ

နောက်တန်း (ဝဲမှယာ) ဦးသန်းလွင်(အမှုဆောင်)၊ ဦးသိန်းဝင်း(တွဲမှူး-၂)၊ ဦးစောရှိန် (အမှုဆောင်)၊ ဦးစိုင်(အမှုဆောင်)၊ ဦးအေကင်(အမှုဆောင်)၊ ဦးရွှေကြည်(အမှုဆောင်)၊ ဦးအောင်သိမ်း(တွဲမှူး-၁)။

အလယ်တန်း (ဝဲမှယာ) ဦးလှအောင်(စာရင်းစစ်)၊ ဦးအောင်ညွှန့်(အမှုဆောင်)၊ ဦးသန်းနိုင် (အတွင်းရေးမှူး)၊ ဦးလှကျော်(ဥက္ကဋ္ဌ)၊ ဦးစံမြင့်(ဒု-ဥက္ကဋ္ဌ)၊ ဦးကျော်ဒင်(ဒု-ဥက္ကဋ္ဌ-၂)၊ ဦးကျော်မြင့်ဦး(အမှုဆောင်)။

ရှေ့တန်း (ဝဲမှယာ) ဒေါ်မိမိလှတင်(စာရင်းစစ်)၊ ဒေါ်လှရီ(အမှုဆောင်)၊ ဒေါ်မေညွှန့်လှိုင် (အမှုဆောင်)၊ ဒေါ်ခင်မှု(ဘဏ္ဍာရေးမှူး)၊ ဒေါ်အလိုင်းချစ်(အမှုဆောင်)။

မှတ်တမ်းဓာတ်ပုံတွင်မပါဝင်သူများ

ဦးဘကြည်(အမှုဆောင်)၊ ဦးအောင်ကြည်(အမှုဆောင်)၊ ဦးဂွမ်ကြည် (အမှုဆောင်)။

အရှေ့တန်း(ဝံမှယာ) ဒေါ်တင်လှိုင်(အမှုဆောင်)၊ ဒေါ်ခင်မူ(အမှုဆောင်)၊ ဒေါ်မေညွန့်လှိုင်(အမှုဆောင်)၊ ဒေါ်အုန်းကြည်(အမှုဆောင်)။

အလယ်တန်း(ဝံမှယာ) ဦးမောင်မောင်သိန်း(တွဲဖက်အတွင်းရေးမှူး)၊ ဦးကျော်မြင့်ဦး (တွဲဖက်အတွင်းရေးမှူး ၂)၊ ဦးရန်ရှင်း(ဒု-ဥက္ကဋ္ဌ ၂)၊ ဦးဘမောင်(ဥက္ကဋ္ဌ)၊ ဦးလှကျော်(ဒု-ဥက္ကဋ္ဌ-၁)၊ ဦးဖေ(အတွင်းရေးမှူး)၊ ဦးကျော်ဒင်(ဘဏ္ဍာရေးမှူး)။

နောက်ဆုံးတန်း(ဝံမှယာ) ဦးသန်းဝင်း(အမှုဆောင်)၊ ဦးသိန်းအောင်(အမှုဆောင်)၊ ဦးစောရှိန်(အမှုဆောင်)၊ ဦးတင်အေး(အမှုဆောင်)၊ ဦးဖေမြင့်(အမှုဆောင်)၊ ဦးဂွမ်ကြည်(အမှုဆောင်)၊ ဦးထွာဝိုင်(အမှုဆောင်)၊ ဦးစောရွှေ(အမှုဆောင်)၊ ဦးအောင်သိမ်း(အမှုဆောင်)၊ ဦးရိုက္ခင်း(အမှုဆောင်)၊

၁၉၉၀-၉၁ ခုနှစ်၊ အမှုဆောင်ကော်မတီ

နောက်တန်းဝဲမှယာ ဦးသန်းလွင်(အမှုဆောင်)၊ ဦးဘိုးချစ်(စာရင်းစစ်)၊ ဦးကျော်မြင့်ဦး (အတွင်းရေးမှူး)၊ ဦးဂွမ် ကြည်(အမှုဆောင်)၊ ဦးဖေအေး(စာရင်းစစ်)၊ ဦးအောင်ညွန့်(အမှုဆောင်)၊ ဦးအေ ကင်(အမှုဆောင်)၊ ဦးအောင်သိမ်း (တွဲမှူး-၁)၊ ဦးရွှေကြည်(အမှုဆောင်)၊ ဦးသိမ်းဝင်း(တွဲမှူး-၂)။

ရှေ့တန်းဝဲမှယာ ဒေါ်ခင်မူ(ဘဏ္ဍာရေးမှူး)၊ ဦးသန်းနိုင်(အမှုဆောင်)၊ ဦးကျော်ဒင်(ဒုဥက္ကဋ္ဌ-၂) ဦးဘမောင်(ဥက္ကဋ္ဌ)၊ ဦးလှကျော်(ဒု-ဥက္ကဋ္ဌ-၁)၊ ဦးစံမြင့်(အမှုဆောင်)၊ ဦးရန်ရှင်း(အမှုဆောင်)၊ ဒေါ်မေညွန့်လွင်(အမှုဆောင်)။

ခါတ်ပုံမှတ်တမ်းတွင်မပါဝင်နိုင်သည့်အမှုဆောင်ကော်မတီဝင်များ။

ဝိုလ်မှူးအောင်ကြည်(အမှုဆောင်)၊ ဦးဟန်ဦး(အမှုဆောင်)၊ ဒေါ်လှဝိုင် (အမှုဆောင်)၊ ဦးဘဆွေ(အမှုဆောင်)၊ ဦးသန်းဝင်း(အမှုဆောင်)၊

ထားဝယ်သမဂ္ဂသမိုင်း
အချပ်ပို

၁၉၉၁

ပြည်ထောင်စုနေ့ပွဲသို့လာရောက်သော တနင်္သာရီတိုင်း ထားဝယ်ရိုးရာ
ယဉ်ကျေးမှုအဖွဲ့ အား ထားဝယ်သမဂ္ဂအသင်းတို့က၌ (၁၅-၂-၉၁)နေ့က
ကျွေးမွေးဧည့်ခံစဉ်ကပုံ။

၁၉၉၂ခု - ထားဝယ်သမဂ္ဂ၌ ကျင်းပသော ဘွမ်းတော်ကြီးကပ်လှူပွဲသို့လာရောက်သည့်
သီးနှံမှန့်ဖျိုးစုံခင်းကျင်းထားပုံ။

၁၉၉၂-ခု ထားဝယ်သမဂ္ဂသက်ကြီးပူဇော်ပွဲကျင်းပချိန်တွင် နာယက ဦးစိန်ဝင်း အမှာစကား ပြောကြားနေစဉ်။

ကမ္ဘာအိုလံပစ်ကော်မတီမှ ပေးပို့သော ဂုဏ်ပြုမှတ်တမ်းတံဆိပ်ရရှိသူ ဦးဖေအေးအား မြန်မာနိုင်ငံအိုလံပစ်ကော်မတီမှ တစ်ဆင့်ချီးမြှင့်ခံရသူ ထားဝယ်သား အလေးမသမား ဦးဖေအေးအား ထားဝယ်သမဂ္ဂမှ (၂၄-၆-၉၂) နေ့တွင် အတွင်း ရေးမှူး ဦးအောင်သိမ်း ကသမဂ္ဂကိုယ်စား ငွေ ၁၀၀၀-ကျပ် ချီးမြှင့်စဉ်။

ထားဝယ်သမဂ္ဂသမိုင်း
အချပ်ပို့

* နိုင်ငံတော်အစိုးရကချီးမြှင့်သော အဂ္ဂမဟာပဏ္ဍိတဘွဲ့ဆက်ကပ်ခံရသော ထားဝယ်မြို့ဖေယျဝတီကျောင်းတိုက်ဆရာတော်ဘဒ္ဒန္တဝိရိယနှင့် ပါဠိတက္ကသိုလ်ကျောင်းတိုက်မှတိုက်အုပ်ဆရာတော်ဘဒ္ဒန္တအဂ္ဂမဟာဝိဇသို့အားလည်းကောင်း။
* ယဉ်ကေးစာသင်တိုက်မှ ဘဒ္ဒန္တသုဒဿနအား စူဠဂန္ထာဝါစကပဏ္ဍိတဘွဲ့ကို လည်းကောင်း။ထားဝယ်မြို့ ရတနာမာန်အောင်သီလရှင်စာသင်တိုက်မှ သီလရှင် အားမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့ကိုလည်း ဆက်ကပ်သည်ကိုထားဝယ်သမဂ္ဂများ ရွှေဆောင်ပြီးရန်ကုန်ရှိထားဝယ်သား/သူများက ဂုဏ်ပူဇော်ပွဲကို ရန်ကုန် ကျားကူးဓမ္မာရုံ၌ ကျင်းပစဉ်။

၁၉၆၂

အထက်ပါအခမ်းအနားတွင် နာယကဦးတင်ထွန်း အမှာစကားပြောကြားစဉ်။
ထိုင်နေသူများမှာ(ဝဲမှယာ) ဦးဘမောင်(နာယက)၊ ဦးထွန်းအေး(နာယက)၊
ဦးအောင်ကြွန်(ဒု-ဥက္ကဋ္ဌ)၊ဦးလှကျော်(နာယက)။

၁၉၆၂

နိုင်ငံတော်အစိုးရ သာသနာရေးဦးစီးဌာနမှချီးမြှင့်သော သုဓမ္မသိဂီတဘွဲ့ရ- ထားဝယ်မြို့မှ
ဒေါ်ကြွန်အား ဂုဏ်ပြုသည့် အခမ်းအနား။

၁၉၉၂-၉၃ ခုနှစ် အမှုဆောင်ကော်မတီ

နောက်တန်းဝဲမှယာ ဦးအောင်ညွန့်(ဒုဥက္ကဋ္ဌ-၂)၊ ဦးစောရှိန်(အမှုဆောင်)၊ဦးအောင်ထူး (စာရင်းစစ်)၊ ဦးစိုင်(အမှုဆောင်)၊ ဦးလှအောင်(စာရင်းစစ်)၊ ဦးဘကြည်(တွဲ-၂)၊ ဦးဖေဝင်း(အမှုဆောင်)၊ ဦးသန်းနိုင်(ဥက္ကဋ္ဌ)၊ ဦးကျော်ဒင်(ဒုဥက္ကဋ္ဌ)၊ ဦးစံမြင့်(အမှုဆောင်)၊ ဦးထွန်းမြင့်(အမှုဆောင်)၊ ဗိုလ်မှူးအောင်ကြည်(အမှုဆောင်)၊ ဦးသန်းလွင်(အမှုဆောင်)၊ဦးရွှေကြည် (အမှုဆောင်)၊ ဦးဘဝင်း(အမှုဆောင်)။

အလယ်တန်းဝဲမှယာ ဦးကျော်လင်း(နာယက)၊ ဦးထွန်းအေး(နာယက)၊ ဦးဘမောင် (နာယက)၊ ဦးတင်ထွန်း(နာယက)၊ ဦးစိန်ဝင်း(နာယက)၊ ဦးဘလှ(နာယက)။

ရှေ့တန်းဝဲမှယာ ဦးဘခွေး(အမှုဆောင်)၊ ဦးအောင်သိမ်း(အတွင်းရေးမှူး)၊ ဒေါ်လှရီ (အမှုဆောင်)၊ ဒေါ်အလိုင်းချစ်(အမှုဆောင်)၊ ဒေါ်ခင်မူ (ဘဏ္ဍာရေးမှူး)၊ ဦးသိမ်းဝင်း(တွဲ-၁)၊ ဦးအေကင်(အမှုဆောင်)။

ထားဝယ်သမ္ဂဟသမိုင်း
အဆုပ်ပို

ထားဝယ်ကျောင်း ၃၃-ကျောင်းမှဆရာတော်တစ်ပါးအား
ဝါဆိုသင်္ကန်းအလှူရှင်တစ်ဦးက ဆက်ကပ်လှူဒါန်းစဉ်။

၁၉၉၁ ဖုန်စံဂုဏ်ထူးဆောင် ဂုဏ်ပြုလွှာပေးအပ်ပွဲအခမ်းအနား။

အမှာ။ ။ ဤအခမ်းအနားပြီးသည့်နောက်ပိုင်း-ရာသက်ပန်ဆိုသော
စကားရပ်ကို အသုံးမပြုတော့ပါ။

အားကစားသမဂ္ဂအဖိုး
မရပါဘူး

၁၉၉၃- ဧပြီလ-သင်္ကြန်ပွဲတွင် ထားဝယ်သမဂ္ဂတွင်
နှစ်သစ်ကူးသင်္ကြန်တွင်(ရေဒီမှန်း) ဘုန်းကြီးကျောင်းများနှင့်
ထားဝယ်သူထားဝယ်သားများအား လှူဒါန်းကျွေးမွေးစဉ်ကပုံ။

ရှေ့တန်း (ဝဲမှယာ) ဦးအောင်မြင့်၊ ဦးစောမောင်၊ ဦးထွန်းအေး၊ ဦးဘမောင်၊ ဦးအောင်သိမ်း။
နောက်တန်း (ဝဲမှယာ) ဦးကျော်သိန်း၊ ဦးဘစိန်၊ ဦးမောင်မောင်သိန်း၊ ဦးဘဝင်း။

မှတ်တမ်းစာတမ်းပုံတွင်မပါဝင်သူများ

ဦးတင်ထွန်း၊ ဦးကျော်လင်း၊ ဦးကျော်မြင့်ဦး၊ ဦးမြသွင်။

ထားဝယ်သမဂ္ဂသမိုင်းစာအုပ်ထုတ်ဝေရေးအဖွဲ့.မှတ်တမ်းစာတမ်းပုံ

ရှေ့တန်း (ဝဲမှယာ) ဦးအောင်မြင့်၊ ဦးဘမောင်၊ ဦးအောင်သိမ်း၊ ဒေါ်ခင်မူ။
နောက်တန်း (ဝဲမှယာ) ဦးကျော်သိန်း၊ ဦးဘဝင်း၊ ဦးသိမ်းဝင်း။

ထားဝယ်သမဂ္ဂသမိုင်း

အခန်း(၁)

မြန်မာနိုင်ငံတွင် ဒေသဆိုင်ရာအသင်းအပင်း၊ အဖွဲ့အစည်းအနေဖြင့် ထူထောင်ခဲ့သည့် အဖြစ်မှာ အလွန်ရှားပါးသေးသည့် အချိန်ကာလမျိုးတွင်၊ အလွန်စောစွာထူထောင်ဖူးသည့် ဒေသဆိုင်ရာ အသင်းတစ်ခုကို ဤနှုန်ပြပါဟုဆိုလျှင်၊ ထားဝယ်သမဂ္ဂအသင်းကို ဤနှုန်ပြရပေလိမ့်မည်။

နိုင်ငံရေးအသင်းအဖွဲ့များ ထွန်းကားလှုပ်ရှားချိန်တွင် ထားဝယ်သမဂ္ဂမှာ တမူထူးခြားသည့်အသင်းအဖွဲ့ တစ်ခုဖြစ်သည်။ နိုင်ငံရေးလှုပ်ရှားမှုကို အခြေခံ၍ ပေါ်ပေါက်လာသည့် အဖွဲ့တစ်ခုကား မဟုတ်ပေ။ လူမှုရေးကို အဓိထား၍ စတင် ပျိုးထောင်လာခဲ့သည့် အသင်းအဖွဲ့တစ်ခုသာ ဖြစ်ပေသည်။ သို့ရာတွင် ဝံသာနုရက္ခိတ တရား၊ အမျိုးကိုစောင့်ရှောက်မှု စိတ်ဓာတ်ကိုမူကား တစ်စိတ်တစ်ဒေသ အခြေခံခဲ့သည်။ အထူးသဖြင့် ဒေသခံများ၏ လူမှုရေးကိစ္စများကို ကူညီဆောင်ရွက်ပေးနိုင်ရန် စတင်၍ ပေါ်ပေါက်လာသည့် အသင်းအပင်းတစ်ခု ဖြစ်ပေသည်။ ဤအစဉ်အလာသည် နောင်လာမည့်နှစ်များစွာနှင့် ယခုကိုင်အောင်ပင် နိုင်ငံရေးကင်းရှင်းစွာဖြင့် ရှင်သန်လာခဲ့သော အသင်းအပင်းတစ်ခု ဖြစ်လာခဲ့ပေသည်။ မည်သည့်နိုင်ငံရေးပါတီ၊ အုပစုများ၏ ဩဝါဒခံယူမှု မဟုတ်ဘဲ ကင်းလွတ်စွာနေပြီး လူမှုရေးကိစ္စများကိုသာ ဦးတည်ဆောင်ရွက် လာခဲ့သည်။

အသင်းတစ်ခုအဖြစ်နှင့် မပေါက်ဖွားလာမီ နှစ်အနည်းငယ်ကပင် အသင်းအပင်းအဖွဲ့အစည်းတစ်ခု ထူထောင်ရန်လိုအပ်ကြောင်းကို၊ ရန်ကုန်၌ ရောက်ရှိနေထိုင်ကြသည့်

ထားဝယ်သူ ထားဝယ်သားများနှင့် ရန်ကုန်သို့၊ မကြာခဏလိုလို ကုန်စည်ရောင်းဝယ်ဖေါက်ကားမှုဖြင့် ရောက်ရှိနေကြသည့် ထားဝယ်သူ ထားဝယ်သားတစ်စုက အရေးအကြောင်းရှိလျှင် တစ်ဦးချင်းဆောင်ရွက်သည်ထက် အများနှင့် တရားဝင် ဆောင်ရွက်နိုင်ဖို့ အသင်းအပင်းတစ်ခုရှိလျှင် ကောင်းလေစွဟု ရိပ်စားမိခဲ့ကြလေသည်။ ထို့ကြောင့်ပင်လျှင် ထားဝယ်အသင်းတစ်ခု၊ ရန်ကုန်မြို့၌ စတင်ပေါက်ဖွားခဲ့ခြင်းဖြစ်၏။

ပထမဆုံး ပေါ်ထွန်းလာသည့် ဆားဝယ်အသင်း

ထိုစဉ်အခါက, ထားဝယ်, ရှန်ကုန်, ရောင်းဝယ်ဖေါက်ကားမှုများ ပုပ်ဆောင်လျှက်ရှိနေကြပြီ ဖြစ်လေသည်။ ထိုထားဝယ်ကုန်သည်နှင့် လှေသားများ၏ သွားလာခိုနားရေး၊ လုပ်ငန်းအဆင်ပြေရေး၊ အလိမ်အညာမခံရရေးနှင့် လုံခြုံရေးကိစ္စ အရပ်ရပ်တို့ကို တတ်နိုင်သမျှ ကူညီပေးရန်၊ ဇည့်သည်တို့ကလည်း တောင်းခံလာသည့် အားလျော်စွာ မြို့ခံလူများက၊ ရိုင်းပင်းကူညီ ဆောင်ရွက်ပေးရမည့် ဝတ္တရားလည်း ရှိလာပေသည်။ ထိုသို့သော ကိစ္စများကို တရားဝင် ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ထင်ရှားသည့် အသင်းကစ်မှအနေဖြင့် ရပ်တည်ဖို့ လိုလာပေသည်။

ထို့ကြောင့် မြို့ခံနှင့် ဇည့်သည်ထားဝယ်သားတို့ အချင်းချင်း ညှိနှိုင်းကာ၊ ရန်ပုံငွေများထည့်ဝင်ရင်းနှီး မတည်၍၊ ၁၉၁၁-ခုနှစ်တွင် ထားဝယ်အသင်းဟု အမည်တပ်ခေါ်ဝေါ်၍၊ အသင်းတစ်သင်း တည်ထောင်ခဲ့ကြလေသည်။ အချိန်ကြာညောင်းခဲ့ပြီဖြစ်၍ မှတ်တမ်းမှတ်ရာ၊ စည်းဝေးမှတ်တမ်းများလည်း မကျန်ခဲ့တော့သဖြင့်၊ ထိုအသင်း၏စ, လယ်, ဆုံးအခြေအနေများကို ပီပီပြင်ပြင် ဖေါ်ပြနိုင်စွမ်းမရှိတော့ချေ။ ၁၉၁၄-၁၈ ခုနှစ် ပဌမကမ္ဘာစစ်အချိန်တွင် စည်းရုံးလှုပ်ရှားနိုင်မှုလည်း မရှိသဖြင့်၊ သိက်ဆိုးမရှည်ဘဲ၊ တိမ်မြုပ်ခဲ့ရလေသည်။

ထားဝယ်-ရန်ကုန် ရေကြောင်းသွားလာရေး

ထားဝယ် ရန်ကုန်ပင်လယ်ရေလမ်းခရီးသည် အဓိက ခရီးလမ်းကြောင်းဖြစ်သည် ဆိုရစေကာမူ ထားဝယ်မြို့သည် ပင်လယ်ဆိပ်ကမ်းမြို့ တစ်မြို့မဟုတ်ပေ။ မြစ်ဆိပ်ကမ်း

မြို့သာဖြစ်သည်။ ပင်လယ်ကူးသင်္ဘောကြီးများ မဝင်နိုင်။ ရှင်မော်ဝဏ္ဏ ထားဝယ်မြစ်ဝ (၃၂) နိုင်ခန့် သင်္ဘောကလေးဖြင့် ခုတ်မောင်းသွားလာရသည်။ လူနှင့် ကုန်ပစ္စည်းများကိုလည်း သင်္ဘောကလေးမှဟဆင့် ပင်လယ်ကူးသင်္ဘောကြီးသို့ ရွှေ့ပြောင်းပြီး ခရီးသွားကြရသည်။

ပင်လယ်ရေကြောင်း သွားရေးလာရေး အခက်အခဲနှင့် ရင်ဆိုင်နေရသည့် ထားဝယ်သူ ထားဝယ်သားများသည် အချိန်ကုန်စေကာမူ၊ ကုန်ပစ္စည်းအများဆုံး တင်ဆောင်နိုင်သည့် သင်္ဘောခရီးကိုပင် ပို၍ ကြိုက်နှစ်သက်ကြသည်။ အထူးသဖြင့် ကုန်သည်များ ရောင်းဝယ်ဖောက်ကားသူများ၊ ကုန်ပစ္စည်းတင်ပို့သူများက၊ သင်္ဘော၊ စက်လှေ၊ ရွက်လှေ၊ စသည်တို့ဖြင့် ပင် သယ်ကြသည်။

ထားဝယ်မှ ရန်ကုန်သို့ ပင်လယ်ရေကြောင်း ခရီး(၃၆) နာရီခန့် ခုတ်မောင်းရသည်ဟု သိရသည်။ ဤပင်လယ်ရေကြောင်း ခရီးစဉ်မှာ ထားဝယ်သူ ထားဝယ်သားများ၊ ထိုစဉ်ကာလက အများဆုံး အသုံးပြုသည့် ခရီးစဉ်ပင်ဖြစ်ပေသည်။ ထိုစဉ်အခါက ထားဝယ် သင်္ဘောများ ရန်ကုန်၊ ဗိုလ်တထောင် ဆိပ်ကမ်း၌ ဆိုက်ကပ်ကြ၏။ နောက်ပိုင်း၊ စက်လှေများထွန်းကားလာသည့် ခေတ်တွင်မူ၊ ကုန်ပစ္စည်းနှင့် ခရီးသည်များပါ၊ ထားဝယ်-ရန်ကုန် ခရီးစဉ်အဖြစ် ခုတ်မောင်း သယ်ဆောင်ပေးကြသည်။ ငွေကြေးတတ်နိုင်သူများကလည်း စက်လှေများထောင်ကြသည်။ စက်လှေ၏ အဓိကလုပ်ငန်းမှာ ကုန်ပစ္စည်းတင်ဆောင်ရေးသာ ဖြစ်၏။

ထိုစဉ်အခါက ထားဝယ်စက်လှေများ ဆိုက်ကပ်ရာ လှေဆိပ်မှာ (မော်တင်-ကိလီ) ဆိပ်ပင်ဖြစ်သည်။ ထို့ကြောင့် ထိုနေရာတစ်ဝိုက်တွင်၊ ထားဝယ်သူ ထားဝယ်သားများ၊ ထားဝယ် ကုန်စည်များကို အတွေ့များသည့်နေရာ ဖြစ်လာသည်။

ထားဝယ်အသင်း ပြန်လည်တည်ထောင်ခဲ့ကြခြင်း

ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီ ဆိုသကဲ့သို့၊ မြို့ခံကုန်သည်များနှင့် ထားဝယ်သူ၊ ထားဝယ်သားများ သင့်မြတ်စွာ ဆက်ဆံရေးနှင့် ထားဝယ်သူ ထားဝယ်သား အချင်းချင်း၊ ညီညီညွတ်ညွတ်၊ စည်းစည်းလုံးလုံးရှိကြရန် အရေးကြီးလာပြန်သည်။ လှေသင်္ဘောခရီးဟူသည် တစ်ခေါက်ဆိုလျှင်၊ ဆိုသလောက် ကြာတတ်သည်။ သင်္ဘောပတ်စောင့်ရသည်က တစ်မျိုး၊ ကုန်ပစ္စည်းတင်မှု၊ ချမှုအတွက်ကတစ်မျိုး မိမိလိုရာပစ္စည်း ဝယ်ယူဖို့၊ မိမိတွင်ပါလာ

သည့် ကုန်ပစ္စည်းကို ရောင်းချဖို့၊ အစစအရာရာ အချိန်လိုသည်။ သို့ဖြစ်၍ ရန်ကုန်တွင် ရက်အနည်းငယ်ကြာအောင် နေထိုင်ကြရသည်လည်း ရှိ၏။

ထိုစဉ်အခါက ရန်ကုန်တွင် အခြေချနေထိုင်နေကြပြီဖြစ်သော ထားဝယ်သူ၊ ထားဝယ်သား၊ ထားဝယ်အဆက်အနွယ်များကလည်း ရိုင်းပင်းကူညီမှု ပြုလာကြသည်။ သို့နှင့်မြို့ခံများနှင့် နည်းသည် ထားဝယ်သားများ အချင်းချင်းညှိနှိုင်းကာ၊ အသင်းတစ်ခုတည်ထောင်ရန် စိုင်းပြင်းအားထုတ်လာကြလေသည်။ အသင်းတစ်ခုထူထောင်ရန်မှာ နေရာဌာန၊ အဆောက်အအုံနှင့် ရန်ပုံငွေများ လိုအပ်သည်။ ရန်ကုန်တွင် အခြေကျနေ၊ထိုင်လျှက်ရှိကြသော စီးပွားရေးချောင်လည်သူ၊ ထားဝယ်သားလူကြီးများထံ အကူအညီတောင်းခံမှ အောင်မြင်မည်ကို သိရသောကြောင့်၊ ထိုလူကြီးများထံသို့ သွားရောက်ကာ၊ အသင်းတစ်ခုတည်ထောင်ပေးရန် မေတ္တာရပ်ခံကြသည်။

ထိုအခါ လူကြီးများကလည်း မတုံ့မဆိုင်းပင် လက်ခံ၍ သဘောတူ၊ တာဝန်ယူလိုက်ကြလေသည်။ ထားဝယ်နှင့် အဆက်အသွယ်များသူတစ်ဦးမှာ ပွဲစားကြီးဦးဖေ၊ဖြစ်၏။ ၄င်းက နေရာမယူလို၍ ဦးထွန်းမြိုင်ကို ရှေ့တန်းတင်ကာ လှုံ့ဆော်စည်းရုံးခဲ့လေသည်။ သို့နှင့် အောက်ပါပုဂ္ဂိုလ်များက အသင်းဖြစ်မြောက် အကောင်အထည် ဖေါ်လာသည်အထိ အစမှအဆုံး၊ လုံးဝတာဝန်ခံကာ စီစဉ်ဆောင်ရွက်ကြသည်။

(၁) ဦးထွန်းမြိုင်(ယော်ဟိန်စူး)	ဂရေဟန်တိုက်စာရေးကြီး
(၂) ဦးအေး	ပွဲစားကြီး
(၃) ဦးရွှေခုံ (ကေဘိန်ချောင်း)	ကုန်သည်ကြီး
(၄) ဦးဘမြင့်	လယ်ပိုင်ရှင်
(၅) ဦးဖေသစ်–တို့ ဖြစ်သည်။	

အထက်ဖေါ်ပြပါ ပုဂ္ဂိုလ်တို့သည် ခမ်းနားသော အစည်းအဝေးပွဲကြီးတစ်ရပ် ကျင်းပနိုင်ရေးအတွက် ကိုယ်တိုင်ကိုယ်ကျ အပင်ပန်းခံကာ၊ လက်လှမ်းမီရာ ရန်ကုန်မြို့ခံ ထားဝယ်သားမှန်သမျှနှင့် ရန်ကုန်ရောက် ထားဝယ်သားတို့ကို နှိုးဆော်ဖိတ်ခေါ်၍ လူစုကြရသည်။

၁၉၂၁ ခုနှစ်၊ နိုဝင်ဘာလ(၂၇) ရက်၊ တနင်္ဂနွေနေ့တွင် ဦးဖေသစ်၏ အကူအညီဖြင့် လမ်းမတော် စာဖတ်အသင်းတိုက်တွင် ပဏာမအစည်းအဝေးကြီးတစ်ရပ် အောင်မြင်စွာ

ကျင်းပနိုင်ခဲ့သည်။ အသင်း၏ဥက္ကဋ္ဌမှာ ဦးထွန်းမြိုင်၊ အတွင်းရေးမှူးမှာ ဦးစိန်လှိုင်တို့ ဖြစ်လေသည်။ ကျန်အချို့သော အမှုဆောင်များကိုမူ အတိအကျ မဖော်ပြနိုင်တော့ပါ။

အသင်း၏အမည်ကို ထားဝယ်သမဂ္ဂဟု ကမ္ဘည်းတပ် ခေါ်တွင်ခဲ့လေသည်။ ယခင် ၁၉၁၁ခုနှစ်တွင် တည်ထောင်ခဲ့သည့် ထားဝယ်အသင်း ပျက်စီးတိမ်မြုပ်သွားခဲ့ဖူးသဖြင့်၊ အပျက်၏ အနိဋ္ဌာရုံကိုရှောင်ရှားသောအားဖြင့် "သမဂ္ဂ"ဟူသော အမည်ကိုခေါ်ဝေါ်သမုတ်ခဲ့သည်မှာ အဓိပ္ပါယ် အလွန်ကောင်းမွန်ပေသည်။ သမဂ္ဂဟူသောစကားမှာ ဝေဿာလီပြည်၊ လစ္ဆဝီမင်းအပေါင်းတို့အား မြတ်စွာဘုရားဟောကြားတော်မူသည့် "သမဂ္ဂနိပါတ (၀၁) စည်းလုံးညီညာကောင်းစွာပြုခြင်း ကိစ္စ" ဟူသော ပါဠိမှယူထားခြင်းလည်း ဖြစ်သည်။

ဦးဘမြင့်က၊ မော်တင်လမ်းရှိ အမှတ်(၂)၊ ၎င်းပိုင်နေအိမ်ကို ထားဝယ်သမဂ္ဂအသင်း အတွက် အသုံးပြုရန် တစ်နှစ်တာမျှ ခွင့်ပြုခဲ့လေသည်။ ထိုအိမ်တွင် ထားဝယ်သမဂ္ဂ တည်ထောင်ပြီး၊ တနင်္ဂနွေနေ့ညနေမှစ၍ (၁၀)ရက်တိုင်တိုင်၊ ဓာတ်၊ ရုပ်သေး၊ အငြိမ့်ပွဲစုံစွာဖြင့် ခြိမ့်ခြိမ့်သဲသဲ ခင်းကျင်းအောင်ပွဲခံပြီး၊ မှတ်တမ်းတင်ခဲ့လေသည်။ ဤကား "ထားဝယ်သမဂ္ဂ အသင်း" ကို ဖွဲ့စည်း အကောင်အထည်ဖော်ခဲ့ခြင်းတည်း။

- - - - - - - - - - - - -

ထားဝယ်သမဂ္ဂအသင်းကိုစ၍ တည်ထောင်လျှင် တည်ထောင်ခြင်း ဦးဘမြင့်၏အိမ်တွင် ချက်ခြင်း ဖွင့်လှစ်ရသည် မဟုတ်သေးပေ။) ၇-လမ်း အိမ်အမှတ်(၂၂)တွင် ခေတ္တဖွင့်လှစ်ခဲ့ရသေးသည်ဟု သိရ၏။ [ဦးအေး၏သားကြီး ဦးမြသွင်နှင့် တွေ့ဆုံဆွေးနွေးချက် ၁၉၉၂-ခု။] နောက် ဦးဘမြင့်၏ ဖိတ်ခေါ်ခွင့်ပြုချက်အရ၊ ၎င်း၏အိမ်အမှတ်(၂) မော်တင်လမ်း (ယခု-လမ်းသစ်လမ်း)၌ ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ အမှတ်(၂)မော်တင်အိမ်သည်၊ ယခုအခါ မရှိတော့ပေ။ အိမ်နေရာရှိသေးသော်လည်း အမှတ်စဉ်ကား ပြောင်းလဲသွားခဲ့လေပြီ။ မူရင်း နေရာသည် အမှတ်(၂) မဟုတ်တော့ပေ။

ထားဝယ်သမဂ္ဂအသင်း၏ပထမခရီး

၁၉၂၁ခုနှစ် နိုဝင်ဘာလ ၂၇-ရက်နေ့တွင်စ၍ ပြန်လည် တည်ထောင်လာခဲ့သည့် ထားဝယ်သမဂ္ဂအသင်းသည် တစ်စ တစ်စနှင့် ကျစ်လစ် ခိုင်မာလာခဲ့လေသည်။ ထားဝယ်သူ

ထားဝယ်သမဂ္ဂသမိုင်း

ထားဝယ်သားများ၏အားထားရာ မဏ္ဍိုင်တစ်ခုသဖွယ်လည်း ဖြစ်လာခဲ့သည်။ အသင်း၏ ရည်ရွယ်ချက် စည်းမျဉ်းဥပဒေများကိုလည်း စနစ်တကျရေးဆွဲ အကောင်အထည်ဖော်လာကြသည်။

အိမ်လခတစ်ပြားတစ်ချပ်မှ မပေးရသော်လည်း၊ ခွင့်ပြုထားသည့် နှစ်ကုန်လွန်လျှင် တခြားတစ်နေရာသို့ ပြောင်းရွှေ့ဖို့ကိစ္စ ရှိလာသည်။ နှစ်ပေါင်းမည်မျှကြာအောင် အိမ်ငှားရှိနေရဦးမည် မသိသေး။ အသင်းရုံပွဲ မည်သို့ရှာမည် စသည့်နည်းလမ်းများကိုလည်း ကြံဆလာကြရသည်။ အသင်းအတွက် ကိုယ်ပိုင်အဆောက်အအုံတစ်ခုကို ဝယ်ယူထားနိုင်မည်ဆိုက အကောင်းဆုံးဖြစ်သည်ကိုလည်း တွေးမိကြပြီးဖြစ်သည်။ ထားဝယ်သမဂ္ဂအသင်းက တည်ထောင်ချိန်ကာလကပင်၊ အသင်း၏တည်ရာဌာနတစ်ခုရှိဖို့လိုသည်ဟု သတိထားမိကြပြီးဖြစ်သည်။ အသင်း၏ရည်ရွယ်ချက် စည်းမျဉ်းဥပဒေစာအုပ်တွင်- "အသင်း၏အမည်နှင့်နေရာဌာန" ဆိုသည့် ခေါင်းစဉ်အောက်၌-

အသင်းတိုက်သည် ရန်ကုန်မြို့အတွင်း အခါအားလျော်စွာ သင့်တော်သောနေရာ၌ တည်ရှိစေရမည်။

ဟူသည့် (ခ)အပိုဒ်တစ်ပိုဒ်ပါရှိနေသည်ကို တွေ့ရှိရ၏။

အသင်းတိုက်တစ်တိုက် ရရှိရန်အတွက်လည်း အမှုဆောင် လူကြီးများ၊ စွမ်းစွမ်းတမံ ကြိုးစား ရှာဖွေကြသည်။ အသင်းတည်ထောင်ရာတွင် ကြိုးပမ်းပါဝင်ခဲ့သူ ဦးရွှေခုံကလည်း အသင်းပိုင်အိမ်တစ်ဆောင် ဝယ်ယူနိုင်ရန်အတွက်ငွေ ၇၀၀၀/-ကို အတိုးမရှိ၊ တစ်နှစ်တာမျှ စေတနာထားသနားစွာဖြင့် ကြိုတင်စိုက်ထုတ် ချေးငှားရန် ကတိပြုလေသည်။

သင်းပိုင်အဆောက်အအုံရရှိရန်ကြိုးပမ်းခြင်း

အသင်းအမှုဆောင်လူကြီးများ ကြိုးပမ်းမှုဖြင့် အသင်းတိုက်ပြုလုပ်ရန် သင့်တော်သည့် အဆောက်အအုံတစ်ခုကို တွေ့ရှိလေသည်။ အိမ်ပိုင်ရှင်များမှာ ဦးမောင်ကလေး၊ ဒေါ်သန်းနှင့် ဒေါ်ပုတို့ဖြစ်ကြ၏။ ၄င်းတို့ထံမှ၊ (၁၉၂၇)ခုနှစ် ဇူလိုင်၂၅-ရက်နေ့တွင် စာချုပ်စာတမ်းချုပ်ဆို၍ ဝယ်ယူနိုင်ခဲ့လေသည်။ (စာချုပ်မိတ္တူနောက်ဆက်တွဲ(--)တွင်ကြည့်ပါ။)

စာချုပ်တွင် ရန်ကုန်မြို့၊ မြို့မဇရိယာရှိ အကွက်ကြီး ၇-၂၂ပါ၊ အလျားပေ၅၀၊ အနံ၂၅ပေရှိသော၊ ဂရုန်းပြအကွက် အမှတ်၉၇ပေါ်ရှိ နှစ်ထပ်ပျဉ်ထောင်အိမ်ကို ပိုင်ဆိုင်သူ ဦးမောင်ကလေး၊ ဒေါ်သန်းနှင့်ကွယ်လွန်သူ ဒေါ်ပု၏အမွေခံသားဖြစ်သူ မောင်အေးရှိန်တို့က

ကျပ်ငွေတန်ဘိုး ၁၃၀၀၀/- ဖြင့် တန်ဘိုးထားရောင်းချကြောင်း လက်မှတ်ရေးထိုးပြီး၊ ဝယ်ယူသူအဖြစ်နှင့် ထိုစဉ်က ထားဝယ်သမဂ္ဂအသင်း၏ကိုယ်စား၊ ဥက္ကဋ္ဌဦးထွန်းမြင့်က စာချုပ်လက်မှတ်ရေးထိုး ဝယ်ယူခဲ့ခြင်းဖြစ်သည်။

ဤသို့ ဝယ်ယူလိုက်သဖြင့် အသင်းကိုယ်ပိုင် အဆောက်အအုံတစ်ခု ရရှိလိုက်လေသည်။ ထို့နောက် ကြေးမြိုကိုလည်း နှစ်ကြေးလစဉ်ကြေးမှ ကောက်ခံ၍လည်းကောင်း၊ သီးခြားစေတနာရှင်များထံ အလှူခံ၍လည်းကောင်း၊ စုပေါင်း၍၊ အလိုလိုဖြင့် ရသလောက် ပေးဆပ်ခဲ့သဖြင့် နောက်ပိုင်းတွင် အကြွေးပြေလည်အောင် ဆပ်နိုင်ခဲ့လေသည်။ ကိုယ်ပိုင် အသင်းတိုက်ဖြင့် တင့်တင့်တယ်တယ် ရပ်တည်နိုင်ခဲ့လေသည်။

အသင်း၏ရည်ရွယ်ချက်

ထိုစဉ်အခါကပင် အသင်း၏စည်းမျဉ်းဥပဒေကိုလည်း ရေးဆွဲခဲ့ပြီး ထားဝယ်သမဂ္ဂ အသင်း၏ ရည်ရွယ်ချက်များကိုလည်း ပီပီပြင်ပြင် ပြဋ္ဌာန်းခဲ့လေသည်။ (အခါအားလျော်စွာ ပြင်ဆင်ဖြည့်စွက်ရန် လိုအပ်သည့်အချက်များကို ပြင်ဆင်ဖြည့်စွက်မှုများ ရှိစေကာမူ၊ မူလအခြေခံရည်ရွယ်ချက်များကို မပျက်ပြယ်စေရန် အထူးဂရုပြုခဲ့ကြပေသည်။)

(က) အသင်းသားအချင်းချင်း တစ်ဦးနှင့်တစ်ဦး ညီရင်းအစ်ကိုကဲ့သို့ နှလုံးသွင်းကြ၍ အနိမ့်အမြင့်သဘောမထားဘဲ ပေါင်းသင်းဆက်ဆံကြရန်။

(ခ) အသင်းသားအချင်းချင်း တစ်ဦးနှင့်တစ်ဦး အကြောင်းရှိလာ တတ်အားသရွေ့ ကူညီထောက်ပံ့ စောင့်ရှောက်ကြရန်။

(ဂ) ထားဝယ်မြို့နှင့်တကွ၊ ၎င်းမြို့သူမြို့သားများနှင့် ပတ်သက်သော အရေးကိစ္စများတွင်၊ ဤအသင်းကဝင်ရောက်ဆောင်ရွက်ရန် သင့်တော်သည်ဟု ထင်မြင်သည့်အခါတတ်အားသရွေ့ အကျိုးဆောင်ရွက်ရန်။

(ဃ) အခြားသော အထူးကိစ္စများပေါ်ပေါက်ခဲ့လျှင်၊ ဤအသင်းက သင့်လျော်သည်ဟု ထင်မြင်က တတ်အားသရွေ့ ဆောင်ရွက်ရန်။

(င) အသင်းသားတစ်ဦးတစ်ယောက် အနိစ္စရောက်ခဲ့လျှင် အကျိုးဆောင် စက္ကတော်ရှိထံတိုင်ကြားပါက အနိမ့်၊အလတ်၊အမြတ် မရွေးချယ်ဘဲ အသင်းက ငွေ(၃၀၀) (သုံးဆယ်ကျပ်) ထောက်ပံ့ကူညီလိမ့်မည်။

(စ) အသင်းသားအဖြစ်နှင့် (ဖ)လထက်မနည်းရှိသော အသင်းသားထဲမှ၊ မိမိအတွက် သုမင်္ဂလ၊ အကြောင်းကိစ္စရှိ၍ လာရောက် တိုင်ကြားသောအခါ ၄င်းကိစ္စရက် မတိုင်မီ(၄)ရက်က ကြိုတင်၍ အကျိုးဆောင်စက္ကတေရီထံ တိုင်ကြားမှသာ လျှင်အရေးယူရန်အခွင့်ရှိစေရမည်။

အစရှိသဖြင့် ရေးသားဖော်ပြထားသည်တို့.ကိုတွေ့.ရ၏။ ဤစည်းမျဉ်းဥပဒေစာအုပ်ကို ၁၉၃၆ခု၊ ဧန်နဝါရီလ(၁)ရက်နေ့.အထိ ဖြည့်စွက် ပြင်ဆင်ထားသည်ဟု ဖော်ပြထုတ်ဝေသည်။ ဤစည်းမျဉ်းဥပဒေစာအုပ်ငယ်၏ မျက်နှာဖုံးတွင် အလယ်ဗဟို၌ ဟသံ်ရုပ်ပုံပါရှိသော အဝိုင်းပုံတံဆိပ်သည် ထိုစဉ်က အသင်း၏တံဆိပ်ဖြစ်၏။

ထားဝယ်ရန်ကုန်ခရီးလမ်းပမ်းဆက်သွယ်မှုများ

ထားဝယ်ရန်ကုန်ခရီးသွားလာရေးတွင် သဘော်ခရီးသွားလာမှုသာမက ကုန်းလမ်းခရီးလည်း ပွင့်လာခဲ့လေပြီ။ ရေလမ်းခရီးလည်း ခရီးစဉ်ပုံမှန် ဖြစ်လာခဲ့ပြီ။

ကမ်းရိုးတန်းသွား သဘော်ခေါက်ရေ လျော့လိုက်သဖြင့် သဘော်လက်မှတ်လည်း ဝယ်ယူမှုခက်ခဲလာပေသည်။ ထိုစဉ်က ထားဝယ်သမဂ္ဂအသင်းအနေဖြင့် သဘော်လက်မှတ် "ကိုတာ"ခွဲတမ်းကို ထားဝယ်သူထားဝယ်သားများအတွက် ရရှိခဲ့လေသည်။ ယင်းခွဲတမ်းမှပင် မြို့သူမြို့သားများအတွက်လည်း ထားဝယ်သမဂ္ဂအသင်းမှ ခွဲခြမ်း ဝေမျှပေးသည်ဟု သိရ၏။

ကုန်းလမ်းခရီး

ရေလမ်းခရီးသည် ခဲရာခဲဆစ်သွားရသကဲ့သို့၊ ကုန်းလမ်းခရီးသည်လည်း အတန်တန်သွားရသည်။ ထားဝယ်မှ ကျိုမြို့သို့ ဘတ်(စ)ကားခရီးစဉ်မှာ မော်လမြိုင်-ရေး မီးရထားလမ်း ဖောက်လုပ်ပြီးစီးသည့် (၁၉၂၅-၂၆)နှစ်ပိုင်းလောက်မှ စတင်ခဲ့သည်။ ထားဝယ်နှင့် ရေးသည်မိုင်၁၀၀ကျော် မျှသာဝေး၏။

ထိုစဉ်အခါ ထားဝယ်နှင့်ရေးသို့ ပြေးဆွဲကြသည့် ဘတ်(စ်)ကားများမှာ အိမ်တိုင်ရာရောက် ခရီးသည်များကို လိုက်၍ကြိုသည်။ ဘတ်(စ်)ကားခမှာ ၅/(နှစ်ကျပ်)သာဖြစ်သည်။ လက်မှတ်ဝယ်သည့် ခရီးသည်သည် မိမိလိပ်စာကိုဘတ်(စ်)ကားကုမ္ပဏီတွင် ပေးခဲ့ရသည်။

မိမိထွက်လိုသည့်နေ့ ည(၁၂)နာရီခန့်တွင်၊ ခရီးသည်များကို လှည့်လည်ခေါ်ယူပြီး လူပြည့်လျှင် ဘတ်(စ်)ကားစထွက်သည်။ ရေးမြို့သို့ နံနက်စောစော(၅)နာရီခန့်ရောက်၏။ ရေးမှမော်လမြိုင်သို့ ထွက်ခွာမည့်မီးရထားကို စီးကြရသည်။ မော်လမြိုင်-ရေးမီးရထားလမ်းမှာ (၈၉) မိုင်ခန့်ရှိပြီး ၁၉၂၅- ခုနှစ်တွင် ဖောက်လုပ် ပြီးစီးခဲ့သည်။ (ဗမာ့မော်ကွန်းမှတ်တိုင်များ။စာ၊၁၉၆)။ သို့ရာတွင် မော်လမြိုင်-ရေးမီးရထားလမ်းကို ၁၉၂၆တွင် စတင်ဖွင့်လှစ်သည်ဟု ကျိုက္ခမိဒိစတြိတ်ဂေဇက်တီးယားက ဆိုသည်။ (ကျိုက္ခမိဂေဇက်တီးယား၊ စာ၊၇၉)။

မုဗွန်ဘူတာရောက်လျှင် ကူးတို့ဖြင့်ကူးပြီး၊ မော်လမြိုင်ဈေးကြီးဆိပ်တွင် ၁၅မိနစ်ခန့် ရပ်နားသည်။ ထို့နောက် မုတ္တမကူးတို့သဘော်ဖြင့်ကူးရာ မုတ္တမဆိပ်ကမ်းဘက်သို့ ည(၈)နာရီတွင် ရောက်ရှိလေသည်။ မုတ္တမ ဘူတာမှ ည(၉)နာရီရထားထွက်ပြီး၊ တစ်ညလုံးခုတ်မောင်းခဲ့ရာ ၎င်းကုန်ဘူတာကြီးသို့ နံနက်(၆)နာရီတွင် ဆိုက်ရောက်လေသည်။

ထိုစဉ်အခါက ထားဝယ်တွင် ရေးသို့ဘတ်(စ်)ကား ပြေးဆွဲသည့် ဘတ်(စ်)ကားအဖွဲ့(၃)ဖွဲ့ရှိသည်။ (၁)လင်ကွာကီး၏ ဘတ်(စ်)ကားအဖွဲ့၊ (၂) ရွှေဟင်္သာဘတ်(စ်)ကားအသင်းနှင့် (၃) ဦးဆင်ဟန်ဦးစီးသည့် ဒီဇယ်ကားအဖွဲ့တို့ဖြစ်သည်။ ဘတ်(စ်)ကားအဖွဲ့များသည်၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ ဈေးလျှော့၍အပြိုင်အဆိုင် ပြေးဆွဲကြသည်မှာ / ဒုတိယကမ္ဘာစစ်ကြီးဖြစ်လာပြီး လမ်းခရီးပိတ်သွားသည့်အထိပင်ဖြစ်သည်။

ဤသည်မှာ ထားဝယ်သမဂ္ဂအသင်း တည်ထောင်သည့် ၁၉၂၁ခု မှ ၁၉၃၀ခုနှစ်ပိုင်းအတွင်း ထားဝယ်-ရန်ကုန် သွားရေးလာရေးခက်ခဲမှုနှင့် ခရီးလမ်းပမ်းအခြေအနေကို အကဲခပ်နိုင်ရန် တင်ပြခြင်းဖြစ်သည်။ မည်သို့ပင်ဆိုစေ၊ ရန်ကုန်-ထားဝယ်ခရီးမှာ ကုန်းလမ်း၊ ရေလမ်း၊ ခရီး(၂)မျိုးစလုံး အဆက်အသွယ် ကောင်းလာသဖြင့် ခရီးသွားများလည်း ပိုမိုများပြားလာခဲ့ပေသည်။

"ထားဝယ်သမဂ္ဂအသင်း၏ ကူညီဆောင်ရွက်ချက်များ"

ထားဝယ်သမဂ္ဂအသင်းကို ၁၉၂၁-ခုနှစ်တွင် ကျစ်လစ်ခိုင်မာစွာ ပြန်လည်ဖွဲ့စည်းတည်ထောင်ခဲ့၏။ ထိုစဉ်က ထားဝယ်သူထားဝယ်သားများ၏ လူမှုရေးကိစ္စများဆောင်ရွက်မှုပေးရန် အဓိကထားခဲ့ပေသည်။ ထိုအချိန်ကာလပိုင်းလောက်တွင် ကုန်စည်ရောင်းဝယ်ဖောက်ကားမှုကိစ္စအတွက်သာမက၊ ရန်ကုန်သို့ အလည်အပတ်အလာခရီးနှင့်လည်းကောင်း၊ အလုပ်အကိုင်စွန့်စားရှာဖွေလိုခြင်းကောင်း၊ ရောက်လာကြသည့် ထားဝယ်သူ ထားဝယ်သားများလည်း ပါဝင်လာကြသည်။

သွားရေးလာရေးခက်ခဲမှုကြောင့် ကျေးလက်ဒေသများမှ မိဘများက မိမိတို့သားသမီးများအား မြို့တော်ရန်ကုန်သို့ ရောက်ဖူးစေလိုကြသည်။ အမြင်ကျယ်စေလိုကြသည်။ ဤဆန္ဒဖြင့်ပင် မိဘများကိုယ်တိုင်က၊ မိမိသားသမီးများအား အဖော်ကောင်းလျှင် ခရီးစရိတ်အကုန်အကျခံ၍ အလည်အပတ်ထည့်လိုက်သည့် အလေ့အထလည်းရှိသည်။ အလုပ်အကိုင်အဆင်ပြေလျှင်လည်း ရန်ကုန်၌ အလုပ်အကိုင်ရှာဖွေရန် အားပေးအားမြှောက်ပြုကြသည်။

လူပေလူတေကလေးများ၊ အိမ်ပြေး၊ ရာပြေးကလေးများလည်း ပါလာတတ်ပေသည်။ ထိုမျှမကသေး၊ ကျေးလက်ဒေသမှ အမျိုးသမီးငယ်များကို ဖြားယောင်း လက်ထပ်ခေါ်ယူလာပြီး၊ ရန်ကုန်တွင် အိမ်ဖော်ရောင်းစားမှုကိစ္စအထိပင် ဆိုးဝါးလာသည်။ ဒုစရိုက်မှုများလည်း ဖြစ်စပြုလာခဲ့ပေသည်။ အချို့မှာ အိမ်ဖော်အဖြစ်နှင့်ခေါ်၍ အလုပ်ပေးထားပြီးမှ နောက်ပိုင်းတွင် အိမ်ရှင်၏လော်ဗာမှုကြောင့်ဖြစ်စေ၊ နှိပ်စက်ကလူပြုမှုကြောင့် အိမ်တွင်ဆက်လက်မနေထိုင်နိုင်တော့၍ဖြစ်စေ ထွက်ပြေးပျက်စီးသွားကြသည့် ကိစ္စများလည်း ရံဖန်ရံခါဆိုသလို ပေါ်ပေါက်လာတတ်သည်၊ ထိုကိစ္စများကို ဖြေရှင်းပေးရန် ထားဝယ်သမဂ္ဂအသင်းမှပင် ဦးဆောင်ခဲ့ရပေသည်။

ပထမကမ္ဘာစစ်ကြီးပြီးကတည်းက၊ တဖြည်းဖြည်း စီးပွားရေး ဆုတ်ယုတ်ယိုယွင်းလာသည့်ကာလတွင်၊ ဤကိစ္စများပေါက်ပွားလာခြင်း ဖြစ်ပေသည်။ ထိုမျှသာမကသေး၊ တစ်ရပ်တစ်ကျေးသို့ စွန့်စားထွက်ပြေးလာကြသည့် အိမ်ပြေးကလေးများလည်း ပါဝင်လာတတ်ပေသည်။ ဤကိစ္စများကိုလည်း ထားဝယ်သမဂ္ဂအသင်းမှပင်၊ တတ်နိုင်သမျှ ကူညီဖြေရှင်း ဆောင်ရွက်ပေးလေ့ရှိ၏။

တစ်စတစ်စနှင့် ထားဝယ်လူထုအနေဖြင့် ထားဝယ်သမဂ္ဂအသင်းကို အားကိုးအားထားပြုစရာ အဖွဲ့အစည်းတစ်ခုအဖြစ်နှင့် အသိအမှတ်ပြုလာကြသည်။ အားကိုးမှုလည်း ပြုလာကြသည်။ ထားဝယ်မှ မိဘဆွေမျိုးများက အသင်းသို့အသိပေး အကူအညီတောင်းကြသည်များလည်း ရှိလာသည်။ ဒုစရိုက်ကာကွယ်မှုကိစ္စများတွင် အုပ်ချုပ်ရေးဌာနများ၊ (အကောက်ခွန်ဌာန)နှင့် ရဲတို့ကလည်း ကူညီမှုပြုလာကြသည်။ နောက်ပိုင်းတွင် သဘော်ပတ်တိုင်း ထားဝယ်သမဂ္ဂ ကိုယ်စားလှယ်လူကြီးများကိုယ်တိုင် ထားဝယ်သဘော်ဆိုက်ရောက်လာသည့်အခါတိုင်း၊ ဗိုလ်တထောင်ဆိပ်ကမ်းမှ စောင့်ကြို၍ ထားဝယ်ခရီးသည်များကို တွေ့ဆုံမေးမြန်းပြီး၊ မသက်ဘွယ်ရှိသည့် ထားဝယ်သူ ထားဝယ်သားများအား အကဲခတ်ခြင်း၊ စစ်ကြော မေးမြန်းခြင်းပြုသည်။ မိဘဆွေမျိုးများထံသို့ အကြောင်းကြားသည်။ သတင်းပို့ပေးသည်။ ဤကဲ့သို့ပုံမှန်စစ်ကြောမှုများ ပြုလုပ်လာသည်နှင့်အမျှ၊ ဒုစရိုက်မှု၊ မူမမှန်၊

လူအဆောင်းအဝယ်ပြုမှုများ သိသိသာသာ ကျဆင်းရပ်စဲသွားတော့သည်။ ထားဝယ်သမဂ္ဂ အသင်းကိုလည်း ကျေးဇူးတင်ရှိလာကြပေသည်။

ထိုမျှသာမကသေး၊ ရန်ကုန်တွင် ရောက်ရှိနေထိုင်ကြသည့် ထားဝယ်သူ၊ ထားဝယ်သား များလည်း ထားဝယ်သမဂ္ဂအသင်းနှင့် ပိုမိုထိတွေ့မှုရှိလာကြသည်။ ထားဝယ်မှ ရန်ကုန်သို့ ကုန်ရောင်းကုန်ဝယ်ကိစ္စဖြင့် ခေတ္တရောက်ရှိနေကြသည့် ထားဝယ်သားများကလည်း ထားဝယ် သမဂ္ဂ အသင်းကိုအားကိုးအားထားပြု၍ မကျိုင်တစ်ခုအဖြစ် အသိအမှတ်ပြုလာခဲ့ပေသည်။ ထားဝယ်သမဂ္ဂအသင်းကလည်း၊ တတ်နိုင်သမျှကြိုးစား၍ ကူညီယိုင်းပင်းမှုပြုခဲ့ပေသည်။

ထားဝယ်သမဂ္ဂအသင်းသည် ကိုယ်ပိုင်အသင်းတိုက်နှင့် ထည်ထည်ဝါဝါ ရှိလာခဲ့ ပြီးသည့် အချိန်ကာလပိုင်းသည် မြန်မာနိုင်ငံတွင် နိုင်ငံရေးစိတ်ဓာတ်မျိုး ချစ်စိတ်နိုးကြား လာပြီး နိုင်ငံရေးလှိုင်းတံပိုး ရိုက်ခတ်ပြင်းထန်လာသည့်ကာလ ဖြစ်ပေသည်။ အထူးသဖြင့် (၁၉၃၀)ဝန်းကျင်တွင် ဆက်တိုက်ဖြစ်ပေါ်လာခဲ့ပေသည်။

ဤ၁၉၃၀-ခုနှစ်သည် မြန်မာနိုင်ငံတွင် နိုင်ငံရေးလှုပ်ရှားမှုဂယက် ပြင်းထန်လာသည့် နှစ်ဟု ကောက်ချက်ချလျှင် မှန်မားပေ။ ဤလှုပ်ရှားမှုများ၏အပေါ်တွင်ပင် နိုင်ငံရေး၊ စီးပွား ရေး၊ လူမှုရေးအစရှိသမျှ လှိုင်းဂယက်ရိုက်ခတ်လွှမ်းမိုးမှု မကင်းကြပေ။ အထူးသဖြင့် ရန်ကုန်ရှိ ထားဝယ်သမဂ္ဂ၏ လူမှုရေးလှုပ်ရှားမှုများလည်း ရိုက်ခတ်မှုမှ ကင်းလွတ်ခြင်း မရှိ ခဲ့ပေ။ သို့ရာတွင် ထူးခြားချက်တစ်ခုမှာ ထားဝယ်သမဂ္ဂအသင်း၏ ဆောင်ရွက်မှုများသည်၊ နိုင်ငံရေးနယ်ပယ်ထဲသို့ နယ်ကျွံမသွားပဲ၊ လူမှုရေးနယ်ပယ်တွင်သာ ပါဝင်ကူညီလှုပ်ရှား လျက် ရှိခဲ့ခြင်းပင်ဖြစ်သည်။

အစဦးပိုင်းဦးဆောင်ကြသည့်လူကြီးများ

ထားဝယ်သမဂ္ဂအသင်းကို ပထမဆုံးတည်ထောင်ခဲ့သည့် ပုဂ္ဂိုလ်များသည်၊ အလုပ် အမှုဆောင်များအဖြစ် မကြာခဏ ပြောင်းလဲခဲ့သည်ကို မတွေ့ရ။ ရံဖန်ရံခါ တစ်ဦးစ၊ နှစ်ဦးစဆိုသလို တိုးလာခြင်းမျှသာရှိသည်။ ထိုစဉ်က၊

(၁) ဦးထွန်းမြိုင်
(၂) ဦးအေး
(၃) ဦးမောင်မောင်
(၄) ဦးဖွမ်လှိုင်
(၅) ဦးအာတိုက်
(၆) ဦးကေထွန်းအိန်
(၇) ဦးဖေသစ်
(၈) ဦးအေးကြွယ်
(၉) ဦးစိန်လှိုင်
(၁၀) ဦးကြီးညွှန့်

(၁၁) ဦးကိုကိုကြီး (၁၃) ဦးမောင်ဟန်
(၁၂) ဦးကြီးသွင်

စသည့်အမည်များကို မကြာခဏတွေ့ရသည်။ အမှတ်(၈) မှ (၁၃)အထိ ပုဂ္ဂိုလ်များကို ထိုစဉ်က "ဦး" အစား "ကို" ဟု ရေးသားဖော်ပြသည်ကိုမှတ်တမ်းများ၌ တွေ့ရ၏။ ထိုစဉ်က လူငယ်လူရွယ်များ ဖြစ်ပေလိမ့်မည်။ အသင်းကိစ္စများကို တကယ်တွင်တွင်ကျယ်ကျယ်နှင့် မြန်မြန်ဆန်ဆန် လုပ်ကိုင်ဆောင်ရွက်နိုင်ရန်နှင့် အရေးပေါ်ကိစ္စများကိုလည်း နောင့်နှေးကြွံကြာမှုမရှိဘဲ ဆောင်ရွက်နိုင်ရန် "ရွေးချယ်ကော်မတီ"ဟု ထိုအချိန်က ခေါ်ဆိုသည့်(၃)ဦး ကော်မတီ တစ်ခုကိုလည်း အသင်းအမှုဆောင် အစည်းအဝေးမှခန့်ထား၍ ဆောင်ရွက်စေလေသည်။ အကယ်၍ ရွေးချယ်ကော်မတီ၌ ပါဝင်သောပုဂ္ဂိုလ်တစ်ဦးဦးက အကြောင်းကိစ္စတစ်ရပ်ဖြင့် ခရီးလွန်နေသည့်အခါ၊ ကျန်သူ(၂)ဦးက ဆက်လက်ဆောင်ရွက်သည်၊ (၃)ဦးဖြင့် ပြည့်ပြည့်ဝဝဆောင်ရွက်မှ ဖြစ်မည့်အခါများတွင်လည်း အသင်းမှထပ်၍ ယာယီဖြည့်စွက်တာဝန်ပေးသည့် အမှုဆောင်တစ်ဦးဖြင့် အားဖြည့်၍ ဆောင်ရွက်ကြသည်။

ထားဝယ်မြို့၌အသင်းခွဲဖွဲ့စည်းရေး

ရန်ကုန်၌ တည်ထောင်ဖွင့်လှစ်ထားသည့် ထားဝယ်သမဂ္ဂအသင်းနှင့် ထားဝယ်ဒေသနေ၊ ဒေသခံလူများသည် ကင်းကွာနေ၍မဖြစ်၊ တစ်လုံးတစ်စည်းတည်း ရှိနေဖို့လိုသည်ကိုလည်း ထိုစဉ်အချိန်ကပင် ရိပ်စားသဘောပေါက်မိခဲ့ကြပေသည်။

ထိုကြောင့် ထားဝယ်၌လည်း အသင်းခွဲတစ်ခု ရှိသင့်သည်။ မည်သို့ မည်ပုံတည်ထောင်ပြီး၊ ရန်ကုန်နှင့် မည်သို့ဆက်သွယ်ရန် စသည်တို့ကို၊ ထိုစဉ်အခါကပင် ဆွေးနွေးတိုင်ပင်ကြသည်။ အသင်းခွဲဟု တည်ထောင်လျှင် သူတလူငါတမင်း ဖြစ်လာနိုင်သည်။ ရန်ကုန်တွင် ဗဟိုပြု၍ ဖွဲ့စည်းတည်ထောင်ထားသည့် ထားဝယ်သမဂ္ဂအသင်းကပင်၊ လူမှုရေးကူညီမှုများကို ဦးဆောင်မှုပြုသွားရန် ဆုံးဖြတ်ကြသည်။ ထားဝယ်တွင် အသင်းခွဲအတွက် တာဝန်ခံပုဂ္ဂိုလ်တစ်ဦးကို ရွေးချယ်ခန့်ထားရန်နှင့် ထိုတာဝန်ခံပုဂ္ဂိုလ်အား၊ ပူးတွဲကူညီဆောင်ရွက်ပေးနိုင်ရန် အမှုဆောင်လူကြီးတစ်ချို့ကို ရွေးချယ်ခန့်ထားပေးရန် ဖြစ်လေသည်။ အမှုဆောင်ဦးရေကိုလည်း မနည်းမများသင့်တင့်စွာရှိစေရန်နှင့် တာဝန်ခံနှင့် သဟာဇာတဖြစ်စွာ ပူးတွဲဆောင်ရွက်နိုင်သူများကို ဦးစားပေးရွေးချယ်ရန်ဆုံးဖြတ်ကြ၏။

ထားဝယ်မြို့၌ သမဂ္ဂအသင်းခွဲနယ်မြေ ဒေသတာဝန်ခံအဖြစ်နှင့် ဦးလူညိုအား ရွေးချယ်ကြသည်။ ဦးလူညိုအား ဤကိစ္စအတွက်လက်ခံနိုင်၊ မခံနိုင်ကိုမေးမြန်းကြသည်။ ဦးလူညိုက လက်ခံဆောင်ရွက်ပေးရန် သဘောတူသဖြင့်၊ ဦးလူညိုအား တာဝန်ခံအဖြစ်နှင့် တာပန်ပေးအပ်ခဲ့လေသည်။ (၁၉-၁-၁၉၃၃+ ထားဝယ်သမဂ္ဂအသင်းအစည်းဝေးမှတ်တမ်း၊ စာ၁၃၉)။

ရန်ပုံငွေတောင်တင်းရေးဆောင်ရွက်မှုများ

အသင်းတိုက်၌ အသင်း၏ လုပ်တ်အစည်းဝေးများကို မှန်မှန် ကျင်းပလေ့ရှိ၏၊ အစည်းအဝေးကိုလာသည့် အများအားဖြင့် ည(၈)နာရီလောက်တွင် ကျင်းပလေ့ရှိသည်။ အလုပ် အမှုဆောင်လူကြီးများလည်း အသင်းကိစ္စနှင့်ပက်သတ်၍ စိတ်ထက်သန်စွာ ဆွေးနွေး လုပ်ကိုင်ဆောင်ရွက်ကြသည်ကိုလည်း ထိုစဉ်ကာလ စည်းဝေးမှတ်တမ်းများအရ သိရှိရသည်။

အသင်းရန်ပုံငွေအဖြစ်နှင့် အထောက်အကူဖြစ်စေရန် အသင်းတိုက်၏ အောက်ထပ်ကိုလည်း အခန်းငှါးချထား၏။ ထိုစဉ် လက်ဖက်ရည်ဆိုင်တစ်ဆိုင်နှင့် အင်္ကျီချုပ်ဆိုင်တစ်ဆိုင်ကို ငှါးရမ်းခဲ့သည်။ လခမှာ၃၀-ကျပ် နှင့် ၂၇-ကျပ် ဖြစ်သည်။ ပင်မင်းဆိုင်တစ်ဆိုင်ကိုလည်း လခ၃၀-ကျပ်ဖြင့် ငှားရမ်းသည်။ နောက်ပိုင်းတွင် ပင်မင်းဆိုင်လခ မှန်မှန်မပေးသဖြင့် ကုန်စုံလက်လီကုန်သေးဆိုင်တစ်ဆိုင်ကို တစ်လ၃၅-ကျပ်ဖြင့် ငှါးရမ်းခဲ့သည်။ အခန်ငှါးများက ငွေရေးကြေးရေးကြပ်တည်းသဖြင့် အခန်းခကို ၅-ကျပ် လျော့ပေးရန် လျှောက်ထားကြသည်။ သို့ရာတွင် အမှုဆောင်အစည်းအဝေးမှ ၅-ကျပ် မလျှော့ဘဲ၊ (၂ကျပ်-၈ပဲ)သာ လျှော့ပေးသည်ကို တွေ့ရသည်။ (၂၄-၁၁-၁၉၃၂ စည်းဝေးမှတ်တမ်းစာမျက်နှာ-၂၈) အသင်းရန်ပုံငွေ၊ ငွေရေး ကြေးရေးကိစ္စအတွက် အမှုဆောင်များ မည်မျှ စေ့စပ်သေချာစွာ ကွပ်ကဲဆောင်ရွက်ခဲ့သည်ကို တွေ့ရှိပေသည်။

အသင်းတိုက်အဆောက်အအုံအတွက်အကြွေးဆပ်ရန်ကြိုးပမ်းခြင်း

၁၉၃၂-ခု၊ဩဂုတ်လတွင် အသင်း စတင်တည်ထောင်သည့် အမှုဆောင်လူကြီးတစ်ဦးဖြစ်သူ ဦးရွှေဇုံကွယ်လွန်သည်။ ဦးရွှေဇုံသည် အသင်းပိုင်အဆောက်အအုံတစ်ခုကို ဝယ်ယူ

နိုင်ရန်တန်ဖိုးထက်ဝက်မက ငွေ ၇၀၀၀-ကျပ်ကို အတိုးလုံးဝမယူဘဲ စိုက်ထုတ်ချေးငှါးပေးခဲ့သူလည်းဖြစ်သည်။ ကျန်ငွေ ၆၀၀၀-ကျပ်ကို အသင်းဥက္ကဋ္ဌ ဦးထွန်းမြိုင်၊ ဦးဇ၊ ဦးသာချို နှင့် ဦးစုသား- စသည့်အမှုဆောင်လူကြီး (၄)ဦးတို့က လက်မှတ်ရေးထိုးကြ၍ ချေးယူထားရသည်။ ငွေရှင်ကငွေရေးကြေးရေး ကျပ်တည်းလာသဖြင့်, အရင်းကိုလည်း တတ်နိုင်သမျှ ဖြည့်၍ဆပ်ရန် မေတ္တာရပ် ခံလာပြန်သည်။ သို့ဖြစ်၍ အသင်းတိုက်ကို ၄၀၀၀-ကျပ်ဖြင့် အိမ်ပေါင်သွင်း၍ အတိုးနှုန်းသက်သာသည့်နေရာတွင် ပြောင်း၍ ချေးငှါးရန်ဆုံးဖြတ်ကြသည်။ လိုအပ်သည့် ကျန်ငွေ-၂၀၀၀-ကျပ်အတွက် အမှုဆောင်လူကြီး ဦသာချိုနှင့် ဦးစုသားတို့က ၃၅၀-ကျပ် နှင့်၃၀၀-ကျပ်စီ အလှူငွေထည့်ဝင်ကြပြီး ကျန်ငွေ၁၀၀၀-ကျပ်ကျော်ခန့်ကို ဖြည့်စွက်ရရှိနိုင်ရန် ထားဝယ်မြို့ရှိ အသင်းဝင်စေတနာရှင်များထံမှလည်း၊ ထားဝယ်သမဂ္ဂ အသင်း အဆောက်အအုံရန်ပုံငွေအတွက် ဖြတ်ပိုင်းဖြင့် ထားဝယ်မြို့နေ သမဂ္ဂအသင်း ကိုယ်စားလှယ်မှတစ်ဆင့် ကောက်ခံကြရသည်။

၁၉၂၇-ခုကတည်းက အသင်းတိုက် အဆောက်အအုံဝယ်ယူရန် အတိုးဖြင့် ချေးငှါးရသည့်ငွေ ၆၀၀၀-ကျပ်အတွက် တစ်လလျှင် ၂၀၀-ကျပ် အတိုးမှန်မှန်ပေးဆပ်လာခဲ့ရ၏၊ ၁၉၂၇-ခု မှ ၁၉၃၃-ခု၊ အထိမှန်မှန် ပေးဆပ်ခဲ့ရသည်မှာ (၆)နှစ်တိုင်ခဲ့ပြီးဖြစ်ရာ အရင်းကို ပေးဆပ်သည့်အခါ လျော့ပေါ့၍ လက်ခံပါရန် အသင်းအမှုဆောင်လူကြီးများက ငွေရှင်အား မေတ္တာရပ်ခံသဖြင့် အရင်း ၆၀၀၀-ကျပ်အစား၊ ၁၀၀၀-ကျပ် လျော့၍ ၅၀၀၀-ကျပ် လက်ခံမည်ဟူသော ကတိကို ရရှိလေသည်။ သို့ဖြစ်၍ ကြွေးမြီကို ပေးဆပ်နိုင်ရန် ထားဝယ်မြို့သို့ ဥက္ကဋ္ဌ ဦးထွန်းမြိုင်နှင့် ဦးသာချိုတို့နှစ်ဦး သွားရောက်ကာ အဆောက်အအုံရန်ပုံငွေ ဖြည့်တင်းရေး အလှူခံထွက်ရလေသည်။ (၃၀-၁၁-၁၉၃၃ စည်းဝေးမှတ်တမ်း။)

ထားဝယ်မှ ရန်ကုန်သို့ ဆိုက်ကပ်လာသည့် စက်လှေများကလည်း ထားဝယ်သမဂ္ဂသင်းမှ ကုန်တင်ကုန်ချအချိန်မဖင့်စေဘဲ၊ ချောမောလျှင်မြန်စေရန် ဆောင်ရွက်ကူညီမှုပြုခြင်းအတွက် ရန်ပုံငွေကို ထည့်ဝင်လှူဒါန်းကြသည်။ ထိုမျှသာမကသေးဘဲ ထားဝယ်ကုန်များကို ဝယ်ယူရောင်းဝယ်ဖောက်ကားနေကြသည့် ဒူးရင်းယိုကိုယ်စားလှယ်စသည်တို့ ကလည်း အမြတ်ငွေထဲမှ၊ ရာခိုင်နှုန်းဖြင့် ရန်ပုံငွေထည့်ဝင်မှုပြုကြသေးသည်။ ဤကား ထားဝယ်သမဂ္ဂအသင်းအမှုဆောင်များနှင့် အသင်းသူအသင်းသားများ၏ ကြိုးပမ်းဆောင်ရွက်မှုပင်ဖြစ်သည်။ ငွေရေးကြေးရေး နှံ့စပ်စွာရှာဖွေနိုင်မှုနှင့်၊ စေ့စပ်စွာသုံးစွဲမှုတို့မှာ ဂုဏ်ပြု အတုယူဖွယ်ပင် ဖြစ်၏။ အသင်းပိုင်အဆောက်အဦးတစ်ခုကို ခိုင်မာတည်မြဲစွာရရှိ

ပိုင်ဆိုင်နိုင်ရေးအတွက် တက်ညီလက်ညီ ကြိုးပမ်းခဲ့ကြခြင်းပင်ဖြစ်သည်။ (၁-၁၀-၁၉၃၃ စည်းဝေးမှတ်တမ်း၊ စာမျက်နှာ-၃၀-၃၁။)

စက်လှေများထွန်းကားလာခြင်း

ထားဝယ်-ရန်ကုန်ခရီးလမ်းသည်၊ ယခုအခါရေလမ်းသာမက ကုန်းလမ်းခရီးလည်း အတော်ပင် အသွားအလာများလာခဲ့ပေသည်။ မီးသင်္ဘောများသာမက၊ စက်လှေများလည်း တည်ဆောက် ပြေးဆွဲမှုပြုလာသည်။ စက်လှေမှာ ကုန်ပစ္စည်းများကို ယခင်ကာလများမှာ ကဲ့သို့ သင်္ဘောအသေးမှ သင်္ဘောအကြီးသို့ တဆင့် မပြောင်းရွှေ့ရတော့ဘဲ ထားဝယ် မြစ်ဆိပ်ကမ်းမှ စက်လှေပေါ်တင်ပြီး တိုက်ရိုက် ရန်ကုန်သို့ သယ်ယူပို့ဆောင်နိုင်လာပြီဖြစ်သည်။ ဆိုပြင် ထားဝယ်-ရန်ကုန် တိုက်ရိုက်ခုတ်မောင်းရသဖြင့် ရက်တိုတိုဖြင့် ရောက်ရှိနိုင်လာသည်။ ထိုစဉ်အခါက ထင်ရှားသည့် ထားဝယ်စက်လှေပိုင်ရှင်ကြီးများမှာ ဦးစိန်တင်း၊ ဦးကြောင်ငှါး၊ ဦးဖေသင်၊ စသည်တို့ဖြစ်ကြသည်။ နောက်ပိုင်းတွင် စက်လှေပိုင်ရှင်များ၊ များစွာ ပေါ်ပေါက်လာသည်။

သင်္ဘောခရီး၊ စက်လှေခရီးများတွင် ပါရှိလာသော မူမမှန်သည့် ထားဝယ်ခရီးသည်များကို ထားဝယ်သမဂ္ဂအသင်းကိုယ်စားလည်များက ကောင်းစွာကြပ်မတ် စစ်ဆေးပေးနိုင်သဖြင့် ဤကိစ္စများ၊ များစွာလျော့နည်းသွားခဲ့သည်။ သို့ရာတွင် ကုန်းလမ်းခရီးမှတဆင့်၊ သွားလာလှုပ်ရှားမှု ရှိလာပြန်သည်။ ကုန်းလမ်းခရီးတွင်လည်း ထားဝယ်နှင့် ရေး-အကြား၌၊ ကလိန်အောင်မှနေ၍ မူမမှန်မှုများကို စီစစ်မှု ပြုလုပ်ပေးရေးအတွက် အကူအညီပေးရန် ထားဝယ်အရေးပိုင်အား၊ အသင်းမှ အကူအညီတောင်းခံခဲ့လေသည်။ အုပ်ချုပ်ရေးနှင့် ရဲဌာနမှ အကူအညီပေးခဲ့သည်။ ထို့အပြင် ကလိန်အောင်တွင်လည်း ဦးငွေခင်ဆိုသူအား ပုလိပ်အာဏာ (ရဲအာဏာ)ကို ပေးထားပြီး စစ်ကြောမှုပြုပေးရန်နှင့် မူမမှန်ကိစ္စများရှိက၊ ထားဝယ်သို့ ပြန်ပို့ရန် လည်း သဘောတူ ဆွေးနွေးကြသည်။ (၁-၂-၁၉၃၄၊ စည်းဝေးမှတ်တမ်း စာမျက်နှာ-၃၆)

အသင်းကိစ္စဆောင်ရွက်ခြင်း

ထားဝယ်သမဂ္ဂအသင်းသည် ရုံးကိစ္စ၊ အသင်းကိစ္စများ ဆောင်ရွက်စရာ ပိုမိုလာသဖြင့်၊ အသင်း၌ အမြဲနေထိုင်၍ ရုံးကိစ္စအဝဝနှင့် အသင်းတိုက်ကိုပါ စောင့်ရှောက်ထိန်းသိမ်းရန် တာဝန်မှူးတစ်ဦးကို၊ တစ်လလျှင် လစာ၅၀-ကျပ်ဖြင့် ခန့်ထားရန် အများသဘောတူဆုံးဖြတ်ကြ သည်။ ပဌမဆုံးရုံးတာဝန်မှူးအနေဖြင့်၊ မောင်ဖြူဝင်း(ဦးဖြူဝင်း)အား ၁၉၃၄ခုတွင် စတင်ခန့်ထားလေသည်။ အသင်းနှင့်သက်ဆိုင်သည့် အလုပ်တာဝန်များကို လစ်ဟင်းပျက်ကွက်ခြင်းမရှိက၊ ပြင်ပ အလုပ်များကို ဦးဖြူဝင်းအား လုပ်ခွင့်ပြုထားပေသည်။ ၁၉၃၅-ခုတွင် ဦးဖြူဝင်းအခြားခွဲ အလုပ်အကိုင်ရရှိသွားသဖြင့်၊ လူစားတစ်ဦးကို တာဝန်ပေးရသည်။ သို့သော်လည်း ဦးဖြူဝင်းသည်၊ ညပိုင်းတွင် ထားဝယ်သမဂ္ဂအသင်းခွဲပင် အိပ်ပြီး၊ အသင်းကို စောင့်ရှောက်ထိန်းသိမ်းသည့်တာဝန်ကို ကူညီဆောင်ရွက်ပေးသဖြင့် အသင်းမှ တစ်လ၅-ကျပ် ထုတ်ပေးသည်ကို စည်းဝေးမှတ်တမ်းတွင် တွေ့ရသေးသည်။ (၁၃-၆-၃၅ စည်းဝေးမှတ်တမ်း၊ စာမျက်နှာ ၅၃။)

ထားဝယ်နှင့်မြိတ် ရင်းနှီးရိုင်းပင်းမှု

တနင်္သာရီတိုင်းခွဲ ထားဝယ်နှင့်မြိတ်သည် တောင်ပိုင်းကျသည့် ဒေသများဖြစ်ရာ မြိတ်သား၊ ထားဝယ်သားများသည်၊ ကူးလူးဆက်ဆံမှု၊ ရင်နှီးမှုလည်း ရှိကြသည်။ တစ်ဦးကိုတစ်ဦး ရိုင်းပင်းကူညီမှုလည်း ရှိမြဲဖြစ်သည်။ ပေါ်လွင်ထင်ရှားသည့် အချက်တစ်ခုကို မှတ်တမ်းခွဲ ဤသို့ တွေ့ရ ၏။ အပုဒ်(ခ) အသင်းဥပဒေစာမျက်နှာ အမှတ်(၂) အသင်း၏ရည်ရွယ်ချက်များကို ထပ်မံဖြည့်စွက် ပြင်ဆင်ထည့်သွင်းထားသည့်စာပုဒ်မှာ "ထားဝယ်သူ ထားဝယ်သားတို့နှင့် မြိတ်သူမြိတ်သား တို့အတွက် အရေးကိစ္စပေါ်ပေါက်လာခဲ့သော် ကူညီသင့်သည့်ကိစ္စများကို ကူညီဆောင်ရွက်ရန်" ဟူ၍ဖြစ်သည်။ ဤပြင်ဆင်ချက်ကို အများသဘောတူ အတည်ပြုကြ၏။ (၁-၂-၁၉၃၄၊ စာ မျက်နှာ-၃၄-၃၅) သင်္ဘောများ ခေါက်ရေလျော့၍ ပြေးဆွဲသည့် အချိန်ကာလပိုင်းတွင်၊ သင်္ဘောဂေါက်မှတ်များရရှိရန် အလွန်အခက်အခဲ ကြုံကြရသည်။ ထားဝယ်သူထားဝယ်သားများအတွက် ထိုစဉ်က ထားဝယ်သမဂ္ဂအသင်း၏ ကြိုးပမ်းမှုဖြင့်၊ ထားဝယ်လက်မှတ်များ ခွဲတမ်းဖြင့် ခွင့်ပြုရရှိလေသည်။ ထိုစဉ်က ထားဝယ်သမဂ္ဂ အသင်းမှပင် မိမိခွဲတမ်းထဲမှ မြိတ်အတွက်လည်း ဝေမျှ ပေးခဲ့လေသည်။

ဥက္ကဋ္ဌအပြောင်းအလဲ

၁၉၃၅ခုနှစ်ဖွန်လပိုင်းတွင် ဥက္ကဋ္ဌဦးထွန်းမြိုင် ကွယ်လွန်အနိစ္စရောက်သဖြင့် ဦးအေးအား ဥက္ကဋ္ဌအဖြစ်နှင့် ယာယီရွေးချယ်ကာ တာဝန်ပေးရလေသည်။ ဦးထွန်းမြိုင်သည် ၁၉၂၁ ခုနှစ် ထားဝယ်သမဂ္ဂ စတင်တည်ထောင်သည်မှအစ၊ ၁၉၃၅-ခုနှစ်၊ ကွယ်လွန်သည်အထိ ၁၄-နှစ်လုံးလုံး ဥက္ကဋ္ဌအဖြစ်နှင့် ဆောင်ရွက်သွားခဲ့ပေသည်။ အတွင်းရေးမှူးနေရာတွင် (၁)ဦးမောင်ကလေး (၂)ဦးစကြွယ် (၃)ဦးဖေလှိုင်တို့ ဆောင်ရွက် လုပ်ကိုင်သွားသည်။ ထားဝယ်အသင်း စတင်တည်ထောင်သည့်နှစ် မှစ၍ ဤစာတမ်းပြုစုသည့် ၁၉၉၂-ခုနှစ်အထိ၊ မှတ်တမ်းခ္ဒ ရှာဖွေတွေ့ရှိသမျှ အလုပ်အမှုဆောင်များ၏အဲမည်စာရင်းကို နောက်ဆက်တွဲ ( )တွင် ဖော်ပြထားပါသည်။

ထားဝယ်သမဂ္ဂအသင်း၏ လူမှုရေးလှုပ်ရှားမှုများ အနည်းငယ်ငြိမ်သက်နေသည်ကို တွေ့ရ ၏။ ၁၉၃၆-ခုနှစ်တွင်၊ အသင်း၏ဥပဒေကို အသစ်ရိုက်နှိပ်ရန် ဆုံးဖြတ်ကြောင်း (၃၀-၁-၁၉၃၆) စည်းဝေးမှတ်တမ်းခ္ဒ တွေ့ရသည်။

အသင်းရန်ပုံငွေရရှိရန် အသင်းတိုက်၏ အောက်ထပ်ခ္ဒ ငှါးရမ်းထားသည့် ဆိုင်ခန်းလခများကို တစ်လ ၅၀-ကျပ်ဖြင့် မအူပင်ထရေဒင်အား ငှါးရမ်းကြောင်းလည်းသိရသည်။

အသင်းကို မီးအာမခံ မှန်မှန်ထားရှိသည်။ မီးအာမခံစာချုပ်နှင့် အသင်းပိုင် အဆောက်အအုံဂရမ်ကိုလည်း၊ ဥက္ကဋ္ဌ၊ ဘဏ္ဍာရေးမှူး၊ အတွင်းရေးမှူးတို့က . အလျင်းသင့်သလို တစ်လှည့်စီ စောင့်ရှောက်ထိန်းသိမ်းပေးကြသည်ကိုလည်း သိရှိရ၏။ အသင်းရန်ပုံငွေအဖြစ်နှင့် ရန်ကုန်သို့ ဝင်ထွက်သွားလာနေသည့် စက်လှေများသည် တစ်ခေါက်လျှင် ၁၀-ကျပ်နှုန်းဖြင့် ပေးလှူထည့်ဝင်ကြသည်ကိုလည်း သိရှိရ၏။ အသင်းဝင်များ ကွယ်လွန်သည့် အခါတွင်လည်း ယုတ်၊ လတ်၊ မြတ်မရွေး တစ်ဦးလျှင် ၃၀-ကျပ်စီ ထောက်ပံ့ခဲ့သည်ကိုလည်း မှတ်တမ်းများခ္ဒတွေ့ရှိရ၏။

သဟာယရန်ပုံငွေ

စစ်ကြိုးမဖြစ်မီ အချိန်ကာလပိုင်းက အသင်းအဖွဲ့များသည်၊ အသင်းသားအချင်းချင်း လွယ်ကူပျော်ရွှင်စွာ တွေ့ဆုံနိုင်ခြင်း၊ အလာပ၊ သလာပ၊ ဆွေးနွေးပြောဆိုနိုင်ခြင်းအပြင်၊ ဝါသနာပါသူများက အပျော်ဖဲကစားခြင်း၊ ဘီလိယက်ထိုးခြင်း၊ အသင်းစာကြည့်တိုက်

သတင်းစာအစုံအလင်ဖတ်ရှုခြင်း၊ မဂ္ဂဇင်းဝတ္ထု၊ ဌါးဖတ်ခြင်းများကို ပြုတတ်သည့်အလေ့ရှိကြသည်။ ထိုစဉ်အချိန်က ဝန်ထမ်းများနှင့် အရာရှိပိုင်းများသည်လည်း (**Social Clubs**) ဆိုရှယ် ကလပ်ခေါ် သဟာယအသင်းများကို တည်ထောင်ကြသည်။ အပျော်ဖဲကစားခြင်းစသည်တို့မှာအသင်း အဖွဲ့ဝိုင်းတွင် ပြုလုပ်လေ့ရှိကြပေသည်။ အခြားတစ်ပါးသော သဟာယအသင်းများ တရုတ်ဘုံကျောင်း မှာသာမက မျက်နှာဖြူများသာ သီးသန့်ဝင်ခွင့်ပြုသည့် ပဲခူးကလပ် (**Pegu Club**)(ယခုနိုင်ငံခြားရေးဝန်ကြီးဌာနမှ အသုံးပြုထားသည့် အဆောက်အအုံ) နှင့် ဘုတ်ကလပ် (**Boat Club**) ယခု ကန်တော်ကြီးဟော်တယ်အဖြစ် အသုံးပြုထားသည့် အဆောက်အအုံအစရှိသည့် အသင်းအပင်းများ အပါအဝင်ဖြစ်သည်။ ထားဝယ်သမဂ္ဂအသင်းတွင်လည်း ဤသို့သောအပျော်ဖဲကစားမှုရှိခဲ့လေသည်။ သို့ရာတွင် ဘိလိယက်ခုံကား မရှိခဲ့ပေ။ အပျော်တမ်းဖဲကစားကြသည့်အလေ့ရှိစေကာမူ ကြေးကြီးလောင်းကစားဝိုင်းမျိုးကားမရှိခဲ့ပေ။ အသင်းသားများသာ ပါဝင်ခွင့်ပြုသည်ဖြစ်၍ ကြေးကြီးလောင်းကစားဝိုင်းမရှိပေ။ ဤအပျော်တမ်းဝိုင်းမှပင် (ကော်မရှင်) ကို ခေါ်သည့်အကောက်ကို ကောက်ခံလေသည်။ ရရှိသည့်ငွေကို အသင်းရန်ပုံငွေအဖြစ် အသုံးပြုခဲ့သည်။ ဤကား ထိုခေတ်ထိုအခါက ဓလေ့တစ်ခုပင် ဖြစ်သည်။ ထားဝယ်သမဂ္ဂအသင်းတွင်လည်း သဟာယရန်ပုံငွေအဖြစ် ထားရှိပြီး၊ အသင်းဖွဲ့ဖြိုးရေးကိစ္စအတွက် အသုံးပြုခဲ့သည်။ ထိုခေတ်ထိုအခါက ဓလေ့တစ်ခုပင်တည်း။ ယခုအခါ၌ကား ဖဲကစားခြင်းအပါအဝင်၊ လောင်းကစားခြင်းကို တရားဥပဒေအရ တားမြစ်ထားသဖြင့် အသင်း၌လုံးဝခွင့်မပြုတော့ပေ။

—

စစ်ဦးအချိန်ကာလ

၁၉၃၉-ခုနှစ်၌ ထားဝယ်သမဂ္ဂအသင်းကို ပထမဦးဆုံး တည်ထောင်ရာတွင် ပါဝင်ခဲ့သည့် ပုဂ္ဂိုလ်ကြီးတစ်ဦးလည်းဖြစ်၊ ဥက္ကဋ္ဌတစ်ဦးလည်းဖြစ်သူ ဦးအေး ကွယ်လွန်အနိစ္စရောက်ခဲ့လေသည်။ ထားဝယ်သမဂ္ဂအသင်းမှ ထောက်ပံ့သည့် နာရေးအလှူငွေကို သားဖြစ်သူ ဦးမြသွင်က၊ ထားဝယ်သမဂ္ဂသို့ပင် ရန်ပုံငွေအဖြစ် ပြန်၍လှူဒါန်းသည်ဟု ဤမှတ်တမ်း၌တွေ့ရှိရသည်။ (၂၂-၁-၁၉၃၉ အစည်းအဝေးမှတ်တမ်း)

ထားဝယ်မြို့ကို ပထမဆုံးဗုံးကြဲပြီးနောက် (၁၂)ရက်အကြာ၊ ၁၉၄၁-ခု ဒီဇင်ဘာလ(၂၃) ရက်နေ့တွင် ဂျပန်တို့ ရန်ကုန်မြို့ကို ဗုံးကြဲချလေသည်။ ရန်ကုန်ဗုံးကျသည့်အခါတွင် ဗုံးဒဏ်ကို တစ်ခါမှ မကြုံဘူးသဖြင့်၊ အလွန်ပင် တုန်လှုပ်ခြောက်ခြားကြသည်။ အသေအပျောက်လည်း များခဲ့သည်။ (မော်ကွန်း-စာ၂၇)

အသင်းတိုက်ကိုထိန်းသိမ်းစောင့်ရှောက်မှု

စစ်ကာလပိုင်းတွင် ထားဝယ်သမဂ္ဂအသင်းသည် လူမှုရေးဆောင်ရွက်မှုများကို ခါတိုင်းကဲ့သို့ လှုပ်ရှားဆောင်ရွက်ပေးမှု မပြုနိုင်ခဲ့ပေ။ ကျိုးလန့်စာစားချိန်ဖြစ်၍ ငြိမ်သက်နေလေသည်။ သို့ရာတွင် အသင်းပိုင်အဆောက်အအုံ ကိုမူ၊ ပျက်စီးခြင်းမရှိရအောင်၊ တတ်နိုင်သမျှ စောင့်ရှောက်ထိန်းသိမ်းခဲ့ကြသည်။

ဗုံးကြဲသဖြင့် ရုတ်ရုတ်သဲသဲ ပြေးလွှားနေရသည့် အချိန်တွင်၊ တိုက်တာအိမ်ခြေတစ်ချို့မှာ၊ လူမသမာများ ဖောက်ထွင်း လုယက်မှုပြုခြင်းကို ခံကြရ၏။ ထားဝယ်သမဂ္ဂ အဆင်းပင်လျှင် အောက်ထပ်၊ နောက်ကျော ဘက်နံရံမှ သွပ်ပြားတစ်ချပ်နှစ်ချပ် ခွါယူခြင်း ခံရသေးသည်။ သို့ရာတွင် ကိုဖြူဝင်းနှင့် ဦးဖေသစ်တို့နှစ်ဦးသည်၊ အသင်းတွင် အိပ်စားနေထိုင်စောင့်ရှောက်ထားသဖြင့် အသင်းတိုက်အဆောက်အအုံ ထပ်၍ ဖျက်ဆီးခြင်း မခံရတော့ပေ။

၁၉၄၂-ခုမတ်လတွင် မြန်မာနိုင်ငံဘုရင်ခံနှင့်တကွ ဝန်ကြီးများ မြန်မာနိုင်ငံမှ ဆုတ်ခွါထွက်ပြေးကြလေသည်။ ၁၉၄၂-ခုမေလတွင် မြန်မာတစ်နိုင်ငံလုံးကို ဂျပန်နှင့်(ဘီ၊အိုင်၊အေ) ဗမာ့လွတ်လပ်ရေးတပ်မတော်တို့ သိမ်းပိုက်ပြီးဖြစ်လေသည်။ (ဂျူဇလီဟောမြင့်ကွင်း-စာ ၂၄၃)။

ဤရန်ကုန်တွင် ဗုံးမထိမှန်သည့် တိုက်တာအဆောက်အအုံများသာ၊ မားမားမတ်မတ် ကျန်ခဲ့လေသည်။ တိုက်တာအဆောက်အအုံများမီးဘေးမှ ခံနိုင်ရန်ရှိခဲ့သော်လည်း သစ်သားအိမ်အများအပြားမှာ မီးလဲပါသွားလေသည်။ သို့ရာတွင် ထားဝယ်အသင်းတိုက်မှာ ကံကောင်းထောက်မစွာ မီးလောင်ပျက်စီးရာတွင် မပါဝင်ဘဲ ကျန်ရစ်ခဲ့သည့် သစ်သားပျဉ်ထောင်အိမ်အဆောက်အအုံတစ်ခုတည်း။

စစ်ပြေးခေတ်နှင့် ဂျပန်စစ်ဦးခေတ်တို့တွင်လည်း ထားဝယ်သမဂ္ဂအသင်းလှုပ်ရှားမှု မပြု နိုင်ခဲ့ပေ။ ငြိမ်းသက်လျက်ရှိနေသည်ကို တွေ့ရ၏။ ကြွင်းကျန်သမျှ အသင်းပိုင်ပစ္စည်းများနှင့်

မှတ်တမ်းမှတ်ရာများကိုမူ၊ စောင့်ရှောက်ထိန်းသိမ်းထားနိုင်ခဲ့ပေသည်။ ခေတ်ပျက်နေသည့် အခါ သမယပင်ဖြစ်လင့်ကစား အသင်းတိုက်၏ ဂရမ်မြေနှင့် အသင်းတိုက်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ မီးအာမခံစာချုပ် စသည်များကို၊ မပျောက်မပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ထားနိုင်ခဲ့ပေသည်။

ရန်ကုန်မြို့၌ ထားဝယ်သမဂ္ဂအသင်းကို တည်ထောင်ခဲ့သည့် ၁၉၂၁-ခုမှစ၍ ဒုတိယကမ္ဘာ စစ်မီးကြီး မြန်မာနိုင်ငံသို့ ကူးစက်လာချိန်အထိ၊ အသင်း၏ အစည်းဝေးမှတ်တမ်းများကို ကောင်းစွာထားရှိခဲ့ကြပေသည်။ သို့ရာတွင် တစ်ချို့သောစည်းဝေးမှတ်တမ်းများမှာ နှစ်လရှည်ကြာလှသဖြင့် ပျက်စီးခဲ့ကြသည်။

စစ်အတွင်းအချိန်ကာလများ၌ အစည်းဝေးမှတ်တမ်း မရရှိခဲ့ပေ။ ထိုစဉ်က၊ အစည်းအဝေး ကိုလည်း အချိန်မှန်ပြုလုပ်နိုင်ဖွယ် မရှိပေ။

စည်းကမ်း-

အစည်းအဝေး မှတ်တမ်းများကို အရေးတယူပြု၍ ကောင်းစွာသိမ်းဆည်းခဲ့သည်ကို ယုံမှား သံသယရှိစရာမလိုပေ။ စည်းကမ်းထားရှိကြပုံကို ထင်ရှားပေါ်လွင်စေသည့် ဆွေးနွေး ချက်မှတ်တမ်းကလေးတစ်ခုကို မှတ်မိသေးသည်။ အောက်ပါအတိုင်း မှတ်တမ်းတင်ထား သည်ကိုတွေ့ရ၏။

"အတွင်းရေးမှူးသည်၊ အသင်းတွင် အလွန်အသုံးဝင်သည့်၊ လွန်ခဲ့သောနှစ်များက၊ အမှု ဆောင်လူကြီးများ အစည်းအဝေးမှတ်တမ်းစာအုပ်ကို၊ နေရာတကျ၊ သေသေချာချာ သိမ်းထားခြင်းမပြုသဖြင့်၊ ၎င်းစာအုပ်ကို လိုက်လံရှာဖွေ၍ ရရှိသောအခါ၊ အဖုံးမရှိတဲ့နှင့် တွေ့ရှိရသဖြင့် နောင် ဤကဲ့သို့ အဖိုးတန်အသုံးဝင်သောစာအုပ်မျိုးကို သေချာစွာသိမ်းဆားရန်၊ လေးနက်စွာအပြစ်တင်၍ သတိပေးပါကြောင်း၊ ဦးသာချိုက အဆိုတင်သွင်း၍၊ ဥက္ကဋ္ဌဦးထွန်း မြိုင်က ထောက်ခံသည်။ အတွင်းရေးမှူး(ဦးကြွယ်)ကလည်း၊ ယခုကဲ့သို့ ပေါ့ဆခြင်းကို များစွာဝမ်းနည်း၍၊ နောင်ဤကဲ့သို့ မဖြစ်စေရပါဟု ဝန်ခံတောင်းပန်ပါသည်။" (၁-၁၀-၁၉၃၃ စည်းဝေးမှတ်တမ်းစာ- ၂၉)။

ဤကား ပြုသင့်သည်ကို ပြုလုပ်ရန်၊ စည်းကမ်းတကျ ဖြစ်စေရန်၊ အချင်းချင်း နားလည် ကျေနပ်စွာ ဆောင်ရွက်ကြပုံမှာ အတုယူဖွယ်ပင်ဖြစ်သည်။ ဤမျှ အစဉ်တစိုက် မှတ်တမ်း မှတ်ရာများ စာရင်းအင်းများကို ထိန်းသိမ်းခဲ့သော်လည်း၊ စစ်အတွင်း မှတ်တမ်း တစ်ချို့ ပျက်စီးပျောက်ဆုံးသွားခြင်း ခံရသည်။ အချို့လည်း မိုးယို၊ ကြွက်ကိုက်၊ ခြစား သဖြင့် ပျက်စီးခဲ့ရခြင်းကြောင့် ကွက်လပ်များ ဖြစ်နေခဲ့ရပေသည်။

အနှစ်(၂၀)အတွင်း ဆောင်ရွက်မှုများ

ထားဝယ်သမဂ္ဂအသင်းနှင့် ပတ်သက်၍ ရန်ကုန်မြို့ကြီးသို့ စစ်မီးကူးစက်လာပြီး အင်္ဂလိပ်ထွက်ပြေးသည့် (၁၉၄၂)အထိ ဆောင်ရွက်လာခဲ့မှုများနှင့် ပတ်သက်၍ မှတ်သား သင့်သည်များကို ကောက်နုတ်ကာ ခြုံငုံမိစေရန် သုံးသပ်ဖော်ပြသင့်သည်ဟု ယူဆသဖြင့်၊ ဖော်ပြလိုက်ရပေသည်။ ထားဝယ်သမဂ္ဂအသင်း တည်ထောင်ခဲ့သည့် ၁၉၁၁မှ ၁၉၂၁ အထိ (၁၀)နှစ်ကာလပိုင်းမှ စည်းဝေးမှတ်တမ်းများ၊ ပျောက်ပျက် ပျက်စီးခဲ့ပြီဖြစ်၍ သုံးသပ်မှု မပြုနိုင်ပေ။ သို့ရာတွင် ၁၉၂၁မှ ၁၉၄၀ ခုနှစ်၊ အနှစ် ၂၀-ကာလတွင်ကား မှတ်တမ်းမှတ်ရာများ ပြည့်စုံစွာရှိသဖြင့် အသင်း၏ ဆောင်ရွက်မှုများကို ဤသို့ ခြုံငုံသုံးသပ်ဖော်ပြနိုင်ခြင်း ဖြစ်ပေသည်။

လူမှုရေး-

(က) လူမှုရေးကိစ္စများနှင့် ပတ်သက်၍ ထားဝယ်မှ၊ လူမသမာများ ဖြားယောင်းခေါ်ယူလာသည့် အမျိုးသမီးများအား ပြန်လည်ရှာဖွေဖော်ထုတ် စောင့်ရှောက်ပြီး ပြန်ပို့ပေးခြင်း၊ အလုပ်ရှင်နှင့်ထားဝယ်သူ၊ ထားဝယ်သားများအကြား ဖြစ်ပေါ်သည့် ပြဿနာများကို ဖြေရှင်းပေးခြင်း စသည့်ကိစ္စများကို မပြေလည်အောင် ဆောင်ရွက် ပေးနိုင်ခဲ့သည်။ ဤသို့ဂရုတစိုက် ဆောင်ရွက်ပေးနိုင်မှုကြောင့်လည်း၊ မသမာမှုကိစ္စများ၊ လျော့နည်း ကျဆင်းသွားခဲ့သည်။

(ခ) ထားဝယ်စက်လှေများ ကုန်တင်ကုန်ချ ဖင့်နှေးကြန့်ကြာခြင်း မရှိအောင် ဆိုင်ရာဆိပ်ကမ်း ဘက်ပိုင်း အုပ်ချုပ်ရေးပိုင်းနှင့် ညှိနှိုင်းဆောင်ရွက်ပေးခြင်း ကိစ္စများကိုလည်းအကြိမ်များ

စွာ ပြုလုပ်ပေးခဲ့သည်။ ထားဝယ်စက်လှေ၊ ရွက်လှေများနှင့် ထားဝယ်ထွက်ကုန်ပစ္စည်းများ၊ ဒူးရင်းယိုကုန်သည်များအတွက်လည်း၊ ထားဝယ်အသင်းသည်များစွာ ပံ့ပိုးကူညီမှု ပြုနိုင်ခဲ့သဖြင့်၊ ၎င်းတို့၏အားကိုး၊ အားထားပြုရာ အသင်းအဖွဲ့တစ်ခု ဖြစ်လာခဲ့ပေသည်။ စက်လှေပိုင်ရှင်များနှင့် ထားဝယ်ထွက်ကုန်ပစ္စည်း ကုန်သည်များအသင်းကလည်း၊ **အပြန်အလှန်** အသင်းသို့ အလှူငွေများ ထည့်ဝင်ကြသည်ကို တွေ့ရပေသည်။

(ဂ) ထားဝယ်မှ **ရန်ကုန်**ရောက် အာဂန္တုကြီးပျံနှစ်ခု အပါအဝင် အသင်းသားများ နာရေးကိစ္စတွင်လည်း အသင်းမှငွေ ၃၀-ကျပ် ထောက်ပံ့၍ ဘတ်စ်ကား စသည်များလည်း အကူအညီပေးခဲ့သည်။ နာရေးအကူအညီများ ပံ့ပိုးပေးခဲ့သည်ကို၊ မှတ်တမ်းအသီးသီး၌ တွေ့ရှိခဲ့ရပေသည်။ အသင်းသားမဟုတ်သည့် ထားဝယ်မှ လာရောက်ပြီး ရန်ကုန်တွင် ကွယ်လွန်အနိစ္စရောက်သည့် အာဂန္တုဧည့်သည် ထားဝယ်သားတစ်ဦးကို ပင်လျှင်၊ ငွေကြေးမကူသော်လည်း၊ ဘတ်စ်ကားတစ်စီး ကူညီပေး၍ အသင်းသားများလိုက်ပါ ပို့ဆောင်ကြသည်။ အသင်းဝင်များ၊ နာရေးကိစ္စအတွက် ထောက်ပံ့ကူညီသည့် ငွေ၃၀-ကျပ်မှာ ထိုကာလတန်ဖိုးဖြင့် အလွန်ပင် အရာရောက်သည့် အလှူငွေပင်ဖြစ်သည်။

ကယ်ဆယ်ရေး-

(ဃ) ဆင်းရဲဒုက္ခရောက်နေကြသည့် ထားဝယ်သူ၊ ထားဝယ်သားတချို့၊ ဥပမာ လှေပျက်၊ လှေလွင့်ဒုက္ခသည်များ။ ဆင်းရဲဒုက္ခရောက်လျက် မကျန်းမမာဖြစ်နေသူစသည့် ဒုက္ခသည်များအား၊ အသင်းမှစရိတ်လှူ၍ဖြစ်စေ၊ အသင်းမှ စားစရိတ် ထုတ်ပေးပြီး လှေကြုံအခမဲ့ဖြင့်ဖြစ်စေ ထားဝယ်သို့ ပို့ဆောင်ပေးခဲ့သည်။

အသင်းဝန်ထမ်းများ-

(c) **အသင်း**၏တာဝန်ကို ထိန်းသိမ်း ဆောင်ရွက်ပေးရန်၊ အမှုထမ်းများမှာ ငါးဦးခန့်ရှိ၍ ၎င်းတို့၏ အမည်များကို မှတ်တမ်းများ၌ တွေ့ရှိရပေသည်။ အသင်းတိုက်၌ ပထမဆုံး တာဝန်ယူအနေဖြင့် ၁၉၃၄-ခုနှစ်တွင် ကိုဖြူဝင်းအား တစ်လ၁၅-ကျပ်ဖြင့် ခန့်ထား

လေသည်။ ၁၉၃၅-ခုနှစ် တွင် ကိုဖြူဝင်း တစ်ခြားဌ အလုပ်ရုံသွားသဖြင့် ကိုအေးမြိုင်အား ခန့်ထားရသည်။

သို့ရာတွင် ကိုဖြူဝင်းသည်အသင်းဌပင် ညဝိုင်းအိပ်စက် နေထိုင်သဖြင့် အသင်းကိုကြည့်ရှုစောင့်ရှောက်ဖေါ်ရနေသည်။ ၁၉၃၆ခုနှစ်တွင် အသင်းစောင့်ကိုအေးမြိုင် အသင်းမှထွက်သွားသဖြင့် ကိုဖြူဝင်းပင်၊ ခေတ္တဝင်၍လုပ်ကိုင်ပေးရပြန်သည်။ ၁၉၃၈တွင် ကိုဖြူဝင်းထွက်သွားပြန်သဖြင့် ကိုကြီးအင် အား ခန့်ထားပြန်သည်။ ၁၉၃၉တွင် ကိုကြီးအင် အလုပ်ပျက်ကွက်သဖြင့်၊ တာဝန်မှရပ်စဲပြီး ကိုဖြူဝင်းအား အသင်း လဲစဉ်ကြေးများ ကောက်ခံပေးရန် အသင်းမှ မေတ္တာရပ်ခံရသည်။ ထိုနှစ်တွင်ပင် အထွေ ထွေခိုင်းစေရန် ကုလားလေးတစ်ဦးအားလည်း ခန့်ထားလေသည်။ ဝန်ထမ်းများအနက် ဦးဖြူဝင်းသည်၊ ကြိမ်ဖန်အများဆုံးနှင့် သက်တမ်းအရှည်ဆုံး တာဝန်ယူ ဆောင်ရွက်ခဲ့သူတစ်ဦးဖြစ်သည်။

အသုံးအစွဲ

(စ) အသင်း၏ နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေးများ ,ကျင်းပသည့်အခါတွင် အကျွေးအမွေးနှင့် ဧည့်ခံသည့် အစဉ်အလာသည် အသင်းတည်ထောင်စ ကနဦးကပင် ရှိခဲ့သည်။" အသင်းနှစ်ပတ်လည် အစည်းအဝေးတွင် ဧည့်ခံကျွေးမွေးစရိတ်အတွက် ၃၀ကျပ်ထက်မပိုသော အသုံးစရိတ်ကို ခွင့်ပြုရန်၊ အများသဘောတူ ဆုံးဖြတ်ကြသည်"။ ဟူသော ဆုံးဖြတ်ချက်များကို အစည်းအဝေးမှတ်တမ်း ခပ်များများတွင် တွေ့ခဲ့ရသည်။ ရံဖန်ရံခါ ၅၀-ကျပ်သတ်မှတ်သည်ကို တွေ့ရပြီး၊ တစ်ကြိမ်တွင် တစ်ရာထက် မပိုသော ခွင့်ပြုချက် တစ်ခုကိုလည်းအစည်းအဝေးမှတ်တမ်းတွင် တွေ့ရသည်။ ထိုခေတ်အခါက ၃၀-ကျပ် ၅၀-ကျပ် စသည့်စရိတ်မှာ ကျွေးမွေး၍ လောက်လောက်ငင ရှိလိမ့်မည်ဟု ခန့်မှန်းရ သည်။ သို့ရာတွင် ထိုအချိန်က အမှုဆောင်များ အသုံးအစွဲ ရွေတာကြသည်မှာလည်း သံသယဖြစ်စရာမလိုပေ၊ အလွန်စေ့စပ်သေချာလှပေသ

အမှုဆောင်

စစ်ဦးပိုင်း ဆင်္ကလိပ်စစ်ပြေးရသည့်အချိန်အထိ၊ အမြဲလိုလို မှတ်တမ်းများ၌ ပါရှိနေသည့် အမှုဆောင်များ၏ အမည်များမှာ (၂၉)ဦးမျှဖြစ်သည်၊ ၎င်းတို့မှာ -

၁။ ဦးထွန်းမြိုင်၊
၂။ ဦးအေး၊
၃။ ဦးဖေလှိုင်၊
၄။ ဦးဥမ်လှိုင်၊
၅။ ဦးစကြွယ်၊
၆။ ဦးမောင်မောင်၊
၇။ ဦးဖိုးသီး၊
၈။ ဦးစူသား၊
၉။ ဦးစူတိတ်၊
၁၀။ ဦးမောင်ကလေး၊
၁၁။ ဦးကိုကိုကြီး၊
၁၂။ ဦးဖေသစ်၊
၁၃။ ဦးစိန်လှိုင်၊
၁၄။ ဦးလူကြီး(၁)
၁၅။ ဦးထွန်းဘိန်၊
၁၆။ ဦးဖိုးသစ်၊
၁၇။ ဦးစူဟန်၊
၁၈။ ဦးကြည်ညွှန့်၊
၁၉။ ဦးမောင်ဟန်၊
၂၀။ ဦးချစ်ထွန်း၊
၂၁။ ဦးအိစင်း၊
၂၂။ ဦးထူးရွှေ၊
၂၃။ ဦးဘဥမ်၊
၂၄။ ဦးသာလှိုင်၊
၂၅။ ဦးကျော်ရင်၊
၂၆။ ဦးဘာဆိုင်၊
၂၇။ ဦးဘာစိန်၊
၂၈။ ဦးကြီးသွင်၊
၂၉။ ဦးလူကြီး၊

၎င်းတို့အနက်မှ အမှတ်တစ်မှ တစ်ဆယ့်ငါးအထိ၊ အမှုဆောင်လူကြီးများမှာ၊ အသင်းအတွက်မားမားမတ်မတ်နှင့် အမြဲဦးဆောင်ကြသူများဖြစ်ကြပေသည်။ အစည်းအဝေးများတွင်လည်း ပျက်ကွက်လေ့မရှိကြပေ။

အခန်း(၂)

ဗျပန်လွတ်လပ်ရေးခေတ်

၁၉၄၃-ခုဩဂုတ်လ(၁)ရက်နေ့တွင်၊ ဗျပန်စစ်သေနာပတိက၊ စစ်အုပ်ချုပ်ရေး ရုပ်သိမ်းလိုက်ကြောင်းနှင့် ထိုနေ့ဗျပန်က မြန်မာနိုင်ငံကို လွတ်လပ်ရေးပေးကြောင်း သတင်းထုတ်ပြန်ကြေငြာလေသည်။ မြန်မာအစိုးရဖွဲ့စည်းလိုက်ပြီး၊ ဒေါက်တာဘမော်က နိုင်ငံတော် အဓိပတိဖြစ်လေသည်။ (ရန်ကုန်ရာဇဝင်သမိုင်း၊ စာ ၂၄၉)။

ဗိုလ်ချုပ်အောင်ဆန်း၊ စစ်ဝန်ကြီးဖြစ်သွားသဖြင့် ဗိုလ်မှူးကြီးနေဝင်း စစ်သေနာပတိဖြစ်လာလေသည်။ (ဂျူဇလီဟောမြင်ကွင်းစာ ၁၅၈-၁၅၉ နှင့် ၁၆၇-၁၆၈) တစ်ပြည်လုံးအုပ်ချုပ်ရေး နေသားတကျဖြစ်သွားသော်လည်း၊ လမ်းပန်းဆက်သွယ်ရေးလွယ်ကူမှု မရှိ။ သွားရေး၊ လာရေးခက်ခဲသည်။ ထားဝယ်ဘက်မှလည်း၊ ဓါတ်ဆီဒီဇယ်ဆီ မရှိသဖြင့် စက်လှေများမထွက်နိုင်။ သို့ဖြစ်၍ ရန်ကုန်သို့ထားဝယ်ကုန်များမပို့နိုင်။ ရံဖန်ရံခါ ထွက်ကြသည့်ရွက်လှေများပင်လျှင် စစ်တွင်းကာလဖြစ်၍၊ အလွန်အရဲစွန့်ကာ ရောင်းဝယ်ဖောက်ကား၊ သွားလာကြရသည့်အချိန်မျိုး ဖြစ်သည်။

အထူးသဖြင့် မပုပ်မသိုး၊ အလွယ်တကူသိမ်းယူခြင်းလည်း မခံရသည့် ကွမ်းသီးခြောက်ကဲ့သို့သော ကုန်များကိုပို့ကြသည်။ ထားဝယ်မြို့တွင်လည်း ဘတ်စ်ကားများ မပြေးနိုင်တော့ပေ။ သို့ရာတွင် "ရာဘာစိမ်း"မှ ချက်လုပ်သော၊ ရာဘာဆီဖြင့် မော်တော်ကားခရီးကို ပြေးဆွဲမှုပြုကြသေးသည်။ ရန်ကုန်တွင်ကား၊ ထရော်လီ ဘတ်စ်ကားများပြေးဆွဲပေးသည့်။ အလုံမှ ကျောက်မြောင်းတာမွေသို့ဖြစ်သည်။ မြင်းလှည်း၊ ဆိုက်ကားများသာတွေ့ရ၏။ ကုလားများစစ်ပြေးကြသဖြင့် လံချားလည်းများများစားစားမထွက်နိုင်။ မြို့တွင်း၌မစည်ကား လှ။အစည်ဆုံးနေရာမှာ ဗဟန်းကန်တော်ကြီးတစ်ဝိုက်ဖြစ်သည်။ ရုပ်ရှင်ရုံများ၊ က

ပြဿတ်ရုံများမှာလည်း ကန်တော်ကြီး(ယခုမြေပဒေသာ) နေရာမှ၊ ယခု ငါးပြတိုက်လုပ်ထားသည့် နေရာလောက်အထိရှိသည်။ ထိုစဉ်က အလွန်စည်းကားသည့်နေရာများတည်း။

ထားဝယ်သမဂ္ဂ ပြန်လည်ရှင်သန်လာခြင်း

(၁၉၄၅)တွင် ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံးခဲ့လေသည်။ စစ်အတွင်းကာလတွင် အတော်ပင်ငြိမ်သက်နေခဲ့သောထားဝယ်သမဂ္ဂအသင်းလည်း ပြန်၍ ရှင်သန်လှုပ်ရှားလာခဲ့လေသည်။ ၁၉၄၆-ခုနှစ်၊နိုဝင်ဘာလ(၃)ရက်နေ့တွင် အထူးအစည်းအဝေးတစ်ခုကို ထားဝယ်အသင်းတိုက်တွင် ကျင်းပခဲ့သည်။ အစည်းဝေးတွင် သဘာပတိအဖြစ် ဦးလွန်းဘော်အားမစ္စတာ ဒီ၊ အာ၊ ရောင် (**D.R Rao**)က အဆိုပြုပြီး ဦးကြီးညွန့်ကထောက်ခံကာ အများသဘောတူတင်မြှောက်ကြလေသည်။ အစည်းအဝေးအကျိုးဆောင်အဖြစ်နှင့် ဦးဖေလှိုင်အားတင်မြှောက်ကြသည်။ ဦးဇကြွယ်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

စစ်အတွင်းကွယ်လွန်သွားသော၊ ရွှေ့ပြောင်းသွားကြသောအမှုဆောင်များလည်းရှိပေရာ၊ အသင်း၏နှစ်ပတ်လည်အစည်းအဝေးကြီးတစ်ခု မပြုလုပ်နိုင်မီ၊ ကြားဖြတ်ကာလတွင် စစ်ပြီးခေတ်အသင်းကို ထက်ထက်မြက်မြက် ဆောင်ရွက်သွားနိုင်ရန် ကြားဖြတ်အမှုဆောင်အဖွဲ့ကလေးတစ်ဖွဲ့ကို ရွေးချယ်တာဝန်ပေးရန်ဆုံးဖြတ်ကြပြီး အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရန်သဘောတူကြသည်။

	အဆိုသွင်းသူ	ထောက်ခံသူ
၁။ ဦးမောင်မောင်(ဥက္ကဋ္ဌ)	ဦးဇကြွယ်	ဦးဖိုးဘော်
၂။ ဦးကြီးသွင်	ဦးချစ်ထွန်း	-ဌင်း-
၃။ ဦးဖေလှိုင်(အတွင်းရေးမှူး)	ဦးထွန်းအေး	ဦးဖေသစ်
၄။ ဦးဂွမ်လှိုင်	ဦးမောင်မောင်	ဦးစောရွှေ

အသင်းသားအသစ်များအတွက် အသင်းဝင်ကြေး ၂-ကျပ်နှင့် လစဉ်ကြေး၁-ကျပ် အသင်းတိုက် အဆောက်အအုံ ပြန်လည်ဆောက်လုပ်နိုင်ရေးအတွက် သဒ္ဒါကြေး အလှူငွေကိုလည်း မိမိတို့စေတနာအလျောက် ထည့်ဝင်ကြရန် ဆုံးဖြတ်ကြသည်။ ထိုကြားဖြတ်အမှုဆောင်အဖွဲ့ကပင် အမြန်ဆုံးအသင်းနှစ်ပတ်လည် အစည်းအဝေးပွဲကြီးကို တစ်လအကြာ၊ ဒီဇင်ဘာလ(၈)ရက်နေ့(၈-၁၂-၄၆)တွင်ကျင်းပရန်ဆုံးဖြတ်ကြသည်။ ထိုကြားဖြတ်အမှုဆောင်

အခွံ့ဆောင်ကပင် အမြန်ဆုံးအသင်းနှစ်ပတ်လည်အစည်းအဝေးပွဲကြီး ကိုတစ်လအကြာ၊ ဒီဇင်ဘာလ(၉)ရက်နေ့ (၉-၁၂-၄၆)တွင် ကျင်းပရန် ဆုံးဖြတ်ကြသည်။ ထိုအစည်းအဝေးပွဲကြီးတွင်လည်း ကွယ်လွန်သွားခဲ့ပြီဖြစ်သည့် အသင်းအမှုဆောင်မှုကြီးများ အသင်းသားများအား ရည်စူး၍ သံဃာတော်တို့အား အသင်းတိုက်၌ ဆွမ်းကျွေး၍အမျှအတမ်းဝေရန် ဦးဖေလှိုင်၏အဆိုသွင်းချက်ကို အများသဘောတူကြသည်။ စည်းဝေးသို့တက်ရောက်လာသည့် အသင်းဝင်များအား ရေခဲမုန့်နှင့်ကိတ်မုန့်တို့ကို ဦးကြီးသွင်က အကုန်အကျခံ၍ ကျွေးမွေးသည်ကိုလည်း ကျေးဇူးတင်ကြောင်း မှတ်တမ်းတင်ကြလေသည်။ (၃-၁၁-၁၉၄၆ စည်းဝေးမှတ်တမ်း၊ စာ-၉၁-၉၃)။

အထင်လွဲမှားဖမ်းဆီးခံရသည့်လူငယ်များကိစ္စ

(၁၉၅၆)ခုနှစ်ပိုင်းတွင် ထားဝယ်ကျေးလက်မှ ကျောင်းသားအရွယ်လူငယ်(၂၇)ဦးကို ရေဖြူမြို့နယ်၌ ဖမ်းဆီးခဲ့ပြီး၊ ကွန်မြူနစ်ကလေးများဟု အထင်ရှိ၍ ရန်ကုန်သို့ ဖမ်းဆီးခေါ်ဆောင်ခဲ့လေသည်။

ထိုစဉ်က ထားဝယ်တွင် တောရိုကွန်မြူနစ်များသောင်းကျန်းမှု အလွန်ပြင်းထန်လှုပ်ရှားနေသည့်အချိန်လည်းဖြစ်သည်။ ဤလူငယ်ကလေးများမှာ ကွန်မြူနစ်များမဟုတ်သည့် လူမမယ်ကလေးများသာဖြစ်၍၊ ကွန်မြူနစ်သူပုန်ဟူသော စွပ်စွဲချက်ဖြင့်၊ သေဒဏ်အပြစ်ချမှတ်ခံရသည်။ ဤကိစ္စအတွက် ညိုနိုင်းဆောင်ရွက်ပေးရန် ထားဝယ်သမဂ္ဂမှတွဲဘက်အတွင်းရေးမှူး၊ ဦးစောမောင်အား၊ အသင်း၏နာယကတစ်ဦးဖြစ်သည့်၊ ဝတ်လုံတော်ရမစ္ဆာတစီစီခူးနှင့် သွားရောက်ညိုနှိုင်းတိုင်ပင်ဆွေးနွေးရန်၊ တာဝန်ပေးခဲ့လေသည်။ (၁၂-၂-၁၉၅၆ အစည်းဝေးမှတ်တမ်း၊ စာ ၃၅)။

ထားဝယ်သမဂ္ဂမှဝတ်လုံတော်ရ ဦးစီစီခူး၏ အကူအညီဖြင့် ဤကလေးများမှာ အရွယ်မရောက်သေးသည့် လူမမယ်များသာဖြစ်ပြီး၊ သူပုန်လည်းမဟုတ်၊ ရာဇဝတ်မှု ကျူးလွန်ခြင်းလည်း မပြုခဲ့သဖြင့်၊ ပြစ်ဒဏ်ချမှတ်ခြင်းမှ ချမ်းသာခွင့်ကို ဟိုက်ကုတ်၊ ဗဟိုတရားရုံးလျှောက်ထားအယူခံပေးခဲ့လေသည်။ ဤသို့ အားကြိုးမာန်တက်ကြိုးစားမှုကြောင့် လူငယ်များလွတ်ငြိမ်းချမ်းသာခွင့် ရခဲ့လေသည်။ ဤကား ထားဝယ်သမဂ္ဂ၏ကြိုးပမ်းမှုတစ်ရပ်တည်း။

တခြားလူမှုရေးကယ်ဆယ်မှုများ

လူငယ်များ စာရိတ္တပြုပြင်ရေးဟောမှ ပြန်ရောက်လာသည့် ဤထားဝယ် လူငယ်ကလေး (၁၃)ဦးအား၊ တစ်လကျော်မျှ၊ ထားဝယ်သမဂ္ဂအသင်းတိုက်၌ တည်းခိုခွင့်ပြု၍ ကျွေးမွေးထားရသေးသည်။ စရိတ်(၄၇၀)ကျော် ကုန်ကျခဲ့သည်ဟု မှတ်တမ်း၌ဖော်ပြသည်။ ထားဝယ်ပြန်လိုသူများကို ပြန်ပို့ပေးရန်စီစဉ်ပြီး၊ ရန်ကုန်၌ပင် အလုပ်ရှာဖွေပြီး အလုပ်လုပ်လိုသူများအား၊ ထားဝယ်သူ/ထားဝယ်သား လုပ်ငန်းရှင်များထံ အပ်နှံလျှက် အလုပ်အကိုင်ရှာဖွေ ပေးခဲ့လေသည်။ (နှစ်လည်စည်းဝေးအစီရင်ခံစာ စာ-၁၉၅၈။ စာ-၈)

၁၉၅၇-ခုနှစ်၊ စက်တင်ဘာလပိုင်းတွင်လည်း ဖြားယောင်းခေါ်ယူလာခြင်း ခံရသည့် အမျိုးသမီးနှစ်ဦးကို ကယ်တင်နိုင်ခဲ့ကြောင်း မှတ်တမ်း၌တွေ့၏။ စက်လှေပိုင်ရှင် တစ်ဦးအား မေတ္တာရပ်ခံ၍၊ အခမဲ့နေရပ်သို့ ပြန်ပို့ပေးနိုင်ခဲ့သည်။

ဤအချိန်ကာလပိုင်းတွင် အသင်းဝင်(၁၀)ဦးကွယ်လွန်အနိစ္စ ရောက်ခဲ့လေသည်။ စာပန်တွင်အသုဘ ပို့ဆောင်ရန် ဘတ်(စ်)ကားခ၊ သာတင်းစာ၊ နာရေးကြော်ငြာထည့်ခ၊ လွမ်းသူ့ပန်းခွေ၊ ယပ်တောင်စသည်များအတွက် စုစုပေါင်း(၂၂၅-၂၅၁း)ကို လျှဒါန်းကုန်ကျခဲ့ကြောင်း မှတ်တမ်း၌ဖော်ပြသည်ကိုတွေ့ရ၏။

ထားဝယ်သမဂ္ဂအသင်းတိုက်ကို အသစ်ပြန်လည်ဆောက်လုပ်ခြင်း

၁၉၂၇-ခုနှစ်မှစတင်၍ ဝယ်ယူခဲ့သော အသင်းပိုင် နှစ်ထပ်ပျဉ်ထောင် အဆောက်အအုံသည် စစ်ဘေးစစ်ဒဏ်ကို ကြုံကြိုခံလာခဲ့ပေသည်။ သို့ရာတွင် လွတ်လပ်ရေးရပြီးသည့်နောက် အဆောက်အအုံမှာ အတော်ပင် ယိုယွင်းပျက်စီးလာခဲ့ပေပြီ။ ခေတ်အဆက်ဆက်ကပင်၊ အမှုဆောင်တို့က အသင်းတိုက်အဆောက်အအုံကို ပစ်မထားခဲ့။ သင့်ငှင့်သည့် မွမ်းမံပြင်ဆင်မှုတို့ကို အစဉ်တစိုက်ပြုလုပ်ခဲ့ကြလေသည်။

အမိုး, မိုးယိုသဖြင့် အုတ်ကျွတ်ဖိုး(၄၀၀၀)ခွင့်ပြု၍ ပြင်ဆင်မှုကိုလည်းကောင်း၊ အသင်းအပေါ်ထပ်၌ ရေချိုးခန်းနှင့် အိမ်သာလုပ်ရန်ကာကွက် သဟာယရန်ပုံငွေမှ အသုံးပြုသည်ကိုလည်းကောင်း၊ ၁၉၃၇-ခု၊မတ်လနှင့် အောက်တိုဘာလ၊ လပတ်အစည်းအဝေး မှတ်တမ်းများ၌ တွေ့ရလေသည်။ အလားတူပင် လျှပ်စစ်မီးကြိုးဆက်သွယ်ခြင်းနှင့် အခြားအသေးအဖွဲပြင်ဆင်မှုများလည်း ရှိခဲ့သည်။ သို့ရာတွင် ပျဉ်ထောင်အဆောက်အအုံ၏ အိုမင်းယိုယွင်း

လာမှုကို ရေရှည်ကုစားရန် မဖြစ်နိုင်တော့သဖြင့် လက်ရှိအသင်းတိုက်၊ အဆောက်အအုံကို ဖြိုဖျက်၍ အသင်းတိုက် အသစ်တစ်ခု ဆောက်လုပ်ရန် အများသဘောတူ ဆုံးဖြတ်ကြလေသည်။ လက်ရှိ အသင်းပိုင် ပျဉ်ထောင်နှစ်ထပ် အဆောက်အအုံကို၊ ၁၉၅၄-ခုနှစ်၊ အောက်တိုဘာလတွင် ဖြိုဖျက်ပြီး ၁၉၅၄ ခုနှစ်၊ ဒီဇင်ဘာလတွင် အုတ်မြစ်ချနိုင်ရန်၊ ဆောက်လုပ်မည့် အဆောက်အအုံသစ်၏ ပုံစံနှင့် ခန့်မှန်းကုန်ကျစရိတ် တွက်ချက်မှုများပြုလုပ်ရန်၊ ဦးကြီးဖေ၊ ဦးဘကြီးနှင့် ဦးဘစိန်စသည့် အမှုဆောင်လူကြီးများအား တာဝန်ပေးလေသည်။ (၂၅-၇-၁၉၅၄ အစည်းအဝေးမှတ်တမ်း စာ-၃)။

(၆-၇-၁၉၅၄) နေ့စွဲဖြင့် ထားဝယ်သမဂ္ဂအသင်း အဆောက်အအုံ ရန်ပုံငွေအတွက် ငွေ(၁၀၀၀/-)ကို ဦးစွာ ပထမ၊ ထားဝယ်ခရိုင် ရဲသမဂ္ဂမှ လျှဒါန်းသည့် အကြောင်းကြားစာကို ရရှိသဖြင့်၊ ဤကိစ္စအတွက် ထားဝယ်သမဂ္ဂမှ အထူးကျေးဇူးတင်ရှိကြောင်း၊ ဂုဏ်ပြုမှတ်တမ်း တင်သည်ကိုလည်း၊ အစည်းအဝေးမှတ်တမ်း၌ တွေ့ရသည်။ ထို့အပြင် ထားဝယ်မှ အသင်းအဖွဲ့များ၊ ပုဂ္ဂိုလ်များအနေဖြင့်၊ နောင်စေတနာထက်သန်၍ လှူဒါန်းလိုလျှင်၊ အလွယ်တကူ လှူဒါန်းနိုင်ရန် ထားဝယ်မြို့ရှိ ထားဝယ်ဘဏ်တိုက်တွင် "ရန်ကုန်မြို့ ထားဝယ်သမဂ္ဂ အဆောက်အအုံ ရန်ပုံငွေ" ခေါင်းစဉ်ဖြင့် စာရင်းရှင် ဖွင့်လှစ်ထားခဲ့သည်။ ရဲသမဂ္ဂမှ အလှူငွေကိုလည်း ထားဝယ်ဘဏ်တွင် ပေးသွင်းနိုင်ကြောင်း အကြောင်းကြားစာ ပေးပို့သည်။ (၂၅-၇-၁၉၅၄ စည်းဝေးမှတ်တမ်း၊ စာ-၄)။

အသင်းတိုက် အဆောက်အအုံကိစ္စနှင့် ပတ်သတ်၍၊ ဥက္ကဋ္ဌဦးမောင်မောင်၊ ဦးလူကြီး(၁)၊ ဦးလူကြီး(၂)နှင့် ဦးကြီးဖေတို့သည် မိမိတို့စရိတ် မိမိတို့ကျခံပြီး (၂၂-၁၂-၁၉၅၄) နေ့တွင် အဆောက်အအုံသစ်ရန်ပုံငွေ ကောက်ခံရန် ထားဝယ်မြို့သို့ သွားကြသည်။ ထားဝယ်မြို့ခံ လူကြီးများကလည်း အသင်းတိုက်အသစ် အမြန်ဆောက်နိုင်ရန် လိုလိုလားလား အားပေး ကူညီခဲ့ကြလေသည်။

အသင်းတိုက် အသစ်ဆောက်လုပ်ရန် အဆောက်အအုံဟောင်းကို ဖြိုချမ်းရမည်ဖြစ်ရာ၊ ဤသို့ဖျက်ယူရန်အတွက် အခွင့်အရေးကို အနည်းဆုံးငွေ(၂၀၀၀-ကျပ်)ဖြင့် တစ်လအတွင်း ဖျက်ယူခွင့်ကို၊ ဦးကြီးသွင်အား အများသဘောတူ ခွင့်ပြုလိုက်သည်ကိုလည်း(၂၉-၈-၁၉၅၄ စည်းဝေးမှတ်တမ်း၊ စာ-၅)၌ တွေ့ရသည်။

အသင်းအဆောက်အအုံကို (၃)ထပ်ဆောက်လုပ်ရန် ဖြစ်သော်လည်း အောက်အခြေခံ အုတ်မြစ်ကိုသာ နောင် (၃)ထပ်အဆောက်အအုံ ဆောက်လိုပါက တိုးချဲ့ဆောက်လုပ်နိုင်စေရန်၊ ခိုင်ခိုင်ခံ့ခံ့ ခံနိုင်အောင် စီမံပြုလုပ်ပြီး၊ ယခုအခါတွင် နှစ်ထပ်ကိုသာ ဆောက်လုပ်ကြ

ရန် ဆုံးဖြတ်ကြသည်။ ထို့အပြင်၊ အောက်ထပ်ကို ငှားရမ်းမှုမပြုတော့ဟု အများသဘောတူ ဆွေးနွေးကြသည်။ (သို့ရာတွင် လက်ရှိငှားရမ်းနေထိုင်သူ-ဦးဟာရှင်ကိုပင် ငှားရမ်းခွင့် ပြုလိုက်သဖြင့် နောင်တွင်ပြဿနာ ပေါ်လာရကြောင်းကို အဆောက်အအုံကိစ္စနှင့် ပတ်သက်သည့်နောက်ပိုင်းတွင် ဖော်ပြပါသည်။)

အသင်းတိုက် ဆောက်လုပ်ရာတွင် ဖြစ်နိုင်လျှင် အသင်းရန်ပုံငွေကို တတ်နိုင်သမျှ ခြိုးခြံသုံးစွဲကြသည်ကို တွေ့ရသည်။ သဟာယ ရန်ပုံငွေထဲမှလည်း အချို့သော လူမှုရေးကိစ္စများအတွက် အသုံးပြုလေ့ရှိသည်ကို တွေ့ရ၏။ အသင်းတိုက် အဆောက်အအုံသစ် ဆောက်လုပ်ရေးအတွက်လည်း၊ အသင်း၏ ဘဏ္ဍာငွေကို မသုံးဘဲ၊ ဘဏ္ဍာငွေထဲမှ ငွေ(၅၀၀၀)ကို အသင်းတိုက် ဆောက်လုပ်ရေးအတွက် ယာယီချေးငွေအဖြစ်သာ အသုံးပြုရန် ဆုံးဖြတ်ကြသည်။ သဟာယအဖွဲ့၏ ရန်ပုံငွေမှ (၄၈၀၀)ကိုမူ ကား၊ အသင်းတိုက် အဆောက်အအုံ တည်ဆောက်ရာငွေ ထည့်သွင်းအသုံးပြုရန်ဆုံးဖြတ်ကြလေသည်။ (၁၆-၁-၁၉၅၅ မှတ်တမ်းစာ-၁၁) ။

အသင်းတိုက် တည်ဆောက်ရေးကိစ္စတွင် ဆောင်ရွက်ရန် ဆပ်ကော်မတီတစ်ရပ်ကို ဖွဲ့စည်းရာ၊ ဦးမောင်မောင်(ဥက္ကဋ္ဌ)၊ ဦးဘာစိန်(ဒု-ဥက္ကဋ္ဌ)၊ ဦးကြီးသွင်(ငွေထိန်း)၊ ဦးဘချစ်(စာရင်းစစ်)၊ ဦးအေးကြွယ်(အတွင်းရေးမှူး)၊ တို့အပြင်၊ အမှုဆောင်ထဲမှ ဦးကြီးဖေ၊ ဦးလူကြီး(၁)၊ ဦးလူကြီး(၂) တို့ပါဝင် လေသည်။

မူလရည်မှန်းချက်အတိုင်း ဆောက်လုပ်မည့် အသင်းတိုက်ပုံစံနှင့် ခန့်မှန်းခြေစာရင်းကို၊ ဦးသိန်းညွန့်(ခေါ်) Mr.J.P.Evangelista ၏ အကြံဉာဏ်ပေးချက်နှင့်တကွ၊ အသင်း၏ ရန်ပုံငွေအခြေအနေအရ၊ ကြပ်မတ်ဆောက်လုပ်ပြီး၊ ဦးသိန်းညွန့်အား ကြီးကြပ်စေရန်နှင့်၊ ကြီးကြပ်ပေးသည့်အတွက် ကုန်ကျစရိတ်အပေါ် (၄)ရာခိုင်နှုန်းပေးရန် အများသဘောတူ ဆုံးဖြတ်ကြ၏။ (၁၆-၁-၁၉၅၅ စည်းဝေး မှတ်တမ်းစာ-၁၀) ။

တိုက်ပုံစံနှင့် ခန့်မှန်းခြေစာရင်းကို (၂၇-၂-၁၉၅၅) နေ့တွင် ပြီးစီးရယူပြီးနောက်၊ လုပ်ငန်းကန်ထရိုက် ကတိစာချုပ်ကို ချုပ်ဆိုခဲ့လေသည်။

ထိုစာချုပ်ကို ချုပ်ဆိုရာတွင်-

(က) လက်သမား အလုပ်အတွက်ငွေ - (၁၃၁၆၄-ကျပ်)

(စာချုပ်ချုပ်ဆိုသည့်နေ့တွင် (၇၀၀၀-ကျပ်) ပေးပြီး၊ တံခါးနှင့် ပြူတင်းများပြီးသည့်အခါ၊ ၃၀၀၀-ကျပ် ပေးချေရန်) ထို့နောက် ကျန်ငွေ(၃၁၆၄-ကျပ်)ကို အင်ဂျင်နီယာက အဆောက်အအုံကို စစ်ဆေးပြီး ကျေနပ်ထောက်ခံသည့်အခါမှ ပေးချေရန်ဖြစ်သည်။

(ခ) ပန်းရံအလုပ် (ရေမိုလ္လာပိုက်၊ ဆေးဖြူသုတ် အပါအဝင်၊ သို့ရာတွင် ဓာတ်မီးကြိုး ဆက်သွယ်မှုမပါ။ အတွက်ငွေ ၁၉၉၁-ကျပ် (အုတ်မြစ်ချပြီး အင်္ဂတေအောက် ခြေမျက်နှာပြင် ပြီးသည့်အခါ ၆၀၀၀-ကျပ်။ ပထမထပ် ပြီးစီးသည့်အခါ ၆၀၀၀-ကျပ်။ အုတ်အလုပ်နှင့် အင်္ဂတေ အလုပ်အကုန် ပြီးစီးသည့်အခါ-၆၀၀၀-ကျပ်။ နောက်ဆုံးကျန်သည့် (၁၉၁၅-ကျပ်)ကို အဆောက်အအုံအား မြူနီစပါယ်က လက်ခံပြီးသည့်အခါမှ ပေးချေရန် ဖြစ်သည်။

ဤကဲ့သို့ ရေပက်မဝင်အောင် စာချုပ်တွင် စည်းကမ်းသက်မှတ်၍ ချုပ်ဆိုခဲ့လေသည်။ အဆောက်အအုံအတွက် သံတိုင်၊ သံဒိုင်းများကိုမူ၊ ဘန်ဖိုး ၁၄၄၆ကျပ်-၆၀ပြားမျှ အသင်းမှ ထည့်၍ ဝယ်ယူပံ့ပိုးပေး၏။ (၂၇-၅-၁၉၅၅ စည်းဝေး မှတ်တမ်းစာ - ၁၄) ဤကား၊ ယခု ခေတ်ကာလ အဆောက်အအုံ ဆောက်လုပ်ခြင်းအတွက် ကုန်ကျမှုစရိတ်စကနှင့် နှိုင်းယှဉ် သုံးသပ်နိုင်ရန် ဖော်ပြခြင်းဖြစ်သည်။

နှစ်ပတ်လည် အစည်းအဝေးကြီးကိုလည်း၊ အသင်းတိုက်ပြီးစီးသည့် အခါမှ ကျင်းပရန် အများသဘောတူ ရွေ့ဆိုင်းကြသည်။ အဆောက်အအုံ ဆောက်လုပ်ဆဲကာလ၊ လပတ် အစည်းအဝေးများကို ဘဏ္ဍာရေးမှူး ဦးကြီးသွင်၏ နေအိမ်တွင် ကျင်းပကြလေသည်။

ယိုယွင်း ဟောင်းနွမ်းနေပြီဖြစ်သော အသင်းတိုက် အဟောင်းကိုဖျက်ပြီး၊ အသင်းတိုက် အသစ်ကို တည်ဆောက်ရန် (၂၅-၇-၁၉၅၄)နေ့က ဆုံးဖြတ်ခဲ့ကြ၏။ အသင်းတည် ဆောက်နိုင်ရေးအတွက် (၂၂-၁၂-၁၉၅၄) နေ့တွင် ရန်ပုံငွေ ကောက်ခံခဲ့သည်။ ပုံစံနှင့်ခန့်မှန်း ခြေစာရင်းကို (၂၇-၂-၁၉၅၅) တွင် တင်ပြနိုင်ခဲ့ပြီး (၁-၆-၁၉၅၅) တွင် ပြီးစီးအကောင် အထည် ဖော်နိုင်ခဲ့လေသည်။ (၁-၆-၁၉၅၅) နေ့တွင်ပင် အသင်းစောင့်တစ်ဦးခန့်ထားခဲ့၏။ မောင်စန်းရှိန်အား အသင်းစောင့်လုလင်အဖြစ် တစ်လ(၇၀-ကျပ်)နှုန်းဖြင့် ခန့်ထားသည်ကို တွေ့ရသည်။ (၂၆-၆-၁၉၅၅) စည်းဝေးမှတ်တမ်းစာ ၂၄)။

အသင်းတိုက် အောင်မြင်စွာပြီးစီးသဖြင့် (၅-၄-၁၉၅၅) နေ့တွင် တိုက်သိမ်းပရိတ်တော် နာရန် အကြံပေးဆုံးဖြတ်ကြသည်။ (၂-၄-၁၉၅၅ မှတ်တမ်းစာ-၁၇)။ ထို့နောက်(၉-၇-၁၉၅၅) ရက်နေ့တွင် အသင်းတိုက်သစ်ကို ဖွင့်နိုင်ခဲ့သည်။ ဤသို့အသင်းတိုက်ကို ဖြစ်မြောက်အောင်မြင်စွာ တည်ဆောက်ထူထောင်နိုင်မှုမှာလည်း အများက တက်ညီလက်ညီ ဆောင်ရွက်ကြိုးပမ်းကြခြင်း၊ စိတ်ရောကိုယ်ပါ မိမိတတ်နိုင်သမျှ အလှူငွေထည့်ဝင်ပံ့ပိုး ကူညီကြခြင်းကြောင့်ပင် ဖြစ်ပေသည်။ အသင်းတိုက်၌ ချိတ်ဆွဲရန်၊ ဗမာ့မေတ္တာ ကုမ္ပဏီမှ

လည်း နာရီကြိုးတစ်လုံးလျှဒါန်း၏။ ယခုတိုင်အသင်းတိုက်၌ ချိတ်ဆွဲထားရှိသည်ကို တွေ့ရှိရလေသည်။

အသင်းတိုက်အဆောက်အဦးကို တည်ဆောက်ရေးကိစ္စ ဆောက်ရွက်ကြိုးပမ်းရာတွင် ဥက္ကဋ္ဌဦးမောင်မောင်အမှူးပြု၍ အဓိကအမှုဆောင်လူကြီးများ ဖြစ်ကြသည့် ဦးကြီးဖေ၊ ဦးလူကြီး(၁)၊ ဦးလူကြီး(၂) စသည့် ပုဂ္ဂိုလ်၄ဦးတို့မှာ အသင်းရန်ပုံငွေများ ကောက်ခံရန် အတွက် ၁၉၅၄-ခု ဒီဇင်ဘာလ ၂၂-ရက်နေ့ နေ့လည်တွင် ထွက်သည့်လေယာဉ်ဖြင့်၊ ထားဝယ်မြို့သို့ မိမိတို့စရိတ်ဖြင့် အကုန်အကျခံ သွားရောက်ကြခြင်းဖြစ်၏။

ဤသို့ ကိုယ့်စရိတ်ကိုခံပြီး၊ အသင်း၏ ရံပုံငွေကောက်ခံရေး ကိစ္စအတွက် သွားရောက်ကြသည်မှာ အစဉ်အလာတစ်ရပ်ပင် ဖြစ်လာခဲ့လေသည်။ ယခင်ကာလက ဥက္ကဋ္ဌ ဦးထွန်းမြင့်တို့ လက်ထက်ကလည်း အသင်းတိုက် ဝယ်ယူရေးအတွက် ဤသို့ပင် မိမိတို့ စရိတ် မိမိတို့ကုန်ကျခံ၍ ထားဝယ်မြို့သို့ ရန်ပုံငွေကောက်ခံရန် သွားရောက်ခဲ့ကြဖူးသည်။

ယခုဥက္ကဋ္ဌဦးမောင်မောင်၊ ဦးကြီးဖေနှင့် ဦးလူကြီး(၁)နှင့် (၂)တို့ သွားရောက်သည် အခါ ထားဝယ်သမဂ္ဂမှ အသင်းသူ အသင်းသားများအား၊ ရန်ပုံငွေကောက်ခံသွားကြမည့် ဥက္ကဋ္ဌနှင့် အမှုဆောင်လူကြီး(၃)ဦးကို တတ်နိုင်သည့် အသင်းသူ အသင်းသားများက အင်တိုက်အားတိုက် လေယာဉ်ကွင်းသို့ လိုက်လံပို့ဆောင် ကြရန်နှင့် ကားရှိသူများကလည်း ကားဖြင့် လာရောက်ကြပြီး အသင်းတိုက်မှ သိုက်သိုက်မြိုက်မြိုက် လိုက်ပို့ကြရန် အသင်းဝင်များထံသို့ ဆော်သြဖြန့်ဝေသည်။ ၁၉၅၄-ခုဒီဇင်ဘာလ(၁၀)ရက်နေ့စွဲပါ စာတစ်စောင်ကို၊ အတွင်းရေးမှူး ဦးဇင်္ကြယ်လက်မှတ်ဖြင့် ဖြန့်ဝေခဲ့သည်ကိုလည်း မှတ်တမ်း၌တွေ့ရသည်။

ထို့အပြင်၊ ထားဝယ်သမဂ္ဂအသင်းတိုက်သစ် တည်ဆောက်ပြီးစီးသွားသဖြင့်၊ ထားဝယ် သမဂ္ဂ အသင်းသူ/အသင်းသားများအား အတွင်းရေးမှူးက စာတစ်စောင် ဖြန့်ပေပေးပို့ လိုက်သည်။ ဤစာတွင်၊ "ကျွန်တော်တို့ ထားဝယ်သမဂ္ဂအသင်းသားများနှင့်တကွ၊ တစ်ခရိုင်လုံး လိုလားတောင့်တနေသော သမဂ္ဂအသင်းတိုက်ကြီးသည်၊ သမဂ္ဂအမှုဆောင်လူကြီးများနှင့် အသင်းတိုက်ဖြစ်မြောက်ရေးကို အဘက်ဘက်မှငွေအား၊ လူအားဖြင့် ဝိုင်းဝန်းကူညီ ဆောင်ရွက်မှုတို့ကြောင့်၊ ရန်ကုန်မြို့ကြီးတွင် သမဂ္ဂအသင်းပိုင် နှစ်ထပ်တိုက်သစ်တစ်လုံးသည် များစွာမတ်မတ် ထည်ဝါခန့်ငြားစွာဖြင့် ပေါ်ပေါက်အောင်မြင်ပြီးစီးသွားပြီ ဖြစ်ပါကြောင်း" စသည်ဖြင့် ပါရှိလေသည်။

အသင်းတိုက်ပြီးစီးကြောင်း သတင်းကောင်းကို အကြောင်းကြားမှုပြုသည်သာမက၊ အသင်း မဝင်ရသေးသောထားဝယ်သူ/ထားဝယ်သားများအားလည်း ထားဝယ်သမဂ္ဂ သို့အင်တိုက်အားတိုက်ဝင်ရောက်ကြရန်ထိုစာဖြင့်ပင်အောက်ပါအတိုင်းဆော်သြ မှုပြုလိုက်သေးသည်။ "× × × ထားဝယ်သမဂ္ဂအသင်းသားအဖြစ်နှင့် ဝင်ရောက်နိုင်သော အရည်အချင်းနှင့် ပြည့်စုံသည်၊ ရန်ကုန်မြို့တွင် နေထိုင်ကြကုန်သော ထားဝယ်သူ/ထားဝယ်သားတိုင်း၊ ထားဝယ်သမဂ္ဂအသင်းသူ/အသင်းသားအဖြစ်ဝင်ရောက်ကာ၊ တတ်နိုင်သမျှ ဝိုင်းဝန်းလျက်၊ အဘက်ဘက်က ကူညီ အကျိုးဆောင်အပ်သည်ဟု ယူဆပါသည်။ ထို့ကြောင့် ရန်ကုန်တွင် အသင်းမဝင်ရသေးသော ထားဝယ်သူ/ထားဝယ်သားတို့အား မိမိကဲ့သို့ အသင်းသားဖြစ်လာရလေအောင်အသင်းသားများက တတ်အားသမျှ ကူညီနှိုးဆော် တိုက်တွန်းပေးပါမည့်အကြောင်းလေးမြတ်စွာ မေတ္တာရပ်ခံအပ်ပါကြောင်း" အစရှိသဖြင့် အသင်းဝင်သစ်များ တိုးပွားမှုအတွက်လည်း ဆော်သြမှုပြုခဲ့လေသည်။ (၁၉၅၅-ခု၊နေ့စွဲပါ ဖြန့်ဝေသည့်စာကောက်နှုတ်ချက်။)

အသင်းတိုက်စာရေးခန့်ထားခြင်း

အသင်းတိုက်သစ်လည်း ပြီးစီးသွားပြီဖြစ်ပြီး၊ အသင်း၏လုပ်ငန်း အဝဝသည်လည်း ပို၍ များပြားလာသည်ဖြစ်၍ အသင်း၌ စာရေးတစ်ယောက်ခန့်ထားရန် လိုအပ်လာပြီဖြစ်ကြောင်း ဆုံးဖြတ်ကြသည်။

အသင်းသားများထဲမှ သင့်တော်သူတစ်ဦးကို ခန့်ထားမည်ဖြစ်၍ အသင်းသားတိုင်း သိရှိပြီး လျှောက်ထားလိုသည့်အသင်းဝင်များ လျှောက်ထားနိုင်ရန် အသင်းဝင်အားလုံးသို့ (ဖ-၁၁-၁၉၅၅)နေ့နောက်ဆုံးထား၍ လျှောက်ထားကြရန် အကြောင်းကြားစာ ထုတ်ဝေသည်။ စာရေးလျှောက်ထားသူများအနက်မှ အသင့်တော်ဆုံးဖြစ်သည့် မောင်ယူအပ်အားလစာ(၁၀၀-ကျပ်)ဖြင့် ခန့်ထားရန် အများသဘောတူ ရွေးချယ်ကြ၏။ (၁၁-၁၂-၁၉၅၅ စည်းဝေးမှတ်တမ်း စာ-၃၃)။ ၁၉၅၆-ခုနှစ်၊ ဒီဇင်ဘာလဆန်း(၁)ရက်နေ့မှစ၍ အသင်းတိုက်စောင့်အား ၅/-တိုးပေးလည်းကောင်း၊ အသင်းစာရေးအား လစာ ၁၀/-တိုးမြှင့်ပေးလည်းကောင်း ပေးခဲ့လေသည်။ (၁၅-၁၂-၁၉၅၆ မှတ်တမ်းစာ-၁)။

ရာသက်ပန်အသင်းဝင် အမှတ်(၂၂)ဦးဘိုးဘကြီးသည် ဧစတနာထက်သန်စွာဖြင့် ပြီးစီးသွားသည့် အသင်းတိုက် မွမ်းမံချယ်လှယ်ရန်အတွက် ၁၉၅၇-ခု၊ မေလ(၁၇)ရက်နေ့တွင် ငွေကျပ်(၃၀၀-ကျပ်) လှူဒါန်းသဖြင့် အမှုဆောင်အစည်းအဝေးက မှတ်တမ်းတင်ခဲ့လေသည်။

စက်လှေများနှင့်ပတ်သက်သည့်ဆောင်ရွက်ပေးချက်များ

ထားဝယ်သမဂ္ဂ၏ စီးပွားရေးအဖွဲ့ငယ်မှ ဦးကြီးဖေက၊ ၁၉၅၆ခုတွင် ရန်ကုန်-ထားဝယ် ခရီးသည်များအတွက် တာဝန်ယူ၍၊ စက်လှေလက်မှတ်များ ရောင်းချပေးရန် အကြံပေးသည်။ (၁၂-၂-၁၉၅၆မှတ်တမ်း စာ-၃၅) စက်လှေကိစ္စ ဆောင်ရွက်ပေးမှုများမှာ ယခုမှ,မဟုတ် ရှေးကနဦးကာလကပင်လျှင် ထားဝယ်အသင်းမှ ဆောင်ရွက်ကူညီခဲ့ဘူးသည့် သာဓကများစွာရှိလေသည်။

စစ်မဖြစ်မီ ယခင်ကာလများက, ထားဝယ်-ရန်ကုန်ပင်လယ်ခရီးတွင် ရွက်လှေနှင့်စက်လှေများ သွားလာကြသည်။ ရွက်လှေသည် ပုံမှန်အားဖြင့် သုံးခေါက်၊ အများဆုံး လေးခေါက်၊ ပွင့်လင်းရာသီအတွင်း သွားလာကြလေသည်။ အဓိကသယ်ယူသည့် ကုန်များမှာ-ဓနိဖက်၊ အုန်းသီး၊ ကွမ်းသီးတို့ဖြစ်ကြသည်။

စက်လှေများသည် ဒူးရင်းယို၊ ဆန်စသည်တို့ကို အများအားဖြင့် သယ်ယူကြ၏။ ထိုသို့ ရွက်လှေ၊ စက်လှေများ ရန်ကုန်ဆိပ်ကမ်းသို့ ဆိုက်ကပ်ရေးကိစ္စနှင့်ပတ်သက်၍၊ လွယ်ကူစေရန်၊ ၁၉၃၂-ခုနှစ်ကတည်းကပင်၊ ထားဝယ်သမဂ္ဂအသင်းမှ ကူညီဆောင်ရွက်ပေးခဲ့ပေသည်။

၁၉၃၂-ခုနှစ်ကုန်ပိုင်းလောက်တွင် ရွက်လှေ၊ စက်လှေများ ပင်လယ်ခရီးတွင် ဘေးကင်းရန်၊ အသက်ကယ်လှေနှင့် အသက်ကယ်ကရိယာ တန်ဆာပလာများ မပြည့်စုံဟု၊ ရေဝန်ရုံးက အကြောင်းပြကာ တားမြစ်ချက်တစ်ခု ပေါ်ပေါက်ခဲ့လေသည်။ ဤကိစ္စနှင့် ပတ်သက်၍ မည်သည့်ဥပဒေစည်းကမ်းဖြင့် တားမြစ်ကြောင်းနှင့် စည်းကမ်းဥပဒေနှင့် ညီညွတ်

အောင် မည်သို့မည်ပုံ ဆောင်ရွက်ရမည်ဖြစ်ကြောင်း ထားဝယ်သမဂ္ဂအသင်းဥက္ကဋ္ဌက မေတ္တာရပ်ခံပေးခဲ့သည်။ သို့ရာတွင် သက်ဆိုင်ရာမှ အတိအကျပြန်ကြားခြင်းမရှိ၍၊ အိန္ဒိယရေဝန်မင်းကြီးထံသို့ အသင်းမှ စာရေးစုံစမ်းမှုပြုရာ ပြန်စာရရှိခဲ့လေသည်။ (ထိုစဉ် အချိန်က မြန်မာနိုင်ငံသည် အိန္ဒိယ၏ ပြည်နယ်တစ်ခုအနေဖြင့် အုပ်ချုပ်ခြင်း ခံနေရသေးသည်။)

ထားဝယ်သမဂ္ဂ၏ ကူညီဆောင်ရွက်ပေးမှုကြောင့်၊ ရွက်လှေ၊ စက်လှေများသည် အသက်ကယ် ကရိယာများကို ဥပဒေစည်းကမ်းအရ ပြည့်စုံစွာထားရှိခြင်းကြောင့် ပင်လယ်ခရီးများကို ဆက်လက်သွားခွင့် ရရှိခဲ့လေသည်။ ဤသို့ ကူညီဆောင်ရွက်ပေးမှုကြောင့် ပင်လယ်စက်လှေ၊ ရွက်လှေပိုင်ရှင်များက၊ ထားဝယ်သမဂ္ဂအသင်းကို အားကိုးမှုပြုလာကြသည်။ ကုန်ပစ္စည်းများမှာ- ကုန်တင်ကုန်ချ ပြုလုပ်ရာတွင်လည်း တတ်နိုင်သမျှ ကြန့်ကြာမှုမရှိစေရန် ကူညီဆောင်ရွက်ပေးခဲ့သဖြင့်၊ လှေပိုင်ရှင်များက လှေတစ်စင်းတစ်ခေါက်လျှင် ငွေ(၁၀)အသင်းသို့ အလှူငွေအဖြစ် ထည့်ဝင်ခဲ့ကြသည့်သာဓက အစဉ်အလာလည်း ရှိခဲ့လေသည်။

ကားဝယ်စက်လှေပိုင်ရှင်များထံမှ စက်လှေအဝင်အထွက် စီမံခန့်ခွဲပေးရန် တောင်းဆို မေတ္တာရပ်ခံလာသဖြင့် ဥက္ကဋ္ဌဦးထွန်းမြိုင်လက်ထက်ကတည်းကပင် ဤကိစ္စများကို ကျွမ်းကျွမ်းကျင်ကျင် ဆောင်ရွက်လုပ်ကိုင်မှုပြုနိုင်သော ကော်မတီဝင်များအား ရွေးချယ်ပြီး တာဝန်ပေး ဆောင်ရွက်စေခဲ့လေသည်။ ၁၉၃၆-ခုနှစ်၊ ဇန်နဝါရီလစည်းဝေးတွင်၊ အမှုဆောင်ဦးဘိုးသိန်းနှင့် မစ္စတာကေစုဟန်တို့အား ဤကိစ္စအတွက် ဆောင်ရွက်စေသည်။ စက်လှေများထွက်ခွာရန် အလှည့်ကျသောစက်လှေသည်၊ အကယ်၍ ထွက်ခွာရန်ရက်သည် ရုံးပိတ်ရက်နှင့် ကြုံကြိုက်နေပါက၊ ကုန်တင်ကုန်ချကို(၂၄)နာရီသာ ရွှေ့ဆိုင်းပေးရန်အတွက် မေတ္တာရပ်ခံစာပေးပို့ရန်၊ ထားဝယ်သမဂ္ဂအသင်းမှ အများသဘောတူ ဆုံးဖြတ်ကြ၏။ ဤအတည်ပြုချက်အတိုင်း, လိုက်နာဆောင်ရွက်ကြသည်။ အသင်းတွင်-ကြော်ငြာသင်ပုန်းတစ်ခု ဆွဲထားပြီး၊ ထားဝယ်မှ စက်လှေအဝင်အထွက်များကို စိတ်ဝင်စားသူများနှင့် ကုန်သည်များအတွက် လွယ်ကူစေရန် ဖော်ပြပေးခဲ့လေသည်။ ဒုတိယကမ္ဘာစစ်အတွင်းတွင်, ထားဝယ်-ရန်ကုန်သို့ စက်လှေများ ပုံမှန်သွားလာမှု ရပ်ဆိုင်းသွားလေသည်။ အရဲစွန့်၍ ခဲခဲယဉ်းယဉ်းသွားကြသည့် ရွက်လှေအချို့ တစ်ခါတစ်ရံ သွားကြသည်။ စက်လှေများမှာမူ၊ စက်ဆီ၊ ဒီဇယ်ဆီမရှိသဖြင့် မသွားနိုင်ကြတော့ပေ။ ရွက်လှေငယ်များ အရဲစွန့်သွားလာကြသည်ဆိုစေကာမူ၊

ထားဝယ်-ရန်ကုန်တိုက်ရိုက်သွားခြင်းထက် ထားဝယ်-မော်လမြိုင်၊ မော်လမြိုင်မှတဆင့် ရန်ကုန်စသဖြင့် အရဲစွန့်သွားကြခြင်းဖြစ်သည်။ ထားဝယ်သမဂ္ဂအသင်းမှလည်း ယင်း ရွက်လှေများကိစ္စကို ဆောင်ရွက်ပေးမှု ရပ်ဆိုင်းသွားခဲ့ပေသည်။

ဒုတိယကမ္ဘာစစ်ကြီး ပြီးသည့်အချိန်၊ မြန်မာနိုင်ငံ လွတ်လပ်ရေးအကြိုခေတ်တွင်မူ၊ စစ်အုပ်ချုပ်ရေးအစိုးရ(ကက်စတီ)မှ ကမ်းထိုးရေယာဉ်(အယ်စီတီ)နှင့် မော်တော်ရေယာဉ်များကို အသုံးပြု၍၊ ကုန်နှင့်လူများကို ရန်ကုန်သို့ သယ်ယူပို့ဆောင်ပေးခဲ့လေသည်။ စစ်အုပ်ချုပ်ရေးအစိုးရ ရုပ်သိမ်းပြီးနောက်၊ ဘုရင်ခံကောင်စီနှင့် ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သည့် လွတ်လပ်ရေးအကြိုခေတ် အစိုးရလက်ထက်တွင်၊ စက်လှေငယ်များစတင်၍ ထားဝယ်မှ ရန်ကုန်သို့ ကွမ်းသီးခြောက်အိတ်များနှင့် အခြားကုန်များကို သယ်ယူပို့ဆောင်လေသည်။ ခရီးသည်များလည်း အနည်းအကျဉ်း လိုက်ပါကြလေသည်။

ကုန်းလမ်းမှလည်း သံလမ်းပြေးယာဉ်ဖြင့် လမိုင်းဘူကာသို့သွားပြီး ထိုမှတဆင့် မီးရထားဖြင့် ရန်ကုန်သို့ ခရီးဆက်နိုင်ကြပြီဖြစ်သည်။ စစ်တောင်းတံတားကြီး စစ်အတွင်းက ပျက်စီးသွားခဲ့ရာ စက်တပ်ဖောင်ဖြင့် မော်တော်ယာဉ်နှင့် လူများကို ကူးပို့ဆောင်လေသည်။

၁၉၅၆-ခုကာလပိုင်းခဲ့ စက်လှေများတွင် တရားဝင်ခရီးသည်များ လိုက်ပါခွင့်ပြုခဲ့၏။ ဤအချိန် ကာလအတွင်း ထားဝယ်ခရီးသည်များ လွယ်ကူစွာ သွားလာနိုင်ရေးဒ ဘွက် ထားဝယ်သမဂ္ဂမှ အကူအညီပေးခဲ့လေသည်။ စက်လှေခရီးသည် လက်မှတ်တစ်စောင်ကို (၃၀-ကျပ်)နှုန်းဖြင့် ထားဝယ်သမဂ္ဂအသင်းတိုက်၌ အသင်း၏စာရေးကပင် စက်လှေများကိုယ်စား ရောင်းချပေးခဲ့၏။ ရန်ကုန်ကကသိုလ် တက်ရောက်နေကြသည့် ထားဝယ်ကျောင်းသူကျောင်းသားများက ကျောင်းသားများအတွက် နှုန်းလျှော့၍ ရောင်းချပေးရန် တောင်းဆိုသည်ကို ထားဝယ်သမဂ္ဂကလည်း ထောက်ခံပြီး၊ လှေပိုင်ရှင်အသင်းအား ကျောင်းသားများအတွက် လက်မှတ်ခလျှော့ယူရန် မေတ္တာရပ်ခံခဲ့ပေသည်။ လှေပိုင်ရှင်များ အသင်းမှလည်း ကျောင်းသူ/ကျောင်းသားများ အမှန်တကယ်ဖြစ်ကြောင်း သက်ဆိုင်ရာ ကျောင်းဆရာကြီးက ထောက်ခံမှသာ လျှော့နှုန်းဖြင့် ရောင်းချပေးရန် ခွင့်ပြုလက်ခံခဲ့လေသည်။

ထိုအချိန်ကာလဝိုင်းကထားဝယ်အသင်းမှစက်လှေလက်မှတ်ကူညီရောင်းချမေးခဲ့သည့် စာရင်းဇယား မှာအောက်ပါအတိုင်းဖြစ်၏။

ကာလ	လှေစီးရေ	ခရီးသည်ဦးရေ	လက်မှတ်ရောင်းရငွေ ကျပ်	ပြား
၁၉၅၇-မေလ	၅စီး	၁၇၂	၄၂၇၇	၅၀
ဇွန်လ	၃စီး	၂၂	၅၃၇	၅၀
အောက်တိုဘာ	၅စီး	၁၃၁	၃၂၆၅	၀၀
နိုဝင်ဘာ	၆စီး	၂၁၄	၅၃၁၀	၀၀
ဒီဇင်ဘာ	၄စီး	၁၆၇	၄၁၇၀	၀၀
၁၉၅၈-ဇန်နဝါရီ	၅စီး	၃၁၁	၇၇၀၇	၀၀
ဖေဖော်ဝါရီ	၅စီး	၃၈၄	၉၅၄၅	၀၀
မတ်လ	၄စီး	၃၈၀	၉၁၈၀	၀၀
	၃၇စင်း	၁၇၈၁	၄၃၉၄၂	၀၀

(၁၉၅၈-ခုနှစ်၊ နှစ်ပတ်လည်အစည်းအဝေးအစီရင်ခံစာ။ စာ-၅)။

စက်လှေ ရွက်လှေများအတွက် ဤကဲ့သို့ ဆောင်ရွက် လုပ်ကိုင်ပေးသောကြောင့် ၁၉၅၈-ခုနှစ်အတွက် ထားဝယ်သမဂ္ဂမှ ကော်မရှင်အဖြစ်နှင့် ငွေပေါင်း၃၅၂၀-ကျပ်၊၇၀-ပြား ရရှိခဲ့လေသည်။ ၁၉၅၈-ခုနှစ်တွင်မူ ကော်မရှင်မှာ ၂၃၅၇-ကျပ်နှင့်၄၅-ပြားသာ ရရှိခဲ့လေသည်။ ဤကား ထားဝယ်ခရိုင်တွင်လည်း နိုင်ငံရေး မတည်ငြိမ်မှု၊ လှိုင်းဂယက်စီးပွားရေး ကျဆင်းလာသည့် လှိုင်းဂယက်ကြောင့်ပင် ဖြစ်လေသည်။

ခရီးသည်လက်မှတ်များ ရောင်းချပေးမှုအတွက် ကော်မရှင်နှင့်ရောင်းချပေးရသည်မှာ ပြဿနာ မရှိပေ။ သို့ရာတွင် ကုန်ပစ္စည်းလက်ခံတင်ပို့မှုနှင့် ပတ်သတ်သည့်ကိစ္စများတွင်မူကား၊ လှေပိုင်ရှင်များအချင်းချင်းလည်း ညှိနှိုင်းလက်ခံမှု ပြုလုပ်တတ်သည်များလည်းရှိသဖြင့် ထားဝယ်သမဂ္ဂမှ ဆက်လက် ဆောင်ရွက်မှုမပြုတော့ပေ။

ထားဝယ်သမဂ္ဂမှ အကြံပေးချက်ကို ထားဝယ်စက်လှေပိုင်ရှင်များအသင်းမှ သဘောတူညီ လိုက်လျောချက်အရ၊ ရန်ကုန်တွင် ထားဝယ်မြို့မှလာရောက်ပညာသင်ကြားနေကြရသော ရဟန်းတော်များနှင့်ကျောင်းသား/ကျောင်းသူများအား အထူးနှုန်ဖြင့် စက်လှေခရီးရန်၊ ၁၉၅၇-ခုနှစ်အောက်တိုဘာလကစ၍ ဆောင်ရွက်ပေးနိုင်ခဲ့လေသည်။ (၁၉၅၈-ခု နှစ်လည် အစီရင်ခံစာ၊ စာ-၉)

ကျောင်းသူ/ကျောင်းသားများအတွက် အထူးနှုန်းဆိုရာ၌၊ ထားဝယ်သမဂ္ဂမှ ထောက်ခံသည့်ကျောင်းသားတစ်ဦးလျှင် အထူးနှုန်းစက်လှေခ၊ ရန်ကုန်မှ ထားဝယ်မြို့သို့ ၁၅ကျပ်နှုန်းဖြင့် လျှော့၍ ရောင်းချပေးရန်၊ ထားဝယ်စက်လှေပိုင်ရှင်များအသင်းမှ ခွင့်ပြုသဘောတူခဲ့လေသည်။ ကျောင်းသူ/ ကျောင်းသားများ စာသင်သံဃာများ၊ များစွာသက်သာသွားလေသည်။ (၂၃-၁၁-၁၉၅၇ စည်းဝေးမှတ်တမ်း၊ စာ-၃၀)။

ဤအချိန်ကာလပိုင်းသည် ထားဝယ်သမဂ္ဂအသင်းအနေဖြင့်ထားရှိရင်း မူအတိုင်းပင် နိုင်ငံရေး လှုပ်ရှားမှုများတွင်အသင်းအနေဖြင့် နယ်ကျွံပါဝင်လှုပ်ရှားဆောင်ရွက်မှုမပြုလုပ်ခဲ့ပေ။ ပုဂ္ဂိုလ်တစ်ဦးချင်းအနေဖြင့် လွတ်လပ်စွာ မိမိကိုယ်ပိုင်အခွင့်အရေးအရ ဆောင်ရွက်နိုင်ခွင့်ရှိစေကာမူ အသင်းအဖွဲ့အနေဖြင့်ကား လူမှုရေး၊ ပညာရေး၊ ကယ်ဆယ်ရေး၊ စောင့်ရှောက်ရေးကိစ္စများကိုသာ ဦးစားပေး၍ ဆောင်ရွက်လျက်ရှိသည်ကိုတွေ့ရပေသည်။

ထားဝယ်သမဂ္ဂလှုပ်ရှားမှုအနည်းဆုံးကာလ

၁၉၆၂-မှ ၁၉၇၀ ပိုင်းကာလသည် ထားဝယ်သမဂ္ဂအတွက် လှုပ်ရှားမှုအနည် ဆုံးသောကာလပိုင်းဟုပင် ဆိုရပေမည်။ ထိုအချိန်ပိုင်းတွင် ဥက္ကဋ္ဌမှာ ဦးမောင်မောင်ဖြစ်ပြီး၊ အတွင်းရေးမှူးမှာ ဦးစောမောင်ဖြစ်သည်။ ဒုဥက္ကဋ္ဌအနေဖြင့် ဦးတင့်နှင့် ဦးဘစိန်တို့က ဆောင်ရွက်ပြီး၊ တွဲဘက်အ တွင်းရေးမှူးမှာ ဦးထွန်းဘိန်၊ ဌေထိန်းအနေဖြင့် ဦးကြီးသွင်က ဆောင်ရွက်ကာ၊ စာရင်းစစ်အဖြစ်နှင့် ဦးအေးသွင်နှင့် ဦးချစ်ထွန်းတို့က ဆောင်ရွက်ကြသည်ကို မှတ်တမ်းများ၌ တွေ့ရ၏။ ဥက္ကဋ္ဌဦးမောင်မောင်သည် (၁၆-၅-၁၉၆၄)တွင် ကွယ်လွန်အနိစ္စရောက်ခဲ့လေသည်။ ဦးမောင်မောင်သည် စစ်ပြီးခေတ်အစဦးပိုင်းကာလမျှတွင် ထားဝယ်သမဂ္ဂတာဝန်ကိစ္စများကို အားကြိုးမာန်တက် ဆောင်ရွက်ခဲ့သူတစ်ဦးဖြစ်လေသည်။

ဦးမောင်မောင်သည် မိမိ၏ကျန်းမာရေး ချို့ယွင်းလာခဲ့ရာမှ ကွယ်လွန်သည့် အချိန်ထိ ရန်ပုံငွေများစွာ ချို့တဲ့လျက်ရှိသော အသင်းကို မိမိကိုယ်ပိုင်ငွေဖြင့်ပံ့ပိုးလျက် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့လေသည်။ ဥက္ကဋ္ဌ ဦးမောင်မောင် ကွယ်လွန်သည့်အခါ ဒု-ဥက္ကဋ္ဌ ဦးတင်က ဥက္ကဋ္ဌအနေဖြင့် တာဝန်ယူဆောင်ရွက်ခဲ့ရလေသည်။ ဤအချိန်ကာလပိုင်းသည် ထားဝယ်အသင်း၏ လူမှုရေးလှုပ်ရှားမှုအားအနည်းဆုံး အချိန်ကာလဟု ဖော်ပြခဲ့ရသော်လည်း တာဝန်ယူဆောင်ရွက်လျက်ရှိကြသည့် လူကြီးပိုင်းအမှုဆောင်များပေါ့ပေါ့လျော့ လစ်ဟင်း၍ မဟုတ်ပါ။ ထိုအချိန်ကာလပိုင်းသည် နိုင်ငံရေးပြောင်းလဲမှု၊ အုပ်ချုပ်ရေးပြောင်းလဲမှု၊ အခြေအနေအရပ်ရပ်ကြောင့်သာ ဖြစ်ချေသည်။ သို့တစေ အမှုဆောင်လူကြီးများ ဦးဆောင်၍ ဆွမ်းတော်ကြီးတင်ပွဲကိုမူကား အစဉ်အလာမပျက်ဆက်လက်ကျင်းပနိုင်ခဲ့လေသည်။

ထားဝယ်သမဂ္ဂ တံဆိပ်များ

ပထမတံဆိပ်

၁၉၁၁ ခုနှစ်တွင် စတင်ခဲ့သည့် ထားဝယ်အသင်းကို (၂၇-၁၁-၁၉၂၁)တွင် ထားဝယ်သမဂ္ဂအသင်းအဖြစ် ပြန်လည်ထူထောင် အကောင်အထည် ဖော်လာခဲ့စဉ်မှအစ ထားဝယ်သမဂ္ဂအသင်းတံဆိပ်တစ်ခုကိုလည်း အတည်ပြုပြဋ္ဌာန်းခဲ့ပေသည်။ ထိုကဲ့သို့ပမာ အဝိုင်းပုံသဏ္ဌာန် အခြေခံဖြစ်သော်လည်း အဝိုင်း၏အပြင်ဘက် လက်ဝဲ၊ လက်ျာတစ်ဖက်တစ်ချက်တွင် သပြေခက်နှစ်ခုကို ရံထားပေသည်။ အပေါ်ဘက်နှင့်အောက်ဘက်ပိုင်းတွင် ဖဲပြားအတွန့်ပုံသဏ္ဌာန်ဖော်ထားပြီး၊ အပေါ်ဖဲပြား တွင် "ရန်ကုန်မြို့" ဟူသော စာတမ်းပါရှိလျက်၊ အောက်ဘက်ဖဲပြားတွင် **(RANGOON)** ဟူသော အင်္ဂလိပ်ဘာသာဖြင့် ရေးသားပါရှိသည်။

အတွင်းစက်ဝိုင်းတွင် အလယ်ဗဟို၌ ဟင်္သာပုံပါရှိပြီး Estd.1921 (၁၉၂၁-ခုနှစ် တည်ထောင်သည်) ဆိုသည့် အင်္ဂလိပ်လို အတိုကောက်ရေးသားပါရှိသည်။ ဟင်္သာရုပ်၏ ပတ်လည်နှစ်ထပ်စက်ဝိုင်းအတွင်း၊ အပေါ်ပိုင်း၌ "ထားဝယ်သမဂ္ဂအသင်း" ဟူသော မြန်မာဘာသာဖြင့် စာတမ်းပါရှိ၏။ ၄င်းအောက်ပိုင်း၌ " TAVOY UNION ASSOCIATION " ဆိုသည့် အင်္ဂလိပ်စာတမ်းပါရှိလေသည်။ ဤတံဆိပ်ကို စစ်မဖြစ်မီကာလ တချို့လုံးတွင် အသုံးပြုခဲ့လေသည်။

ဒုတိယတံဆိပ်

ဒုတိယကမ္ဘာစစ်ကြီး ပြီးသည့်ကာလပိုင်းတွင် ထားဝယ်သမဂ္ဂအသင်း၏ တံဆိပ်ပုံသဏ္ဌာန်ကို ပြောင်းလဲအသုံးပြုလာခဲ့ပြန်သည်။ ၁၉၄၉-ခု၊ (၂-၁-၄၉)နေ့တွင်ကျင်းပသည့် အကြိမ်(၂၀)မြောက် ထားဝယ်သမဂ္ဂနှစ်လည်စည်းဝေးကြီး၏ ဆုံးဖြတ်ချက်အရ ဤတံဆိပ်ပုံစံကို အများသဘောတူ ရွေးချယ်သတ်မှတ်ခဲ့ခြင်းဖြစ်လေသည်။

ပုံသဏ္ဌာန်မှာ အဝိုင်းပုံသဏ္ဌာန်၊ မူရင်းအခြေခံပင်ဖြစ်သည်။ "ထားဝယ်သမဂ္ဂ"ဟူသော ကမ္ဘည်းစာတမ်းကို စက်ဝိုင်း၏ အောက်ပိုင်းတွင် ကန့်လန့်ဖြတ် ဖော်ထားပြီး၊ စက်ဝိုင်းကို သံကြိုးဖြင့် ဝိုင်းရံထားသောပုံဖြစ်သည်။ သံကြိုးပေါ်တွင် "သ" အက္ခရာ သုံးလုံးကိုလည်း ထည့်သွင်းပုံဖော်ထားသော တံဆိပ်ဖြစ်၏။ စက်ဝိုင်းအတွင်း၌ ထားဝယ်ခရိုင်၊ ထားဝယ်ဒေသ မြေပုံကို ဖော်ပြထား၏။

အရှောင်မှာ ထားဝယ်ခရိုင်အပါအဝင် ကုန်းပိုင်းမြေပုံနှင့် "သ" အက္ခရာစာလုံး သုံးလုံးအပြင်၊ ထားဝယ်သမဂ္ဂဟူသော စာလုံးပါ ရွေဝါရောင်(အဝါ) ခြယ်ထားသည်။ ပင်လယ်ပြင်ကို အပြာရောင်ဖြင့်လည်းကောင်း၊ ကဗျည်းစာလုံးများ၏ နောက်ခံကို အနီရောင်ဖြင့်လည်းကောင်း ခြယ်ထား၏။

တံဆိပ်၏ အဓိပ္ပါယ်

ထားဝယ်သမဂ္ဂသည်၊ ထားဝယ်ဒေသတစ်ခုလုံးနှင့်တကွ၊ ထားဝယ်ဧာတိ၊ ထားဝယ်မျိုးနွယ်မှန်သမျှတို့ ထားဝယ်ဧာတိဂုဏ်ဖြစ်သော သစ္စာ၊ သတ္တိ၊ သမာဓိ၊ တရားသုံးပါးဖြင့် အခိုင်အမာစောင့်ရှောက် ကာကွယ်ရန်အတွက် ဖွဲ့စည်းတည်ထောင်ထားသော, အသင်းဖြစ်ကြောင်းကို ပြဆို၍၊ ထားဝယ်သူ ထားဝယ်သားတိုင်း သစ္စာ၊ သတ္တိ၊ သမာဓိ၊ မြဲစေရန် (ဝါ) "သ"သုံး လုံးကျစေရန် သတိပေးသည့် အထိမ်းအမှတ်ဖြစ်သည်ဟု ဖော်ပြသည်။

ထားဝယ်ဒေသမြေပုံမှာ ထားဝယ်ဒေသနှင့်တကွ ထားဝယ်ဧာတိ၊ ထားဝယ်မျိုးနွယ်အားလုံးကို ဆိုလိုသည်ဟု ဖော်ပြသည်။

သံကြိုးတွင်ပါရှိသည် "သ"အက္ခရာသုံးလုံးမှာ၊ သစ္စာ၊ သတ္တိနှင့် သမာဓိ၊ တရားသုံးပါးဖြစ်၍၊ သံကြိုးမှာ နိုင်ခံ့ခြင်း၏သဘောကိုပြသည်။ သ-အက္ခရာမှာ သုံးလုံးပါရှိသဖြင့် တြိုင်းကျသည်။ တဖန် "သ"မှာ သချိုင်္ကအလိုအရ၊ ၆-ဖြစ်၍ ၆- သုံးလိဆိုသော် ၁၈ ရသဖြင့် ၁+၈ အပေါင်း ၉ ရသဖြင့် နဝင်းလည်းကျေသည်ဟု ဖွင့်ဆို၏။

အရောင်နှင့်ပတ်သက်၍၊ အပြာရောင်မှာ မှန်ကန်ခြင်း သစ္စာကိုလည်းကောင်း၊ အနီရောင်မှာ ရဲစွမ်းခြင်းသတ္တိကိုလည်း ကောင်း၊ အဝါရောင်မှာ တည်ကြည်ခြင်း သမာဓိကိုလည်းကောင်း အဓိပ္ပါယ်ပေးသည်။ ထိုအပြင် အပြာ၊ အနီ၊ အဝါ၊ သုံး ရောင်မှာ အနုပညာ၊ ပန်းချီအလိုအရ အရောင်းခံမူလ အရောင်သုံးမျိုးဖြစ်သည်။ သစ္စာ၊ သတ္တိ၊ သမာဓိဟုဆိုအပ် သော် တရားသုံးပါး မှာ ထားဝယ်ဧကတိဂုဏ်ဖြစ်သည့် အရင်းခံတရားသုံးပါးဖြစ်ခြင်းကို ထင်ရှားစေသည်ဟု ဖော်ညွှန်းထားလေသည်။

အသင်း၏ဆောင်ပုဒ်

အသင်း၏ဆောင်ပုဒ်မှာ " သ-သုံးလုံးကျေ ထားဝယ်အမွေ" ဖြစ်သည်။

ထားဝယ်သမဂ္ဂတံဆိပ်နှင့် ပတ်သက်၍ အသင်း၏စည်းမျဉ်းဥပဒေစာအုပ်များ၌ ဤကဲ့သို့ပင် ခံယူချက်များ ဖော်ညွှန်းဖွင့်ဆိုထားသည်ကိုတွေ့ရ၏။ (၁၉၄၉၊ ၁၉၇၇ နှင့် ၁၉၈၄-ခုနှစ် ထားဝယ်သမဂ္ဂစည်းမျဉ်း ဥပဒေစာအုပ်များ)။ ထားဝယ်သမဂ္ဂ၏ တံဆိပ်ပုံများကို ပုံတွင်ရှုပါ။

အခန်း(၃)

ထားဝယ်သမဂ္ဂပြန်လည်လှုပ်ရှားရန် ကြိုးပမ်းမှု

ထားဝယ်လူငယ်များပါဝင်လှုပ်ရှားခြင်း

ထားဝယ်သူ ထားဝယ်သားများ နာရေးကိစ္စများ၌ ထားဝယ်သမဂ္ဂသည် လစ်ဟင်းမှုမရှိခဲ့။ ပန်းခွေပေးပို့ခြင်း၊ ဘတ်(စ်)ကားတစ်စီးကူညီပြီး၊ နာရေးထောက်ပံ့ငွေအဖြစ် ငွေ၃၀-ကျပ် ကူညီမှုများကား မပျက်ကွက်ခဲ့ပေ။ ထို့အပြင် ထားဝယ်လူငယ်များသည် ထားဝယ်သမဂ္ဂ အသင်းကြီးနှင့် အဆက်အသွယ်မရှိသေးသည့် အချိန်ကာလအတွင်း၊ ရန်ကုန်တွင် ရှိကြသော ထားဝယ်သူ ထားဝယ်သားများ နာရေးကိစ္စများ ပေါ်ပေါက်ခဲ့သော်၊ လက်လှမ်းမီရာဌာန အသီးသီးတွင် ထာဝန်ထမ်းဆောင်နေကြသည့် ထားဝယ်သားလူငယ်အချို့က ဦးဆောင်၍ တတ်အားသမျှ ငွေကြေးစုဆောင်း ကောက်ခံကြပြီး၊ နာရေးကိစ္စရပ်များကို ပံ့ပိုးကူညီကြသည်။ မော်တော်ယာဉ်ငှါးရမ်းကူညီခြင်း၊ ပန်းခွေပို့ခြင်း၊ ယပ်တောင်များ အလှူပါဝင်ခြင်းနှင့် တတ်နိုင်သမျှလှူစု၍၊ စည်းကားသိုက်မြိုက်စွာ ကူညီပို့ဆောင်ခြင်းများကို ဆောင်ရွက်ကြလေသည်။ ပန်းခွေတွင်လည်း ထားဝယ်လူငယ်များဟူ၍ စာတမ်းရေးထိုးတတ်ကြောင်းသိရလေသည်။

ထို့အပြင် ၎င်းထားဝယ်သားလူငယ်များ စိတ်အားထက်သန်စွာဖြင့်၊ ပိမိုကို့ထားဝယ်သူ၊ထားဝယ်သားများ၏ လူမှုရေးကိစ္စအဝဝကို ဆောင်ရွက်လိုစိတ်များ ရှိနေကြကြောင်းကို ထားဝယ်သမဂ္ဂ ဥက္ကဋ္ဌ ဦးတင်နှင့် အမှုဆောင်များက သိရှိလာကြလေသည်။ သို့ရာကွင် အချိန်အခါ မပေးသေးသဖြင့် ၎င်းကိစ္စကိုချက်ခြင်း မဆောင်ရွက်ပေးနိုင်ခဲ့ပေ။

ထားဝယ်လူငယ်များကလည်း၊ ၎င်းတို့အပေါ် ခေါင်းဆောင်မှုပေးနိုင်မည့် ထားဝယ်လူကြီးပိုင်းမှ ပုဂ္ဂိုလ်တစ်ဦးကို ရှာဖွေနေကြသောကာလဖြစ်သည်။ အထူးသဖြင့် ထားဝယ်သမဂ္ဂအသင်းမှ ဦးဆောင်ပေးနိုင်ရန် မျှော်လင့်တောင့်တနေကြသည့် အချိန်ကာလတည်း။

အသင်းတိုက်အောက်ထပ် အခန်းငှားကိစ္စ။

အသင်းတိုက်အောက်ထပ်ကို အသင်းရန်ပုံငွေရရှိမှုအတွက် အခန်းငှားချထားခဲ့ရာမှ၊ အိမ်လခ မပေးဆောင်မှုကြောင့် အိမ်ရှင်အိမ်ငှား ပြဿနာတစ်ခု ပေါက်ဖွားလာခဲ့ပြီး၊ ခါးသည်းသော အတွေ့အကြုံသခ်ိမ်းစာ တစ်ခုကိုအသင်းမှ ရရှိခဲ့ကြောင်း အနည်းငယ်ဖော်ပြလိုပေသည်။

ထားဝယ်သမဂ္ဂအသင်းတိုက် အသစ်ကို ၁၉၅၅-ခုနှစ်တွင် ပြန်လည်တည်ဆောက်ပြီးစီးသည့်အခါ၊ အသင်းလည်း ရန်ပုံငွေရရှိစေရန် အမှုဆောင်များ သဘောတူဆုံးဖြတ်ချက်ဖြင့် ဦးဟာရှင်ဆိုသူအား မအူပင်ထရေးဒင်း ကုမ္ပဏီဆိုင် ခန်းဖွင့်လှစ်နိုင်ရန် အတွက် အိမ်လခ တစ်လ၁၀-ကျပ်နှုန်းနှင့် ငှားရမ်းခဲ့လေသည်။ အိမ်ငှားဦးစား ရလိုသဖြင့် ဦးဟာရှင်က အသင်းရန်ပုံငွေအတွက် အလှူငွေ ၁၀၀၀၀-ကျပ်(တစ်သောင်းကျပ်)ကို တစ်နှစ်အတွင်း သုံးရစ်ကျ၊ ပေးဆပ်ရန် ဂတိကဝတ်ပြုခါ၊ ပထမအရစ်ငွေပေးပြီး နောက်အိမ်ခန်းကို ရယူနေထိုင်ခဲ့ကြလေသည်။ ငှားရမ်းပြီးစ လများတွင် အိမ်လခကို၊ မှန်မှန်ပေးဆောင်ခဲ့သော်လည်း၊ ပေးရန်ကျန်ရှိသည့် ဒုတိယအရစ် ကျသင့်ငွေကို ပေးချေခြင်း မပြုခဲ့ပေ။ အသင်းမှ လက်ခံရရှိခဲ့ခြင်းမရှိပေ။ တတိယအရစ် ငွေကိုလည်း မပေးပဲ၊ ပျက်ကွက်ခဲ့လေ သည်။

အိမ်လခပေးခြင်း ပျက်ကွက်မှု၊ နောက်ကျမှုများမှာ ယခင်ကာလများ၌လည်း ရှိခဲ့ဖူးသည်။ ထိုအချိန်က အိမ်လခ ကြွေးကျန်ကိစ္စများရှိလျှင် တောင်းခံရန်အတွက် အမှုဆောင်လူကြီး တစ်ဦးစီကို ရွေးချယ်တာဝန်ပေးလေ့ရှိ၏။ သို့ရာတွင် ၁၉၅၄-ခုနှစ်ပိုင်းလောက်တွင်မူ အိမ်လခကြွေးကြပ်ရန်နှင့် ကြွေးကျန်ကိစ္စအဝဝကို ဆောင်ရွက်ရန်အဖွဲ့ ဝ စ်ခုကိုဖွဲ့ခဲ့သည်ကို တွေ့ရ၏။ အိမ်လခ ကြွေးကြပ်ရေးအဖွဲ့ငယ် ဟုခေါ်သည်။ ဤအဖွဲ့ငယ်တွင် ဦးမောင်မောင်၊ ဦးဖေလှိုင်၊ ဦးလူကြီး(၂)၊ ဦးအေးကြွယ်နှင့် ဦးဘကျော့တို့အား ဆောင်ရွက်ရန် တာဝန်ပေးအပ်ခဲ့ဖူးသည်ကို တွေ့ရသည်။ (၅-၄-၁၉၅၄ စည်းဝေးမှတ်တမ်းစာ-၂)။ သို့ရာတွင် အိမ်လခကြွေးမြီကိစ္စနှင့် ပတ်သက်၍ အိမ်ငှါးက အသင်းကို အိမ်လခ မပေးဆောင်ပဲ၊ ပြောင်ပြောင်တင်းတင်း ရင်ဆိုင်သူမျိုး မရှိခဲ့ဘူးပေ။

ပေးဆပ်ရန်ရှိသည့် ငွေများကို မပေးဆောင်သည့် ကိစ္စနှင့်ပတ်သက်၍၊ (၂၉-၈-

၁၉၆၄)တွင် အသင်းမှ ဦးဟာရှင်အား ခေါ်ယူဆွေးနွေးပြီး အရစ်ကျ ပေးသွင်းရန် မေတ္တာ ရပ်ခံခဲ့လေသည်။ (၁၉၆၄ ဩဂုတ်လစည်းဝေးမှတ်တမ်း)။ သို့ရာတွင် ဦးဟာရှင်သည် ဂတိပြုထားသည့် အရစ်ကျငွေကို မပေးသွင်းနိုင်ခဲ့ပေ။ အိမ်လခများ အချိန်မှီ ပေးသွင်းမှုလည်း တစ်စတစ်စ လစ်ဟင်းလာခဲ့ လေသည်။ အကြိမ်ကြိမ်တောင်းနိုင်လွန်းမှ ၂လစာမျှသာအသင်းမှ လက်ခံရရှိလေသည်။ ၁၉၆၅- ၁၉၆၆နှင့် ၁၉၆၇ခုနှစ်တို့ အတွက်လည်း အိမ်လခ မရရှိခဲ့ပေ။ ၁၉၆၉-ခုနှစ်တွင် ရံဖန်ရံခါပေးခဲ့ပြီး ၁၉၇၀-ခုနှစ် နောက်ပိုင်းတွင် လုံးဝပေးသွင်းခြင်း မပြုတော့ပေ။

အဲသင်းသည်၊ တစ်ဖက်တစ်လမ်း အသင်းအတွက် ရန်ပုံငွေ ရရှိရန်မျှသာ ရည်ရွယ် ၍ အသင်းပိုင် တိုက်ခန်းကို ငှားရမ်းခြင်းဖြစ်သည်၊ အိမ်လခမှာလည်း အောက်ထပ်တစ် ထပ်လုံးအတွက် ထိုအချိန်ကာလ နှုန်းထားနှင့်ဆိုလျှင် အလွန်သင့်မြတ်၊ သက်သာသော နှုန်းထားပင်ဖြစ်သည်။

အိမ်ငှားအနေဖြင့် အခန်းကို ငှားရမ်းခွင့် ရရှိရေးအတွက်၊ ဂတိကဝတ် ပြုခဲ့သည်။ အသင်းရန်ပုံငွေအတွက် တစ်သောင်းတိတိ အရစ်ကျထည့်လူပါမည်ဟု ကတိပြုထားသော ငွေကို ထားဘိဦး၊ ပုံမှန်အခန်းလခကိုပင် နှစ်လုံးပေါက် တစ်နှစ်ပြီးတစ်နှစ် မပေးဆပ်ပဲ နေထိုင်လာခဲ့ခြင်းကို တွေ့ကြုံလာခဲ့ရပေသည်။ အိမ်ရှင်အိမ်ငှား ဥပဒေအရ အလွယ်တကူ ဆွဲချ၍မဖြစ်၊ အသင်းအနေဖြင့် တရားတဘောင်ပြုရန်လည်း ဝန်လေးနေခဲ့သည်။

ဤကားအသင်းတိုက်၏ အောက်ထပ်ခန်းကိုငှားရမ်းမှု ပြုခဲ့ရာမှ၊ ရင်ဆိုင်ခဲ့ရသည့် ခါးသီးသည့် အတွေ့အကြုံတစ်ခု ဖြစ်ခဲ့ရလေသည်။ အိမ်ခန်းပြန်ရရေး အတွက်မည်မျှ၊ အဆင့်ဆင့် ကြိုးပမ်းရပုံကိုလည်း နောက်ပိုင်းကာလ ကဏ္ဍများတွင် ဆက်လက်ဖော်ပြပါမည်။

အသင်းတိုက်အိမ်ခန်းငှားအကြေးကျန်ကိစ္စ။

မျက်ခြေပြတ်မှု မရှိစေရန် အသင်းတိုက်၏အောက်ထပ်၊ အိမ့်ရှင်အိမ်ငှားပြဿနာကို ဆက်၍ ဖော်ပြဖို့လိုပေသည်။ (၇-၁၁-၇၁)တွင် စတင်တာဝန်လွှဲပြောင်း လက်ခံ၍ ဆောင်ရွက်လာခဲ့ရသည့်၊ ဦးတင်ထွန်း၊ ဦးစောမောင်တို့ အမှုဆောင်အဖွဲ့ လက်ထက်ကာလ တည်း။ အမှုဆောင်အဖွဲ့မှ ၁၉၇၂-ခု၊ ဇူလိုင်လတွင် အိမ်ခန်းငှားဖြစ်သူ ဦးဟာရှင်ကိုယ်စား

၎င်း၏သားဖြစ်သူ- ဦးအောင်ထွန်းအား ခေါ်ယူတွေ့ဆုံဆွေးနွေးကာ၊ ကျန်ရှိသည့်အ ကြွေးငွေများကို ရှင်းလင်းပေးဆပ်ရန် မေတ္တာရပ်ခံခဲ့ပြန်သည်။ ထူးခြားမှုကားမရှိပေ။

အိမ်လခအကြွေးကိုလည်း ပြေလည်အောင်မပေးဆပ်နိုင်သည့်အပြင်၊ မိမိငှားရမ်းနေထိုင်သည့် အသင်းတိုက်အောက်ထပ်အခန်း၏တစ်ဝက်ကို သီးခြားကာရံလျက် အခန်းဖွဲ့ပြီး၊ တစ် ခြားစီးပွားရေး သမားတစ်ဦးအား တဆင့်အငှားချထားခြင်းဖြစ်သည်။ အသင်းမှဟန့်တား သည်ကိုလည်း မနာခံခဲ့ပေ။ တစ်ဆင့်ငှားသည့် အိမ်ခန်းငှာထံမှ စဘော်ငွေ (၁၀၅၀၀)ကျပ် ကိုပင် ကြိုတင်တောင်းယူလိုက်ပြီး၊ တစ်လ(၅၀)နှုန်းဖြင့် တစ်ဆင့်ငှားစားခဲ့ခြင်းဖြစ်သည်။ အသင်း သို့ပေးရန်ရှိသည့် အကြွေးများကိုမူ တစ်ပြားတစ်ချပ်မျှမပေးဆပ်ခဲ့ပေ။

တရားစွဲဆိုခြင်း

ဤဖြစ်ရပ်ကြောင့် တရားဥပဒေအရ အရေးယူရန် (၃-၈-၇၂)နေ့တွင် တရားစွဲဆို မည်ဟု နို့တစ်စာပေးခဲ့လေသည်။ ဤသည်ကိုလည်းအခန်းငှားက မသိကျိုးနွံပြု၍သာနေ လေသည်။ အကြောင်းကြောင်းကိုထောက်၍ နောက်တစ်နှစ်ခန့်ကြာမှ၊ လမ်းမတော်မြို့နယ် တရားရုံးသို့၊ တရားမကြောင်းအရ အသင်းမှလျှောက်ထားတရားစွဲဆိုခဲ့လေသည်။ အမှုအမှတ် (၂၀/၇၄)ဖြစ်၏။ အသင်းကတရားလိုပြုကာ မြို့ပြဆိုင်ရာငှားရမ်းခ ကြီးကြပ် ရေးအက်ဥပဒေပုဒ်မ ၁၂-၁(က)နှင့် ၁၄-၁(ဂ)အရ အိမ်လခမပေးဆပ်၍ အိမ်နှင်လိုမှုနှင့် မိမိအိမ်ကို မိမိကိုယ်တိုင်အသုံးချလိုမှုအတွက် အကြောင်းပြတရားစွဲဆိုခဲ့ရလေသည်။ ဤတရားစွဲဆိုမှု နှင့်ပတ်သက်၍ ပြည့်စုံအောင်ထပ်မံရေးသားချက်များကို နောက်ဆက်တွဲ( ) တွင်ရှုပါ။

အခန်းကိစ္စတရားစွဲဆိုရခြင်း

အသင်းတိုက်အခန်းငှါးကိစ္စကို ပြည့်စုံအောင် အနည်းငယ်ဆက်၍ဖော်ပြပါမည်။ အသင်းတိုက်အောက်ထပ်ကို ငှါးရမ်းအသုံးပြုပြီး နှစ်လရှည်ကြာစွာ၊ အိမ်လခမှန်မှန်မပေး သဖြင့် အသင်းမှမနေသာတော့ပဲ တရားစွဲဆိုခဲ့ရခြင်းကို ဖော်ပြခဲ့ပြီ။

ထိုစဉ်ကတရားပြိုင်မှာ- ဦးဟာရှင်မဟုတ်။ ၎င်း၏ကိုယ်စား၊ သားဖြစ်သူ-ဦးအောင် ထွန်းက(ကျိုအေပိ) အထွေထွေ ကျင်နရယ်ပါဝါ၊ လုပ်ပိုင်ခွင့်လွှဲပြောင်းယူပြီး တရားဆိုင်ခဲ့

လေသည်။ အမှု၏တရားလိုမှာ အသင်းဥက္ကဋ္ဌ-ဦးတင်ထွန်းဖြစ်၍၊ တရားပြိုင်မှာဦးအောင်ထွန်းဖြစ်သည်။

ဤအမှုမှာ စိတ်ဝင်စားဘွယ်ကောင်းလှသည်။ ထားဝယ်သမဂ္ဂအသင်းအနေဖြင့်လည်း၊ မည်မျှခက်ခဲစွာဖြေရှင်းခဲ့ရသည်ကို၊ ကောင်းစွာသိရှိနိုင်ရန် (ရှင်းလင်းတန်သင်္ကေတ်) ရှင်းလင်းဖော်ပြသင့်သည်ဖြစ်၍ တင်ပြလိုက်ရပေသည်။ အထက်ဖော်ပြခဲ့သည့်တရားစွဲဆိုမှုတွင် အသင်းကအမှုနိုင်ခဲ့သည်။ စီရင်ချက်၌ ၁၄-၁(ဂ) ကိုပလပ်၍၊ ပုဒ်မ ၁၂-၁(က) အရကိုသာ (၂-၈- ၇၅ နေ့တွင်တရားလိုအား အနိုင်ဒီကရီချမှတ်ပေးခဲ့ခြင်းဖြစ်သည် (၂၁-၉-၁၉၇၅ စည်းဝေးမှတ်တမ်း) သို့ရာတွင် တရားပြိုင်က ပုဒ်မ ၁၅-(၁) အရအကြွေးပြန်လည်၍ ပေးဆပ်ခွင့် လျှောက်ထားသောကြောင့်၊ တရားရုံးတော်မှ ခွင့်ပြုလိုက်သဖြင့်၊ အမှုကိုဆက်မသွားနိုင်ပဲ ရပ်ဆိုင်းခဲ့အချိန်ကြာခဲ့ပြန်သည်။

အချိန်ကြာလွန်းလှသည့်အမှု

ထိုနောက်ပိုင်းတွင် အသင်းဥက္ကဋ္ဌနှင့် အမှုဆောင်များလည်း အပြောင်းအလဲရှိလာသဖြင့် တရားလို အပြောင်းအလဲဖြစ်ကာ၊ အသင်းမှ တရားမရုံး တိုင်းအမှတ်(၂)တွင် တစ်လှည့်၊ အယူခံဝင်ခဲ့ရလေသည်။ ဤသို့ဖြင့် အချိန်ကြာခဲ့ရပြန်၏။ နောက်တဖန်၊ အမှုဆောင်သစ်များ ရောက်လာသည့်အခါ၊ မူလတရားလိုအဖြစ် ဆောင်ရွက်ခဲ့သူ-ဦးတင်ထွန်းအား တရားလိုအနေဖြင့် ဆက်လက်၍အသင်းကိုယ်စားဆောင်ရွက်ပေးရန် အသင်း၏မေတ္တာရပ်ခံတာဝန်ပေးချက်အရ ဦးတင်ထွန်းကပင် ပြန်၍တရားလိုအဖြစ်နှင့် လက်ခံဆောင်ရွက်ပေးခဲ့သည်။ အမှု၏နောက်ဆုံးအခြေအနေကိုလည်း ပြန်၍သုံးသပ် လေ့လာမှုပြုရလေသည်။

ဤသို့အမှုကို သေချာစွာထပ်မံ လေ့လာစူးစမ်းသည့်အခါတွင်၊ ဦးအောင်ထွန်းသည် အိမ်လခကြေး ပေးဆပ်သည်ဆိုရာ၌ ဥပဒေအတိုင်း၊ ဟုတ်ပဲ၊ ဖောက်ဖျက်ထားချက်ရှိနေကြောင့်း၊ ကံ့ကောင်းထောက်မစွာ တွေ့ရလေသည်။ သို့ဖြစ်၍၊ ဥပဒေကိုဖောက်ဖျက်သည့် ဤ(ဒီဖောလ်) (default)အချက်ကို အဓိကထား၍၊ တိုင်းရုံးအမှတ် (၂)မှာအယူခံ ပြန်ဖွင့်ရပြန်သည်။ အလွန်မျှော်လင့်စရာ ရှိလာခဲ့ပြန်သည်၊ သို့ရာတွင် ဒီဖောလ်ဆိုသည်မှာ ကြီးလေးသည့်ပြစ်ချက်ဟု မယူဆပဲ၊ ဥပဒေနားမလည်၊ ပေါ့လျော့ခြင်းမျှသာဟု ကောက်ချက်ချကာ၊ ကျူးလွန်သူအား လေးနက်စွာသတိပေးရုံမျှသာ အပြစ်ဆို၍တရားလို၏အမှုကို

(၁၅-၈-၇၅) နေ့တွင် ပလပ်လိုက်သည်။ သို့ဖြစ်၍ တရားမအမှုသဘော ထုံးစံအတိုင်း၊ အပြန်ပြန်အလှန်လှန် ရုံးပြောင်းရုံးလွဲ ကြားနာလျှောက်လဲရင်းနှင့်ပင် အချိန်မှာ(၂)နှစ် (၃) နှစ်မက ကြာညောင်းလာခဲ့ပေသည်။

ဤအမှုကို ကနဦးမှစ၍ ပြီးပြတ်သည်အထိ၊ ဖိဖိစီးစီးကြိုးစားဆောင်ရွက်ပေးခဲ့သူ-ဦးတင်ထွန်းက ဤအမှု၏အသေးစိပ် ကိုဖော်မပြောလိုတော့ပါ။ သို့ရာတွင်အလွန် စိတ်ဝင်စားစရာကောင်းသည့် အချက်အလက်တွေ အများကြီး ရှိခဲ့သည်ဟု ပြောပြခဲ့ဘူးသည်။ ထူးခြားသည့် အချက်တစ်ခုမှာ အိမ်ခန်းနှင့်ဒီကရီရ၍၊ ဇာရီအမှုလည်း၊ အနိုင်ရခဲ့သော်လည်း အိမ်ငှားကအိမ်ပေါ်မှ မဆင်းသဖြင့်၊ အိမ်ငှား၏ အိမ်ထောင်ပရိဘောဂပစ္စည်းများကို အိမ်ပြင်သို့ဆွဲထုတ်ကာ၊ တစ်ဝက်တစ်ပျက်အရောက် (နောက်နာရီခန့်မျှအတွင်း ပစ္စည်းများကုန်၍ အိမ်တံခါးကို သော့ခတ်နိုင်မည့်ဆဲဆဲတွင်) တိုင်းရုံးမှ တာဝန်ရှိမ်းရောက်လာ၍၊ နှင်ထုတ်ဆွဲချမှု လုပ်ငန်းရပ်ဆိုင်း သွားရကြောင်းကိုမူကား၊ ဦးတင်ထွန်းက အတွေ့အကြုံကို ပြောပြသည်။

အကြိမ်ကြိမ်နိုင်သော်လည်း အမှုမပြီးပြတ်

ဤအမှုတွင်၊ တရားရုံးသူဘက်မှ၊ မီးကုန်ယမ်းကုန်၊ ရေမြေဆုံးအောင်လိုက်၍ ကြိုးစားခဲ့သည်။ သို့ရာတွင် တရားရုံးဟူသမျှတွင် တရားဆိုင်ရာ အသင်းဘက်မှတရားဥပဒေဘစ်ခုကိုသာအားကိုး၍၊ တတ်အားသမျှ အစွမ်းကုန်ဖြေရှင်း ချေပနိုင်ခဲ့ပေသည်။ အမှုအစအဆုံးမှာ ဒီ၊ နယ်ရုံးအပြင်၊ တိုင်းရုံး(၄)ခါပြန်၊ ဗဟိုရုံးမှ (၃)ခါပြန်၊ စောဒက(၁)ခါပြန်၊ နောက်ဆုံးနိုင်ငံတော် ကောင်စီရုံးမှာတစ်ခါပြန်၊ စသဖြင့်အကြိမ်ကြိမ် အမှုဆိုင် ခဲ့ရသည်။ အမှုတိုင်း၊ ရှုံးတိုင်း၌၊ နောက်ဆုံးအခြေအနေတွင် အသင်းမှအနိုင်ရခဲ့သည်ချည်း ဖြစ်၏။

နောက်ဆုံးတွင် တရားရှုံးသူသည် နိုင်ငံတော်ကောင်စီရုံးသို့ အခြေခံဥပဒေပုဒ်မ-၇(ဌ)အရ၊ သနားခံစာ "စတေး" (stay) ဆိုင်းငံ့ခြင်း ရယူရန်ကြိုးစား၏။ နိုင်ငံတော်ကောင်စီရုံးက အမှုတွဲခေါ်ယူစစ်ဆေးသည်။ အချိန်အားဖြင့်(၁၀)လ ကျော်ကြာခဲ့လေသည်။ ဖြေကား၊ အောက်ရုံးတို့၏ဆုံးဖြတ်ချက် မှန်သမျှသည် ဥပဒေနှင့်မဆန့်ကျင်သဖြင့်၊ မူလဇာရီအမှု ဆုံးဖြတ်ချက်ကိုပင် အတည်ပြုသည်။ အသင်းဘက်မှပြန်လည် ချေပရန် အခွင့်အရေး

ပင် မရနိုင်တော့ပေ။ သို့ရာတွင် နိုင်ငံတော်ကောင်စီရုံးမှအဖြစ်မှန်ကိုသိရှိရန်သွယ်ဝိုက်သော နည်းလမ်းသစ်ရှာ၍ တင်ပြရပြန်သည်။ တရားဥပဒေကြောင်းအရ နည်းလမ်းကျသဖြင့်၊ နောက်ဆုံးအောင်မြင်ခဲ့ပေသည်။

(၁၄)နှစ်ကြာနေသည့် အမှုကြီးပြီးဆုံးအနိုင်ရခြင်း

နောက်ဆုံးအဆင့် အနိုင်ရပြီးစေကာမူ၊ တိုင်းမှကျလာသည့် တားဝရမ်းကိုချေဖျက်ရန်ကြိုးစားရ၏။ တိုင်းရုံးမှ ကင်းလွတ်လျှင် မြို့နယ်ရုံးသို့ပြန်ဆင်းပြီးမှ အိမ်နှင်ဝရမ်းကို မြို့နယ်ရုံးမှ ထုတ်ပေးခဲ့လေသည်။ ဆင်ပြောင်ကြီးအမြီးကျမှ တစ်ဆိုသလို၊ ဗဟိုရုံးမှ ဆိုင်းငံ့မိန့်ထုတ်ပြန် လိုက်ပြန်သဖြင့်၊ ကသီကအောင့် ဖြစ်ရပြန်သည်။ အသင်းမှလည်း စိတ်မရှည်နိုင်တော့သဖြင့်၊ နိုင်ငံတော်ကောင်စီရုံးသို့ တိုင်စာပို့မည့်ဆဲဆဲတွင်မှ မှားယွင်းမှုဖြစ်ကြောင်းနှင့် ပြန်ရုပ်သိမ်းသွား၏။ နောက်တစ်ပတ်ကြာ အချိန်လောက်တွင် မြို့နယ်ရုံးမှ မူလစာရိုက်ကိုချောမောစွာ အမိန့်ချမှတ်ပေးနိုင်ခဲ့လေသည်။ ထိုအခါကျမှ ပင် တရားရုံးသူသည်၊ ၎င်း၏အလိုအလျောက် အသင်းတိုက်အောက်ခန်းမှ ၂၂-၇-၁၉၇၆ တွင်ထွက်ခွာပြောင်းရွှေ့သွားလေသည်။ အမှုမှာပြီးပြတ်သည့် အချိန်အထိ(၁၄)နှစ်မျှ ကြာညောင်းခဲ့လေသည်။

မြို့နယ်တရားရုံးမှ ဆုံးဖြတ်ချက်ဖြင့်စီရင်ချက်ချ အနိုင်ရပြီးကာမှ၊ ရုံးပေါင်းအဆင့်ဆင့် အကြိမ်ကြိမ်အခါခါ၊ အပြန်ပြန် အလှန်လှန်(၁၄)နှစ် ကာလမျှခေါက်တုံ့ လူးလာကြာမြင့်ခဲ့ပြီး နောက်ဆုံး မြို့နယ်တရားရုံးသို့ ပြန်ကျလာကာ၊ မူလဆုံးဖြတ်ချက်အတိုင်း ပင်ဆုံးဖြတ် အနိုင်ပေးလိုက်သည့်အမှုတည်း။

ဥက္ကဋ္ဌ- ဦးတင်ထွန်း ဦးစီးဆောင်ရွက်သည့် ဤအမှုတွင် ထားဝယ်သမဂ္ဂအသင်းဘက်မှ ဥပဒေလမ်းကြောင်း မှန်ကန်စွာဦးတည်သည်၊ အမှုကိုင်တွယ်သုံးသပ်ရာ၌လည်း ကျွမ်းကျင်လိမ်မာမှုရှိသည်။ စိတ်အားထက်သန်စွာဖြင့် စိတ်မပျက်ပဲ၊ အကြိမ်ကြိမ်အဖန်ဖန် ကြိုးစားလျက်၊ အဖက်ဖက်ကိုရင်ဆိုင်၍ ရပ်တည်ခဲ့ရာ ၁၉၈၆ ခုနှစ်တွင် အောင်မြင်မှုရရှိခဲ့ခြင်းဖြစ်သည်။

လူငယ်များတက်တက်ကြွကြွ ဖြစ်လာကြခြင်း

ထားဝယ်သမဂ္ဂအသင်းကြီးသည် ခါတိုင်းဆောင်ရွက်နေကြဖြစ်သည့်၊ လူမှုရေးကိစ္စ၊ ဘာသာရေးကိစ္စများကို ဆောင်ရွက်လုပ်ရှားမှု တုံ့ဆိုင်းလျက်ရှိနေသည့် အချိန်ကာလပိုင်း ဖြစ်ကြောင်းကို ဖော်ပြခဲ့ပြီ။ အသင်းကြီး၏ လုံခြုံရေးနှင့်တကွ လိုအပ်သောကိစ္စအရပ်ရပ်တို့ကိုမူကား၊ ထားဝယ်သမဂ္ဂဥက္ကဋ္ဌ၊ ဦးမောင်မောင်၊ ဦးတင်နှင့် အတွင်းရေးမှူး၊ ဦးစောမောင်တို့က အနီးကပ်စီမံအုပ်ချုပ် ထိန်းသိမ်းစောင့်ရှောက်လျက်ရှိ၏။

သီတင်းကျွတ်ဆွမ်းတော်ကြီး တင်လှူပွဲကိုလည်း နှစ်စဉ်မပျက် အမှုဆောင်လူနည်းစုနှင့်ပင် ဖြစ်မြောက်အောင် ဆောင်ရွက်ခဲ့လေသည်။ နာရေးကိစ္စများဖြစ်ပေါ်လာကိုင်းလည်းအသင်းစည်းမျဉ်းအရ၊ နာရေးထောက်ပံ့ငွေကို အသင်းအမှုဆောင်များ စုဆောင်း၍ အသင်းသားများအား မပြတ်ထောက်ပံ့ခြင်း ပြုခဲ့လေသည်။

ထားဝယ်သမဂ္ဂအသင်းကြီး လုပ်ရှားမှုများ တုံ့ဆိုင်းလျက်ရှိနေသည့် ကာလတွင်၊ ရန်ကုန်၌ရောက်ရှိပြီး အစိုးရဝန်ထမ်း များဖြစ်နေကြသည့် ထားဝယ်လူငယ်များ၊ တက္ကသိုလ်ကောလိပ်နှင့် အထက်တန်းကျောင်းတက်ရန်၊ ရန်ကုန်မြို့သို့ရောက်ရှိနေ ကြကုန်သောလူငယ်၊ လူရွယ်များမှာ၊ လူမှုရေးကိစ္စအရပ်ရပ် ပေါ်ပေါက်ခဲ့သော် ထားဝယ်သမဂ္ဂနှင့် မည်သို့မည်ပုံဆက်သွယ်ရ မည်ကိုသတိမရခဲ့ကြပေ။ ဤသို့အဆက်အသွယ် ပြတ်မှုကြောင့် နာရေး၊ လူမှုရေးကိစ္စ တစ်ခုပေါ်ပေါက်လာသည့်အခါတိုင်း၊ နီးစပ်ရာအလုပ်သမား၊စီးပွားရေးသမား၊ ကျောင်းသားလူငယ်၊ ထားဝယ်သူ ထားဝယ်သားများ၊ စုရုံးကြပြီး ထောက်ပံ့ကူညီရန် အချင်းချင်းကောက်ခံ၊ ငွေရှာကြကာ "ထားဝယ်လူငယ်များ ဟုကဲ့ဗျည်းစာတမ်းထိုး၍၊ နားရေး လူမှုရေးကိစ္စများကို ဝိုင်းဝန်းကူ ညီဆောင်ရွက်ကြလေသည်။ ဤသည်မှာ အသင်းအဖွဲ့အနေဖြင့်မဟုတ် အမှုကိစ္စတစ်ခါပေါ်မှ၊ တစ်ခါစုစည်းဆောင်ရွက်ခြင်းမျှသာ ဖြစ်လေသည်။

ဤကဲ့သို့သော ပေါ်ပင်လုပ်ရှားမှုများကို ထားဝယ်သမဂ္ဂလူကြီးများက၊ ထားဝယ်အသင်းနှစ်ခု မဖြစ်သင့်ဟုမြင်လာ၏။ ထိုကိစ္စနှင့်ပတ်သက်၍ ထားဝယ်သမဂ္ဂဥက္ကဋ္ဌ၊ ဦးတင်က၊ လူငယ်လုပ်ရှားမှုများတွင် အများဆုံးပါဝင်ကြသော လူငယ်လေး ငါးဦးကို အိမ်ခေါ်၍ ထားဝယ်သမဂ္ဂအသင်းကြီးသည် မပျက်မစီး၊ တည်ရှိလျက်ပင်ရှိကြောင်း လူ ငယ်တို့လုပ်ရှားမှုကို

ချီးကျူးကြောင်း၊ သို့ရာတွင် ယူဆောင်ရွက်မှုမျိုးမှာ နည်းလမ်းမမှန် သေးကြောင်း။ ထားဝယ်လူငယ်များအနေနှင့် ထားဝယ်သမဂ္ဂအသင်းသို့ အသင်းဝင်အဖြစ် ဝင်ရောက်လုပ်ရှားလုပ်ကိုင်သင့်ကြောင်း၊ ထားဝယ်သမဂ္ဂအသင်းကြီးအနေဖြင့် ၁၉၆၂ ခု နှစ်မှစ၍ အချိန်အခါအခြေအနေအရ၊ ခေတ္တရပ်ဆိုင်းနေခြင်းသာဖြစ်ကြောင်း၊ ယခု ၁၉၇၀ ခုနှစ်ပိုင်းအချိန်အခါသည်၊ တိုင်းပြည်တည်ငြိမ်လာပြီး အသင်းအဖွဲ့များလည်း ပြန်လည်မှတ်ပုံတင်နိုင်ပြီးဖြစ်သဖြင့် ပြန်လည်လုပ်ရှား၍ ရပြီဖြစ်ကြောင်း၊ သို့ဖြစ်၍ ထားဝယ်သမဂ္ဂအသင်းကြီးတွင် ပါဝင်လုပ်ရှားသင့်ကြောင်း ခေါ်ယူဆွေးနွေးခဲ့လေသည်။

လူကြီးလူငယ်ပူးပေါင်းလာကြခြင်း

ထိုအချိန်တွင် လူငယ်တိုင်းပရိသတ်တို့မှာ၊ များစွာအားတက်လာကြပြီး စည်းရုံးလှုပ်ရှား၊ လူစုကြကာ၊ ထားဝယ်သမဂ္ဂ အသင်းကြီးနှစ်ပတ်လည် အစည်းအဝေးကြီးကျင်းပနိုင်ရေးအတွက် ကျိုးစားကြတော့သည်။ ထားဝယ်သမဂ္ဂအသင်းကြီး ပြန်လည်လှုပ်ရှားရေးအတွက် တက်ကြွစွာအားပေး 'ကူညီဆောင်ရွက်ကြသည့် လူကြီးပိုင်းပုဂ္ဂိုလ်များမှာ-

ဦးဘကျော့	ဦးစောမောင်	ဦးဘအေး
ဦးတင်ထွန်း	ဦးရှမ်း	ဦးသိန်းတင်
ဦးရန်ကင်း	ဦးဘမောင်	ဦးခင်လိုင်- တို့ဖြစ်ကြကြောင်း

'လူငယ်များက ၎င်းတို့မှတ် မိသမျှကိုတင်ပြကြသည်။ လူငယ်ပိုင်းမှ ပုဂ္ဂိုလ်များမှာ

(က) ငွေစာရင်းမင်းကြီးရုံး(အေဂျီ)မှ ထားဝယ်သားလူငယ်များ။

(ခ) ကာကွယ်ရေးငွေစာရင်းဝန်ရုံးမှ ထားဝယ်သားလူငယ်များ။

(ဂ) ကုန်သွယ်ရေးဝန်ကြီးဌာနမှ ထားဝယ်သားလူငယ်များ

(ဃ) ရန်ကုန် စီးပွားရေးလုပ်ငန်းများတွင် ကျင်လည်နေကြသော ထားဝယ်လူငယ်များ (သာယာကုန်း၊ ကြက်တန်း) ပတ်ဝန်းကျင်မှ လူငယ်များစု ပါဝင်ကြလေသည်။

ထားဝယ်သမဂ္ဂပြန်လည်စုစည်းခြင်း

အသင်းဥက္ကဋ္ဌရွေးချယ်မှုကိစ္စတစ်ရပ်

နှစ်အဆက်ဆက်တွင် ထားဝယ်သမဂ္ဂအသင်းဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အမှုဆောင်စသည့် လူကြီးများကို ရွေးချယ်သည့်အခါ၊ ထိုတာဝန်နှင့် သင့်တော်မည်ဟု ထင်ရသည့် လူကြီးများအား သွားရောက်ချဉ်းကပ်၊ မေတ္တာရပ်ခံပြီး၊ တာဝန်ယူ-ဦးဆောင်စေသည့် အစဉ်အလာ ရှိခဲ့လေသည်။

၁၉၇၀-၇၁ အချိန် ထားဝယ်သမဂ္ဂအသင်းကြီးကို ပြန်လည်လှုပ်ရှားသည့် အချိန်တွင် လက်ရှိထားဝယ်သမဂ္ဂကြီးအား တာဝန်ယူဦးစီးနေကြသော-လူကြီးအချို့မှာ ထိုအစဉ်အလာရှိနေကြဆဲပင် ဖြစ်သည်။

ထားဝယ်သမဂ္ဂပြန်လည်ရှင်သန်လာခြင်း

အားရစရာ၊ အားတက်စရာမှာကား၊ ၁၉၇၁-ခုနှစ်၊ ထားဝယ်သမဂ္ဂအသင်းကြီး၏ နှစ်ပတ်လည် အစည်းအဝေးကြီးမှာ၊ ထားဝယ်သမဂ္ဂသမိုင်းတွင် မကြုံဘူးအောင် အသင်းသားများ၊ ထားဝယ်သူ/ထားဝယ်သားများ စည်ကားစွာ တက်ရောက်လာကြသဖြင့်၊ ထားဝယ်သမဂ္ဂအသင်း အဆောက်အဦအုံနေရာပင် မပေးနိုင်တော့အောင် ပြည့်လျှံသွားခဲ့လေသည်။

ထားဝယ်သမဂ္ဂအသင်းအပေါ်၊ ထားဝယ်သူ ထားဝယ်သားများ မည်မျှစိတ်ဝင်စား၊ အားကိုးမှုရှိသည်ကို ပြသခြင်းပင်ဖြစ်ပေသည်။

ထိုနှစ်ပတ်လည်အစည်းအဝေးတွင် ဦးတင်ထွန်းနှင့် ဦးစောမောင်တို့အား ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများအဖြစ်နှင့် အများက ရွေးချယ်တာဝန်ပေးအပ်ခဲ့လေသည်။ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အမှုဆောင်အဖွဲ့မှလည်းအခြေအနေအရ လှုပ်ရှားမှု တို့ဆိုင်းနေရသည့် ထားဝယ်သမဂ္ဂအသင်းကြီး၏ လုပ်ငန်းဆောင်တာများကို တစ်စတစ်စ ပြန်လည်အသက်သွင်း လာခဲ့ကြသည်။ စည်းရုံးရေးနှင့် အသင်းဝင်အင်အားလည်း တိုးတက်လာခဲ့လေသည်။

၁၉၇၂-၇၃ခုနှစ်မှစ၍ အလုပ်အမှုဆောင်ရွေးချယ်ရေးစံနစ်လည်း ပြောင်းလဲခဲ့သည်။ အစည်းအဝေးပွဲကြီးမှ ပထမဆုံး အမှုဆောင်(၂၁)ဦးကို ရွေးချယ်တင်မြှောက်ပြီးမှ ထို(၂၁)ဦးက-သီးခြားအခန်းဝိတ် စည်းဝေးကြလေသည်။ ထိုအမှုဆောင်အစည်းဝေးမှ အများသဘောတူ-ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် ဘဏ္ဍာရေးမှူးတို့ကို ရွေးချယ်ကြသည်။ ရွေးချယ်ပြီးချက်ခြင်း နှစ်ပတ်လည်အစည်းဝေးခွဲ အများရှေ့တွင် ရာထူးတာဝန်များကို ကြေငြာလိုက်ရသည်။ ထို့နောက် အရန်အမှုဆောင်များစံနစ်ကိုလည်း စတင်ချမှတ်ကာ၊ စည်းရုံးရေးအတွက် ရွေးကောက်တင်မြှောက်ကြရသည်။

အသင်းစောင့်-ဦးပုန္နတ်ထွက်သွားသဖြင့်၊ ကြားကာလတွင် မောင်ကျော်ရှိန်အား၊ စောင့်ရှောက်ရန် တာဝန်ပေး။ (၁၅-၁၁-၇၅)စည်းဝေးမှတ်တမ်း၊စာ-၅၂)။

စည်းမျဉ်းဥပဒေများကိုတိုးချဲ့ပြင်ဆင်ခြင်း။

ဥပဒေစည်းမျဉ်းများကို အားလုံးပြန်လည်၍ ပြင်ဆင်မှု မပြုလုပ်နိုင်သေးမီ လက်ရှိ ထားဝယ်သမဂ္ဂ စည်းမျဉ်းဥပဒေ(၁၉၅၅)ကိုပင် အခြေခံထား၍ လိုက်နာဆောင်ရွက်ကြသည်။ သို့ရာတွင် အသင်းစည်းမျဉ်း စာမျက်နှာ(၁၃)၊ အပိုဒ်(၆)တွင် ပါဝင်သည့်-အသင်းဝင်ကြေး(၂-ကျပ်)၊ လစဉ်ကြေး(၂-ကျပ်)၊ နှစ်စဉ်ကြေး(၁၀-ကျပ်)ကို (၆)လတစ်ကြိမ် (၅)ကျပ် စီခွဲ၍ ပေးနိုင်သည်ကု ပါရှိသည်။

ထိုခေတ်နှင့် လျော်ညီစေရန်၊ ဝင်ကြေး(၂-ကျပ်) လစဉ်ကြေး(၂-ကျပ်)၊ နှစ်စဉ်ကြေး(၂၀-ကျပ်)၊ (၆)လတစ်ကြိမ်(၁၀-ကျပ်)စီခွဲ၍ ပေးသွင်းနိုင်သည်ဟု ပြင်ဆင်ခဲ့ပြီး၊ တစ်သက်လျှာကြေးကို ဝင်ကြေး(၂-ကျပ်)၊ တစ်သက်လျှာကြေး(၅၀-ကျပ်)တစ်ကြိမ်တည်းဖြစ်စေ၊ (၅)လခွဲ၍ဖြစ်စေ၊ ပေးသွင်းရန်ဟူသည့် စည်းမျဉ်းဟောင်းအစား၊ ဝင်ကြေး(၅-ကျပ်)၊ တစ်သက်လျှာကြေး(၁၀၀-ကျပ်) တစ်ကြိမ်တည်းဖြစ်စေ၊ တစ်နှစ်အတွင်း အများဆုံး(၅)ကြိမ်နှင့် အပြီးပေးသွင်းရန်ဟူ၍ လည်းကောင်း၊ စည်းမျဉ်းစာမျက်နှာ(၁၄)၊ အပိုဒ်(၇) (က)နာရေးထောက်ပံ့ကြေး(၁၀ ကျပ်) အစား (၁၀၀-ကျပ်)ဟူ၍ လည်းကောင်း ပြင်ဆင်ရန်- အဆိုပြုကြလေသည်။

နာရေးထောက်ပံ့ကြေးကိစ္စ။

နာရေးထောက်ပံ့ကြေး(၁၀-ကျပ်) ပေးဆောက်နိုင်ရန်အတွက် အသင်းသား တစ်ယောက် ကွယ်လွန်သည့်အခါ၊ အသင်းဝင်တိုင်း တစ်ဦးလျှင်(၁-ကျပ်) ထည့်ဝင်ကြရန် ဆုံးဖြတ်ကြသည်။ ဤဆုံးဖြတ်ချက်အပေါ် မူတည်၍ အသင်းသားသစ်များလည်း များစွာတိုးတက်လာပေသည်။ သို့ရာတွင် ဤစနစ်ဖြင့် နာရေးရန်ပုံငွေ ထောက်ပံ့မှုပေးဆောင်နိုင်ရေးအတွက်၊ ငွေကောက်ခံမှုဖြင့် အကောင်အထည်ဖော်ရာတွင် မအောင်မြင်ခဲ့ပေ။ အဘယ့်ကြောင့်ဆိုသော် အသင်းသားများမှာ နယ်မြေအနှံ့အပြားတွင် ရှိကြပြီး၊ အသင်းသား တစ်ဦးနှင့်တစ်ဦး အလှမ်းကွာဝေးလှသဖြင့် အသင်းသားတစ်ဦးကို(၁-ကျပ်)နှုန်းကောက်ခံဖို့ရာ၊ ခရီးစရိတ်ကုန်ကြေက, ကောက်ခံရရှိငွေထက် များပြားနေခြင်း၊ အချိန်ကုန်လူပန်းဖြစ်ခြင်း အစရှိသည့် အခက်အခဲတို့ကို ရင်ဆိုင်ခဲ့ရပေသည်။ ထို့ကြောင့် အသင်းကြေးနှင့် နာရေးကြေး တန့်ပေါင်းတည်းပေါင်းပြီး တစ်နှစ်(၄၀-ကျပ်) (၆)လ (၂၀-ကျပ်)ကောက်ခံရန် ဆုံးဖြတ်အကောက်အထည်ဖော်ကြရလေသည်။

ပြကဒိန်ထုတ်ဝေခြင်း။

ဥက္ကဋ္ဌဦးတင်ထွန်း တာဝန်ယူချိန်တွင် ၁၉၇၄-ခုနှစ်ပြက္ခဒိန်ကို ထားဝယ်သမဂ္ဂအသင်းအမည်ဖြင့် ပထမဆုံး ထုတ်ဝေနိုင်ခဲ့၏။ မျက်နှာဖုံး ပန်းချီကားအဖြစ် အသုံးပြုရန်၊ ဦးဘွန်စိန်က ပန်းချီဆရာကြီး ထားဝယ်ဦးငွေကိုင် ရေးဆွဲထားသော ပဉ္စဝဂ္ဂိငါးဦးအား မြတ်စွာဘုရား တရားဦးဟောတော်မူခဏ်း မိမိပိုင်ပန်းချီကားကို ငှားရမ်းအသုံးပြုခွင့် ပေးခဲ့လေသည်။ ပြက္ခဒိန်ထုတ်ဝေရာတွင် ဥက္ကဋ္ဌဦးတင်ထွန်းသည် ငွေရေးကြေးရေးမှအစ၊ ဆောင်ရွက်မှုအဝဝကို ကိုယ်တိုင် ကိုယ်ဖိရင်ဖိ ဆောင်ရွက်ခဲ့လေသည်။ အမှုဆောင်နှဒေါင်တီက(ငွေ၃၀၀၀)ကို အတိုးမဲ့ ချေးငွေပေးခဲ့လေသည်။ ကံအားလျော်စွာပင် ပြက္ခဒိန်များ ကုန်စင်အောင် ရောင်းချလိုက်ရသဖြင့် အမြတ်အစွန်း ၉၀၀၀-ကျပ်(ကိုးထောင်)ခန့် ပေါ်ခဲ့သဖြင့် အသင်းမှ အကျိုးခံရလေသည်။ ပန်းချီကား ငှါးရမ်းသူဦးဘွန်စိန်၊ အစခပ်သိမ်း ပြက္ခဒိန်ထုတ်ဝေရိုက်နှိပ်နိုင်ရန် ကြိုးပမ်းသူ ဦးတင်ထွန်းနှင့် ငွေ၃၀၀၀-ကျပ် ချေးငှါးသူ ဒေါ်ခင်တီတို့အား အသင်းမှကျေးဇူးတင်ကြောင်း မှတ်တမ်းကင်လေသည်။

၁၉၇၄-၇၅ ကာလတွင်၊ ရပ်ကွက်အကျိုးဆောင်များ၊ အသင်းကြေး၊ နာရေးကြေးငွေ ကောက်မှုအား ပျော့လာခြင်းကြောင့်လည်းကောင်း၊ အသင်းသားများကလည်း ထည့်ဝင်မှု ပျက်ကွက်လာသဖြင့်လည်းကောင်း၊ အသင်းကြေးရန်ပုံငွေ ရရှိမှုအင်အား နည်းလာခဲ့ရသည်။ ထိုအချိန်တွင် ဥက္ကဋ္ဌဖြစ်သူ ဦးတင်ထွန်း၏ ကြိုးစားမှုကြောင့် ပြက္ခဒိန်စောင်ရေ (၂၀၀၀)အထိ ထုတ်နိုင်ခဲ့သဖြင့်၊ အသင်းရန်ပုံငွေ တစ်ဖက်တစ်လမ်းမှ တိုးတက်လာခဲ့သည်။ ၁၉၇၅-၇၆တွင်လည်း အသင်းကြေး၊ နာရေးကြေးများ သိသိသာသာကျဆင်း လာပြန်သဖြင့် ပြက္ခဒိန်ထုတ်ရန် ကြိုးစားရပြန်သည်။ ၁၉၆၇-တွင် ထုတ်သည့် ပြက္ခဒိန်ကြောင့် အသင်းရန်ပုံငွေပြန်၍ ကောင်လာပြန်သည်။ (၁၉၇၆-၇၇ နှစ်ပတ်လည် အစီရင်ခံစာ)

တဖန်၊ ၁၉၇၈-ခုနှစ်တွင် အောင်ခြင်းရှုစ်ပါးပုံတော်ဖြင့် ပြက္ခဒိန်တစ်စောင် ထုတ်ဝေကြပြန်သည်။ အရင်းအနှီးကို အမှုဆောင်လူကြီးအချို့က စိုက်ထုတ်ပြီး အမြတ်အစွန်းကို အသင်းသို့ လှူဒါန်းရန် ဆုံးဖြတ်ချက်ဖြင့် ထုတ်ဝေကြလေသည်။

အသင်း၏ ဒုတိယဥက္ကဋ္ဌတစ်ဦးဖြစ်သူ-ဦးထွန်းတင်နှင့် အမှုဆောင် ဦးရှမ်းတို့နှစ်ဦး ကွယ်လွန်သွားသဖြင့် အသင်းမှဝမ်းနည်းကြောင်း မှတ်တမ်းတင်သည်။ (၁-၁၂-၇၄)နှစ်တွင် အသင်းစာရေးအဖြစ်နှင့် ခန့်ထားခဲ့သူ-ဦးဘထူးအားတာဝန်မှ ရပ်စဲရန်နှင့် ဦးချူးစိုင်အား တစ်နေ့(၄)နှုန်းဖြင့် နှစ်ပတ်လည်ကျင်းပမည့် (၁၉၇၅၊ ဖေဖော်ဝါရီ ၂၃ရက်) နေ့အထိ ခန့်ထားရန် ဆုံးဖြတ်ကြသည်။

အသင်းကြီးပြန်လည်လှုပ်ရှားလာခဲ့သည့် အချိန်မှစ၍၊ အမှုဆောင်များအပြင်၊ အရန်အမှုဆောင်များကိုလည်း နယ်မြေအလိုက်ခွဲဝေခန့်ထားကာ အသင်း၏ တိုးတက်ရာတိုးတက်ကြောင်း၊ လူမှုရေးကိစ္စရပ်များကို ဆောင်ရွက်လာခဲ့ကြလေသည်။

နာယကလူကြီးများကိုလည်း ထိုအချိန်ကစ၍၊ အသင်းကြီးတွင် ဂုဏ်ပြုစတင်ခန့်ထားမှုပြုခဲ့၏။ နာရေးကိစ္စ ဖြစ်ပေါ်လာပါက၊ ထားဝယ်သမဂ္ဂအသင်းမှ ငွေ(၃၀၀-ကျပ်)နှင့် တစ်နေ့အတွက် သတင်းစာ, နာရေးကြေငြာပေးခြင်း၊ အသုဘပို့ရန် မော်တော်ယာဉ်တစ်စီးနှင့် လွမ်းသူ့ပန်းခွေ ပေးပို့ခြင်းတို့ကို အသင်းသားတိုင်း အားလုံးအတွက် တပြေးညီ ကူညီမှု ပေးခဲ့လေသည်။

၁၉၇၀မှ ၁၉၈၀နှစ်ကာလအတွင်း တာဝန်ယူခဲ့ကြသော နာယကကြီးများ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများမှာ-

နာယကကြီးများမှာ-

(၁) ဦးဖေလှိုင်

(၂) ဦးလှဒင်

(၃) ဦးစောရွှေ

(၄) ဦးထွန်းအေး

(၅) ဦးစိုးမောင်

(၆) ဦးကြူစိန်

(၇) ဦးတင်ထွန်း

(၈) ဦးစိန်၀င်း

(၉) ဦးသိန်း(ကြီးပွားရေး)

(၁၀) ဒေါက်တာဦးရန်ရှင်း

တို့ဖြစ်ကြလေသည်။

ဥက္ကဋ္ဌနှင့်အတွင်းရေးမှူးများမှာ-

ဥက္ကဋ္ဌ

(၁) ဦးတင်ထွန်း

(၂) ဦးကြီးဖေ

(၃) ဦးစံလွင်

(၄) ဦးသိန်းဟန်

အတွင်းရေးမှူး

(၁) ဦးစောမောင်

(၂) ဦးကျော်သိန်း

(၃) ဦးစောမောင်

စသည်တို့ဖြစ်၏။

နာရေးထောက်ပံ့ကြေးနှင့်မီးဘေးအလှူငွေများ

နာရေးထောက်ပံ့ကြေးနှင့် ပတ်သက်၍၊ အသင်းသားကိုယ်တိုင် နာရေးဖြစ်ပေါ်ပါက၊ ထောက်ပံ့ကြေး(၃၀၀-ကျပ်) သတ်မှတ်ထားပြီး၊ ၄င်း၏မိုခိုသူဇနီး ခင်ပွန်းတစ်ဦးဦး နာရေးဖြစ်ပေါ်ပါက ထောက်ပံ့ကြေး(၁၅၀-ကျပ်)နှင့် မော်တော်ယာဉ်တစ်စီးကူညီရန် ဆုံးဖြတ်ဆောင်ရွက်သည်။ (၁၉၇၆-၇၇ နှစ်ပတ်လည် မှတ်တမ်း)

(၁၈-၁၂-၁၉၇၅)နေ့၌ ထားဝယ်မြို့တွင်-သဘော်ဆိပ်ရပ်နှင့် ဒေါင်းငူရပ်ကွက်များ မီးလောင်သဖြင့် ထားဝယ်သမဂ္ဂမှ ၁၀၀၀-ကျပ် (တစ်ထောင်ကျပ်)ကို မတည်၍ ကောက်ခံရရှိငွေ ၄၃၁၅-ကျပ်(လေးထောင်သုံးရာတစ်ဆယ့်ငါးကျပ်)နှင့်အတူ ထားဝယ်၌ မီးလောင်ခံရသော ရပ်ကွက်မူလတန်းကျောင်း(၂) ကျောင်းအတွက် ထားဝယ်သမဂ္ဂမှဦးဆောင်လှူဒါန်း၏။

(၂၂-၁၂-၁၉၇၇)တွင် ထားဝယ်မြို့ဒေါင်းငူရပ်ကွက်တွင် မီးလောင်ပြန်သဖြင့် မီးဘေးဒုက္ခသည်များအတွက် ရံပုံငွေစာရင်းဖွင့်၍၊ အသင်းသူအသင်းသားများထံ ကောက်ခံရာ ၃၆၂၁-ကျပ် ရရှိခဲ့သည်။ ထားဝယ်သမဂ္ဂအသင်းမှ ၁၅၀၀-ကျပ်ကို ထည့်ဝင်ပြီး စုစုပေါင်း ၅၁၂၁-ကျပ်၊ ဖဝပြား တန်ဖိုးရှိသည့် ဒန်အိုး ဒန်ခွက်များ ဝယ်ယူ၍ မီးဘေး ဒုက္ခသည်များအား လှူဒါန်းသည်။

ဤသို့ သွားရောက်လှူဒါန်းနိုင်ရန် ထားဝယ်သို့ (၁)ဦးစံလွင် (ဥက္ကဋ္ဌ)။ (၂)ဦးစောမောင် (အတွင်းရေးမှူး)။ (၃)ဦးဖေအေး (တွဲဘက်အတွင်းရေးမှူး)။ (၄) ဦးစံဝက်(ငွေထိန်း)နှင့် (၅)ဦးသန်းဝင်း(အမှုဆောင်)တို့ငါးဦးသည် မိမိတို့ စားရိတ်နှင့်မိမိတို့ ဘာသာကျခံကာ ထားဝယ်သို့ သွားရောက်လှူဒါန်းကြသည်။ ဤကဲ့သို့ သွားရောက် လှူဒါန်းနိုင်ရန် လှူဘွယ်ပစ္စည်းများကို တင်ဆောင်ပေးသည့် စက်လှေမှလည်း သယ်ယူခကို လုံးဝမယူဘဲ၊ အခမဲ့သယ်ယူပေးခဲ့ လေသည်။ ထားဝယ်မြို့ဆိပ်ကမ်း ကုန်တင်ကုန်ချ အလုပ်သမားများကလည်း လုပ်အားခကြေးငွေမယူပဲ၊ လုပ်အားပေးလှူခြင်းများအတွက် ထားဝယ်သမဂ္ဂအသင်းမှ အထူးကျေးဇူးတင်ကြောင်း မှတ်တမ်းတင်ခဲ့လေသည်။

ရန်ကုန်ကမာရွတ် မီးလောင်ရာတွင် ပါဝင်ကြသည့် ထားဝယ်သား (၁) ဦးစောနောင် (၂) ဦးစိန်လွင်တို့နှစ်ဦးအား အသင်းမှ ၂၀၀/-ကျပ်စီထောက်ပံ့ ကူညီခဲ့သည်။

အားကစားကိစ္စအားပေးချီးမြှင့်မှု

၁၉၇၆-ခု၊ တိုင်းနှင့်ပြည်နယ် ဘောလုံးပွဲတွင် အကြိုဖိုင်လုပွဲသို့ တက်ရောက်လာသော တနင်္သာရီဘောလုံးအသင်းအား ထားဝယ်သမဂ္ဂအသင်းနှင့် မြိတ်အသင်းတို့ ပူးပေါင်းပြီး ညစာစားပွဲဖြင့် ဧည့်ခံဂုဏ်ပြုခဲ့ကြသည်။

၁၉၇၇-ခုနှစ်တွင်လည်း တနင်္သာရီဘောလုံးသမားများနှင့် အရှေ့တောင်အာရှအားကစားပွဲများတွင် ရွှေတံဆိပ်များ ဆွတ်ခူးခဲ့ကြသည့် ထားဝယ်သူ ထားဝယ်များဖြစ်သော (၁)မအလိုင်းချစ် (အမြင့်ခုန်) (၂)ကိုအုံးရွှေ (ဘော်လီဘော) တို့အား ညစာစားပွဲဖြင့် ထားဝယ်သမဂ္ဂအသင်းတိုက်တွင် ဧည့်ခံပွဲကျင်းပသည်။

အလေးမသမား ကိုထွန်းမောင် အရှေ့တောင်အာရှပြိုင်ပွဲအတွက် အရွေးခံရသဖြင့် ထားဝယ်သမဂ္ဂဂုဏ်ပြုငွေ ၂၅၅-ကျပ် ချီးမြှင့်လေသည်။

ထိုကာလပိုင်းအတွင်းတွင်-
(၂၈-၄-၇၉) နေ့တွင်- ဒုဥက္ကဋ္ဌ ဦးဘအေးနှင့်
(၁၀-၁၂-၇၉) နေ့တွင်- စာရင်းစစ်ဦးသာဟန်တို့ ကွယ်လွန်ကြသည်။

ထားဝယ်ကမ္ဘာကင်းတံတား

ထားဝယ်ဒေသကို ထားဝယ်မြစ်က အလျားလိုက် တောင်နှင့်မြောက် ဖြတ်စီးနေသဖြင့် ထားဝယ်အရှေ့ဘက်ခြမ်းနှင့် အ နောက်ဖက်ခြမ်းခရီး သွားရေးလာရေးမလွယ်ကူ၊ နေရာတကာ ကူးတို့ဖြင့် ကူး၍သွားကြရသည်။ ကမ္ဘာကင်းတံတားကို ၁၉၇၂-ခု၊ ဖေဖော်ဝါရီလတွင် စ၍တည်ဆောက်ခဲ့သည်။ ၁၃-၄-၇၅ နှစ်တွင် ပြီးစီး ဖွင့်လှစ်နိုင်ခဲ့လေသည်။ ပေရှည် ၁၁၀၀ ရှိပြီးအကျယ် ၂၂-ပေရှိသည်။ တံတားဖွင့်ပွဲသို့ ထားဝယ်သမဂ္ဂအသင်းကိုလည်း

ဖိတ်ကြားသဖြင့် ကိုယ်စားလည်များ ခါတိုင်းကဲ့သို့ပင် ကိုယ့်စရိတ်နှင့်ကိုယ် တတ်ရောက်ကြလေသည်။ ကမ္ဘောကင်းတံတားခါတ်ပုံ၊ တံတားဖွင့်ပွဲခါတ်ပုံ လူဒါန်းသည့် ဦးကျင်စိန် (ထားဝယ်)အား‌လည်း ကျေးဇူးတင်ကြောင်း မှတ်တမ်းတင်သည်ကိုတွေ့ရ၏၊ (၁၇-၅-၁၉၇၅ စည်းဝေးမှတ်တမ်း စာ၃၀-၃၁)

တသက်လျာအသင်းဝင်နှစ်ကြေးနှုန်းတိုးခြင်း

အသင်းကြေးကိုသာမန်ဝင်ကြေး ၅-ကျပ် လစဉ်ကြေး ၂-ကျပ် နှစ်ကြေး ၂၀-ကျပ် သတ်မှတ်ထားပြီး တသက်လျာဝင်ကြေး ၅-ကျပ်နှင့် တသက်လျာကြေး ၂၀၀-ကျပ် တစ်နှစ်အတွင်း (၄)ကြိမ် ခွဲပေးနိုင်ကြောင်း ပြင်ဆင်သတ်မှတ်ကြလေသည်။(၂၄-၉-၉၁) စည်းဝေးမှတ်၊ စာ ၁၃၄) အသင်းရန်ပုံငွေများကိုလည်း ငွေစုဘဏ်တွင် အပ်နှံထားရှိခြင်းနှင့် ငွေစုလက်မှတ်ဝယ်ယူခြင်းစနစ်ကို စတင်ကျင့်သုံးခဲ့၏။

ထို့အပြင် ထိုအချိန်ကာလပိုင်း အတွင်းခေတ်နှင့်လျော်ညီသော ထားဝယ်သမဂ္ဂ၏ စည်းမျဉ်းဥပဒေအသစ်၊ တစ်စောင်ကိုရေးဆွဲရန် ဆုံးဖြတ်ကြသည်။ (၁၉၇၉-၈၀ နှစ်ပတ်လည် အစီရင်ခံစာ-၉)

ထားဝယ်သမဂ္ဂရွှေရတုသဘင်

ထားဝယ်အသင်းကို ၁၉၁၁- ခုနှစ် ကတည်းကစ၍ ပျိုးထောင်ခဲ့စေကာမူ အဓိကအားဖြင့် စည်းစနစ်နှင့် ဖွဲ့စည်းတည်ထောင်ခြင်းမှာ ၁၉၂၁-ခု၊ ဟုပင် သတ်မှတ်ကြပေသည်။ သို့ဖြစ်၍ ၁၉၇၁-ခုနှစ်သည် ထားဝယ်သမဂ္ဂအသင်း၏ ရွှေရတုချိန်ပင်ဖြစ်သည်။ ထားဝယ်သမဂ္ဂ၏ ရွှေရတုပြည့်မြောက်သည့် နှစ်တွင်ရွှေရတုသဘင် ကျင်းပရန်အားသွန်ခွန်စိုက် စိတ်ပါဝင်စားစွာ ကြိုးစားကြလေသည်။ ရွှေရတုသဘင်ပွဲကျင်းပရန် (၂၇-၁၁-၇၂) ကိုသတ်မှတ်ကြ၏။

ရွှေရတုသဘင်ကို ရန်ကုန်မြို့၊ ကန်တော်ကြီးရှိ ရွှေဟင်္သာကျွန်းခွံ ကျင်းပကြသည်။ ရွှေရတုသဘင်ပွဲသို့ တက်ရောက်လာကြသည့် ထားဝယ်သူ ထားဝယ်သားများအား ထောပတ်၊ ကြက်သား၊ ဒန်ပေါက်နှင့် ကျွေးမွေးဧည့်ခံရန်၊ အသင်းသား များနှင့်ထားဝယ်သူ ထားဝယ်းသားများအား အသင်းရန်ပုံငွေအတွက် တစ်စောင်လျှင် ၃-ကျပ်နှုန်းဖြင့် အလှူလက်မှတ်များ ထုတ်ဝေရောင်းချလေသည်။

ဒန်ပေါက်ထမင်းကို ဆိုင်တွင်မမှာယူပဲ၊ ကမာရွတ်၊ ဘက်ထရီအက်စစ်စက်ရုံရှိ၊ ထားဝယ်သမဂ္ဂအသင်းဝင်များ ဦးဟန်ဂင်နှင့် ဦးစိုင်းဝင်းတို့က ဦးဆောင်၍ ညလုံးပေါက် ချက်ပြုတ်ကြသည်။ မနက်(၉) နာရီအရောက် ရွှေရတုသဘင်ကျင်းပသည့်နေရာ ကန်တော်ကြီးသို့ အရောက်ပို့ပေးခဲ့ကြလေသည်။

နံနက် (၇)နာရီမှစ၍၊ ထားဝယ်သူထားဝယ်သားများသည်၊ ရွှေရတုသဘင်သို့ ရောက်လာခဲ့ကြရာ၊ အလွန်ပင်စည်ကား လှပေသည်။ သို့ရာတွင် ထိုနေ့ ထိုအချိန်တွင် ရာသီဥတုဆိုးဝါးလာပြီး လေပြင်းတိုက်ခတ်ခြင်း၊ မိုးသည်ထန်စွာ ရွာသွန်းခြင်းနှင့် ကြုံတွေ့ခဲ့ရလေသည်။ ထားဝယ်သူထားဝယ်သား များမှာလည်း ရွှေရတုမိတ်ဆုံပွဲသို့၊ ရောက်လာမစဲပင် ရှိနေသေးသည်။ ပရိသတ်များ၊ သစ်ပင်အောက် ကားကြီးများအောက်နှင့် မိုးခိုစရာရှိသည့် နေရာအသီးသီးသို့ ပြေးဝင်ခိုလှုံကြရပေသည်။

ကားပေါ်ရှိထမင်းထုပ် တော်တော်များများမှာလည်း မိုးများစိုး၍ ပျက်စီးခဲ့ရလေသည်။ မည်သို့ပင်ရှိစေ၊ တာဝန်ရှိသူ၊ ဥက္ကဋ္ဌနှင့် အမှုဆောင်များက ပွဲအပျက်မခံနိုင်သဖြင့်၊ မလျှော့သောဇွဲဖြင့်၊ ဤမျှများမြောင်လှသော ပရိသတ်များကို အလျှင်အမြန်၊ ရွှေတိဂုံတောင်ဘက်၊ ဆောက်လုပ်ရေးဓမ္မာရုံနှင့် စာရင်းရုံး ဓမ္မာရုံများသို့ ကားကြီးကားငယ်များဖြင့် သယ်ယူပြောင်းရွှေးခဲ့ ကြပြီး၊ ထားဝယ်သမဂ္ဂရွှေရတုသဘင် ပွဲကြီးကို ကျင်းပခဲ့ရလေသည်။ ပွဲမပျက်ဘဲ၊ အောင်မြင်စွာပင် ကျင်းပီပြီးစီးခဲ့သဖြင့် အားလုံးပင် ရွှင်လန်းဝမ်းမြောက်ကြသည်။ ရာသီဥတုဖျက်သဖြင့် မူလစီစဉ် မျှော်လင့်ထားသလောက် မဖြစ်

မြောက်ခဲ့တော့ပေ၊ သို့ရာတွင် ခွဲနှင့်နောက်မဆုတ်ပဲ ဆင်နွှဲခဲ့သည့် ပရိတ်သတ်ကို ချီးကျူးဂုဏ်ပြုလိုက်ရပေသည်။

၁၉၈၁ ခုနှစ်တွင်၊ ထားဝယ်သမဂ္ဂအသင်း၏ နာယကများအဖြစ် အောက်ပါပုဂ္ဂိုလ် (၁၀)ဦးကို ရွေးချယ်လေသည်။

(၁) ဦးဗဆွေ
(၂) ဦးစိန်ဝင်း
(၃) ဦးသိန်း (ကြီးပွားရေး)
(၄) ဦးထွန်းအေး
(၅) ဦးကြူစိန်
(၆) ဦးလှဒင်
(၇) ဦးဘကျော့
(၈) ဦးဘလှ
(၉) ဦးစောရွှေ
(၁၀) ဦးကြည်မွန်- တို့ဖြစ်ကြသည်။

ဥပဒေဆိုင်ရာ အတိုင်ပင်ခံအဖြစ်နှင့် ဦးစီစီးရှူးအား ရွေးချယ်လေသည်။ (၁၆-၅-၁၉၈၁) စည်းဝေးမှတ်တမ်း၊ စာ ၆၇)

၁၉၈၁-ခုနှစ်တွင် ဦးတင်ထွန်း ဥက္ကဋ္ဌအဖြစ် အရွေးခံရပြန်သည်။ အတွင်းရေးမှူးမှာ ဦးကျော်ဆန်းဖြစ်၏။ တွဲဘက်အတွင်းရေးမှူး ဦးမောင်မောင် နှုတ်ထွက်သွားသဖြင့် ဦးမောင်မောင်သိန်းအား အများသဘောတူ တာဝန်ပေးရန် ဆုံးဖြတ်ကြလေသည်။ (၆-၈-၈၁ စည်းဝေးမှတ်ဓာတ်၊ စာ၊ ၁၈၇)။

ထိုအစည်းအဝေးကပင် အခန်းငှားကိစ္စနှင့် ပတ်သက်၍ ဈာရီမှုဖွင့်ရန် ဆုံးဖြတ်ကြလေသည် (အသင်းအောက်ထပ်ခန်း ပြန်လည်ရရှိရေးအတွက် ဥက္ကဋ္ဌ ဦးတင်ထွန်းနှင့်အတူ ပူးတွဲ၍ ဦးသိန်းတင်၊ ဦးဖေအေးတို့အား ဆပ်ကော်မတီဖွဲ့၍ ဆောင်ရွက်ရန် တာဝန်ပေးခဲ့သည်။ (၁၂-၂-၁၉၈၃ စည်းဝေးမှတ်တမ်း၊ စာ-၁၈၇)။

ဤအောက်ထပ်အခန်းကိစ္စမှာ ၁၉၈၆ ခုနှစ်ကျမှပင် တရားနိုင်၍ ပြီးပြတ်ခဲ့သည်။ (၂၄-၇-၈၆ စည်းဝေးမှတ်တမ်း၊ စာ-၁၀၁)။ အခန်းပြန်ရရေးကိစ္စကို အားကြိုးမာန်တက်

ဆောင်ရွက်ပေးမှုနှင့် အသင်းအဆောက်အအုံ အပေါ်ထပ်တိုးချဲ့ဆောက်လုပ်ရာတွင်၊ ပေါ်ပေါက်လာသော ဝါကီဖွာပဋိပက္ခ ကိစ္စတစ်ရပ်ကို ဖြေရှင်းဆောင်ရွက်ပေးခြင်း ကြောင့်လည်းကောင်း၊ ငွေ ၁၀၀၀၀-ကျပ် ကျော်အသင်းမှ သက်သာရာရအောင် ဆောင်ရွက်ပေးမှုအတွက်ကြောင့် လည်းကောင်း၊ ဦးတင်ထွန်းအား ကျေးဇူး တင်စွာဖြင့် ထားဝယ်သမဂ္ဂမှ ငွေ ၅၀၀၀-ကျပ်နှင့် လက်ဆောင်ပစ္စည်းတချို့ကို ချီးမြှင့်ဂုဏ်ပြုလေသည်။ သို့ရာတွင် ဦးတင်ထွန်းက ငွေကို လက်မခံဘဲ၊ အသင်းသို့ပြန်၍ ပေးလှူပြီး လက်ဆောင်ပစ္စည်းမျှကိုသာ လက်ခံခဲ့လေသည်။

အသင်းတိုက်အောက်ခန်း၏ မှုခင်းကိစ္စနှင့် ပတ်သက်၍ ပြည့်ပြည့်စုံစုံရေးသား ဖော်ပြခဲ့ပြီးဖြစ်သည်။ အသင်းတိုက်ကို တိုးချဲ့ဆောက်လုပ်မှုနှင့် ပတ်သက်၍ အနည်းငယ် ရေးသားဖော်ပြရပေမည်။

အသင်းတိုက်အဆောက်အအုံကိုထပ်မံပြင်ဆင်ခြင်း။

ထားဝယ်သမဂ္ဂအဆောက်အအုံမှာ အသင်းသားအင်အားနှင့် အသင်းကိစ္စများ ဆောင်ရွက်နေရာလုံလောက်မှု မရှိတော့သဖြင့် နှစ်ထပ်မှသုံးထပ် တိုးမြှင့်ဆောက်လုပ်ရန် ဥက္ကဋ္ဌ ဦးစံလွင်လက်ထက်တွင် ဆုံးဖြတ်ချက်ချမှတ် အကောင်အထည်ဖော်ခဲ့လေသည်။

အသင်းသားများ၊ အမှုဆောင်လူကြီးများထံမှ အလှူငွေကောက်ခံကာမျှဖြင့် မဖြစ်နိုင်။ ထားဝယ်မြို့သို့လည်း သွားရောက်၍ စေတနာရှင်များထံမှ အဆောက်အအုံရန်ပုံငွေ ကောက်ခံရလေသည်။ ထားဝယ်မြို့မိ မြို့ဘများထံမှ အလှူငွေ ၁၂၂၅၅ (တစ်သောင်းနှစ်ထောင် နှစ်ရာငါးဆယ်ငါးကျပ်တိတိ) ကောက်ခံရရှိခဲ့လေသည်။ (၁၉၇၇-၇၈ခု နှစ်ပတ်လည် အစီ ရင်ခံစာ)။

(၁၇-၃-၁၉၈၀) နေ့တွင် အသင်းတိုက်၊ သုံးထပ်ဆောက်လုပ်ခြင်းလုပ်ငန်းကို အကောင်အထည်ဖော်ရန် အပေါ်ထပ်အမိုးကို စတင်ဖျက်လေသည်။ အိမ်ဆောက်ပစ္စည်း ဝယ်ယူခြင်း ကိစ္စကိုလည်း အတွင်းရေးမှူး ဦးသိန်းဟန်အား တာဝန်ပေးအပ်ကြောင်း ဆုံးဖြတ်ကြသည်။ အဆောက်အအုံဆောက်လုပ်ခြင်းကိစ္စ အရပ်ရပ်ကိုလည်း ထားဝယ်သမဂ္ဂအသင်းဝင် အငြိမ်းစား စစ်မှုထမ်းဟောင်း တစ်ဦးအား တာဝန်ပေးအပ်လေသည်။ အသင်းတိုက်အဆောက်အအုံ တိုးချဲ့ဆောက်လုပ်ရာတွင် အသင်း၏ ရန်ပုံငွေအသုံးမပြုဘဲ၊ အဆောက်အအုံအတွက်၊ သီးသန့်ကောက်ခံသည့် အဆောက်အအုံ ရံပုံငွေမှသာ သုံးစွဲရန်ဆုံးဖြတ်ကြလေသည်။

အဆောက်အအုံ ဆောက်လုပ်နေချိန်တွင်ပင်လျှင် အတွင်းရေးမှူးဦးသိန်းဟန် မမာမကျန်းဖြစ်လာသဖြင့် တွဲဘက်အတွင်းရေးမှူး ဦးထွာစိုင်အား အတွင်းရေးမှူး အဖြစ် ခန့်ထားဆောင်ရွက်စေရန် အများသဘောတူ ဆုံးဖြတ်ကြ၏။ အဆောက် အအုံအတွက် အထွေထွေကုန်ကျမှု ၂၂၀၉၇-ကျပ်မှရှိ မည်ဖြစ်၍၊ အမှုဆောင်များကလည်း သန္ဓါရှိသလောက် ထပ်မံထည့်ဝင် လှူဒါန်းကြရန် မေတ္တာရပ်ခံခဲ့သည်။ (၁၀-၁၂-၈၃ မှတ်တမ်းစာ-၂)

မှတ်ချက်။

အတွင်းရေးမှူး ဦးသိန်းဟန်မှာ ဤမကျန်းမာမှုဖြင့်ပင်(၂၃-၁-၁၉၈၁)တွင် ကွယ်လွန်အနိစ္စ ရောက်ရှာလေသည်။

အသင်းတိုက် အဆောက်အအုံ တိုးချဲ့တည်ဆောက်မှုမှာ၊ စိတ်တိုင်းကျ ဖြစ်မလာပေ။ ယက်မ၊ထုတ် စသည်များမှာ ခဲနိုင်စွမ်းအင် မလုံလောက် သဖြင့် ကျိုးကျမည်စိုး၍ **လုပ်ငန်း**ဆောင်ရပ်ဆိုင်းပြီး ပြင်ဆင်မှုပြုရန် ကြိုးပမ်းရပြန်သည်။ ဤအတောအတွင်း **အဆောက်အအုံ** ပြင်ဆင်ဆောက်လုပ်သည့် အလုပ်သမားများနှင့် ဝါဏိဇ္ဇပဋိပက္ခကိစ္စတစ်ရပ် ပေါ်ပေါက် လာသဖြင့် ဖြေရှင်းနိုင်ရန်၊ ဥက္ကဋ္ဌ ဦးတင်ထွန်းနှင့် တွဲဘက်အတွင်းရေး**မှူး** ဦးထွာစိုင်တို့**အား** အသင်းမှ တာဝန်လွှဲပေးရပြန်သည်။ (၂၅-၇-၈၁ မှတ် တမ်းစာ-၉၉)။ အဆောက်အအုံကို ပြန်လည် ဆက်လက်ပြုပြင် ဆောက် လုပ်နိုင်ရန် အမှုဆောင်ဦးဖေမြင့် အကြံပြုဆက်သွယ်ပေးသည့် ဘွဲ့ရ

အင်ဂျင်နီယာ ဦးခင်မောင်ဦးထံ အကြံတောင်းရသည်။ ၎င်းကြီးကြပ်မှုဖြင့်ပင်၊ အမာခံ သံကူကွန်ခရစ်ပစ္စည်းများ ဖြင့် ထပ်၍အားဖြည့်ပြုပြင်ရလေ သည်။ အင်ဂျင်နီယာ ဦးခင်မောင်ဦးအားလည်း ကြီးကြပ်ကူညီ ဆောင်ရွက် ပေးခဲ့မှုအပေါ်တွင် အသင်းမှ နှစ်ထောင်းအားရရှိသဖြင့် ကျန်ငွေ ၇၆၀၀-ကျပ်ကို ကြီးကြပ်ခ (အခကြေးငွေ သဘောမဟုတ်ဘဲ) ဉာဏ်ပူဇော်ခအနေဖြင့် ချီးမြှင့်ပေးအပ်ခဲ့လေသည်။ (၉-၁၂-၈၄ မှတ်တမ်းစာ-၉၃)။

အသင်း၏ အပေါ်ဆုံးထပ် တိုးချဲ့ဆောက်လုပ်မှုလည်း ပြီးစီးခဲ့ရာ (၈-၁၀-၁၉၈၄)တွင် အပေါ်ထပ်ဖွင့်လှစ်ပွဲ အခမ်းအနားကို ကျင်းပနိုင်ခဲ့သည်။ ဧည့်ရုံပ်သာကိုလည်း (၁၀-၈-၈၅)တွင် စတင်ဖွင့်လှစ်ပွဲ အခမ်းအနားကို ကျင်းပနိုင်ခဲ့သည်။ ဧည့်ရိပ်သာကိုလည်း (၁၀-၈-၈၅)တွင် စတင် ဖွင့်လှစ် အသုံးပြုနိုင်ခဲ့လေသည်။

ဧည့်ရိပ်သာထားရှိခြင်း

ထားဝယ်သမဂ္ဂအသင်းသည်၊ လူမှုရေးကိစ္စများကို ပဓါနထားဆောင်ရွက်ရန် ဦးတည်ထားရှိခဲ့သည့်အတိုင်း၊ ထားဝယ်ဒေသမှ ရန်ကုန်သို့ ခရီးသွားလာသူများ အခက်အခဲမရှိ အလွယ်တကူ တည်းနိုင်ရန်အတွက်လည်းကောင်း၊ အသင်း၏ ရန်ပုံငွေကို သဒ္ဓါကြေးအဖြစ် အလှူငွေရယူခြင်းအားဖြင့် တစ်နည်းတဖုံ ဘဏ္ဍာရေး အခြေအနေကောင်းစေရန် ဖြည့်တင်းပေးသည့် သဘောဖြင့် ဧည့်ရိပ်သာဖြစ်မြောက်ရေးအတွက် အောက်ပါပုဂ္ဂိုလ်များပါဝင်၍ ဖြစ်မြောက်ရေးကော်မတီကို ဖွဲ့စည်းခဲ့လေသည်။

၁။ ဦးဘမောင်(ဥက္ကဋ္ဌ)　　၂။ ဦးမောင်မောင်သိန်း(အဖွဲ့ဝင်)
၃။ ဦးခင်လှိုင်　　၄။ ဦးသန်းလွင်
၅။ ဦးဘအေးစိန်(အတွင်းရေးမှူး)　　တို့ဖြစ်ကြပါသည်။

ဧည့်ရိပ်သာအတွက် မတည်အရင်းအနှီးအဖြစ် အသုံးပြုရာတွင် ကုတင်၊ ဖျာ၊ ခေါင်းအုံး၊ ခြင်ထောင်တို့ကို ဝယ်ယူပြီး ထားပေးပါသည်။ ဧည့်ရိပ်သာကို၊ ဧည့်ကောင်းစောင် ကောင်းများ လာရောက်တည်းခိုမည့် နိမိတ်ကိုဆောင်၍ **"မင်္ဂလာ"ဧည့်ရိပ်သာဟု အမည်ပေး** ပြီး(၁၀-၈-၈၅)နေ့မှ စ၍ ဖွင့်လှစ်ခဲ့ပါသည်။ ဧည့်ရိပ်သာသို့ လာရောက်တည်းခိုသူများအား အစကနဦးပိုင်းတွင် အခကြေးငွေဟူ၍ မယူဘဲ သဒ္ဓါကြေးအလှူငွေ

ခံယူ၍ ညှဉ်ရိပ်သာကို လာရောက်တည်းသူများအတွက် အလှူငွေများကို အသုံးပြု၍ ယခုအခါ လက်ဆေးခွက်၊ ရေတံခေါင်းမှစ၍ ရုပ်မြင်သံကြားစက်ပါ ထားရှိပေးထားလေသည်။ ညှဉ်ရိပ်သာထားသော အထပ်တွင် ရေချိုးခန်းနှင့် အိမ်သာတို့ကို တိုးချဲ့ ပြင်ဆင်ထားရှိပေးရန် စီစဉ်ထားမှုများ ရှိနေပြီးဖြစ်လေသည်။

အသင်းတိုက်သို့ပစ္စည်းလှူဒါန်းမှုများ

၁။ သမဂ္ဂအသင်းတိုက်တွင် ထာဝရ ကိန်းဝပ်စံပယ်ပူဇော်သမှု ပြုနိုင်ရန် ဆင်းတုတော်တစ်ဆူကို ကျောင်းဆောင်နှင့်တကွ အနေကဇာတင်ရန် အလှူငွေအပါအဝင် ငွေ၂၀၀၀-ကျပ်ကို ဦးစိုး ရှိန်နှင့် ဒေါ်ခင်ရီမိသားစုက လှူဒါန်းလေသည်။ ၁၉၉၃-ခုနှစ်တွင် ဘုရားစင်ကို ငွေတစ် သောင်းကျော် ကုန်ကျခံ၍ ထပ်မံလှူဒါန်းပြန်သည်။

၂။ နာယကဦးကြီးဖေမှလည်း ဘုရားဆောင်ရှေ့တွင် ခန်းလုံးပြည့်မှု ခင်းနိုင်ရန် ဖယောင်းပုဆိုးအခင်း (တန်ဖိုး ၁၆၁၀-ကျပ်)ကို လှူဒါန်းခဲ့လေသည်။

အဆောက်အအုံရန်ပုံငွေအင်အားထပ်ခံဖြည့်တင်းရခြင်း

အသင်းအဆောက်အအုံပြင်ဆင်မှု၊ ရန်ပုံငွေကိုလည်း ထပ်မံ၍ ဖြည့်တင်းနိုင်ရန် နာယကလူကြီးများအဖွဲ့မှ မိမိတို့စရိတ်ဖြင့် ထားဝယ်မြို့သို့ သွားရောက် ကောက်ခံကြလေသည်။ ထားဝယ်လူထု၏ ထက်သန်သော စေတနာဖြင့် အဆောက်အအုံပြင်ဆင်ရန် ထည့်ဝင်လှူဒါန်းကြသည့် ရန်ပုံငွေမှာ ၆၈၈၀၀(ခြောက်သောင်းရှစ်ထောင်ရှစ်ရာကျပ်) ဖြစ်လေသည်။ (၂၉-၄-၁၉၈၄ မှတ်တမ်းစာ-၅၃)။

မှတ်ချက်။ ။ အဲ့လှူငွေစာရင်းအထွေထွေကို နောက်ဆက်တွဲ( )တွင်ရှုပါ။

အသင်းတိုက်တွင် ပူဇော်နိုင်ရန် ဘုရားဆင်းတုတော်တစ်ဆူကို ဘုရားကျောင်းဆောင်နှင့်တကွ ၁၃၀၀-ကျပ် အကုန်ကျခံ၍ အမှုဆောင်လူကြီးတစ်ဦးဖြစ်သူ ဦးစိုးရှိန်၊ ဒေါ်ခင်ရီတို့က

လှူဒါန်းလေသည်။ ဘုရားအနေကာတင်ရန် ကုန်ကျစရိတ် ၇၀၀-ကျပ်ကိုလည်း တပါတည်း လှူဒါန်းသဖြင့် အသင်းမှ ဝမ်းမြောက်စွာ လက်ခံလေသည်။ (၈-၉-၈၅ မှတ်တမ်းစာ-၃၇)။

ဥက္ကဋ္ဌဦးကြီးဖေကလည်း ခင်းရန်အတွက်ဖယောင်းပုဆိုး၊ ကော်ဇောဖိုး ၁၆၁၀-ကျပ် ကုန်ကျလှူဒါန်းသည့်အပြင်၊ အသင်းအတွက်ဘီဒိုတစ်လုံး၊ ခါတ်ဘူး(၃)လုံးနှင့် လဘက်ရည်အကြမ်းပန်းကန်နှစ်ဒါဇင်ကို ပေးလှူသည်။ (၁၀-၈-၈၆ မှတ်တမ်းစာ-၁၀၂)။

ပစ္စည်းအလှူရှင်များစာရင်း

စဉ်	အလှူရှင်အမည်	လှူသည့်ပစ္စည်း	ဦးရေ	တန်ဖိုး
၁။	ဦးကြီးဖေ	ဖရောင်းပုဆိုးကော်ဇော	၇လိပ်	၁၆၁၀ကျပ်
		ဘီဒို	၁လုံး	
		ခါတ်ဘူး	၃လုံး	
		လဘက်ရည်အကြမ်းပုဂံ	၂ဒါဇင်	
၂။	ဦးစိုးရိန်-ဒေါ်ခင်ရီ	ဘုရားဆင်းတုတော်	၁ဆူ	
		ဘုရားကျောင်းဆောင်	၁ခု	၂၀၀၀ကျပ်
		ဘုရားစင်အကြီး	၁ခု	၁၃၀၀၀ကျပ်
၃။	တနင်္သာရီတိုင်း လေ့လော်အသင်း	တိုင်ကပ်နာရီ	၁လုံး	၆၅၀ကျပ်
၄။	ဦးစောရိန်	အသံချဲ့စက်	၁လုံး	
၅။	ဦးအောင်သိန်း-ဒေါ်ခင်ကြည်	နံရံကပ်နာရီ	၁လုံး	
၆။	စတားစိန်တိုက်	ဗိုလ်ချုပ်အောင်ဆန်းပုံ	၁ခု	

အသင်းမှလျှောဒါန်းသည့်အလှူငွေ

၁။ ကမ္ဘာအေးစေဟီအတွက် ၁၀၀၀ကျပ်

၂။ သရက်တောကျောင်းတိုက် ၂၅၀၀ကျပ်

သရက်တောကျောင်းတိုက်အလယ်ကျောင်းကြီးဘက်စုံပြုပြင် ၂၅၀၀ကျပ်

၃။ ဇမ္ဗူရတနာကျောင်းတိုက်ဆရာတော်ပျံလွန်တော်မူခြင်းအတွက် ၃၀၀၀ကျပ်

၄။ ထားဝယ်ရဟန်းတော်များ ဦးစီးသော ဘိတ်သိတ်ဆုချီးမြှင့်ပွဲတော် ၇၀၀၀ကျပ်
(နှစ်စဉ်)

၅။ ဘွဲ့တံဆိပ်ရ ဆရာတော်များ စုပေါင်းပူဇော်၍ နှစ်စဉ် ၃၅၀၀-ကျပ်/၅၀၀၀-ကျပ်။

အခန်း(၄)

သက်ကြီးပူဇော်ပွဲများ.

သက်ကြီးပူဇော်ပွဲကို ၁၉၇၇-ခုနှစ်တွင် စတင်၍ အကောင်အထည်ဖော်ခဲ့ကြသည်။ အသက် (၇၅)နှစ်အထက် အသက်အရွယ်ရှိသူ အသင်းဝင်လူကြီးများအား ပင့်ဖိတ်ပြီး၊ ကျန်ထိုထက် အသက်ငယ်သူ အသင်းဝင်များက၊ အသင်းတိုက်တွင်၊ ပူဇော်ပွဲကျင်းပခြင်းကိစ္စအတွက် ကုန်ကျငွေကို အသင်းမှ ထိုက်သင့်သလောက်သာ စိုက်ထုတ်ပြီး၊ အသင်းဝင်များက ထည့်ဝင်လှူဒါန်းငွေများကိုပင် အဓိကထားကာ၊ သက်ကြီးရွယ်အို အသင်းဝင်များအတွက် သင့်တင့်သည့် လှူဘွယ်ပစ္စည်းနှင့် ကန်တော့ကြခြင်း ဖြစ်သည်။

ထိုသက်ကြီးပူဇော်ပွဲများကို၊ နှစ်စဉ်ပင်၊ အစဉ်တစိုက် ကျင်းပခဲ့ကြပေသည်။ နောက်ပိုင်းတွင် သက်ကြီးပူဇော်ပွဲများကို ရန်ကုန်တွင်သာမက ထားဝယ်မြို့ရှိ သမဂ္ဂအသင်းခွဲတွင်လည်း အသက်(၇၅)နှစ်ကျော် အသင်းဝင် အသက်ကြီး ပုဂ္ဂိုလ်များအားပင် ပင့်ဖိတ်၍ သက်ကြီးပူဇော်ပွဲကို ကျင်းပကြလေသည်။

"၁၉၈၀-ခုနှစ်တွင် ကျင်းပသည့် သက်ကြီးပူဇော်အတွက် ယခင်နှစ်က ကဲ့သို့ပင် ၅၀၀-ကျပ် အကုန်အကျခံ၍ ကျင်းပရန်" ဟူသော စည်းဝေးဆုံးဖြတ်ချက် တစ်ခုကိုတွေ့ရသဖြင့်၊ ၁၉ ခုနှစ်တွင်လည်း ဤခွင့်ပြုချက်အတိုင်းပင် သက်မှတ်ပေးဟန်ရှိသည်။ (၂၁-၆-၁၉၈၀ စည်းဝေး မှတ်တမ်းစာ-၃)။ ၁၉၈၀-ခုနှစ် သက်ကြီးပူဇော်ပွဲတွင် အသင်းဝင်

သက်ကြီးပုဂ္ဂိုလ်(၃၂)ဦးကို ပူဇော်နိုင်ခဲ့ပေသည်။ ၁၉၈၁-ခုနှစ်တွင်လည်း၊ အဖိုး(၂၁)ဦး၊ အဘွား(၁၁)ဦး ပေါင်း(၃၂)ဦးပင် ပူ ဇော်ခံခဲ့လေသည်။ ၁၉၈၂-ခုနှစ်နှင့် ၁၉၈၃-ခုနှစ်များ၌ မတွေ့ရ။ ၁၉၈၄-ခုနှစ်တွင် ထားဝယ်မြို့၌ အသင်းဝင် သက်ကြီးပုဂ္ဂိုလ်(၁၁)ဦးကို (၁၂-၁၀-၈၄)နေ့တွင် ပူဇော်နိုင်ခဲ့သည်။ (၉-၁၂-၁၉၈၄ မှတ်တမ်းစာ-၉၄)။

၁၉၈၅တွင် ရန်ကုန်ရှိ ထားဝယ်သမဂ္ဂ အသင်းတိုက်တွင် သက်ကြီးအသင်းဝင် ပုဂ္ဂိုလ် (၂၇)ဦးကို သက်ကြီးပူဇော်ပွဲကျင်းပ၍ ပူဇော်ဂါရဝပြုနိုင်ခဲ့ပြီ၊ ထားဝယ်မြို့တွင်လည်း၊ ဦးငွေလှိုင်၏ နေအိမ်သို့ ပင့်ဖိတ်၍ ပုဂ္ဂိုလ်(၁၀)ဦးကို (၂၇-၁၁-၈၅)နေ့တွင် သက်ကြီးပူဇော်ပွဲကို ထားဝယ်သမဂ္ဂမှ ဦးစီးပြုလုပ်နိုင်ခဲ့သည်။ ၁၉၈၆-ဧ ခုနှစ်တွင်လည်း ရန်ကုန်ရှိ ထားဝယ်သမဂ္ဂအသင်းတိုက်၌ (၃၂)ဦးနှင့် ထားဝယ်မြို့တွင်(၁၀)ဦး အသီးသီးကို သက်ကြီးပူဇော်ပွဲ ကျင်းပပူဇော် နိုင်ခဲ့ပေသည်။

၁၉၈၆-ခုနှစ်တွင် ရန်ကုန် ထားဝယ်သမဂ္ဂအသင်းတိုက်တွင်(၃၁)ဦးနှင့် ထားဝယ်တွင် (၁၀) ဦးကို သက်ကြီးပူဇော်ကန်တော့ပွဲ ကျင်းပနိုင်ခဲ့လေသည်။

၁၉၈၆-ဧ၇-ခုနှစ် သက်ကြီးပူဇော်ပွဲတွင်မူကား ရန်ကုန်၌(၃၂)ဦး ထားဝယ်၌(၁၁)ဦးကို ပူဇော်ကန်တော့နိုင်ခဲ့သည်။ အသင်းသားတစ်ဦးဖြစ်သူ၊ ဒေါ်ခင်မြကလည်း လှူဒါန်းနေကြအတိုင်း မျက်နှာသုတ်ပုဝါများကို လှူဒါန်းသဖြင့် အသင်းမှ ကျေးဇူးတင်ကြောင်း မှတ်တမ်းတင်သည်။ (၂၆-၉-၈၇ စည်းဝေးမှတ်တမ်းစာ-၁၄)။

အခြေအနေအရ သက်ကြီးပူဇော်ပွဲကို ၁၉၈၈ခုနှစ်တွင် မကျင်းပတော့ရန် အမှုဆောင်အဖွဲ့က ဆုံးဖြတ်ကြသည်။ (၁၉၈၈ နိဝင်ဘာလ စည်းဝေးမှတ်တမ်းစာ-၃၁)။ သို့ဖြစ်၍ ၁၉၈၈တွင် သက်ကြီးပူဇော်ပွဲ မကျင်းပဖြစ်ပေ။ (၂-၁၀-၉၀)ခုနှစ်တွင်(ဗာဖန်ပြန်၍ သက်ကြီးပူဇော်ပွဲကို ကျင်းပလေသည်။

သက်ကြီးပူဇော်ပွဲ ကျင်းပခြင်း

စဉ်	ကျင်းပသည့်နှစ်	ကျင်းပသည့်နေရာ		ဦးရေ
		ထားဝယ်	ရန်ကုန်	
၁။	၁၉၇၇/၇၈	-	၂၄	(၂၄)
၂။	၁၉၇၉/၈၀	-	၃၅	(၃၅)
၃။	၁၉၈၀/၈၁	-	၄၂	(၄၂)
၄။	၁၉၈၁/၈၂	-	-	-
၅။	၁၉၈၂/၈၃	-	-	-
၆။	၁၉၈၄/၈၅	၁၁	၂၄	(၃၅)
၇။	၁၉၈၅/၈၆	၁၀	၃၁	(၄၁)
၈။	၁၉၈၆/၈၇	၁၁	၄၂	(၄၃)
၉။	၁၉၈၇/၈၈	-	၃၄	(၃၇)

၁၀။	၁၉၈၉/၉၀	၁၈	၄၈	(၆၆)
၁၁။	၁၉၉၀/၉၁	-	၆၂	(၆၂)
၁၂။	၁၉၉၁/၉၂	-	၆၃	(၆၃)

သီတင်းကျွတ် ဆွမ်းတော်ကြီးတင်ပွဲ

သီတင်းကျွတ်လတွင် ထားဝယ်သမဂ္ဂအသင်းတိုက်၌၊ ဆွမ်းတော်ကြီးတင်ပွဲကို မြို့ငြိမ်မြို့ငြိမ် ဆိုင်ဆိုင်၊ သိုက်သိုက်မြိုက်မြိုက် ကျင်းပတတ်သည်။

စစ်ပြီးခေတ် ၁၉၅၆ တွင် ထားဝယ်သမဂ္ဂ သီတင်းကျွတ်ဆွမ်းတော်ကြီးတင်ပွဲကို ခမ်းခမ်း နားနား ပြန်လည်ကျင်းပခဲ့လေသည်။ ဆွမ်းတော်ကြီးတင်ပွဲအတွက် အသင်း၏ ရန်ပုံငွေဖြင့် အစခပ်သိမ်း သုံးခဲ့ရသည်မဟုတ်၊ အသင်းဝင်များ ထည့်ဝင်လှူဒါန်းငွေများဖြင့် သုံးစွဲသည်။ ဆွမ်းတော် ကြီးတင်သည့် နေ့တွင်လည်း လှူဘွယ်ပစ္စည်းများဖြင့် သိုက်သိုက်ဝန်းဝန်း အသင်းဝင်များ လာရောက်ကြသောကြောင့် စည်ကားသိုက်မြိုက် လှပေသည်။

သီတင်းကျွတ် ဆွမ်းတော်ကြီးတင်ပွဲအတွက် ကောက်ခံရရှိငွေ ၃၉၆၀-ကျပ်၊ ၅၀ပြား ကုန်ကျငွေ ၂၈၀၇-ကျပ်၊ ၆၅ပြား ဖြစ်ကြောင်း ဘဏ္ဍာရေးရှင်းတမ်းတစ်ခု ၁၉၈၁ စည်းဝေးမှတ်တမ်း တစ်ခုတွင် တွေ့ရ၏။ (၂၄-၉-၈၁ မှတ်တမ်းစာ-၁၃၀)။ ဤဆွမ်းတော်ကြီးတင်ပွဲ၌ ထားဝယ်မုန့်, ဟင်းခါးနှင့် မုန့်ချိုများဖြင့် စည့်ခံကျွေးမွေးလေသည်။ သီတင်းကျွတ် ဆွမ်းတော်ကြီးတင်ပွဲသို့ ကြွရောက်လာကြသည့် အသင်းဝင် စည့်သည်များအား ထားဝယ်ရိုးရာ မုန့်များနှင့် ကျွေးမွေးစည့်ခံ လေ့ရှိသည်။

၁၉၈၆-ခုနှစ် ဆွမ်းတော်ကြီးတင်ပွဲနှင့် ပတ်သက်၍ ကောက်ခံရရှိငွေ ၆၀၀၀-ကျပ် ကုန်ကျငွေ ၄၅၀၀-ကျပ်၊ ကျန်ငွေ ၁၅၀၀-ကျပ် ဟု တွေ့ရသေးသည်။ သို့ဖြစ်၍ သီတင်းကျွတ် ဆွမ်းတော်ကြီးတင်ပွဲအတွက် ထားဝယ်သမဂ္ဂ အသင်းသို့ အသင်းသား

များ သဒ္ဓါထက်သန်စွာ လှူဒါန်းလေ့ရှိကြသည်ကို တွေ့ရ၏။ လက်ကျန်ရန်ပုံငွေထဲမှ လည်း၊ အခြားခြားသော၊ ဘာသာရေးကိစ္စ အလှူအတန်းများအတွက်၊ အသင်းမှသင့်တော်ကို အမှုဆောင် အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် ခြိုးခြိုးခြံခြံ အသုံးပြုကြလေသည်။ နောင်နှစ်တွင် ကျင်းပမည့် သီတင်းကျွတ် ဆွမ်းတော်ကြီးတင် ပွဲအတွက်လည်း ရံဖန်ရံခါ ဖယ်ထား သည်လည်းရှိ၏။

ဝါဆိုသဃိန်း ကပ်လှူပွဲ

၁၉၇၈ တွင် သက်ကြီးပူဇော်ပွဲနှင့်အတူ ဝါဆိုသဃိန်း ကပ်လှူပွဲကိုလည်း ကျင်းပကြ၏၊ ၁၉၇၉-ခုနှစ် ဝါဆိုလတွင် ဓမ္မုရတနာကျောင်းမှ ဘုန်းကြီးသုံးပါးအား၊ ဝါဆိုသဃိန်းကပ်လှူပွဲကို ကျင်းပသည်ဟု အစည်းအဝေးမှတ်တမ်းတွင် တွေ့ရသည်။ ထို့နောက် ၁၉၉၁-ခုနှစ်တွင် တစ်ကြိမ်၊ ၁၉၉၂ ဇူလိုင်(၁၂)ရက်နေ့တွင် တစ်ကြိမ် ဝါဆိုသဃိန်းကပ်လှူပွဲ ကျင်းပခဲ့လေသည်။

ရိုးရာသင်္ကြန်ပွဲ အလှူအတန်းများ

တန်ခူးလ သင်္ကြန်ချိန်တွင် အသင်းဝင်များ ပျော်ပျော်ပါးပါး တွေ့ဆုံနိုင်ရန်နှင့် ထားဝယ်ရိုးရာ အလှူအတန်း အကျွေးအမွေးများလည်း ပြုလုပ်ပေးလေ့ရှိသည်။ နှစ်စဉ်မပျက် ပုံမှန်ဆောင်ရွက်မှုမျိုးကား မဟုတ်ပေ။ သို့ရာတွင် ဤတန်ခူးလ သင်္ကြန်ချိန်ကာလ အလှူပွဲများတွင်၊ ထားဝယ်ရိုးရာ(ရေးဇီမုန်း)ခေါ် ရေစိမ်ထမင်း၊ ငါးပုတ်ခြောက် သို့မဟုတ် ထားဝယ်ငါးခြောက် စသည်တို့ဖြင့် ကျွေးမွေးတတ်သည်။ ထားဝယ်ရိုးရာ ရေးဇီမုန်း ဟု ခေါ်စေကာမူ ဤခရလေ့မှာ မွန်ပြည် နယ်အပါအဝင်၊ တနင်္သာရီတိုင်းဒေသအနှံ့တွင် ပြုလုပ်လေ့ရှိသော အလေ့အထတစ်ခုပင် ဖြစ်သည်။

ရေးဇီမုန်းဆိုသည်မှာ ထမင်းကို ချက်ရိုးချက်စဉ် ချက်ပြီး အမွေးနုံ့သာ ထုံထားသည့် ရေထဲသို့ လောင်းသွန်ကာ အနံ့ကူးစေသည့် စနစ်ဖြစ်သည်။ အမွေးနုံ့သာကိုလည်း နုံ့သာပန်းမွှေးမြစ်နှင့် ပျားဖယောင်းကို မီးရှို့ပြီး ထိုအငွေ့ဖြင့် ရေကိုထုံစေပြီးမှ ဤရေသန့်သန့်သို့ ထမင်းကို ထုံစေခြင်းဖြစ်သည်။ ပူအိုက်သည့် နွေရာသီ သကြိန်ကာလတွင် အေးမြသင်းပျံ့သည့် အဟာရပင်ဖြစ်သည်။ စားသုံးသူများကလည်း ရင်အေးသည်ဟု နှစ်ချိုက်စွာ စားသုံးကြလေသည်။

ထားဝယ်ရိုးရာ မုန့်ချိုများလည်း ကျွေးမွေးတတ်လေသည်။ ၁၉၇၅ခု၊ ရေးဇီမုန်း လှူဒါန်းရန် ခွင့်ပြုငွေ ၃၅၀-ကျပ်၊ ရာထားသတ်မှတ်ပေးခဲ့ရာ၊ သကြိန်ရေးဇီမုန်း လှူဒါန်းကုန်ကျငွေ ၄၁၀-ကျပ်၊ ဖဝါးပြား။ အမှုဆောင်များလှူဒါန်းငွေ ၁၄၀-ကျပ် ဖြစ်၍ အသင်းမှ ကုန်ကျငွေ ၂၇၀-ကျပ်၊ဖဝါးပြားသာ ကုန်ကျသည်ကို (၁၉၇၅-ခု မှတ်တမ်းစာမျက်နှာ-၂၈) တွင် တွေ့ရလေသည်။

ထားဝယ်မုန့်ချိုများကိုလည်း ကျွေးမွေးပြီးနောက်၊ (ရေဇီးမုန်း) ကျွေးမွေးလေ့ရှိသည်။ အများအားဖြင့် သကြိန်ချိန်တွင် မုန့်လုပ်၍ လှူဒါန်းလေ့ရှိသည်။ မုန့်ဆီကျော်နှင့် မုန့်ဒိုးခွာ စသည်တို့ပင်ဖြစ်လေသည်။ မုန့်ဒိုးခွာမှာ အုန်းယိုခပ်များများဌာပနာ၍ ကျော်ထားသည့်မုန့်တည်း။ ဤကား ထားဝယ်သမဂ္ဂတွင် သကြိန်ချိန်၌ ကျွေးမွေးလှူဒါန်းလေ့ရှိသည့် ထားဝယ်အစားအစာများ ဖြစ်သည်။

ကောင်းမွန်စွာ တီးခတ်တတ်သူများရှိလျှင်၊ ထားဝယ်သမဂ္ဂသကြိန်ရေးဇီမုန်း အလှူပွဲတွင်၊ ထားဝယ်အိုးစည်သံလည်း ကြားရတတ်ပေသည်။ အိုးစည်ကို အဓိကအားဖြင့် ရဂွင်း၊ မောင်းနှင့် ဝါးပုလွေတို့နှင့်တွဲဖက်၍ တီးမှုတ်ကြခြင်းဖြစ်သည်။ အတီးကောင်းလျှင် အလွန်ပင်မြူးမြူးကြွကြွနှင့် နာပျော်ဖွယ်ရှိသည်။ ဝိုင်း၍ လက်ခုတ်တီးပြီး ကိုယ်တိုင်ဝင်ပါဝင်ကခုန်ချင်စိတ် ပေါက်လာကာ ပျော်ပျော်ပါးပါးဝိုင်း၍ ကခုန်တတ်ကြသည်။

ရိုးရာရေးဖီမှန်းအလှူပွဲကို (၁၄-၄-၁၉၉၁)တွင် ထားဝယ်သမဂ္ဂ၌ ယခင်ကျင်းပမြဲကဲ့သို့ ကျင်းပခဲ့လေသည်။

အခြားပျော်ပွဲရွှင်ပွဲ၊ မိတ်ဆုံစားပွဲများ

ထားဝယ်သမဂ္ဂအနေနှင့် အသင်းဝင်များအချင်းချင်းကို၍ ရင်းနှီးစေရန် ပျော်ပွဲစားထွက်ခြင်း၊ မိတ်ဆုံစားပွဲများ မြူလုပ်ကျင်းပလေးခြင်းမျိုးလည်း ရှိသည်။ သို့ရာတွင် ကြိမ်ဖန်များစွာ သို့မဟုတ် မကြာခဏ ပြုလုပ်လေ့မရှိ။ အခြေအနေအရ၊ အသင်းဝင်များ တောင်းဆိုလာသည့်အခါ၊ သို့မဟုတ် ပြုလုပ်ဆောင်ရွက်ပေးသင့်သည့်အခါ ထားဝယ်သမဂ္ဂမှ ပြုလုပ်ဆောင်ရွက်ပေးတတ်သည်။

ဤအစဉ်အလာမှာ၊ ထိုယခင်စစ်မဖြစ်မီကာလပိုင်း ၁၉၃၃-ခုနှစ်ခန့်လောက်ကပင် ၄-ကျပ် (နှစ်ကျပ်) စီစု၍ ပဲခူးသို့ ပျော်ပွဲစားထွက်ခြင်း။ ၂-၂-၅၇ တွင်လည်း ဒုတိယအကြိမ် မိတ်ဆုံစားပွဲ တစ်ခုကို အင်းယားကန်အနီး၊ ကင်းထောက်စခန်းတွင် ကျင်းပခဲ့လေသည်။ သဘော်စီးလုံးငှား၍ မြစ်ဝကျွန်းပေါ်ဒေသသို့ ခရီးထွက်ခြင်း (၁၉၇၈-ခု ရွှေဌေးမြင့်သဘော်ဖြင့်) စသည်တို့ ပြုလုပ်ခဲ့လေသည်။ ထားဝယ်သူ ထားဝယ်သား ၄၀၀-ခန့် လိုက်ပါကြ၏။

ထားဝယ်သမဂ္ဂနှစ်(၆၀)ပြည့်မိတ်ဆုံစားပွဲ

ထားဝယ်သမဂ္ဂ ရွှေရတုသဘင် (နှစ်၅၀မြောက်) မိတ်ဆုံစားပွဲ မိုးဖျက်သဖြင့် စိတ်မကြေနပ်ကြသေးသည့် အသင်းဝင်များသည် နှစ်(၆၀)ပြည့်တွင် ထပ်၍ကျင်းပကြဦးမည်ဟု အားခဲထားကြလေသည်။ နှစ်(၆၀)ပြည့် မိတ်ဆုံစားပွဲကို ပို၍ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဟုလည်း ရည်မှန်းထားကြသည်။ အမှန်မှာ နှစ်(၆၀)မြောက်နှစ်သည် ၁၉၈၁-ခုနှစ်တွင် ကျရောက်သည်။ သို့ရာတွင် အကြောင်းကြောင်းကြောင့် ၁၉၈၁တွင် မကျင်းပ

နိုင်ခဲ့၏ ၂-၂-၁၉၈၆ ကျမှပင်၊ ကန်တော်ကြီး ရွှေဟင်္သာကျွန်းခွဲ ထားဝယ်သမဂ္ဂ၏ နှစ်(၆၀)ကျော် မိတ်ဆုံစားပွဲကို ကျင်းပနိုင်တော့သည်။ ဤမိတ်ဆုံစားပွဲတွင် ထားဝယ်သမဂ္ဂဝင်များသာမက၊ မြိတ်အသင်း၏ အမှုဆောင်များ၊ ပုလောအသင်း၏ အမှုဆောင်များကိုလည်း ဖိတ်ကြားခဲ့လေသည်။

မိတ်ဆုံစားပွဲတွင် အသင်းသူအသင်းသားများ၏ မိသားစုများ၊ ကိုယ့်ထမင်းချိုင့် ကိုယ်သယ်လာကြပြီး ဝိုင်းဖွဲ့၍ ပျော်ပျော်ပါးပါး စားသောက်ကြသည်။ ထမင်းချိုင့် မယူလို၊ မသယ်လိုသူများအတွက်လည်း လစ်ဟင်းမှု မရှိစေရအောင် အသင်းသူအသင်းသား တစ်ချို့က၊ စားစရာဆိုင်၊ အသုတ်ဆိုင်၊ အကျော်ဆိုင်၊ မုန့်ပဲသွားရေစာဆိုင်များအပြင်၊ လက်ဘက်ရည်ဆိုင်၊ အအေးဆိုင်များပါ အမြတ်အစွန်းကို ပဓာနမထားဘဲ ဖွင့်လှစ်ပေးကြသည်။ အထူးသဖြင့် ထားဝယ်ထမင်းဟင်း။ ထားဝယ်ရိုးရာ မုန့်ပဲသွားရေစာများ စုံလှပေသည်။ ဖိတ်ကြားသည့်မြိတ်နှင့် ပုလောအသင်းအမှုဆောင်များကိုလည်း ထားဝယ်မုန့်မျိုးစုံနှင့် ဧည့်ခံကျွေးမွေးလေသည်။

ပျော်စရာရွှင်စရာ

မိတ်ဆုံစားပွဲသို့ လာရောက်ကြသည့် မိဘများနှင့်အတူပါလာသည့် ကလေးသူငယ်များ၊ သားငယ် သမီးငယ်များလည်း ပျော်ပျော်ပါးပါးရှိစေရန်၊ ကစားပွဲများ၊ ပြောပွဲရွှင်ပွဲ၊ ပြိုင်ပွဲ ကလေးများ စီမံပြုလုပ်ပေးလေသည်။

အမျိုးသမီးများအတွက် ထားဝယ်မတ်တတ်လှူးပွဲ လည်းစီစဉ်ပေးသည်။ "မတ်တတ်လှူးပွဲ" ဆိုသည်မှာ ထားဝယ်သူများနှင့် ကလေးငယ်များ ကစားလေ့ရှိကြသည့် ရိုးရာဂုံညင်းထိုးပွဲတစ်မျိုး ဖြစ်သည်။ ရှာရှာမွေမွေ ဂုံညင်းဒိုးများကိုလည်း ရအောင် ရှာဖွေစုဆောင်းလာကြသည်။

ထားဝယ်တွင် ကစားလေ့ရှိသည့်စနစ်အတိုင်း မတ်တတ်လှူးပွဲကို ပြုလုပ်ခဲ့သည်။

ဖိုးရှင်ခေခိုပွဲ။ ။ ဖိုးရှင်ခေခိုပွဲဆိုသည့် ထားဝယ်စကားမှာ ဖိုးရှင်ခြေခြိုတ်ပွဲ ကစားနည်းပင် ဖြစ်သည်။ လေးယောက်တစ်တွဲ ခြေတစ်ဖက်စီခြိုတ်၍ တစ်ဦးခြေခေါက်ကွေးပေါ် တစ်ဦး ခြေတင်၍ ပခုံးခြင်းတွယ်ဖက်ပြီး ကစားရသော ကစားနည်းတစ်မျိုး ဖြစ်သည်။ ဖိုးရှင်ခြေသိချင်း (ဂျာအေးမုံ့လုံးစက္ကူကပ် သိချင်းကဲ့သို့ မဆုံးနိုင်သည့်သီချင်း) ကို သီဆိုပြီး၊ အတွဲ လိုက်ခုန်၍ ရွှေ့ရှားရသည့် ကစားနည်းဖြစ်၏။ သီချင်းရပ်လျှင် အခုန်လည်းရပ်ရသည်။ ခြေပြုတ်သည့်အဖွဲ့ ရှုံးသည်။ နောက်ဆုံး ခြေချိတ်မပြုတ်ဘဲ ကျန်သည့်အသင်း အနိုင်ရသည်။

ကြဲခုတ်ပွဲ ။ ။ ထားဝယ်၌ ကစားလေ့ရှိသည့် ကြဲခုတ်ပွဲကိုလည်း ပျော်ပွဲရွှင်ပွဲတစ်ခု အဖြစ်နှင့် ကစားကြသည်။ သို့ရာတွင် ထားဝယ်၌ အသုံးပြုလေ့ရှိသည့် ကြဲမျိုးမရရှိသဖြင့် အောင်မြင်မှုမရခဲ့ချေ။

ထားဝယ်ယဉ်ကျေးမှု၊ ထားဝယ်အခေါ်အဝေါ် အသုံးအနှုန်း စသည်တို့နှင့် ပတ်သက်သည့် ပဟေဠိဖြေဆိုပွဲကိုလည်း ပြုလုပ်ပေးသည်။ အဖြေမှန်၊ အမှတ်အမှားဆုံးရသူများအား ဆုချီးမြှင့်လေသည်။ ဤမိတ်ဆုံစားပွဲတွင်ပင် ရိုးရာယဉ်ကျေးမှု အိုးစည်၊ ဒိုးပတ်စသည်များ တီးမှုတ် ကခုန်ကြခြင်း၊ တီးဝိုင်းများဖြင့် ဒိန်းသီချင်း သီဆိုကြခြင်းလည်း ရှိသည်။

မှတ်တမ်းဓာတ်ပုံများ

မိတ်ဆုံစားပွဲတွင် ထားဝယ်နှင့်ပတ်သတ်သည့် သမိုင်းမှတ်တမ်းဓာတ်ပုံများ၊ စစ်မှတ်တမ်း ဓာတ်ပုံများကိုပါ ထည့်သွင်းပြသနိုင်ရန်အတွက်၊ သမိုင်းမှတ်တမ်းဓာတ်ပုံများ၊ စစ်မှတ်တမ်းဓာတ်ပုံများကို စုဆောင်းငှားရမ်း ပြသရေးအတွက်၊ တာဝန်ယူဆောင်ရွက်ပေးရန် ဦးဘမောင်အား မေတ္တာရပ်ခံခဲ့လေသည်။ (၈-၁၁-၁၉၈၁ စာ-၉)

ထားဝယ်မြို့ဟောင်းမြေပုံများ

ထားဝယ်မြို့ဟောင်းများဖြစ်ကြသည့် ၊ သာဂရမြို့ဟောင်း၊ ဝေဒီမြို့ဟောင်း၊ မုဏ္ဍီးမြို့ဟောင်း ဆင်းဆိပ်နှင့် ညောင်ခရားမြို့ဟောင်း စသည့်မြို့ဟောင်း မြေပုံများကိုလည်း ချိတ်ဆွဲပြသနိုင်ခဲ့လေသည်။

ဤမိတ်ဆုံစားပွဲ၌ပင် ပညာရည်ချွန်ဆုရသည့် အသင်းသူ အသင်းသားများ၏ သားသမီးများအား ဆုချီးမြှင့်လေသည်။ အလယ်တန်းနှင့် အထက် တန်းစာမေးပွဲများ၌ ဂုဏ်ထူး ဆွတ်ခူးအောင်မြင်သည့် ကလေးများကို ဆုချီးမြှင့်ခြင်းဖြစ် သည်။ တစ်ဘာသာ ဂုဏ်ထူးမှအထက် ဂုဏ်ထူးရှင် ပညာရည်ချွန်ဆုရသူများ (၂၂)ဦးကို ဤမိတ်ဆုံစားပွဲ၌ ဆုချီးမြှင့်ခဲ့လေသည်။

ဤမျှသာမကသေး နိုင်ငံကိုကိုယ်စားပြုပြီး နိုင်ငံရပ်ခြား၌ ကျင်းပသည့် အားကစားပြိုင်ပွဲများ၌ အနိုင်ရကာ ရွှေတံဆိပ်ဆွတ်ခူးရရှိခဲ့သည့် အားကစားသမားများအား ဆုချီးမြှင့်လေသည်။ ဤမိတ်ဆုံစားပွဲ၌ ဂျူဒိုချန်ပီယံ မခင်မူမူအား ဆုချီးမြှင့်ခဲ့သည်။ ခင်မူမူသည် အရှေ့တောင်အာရှ ကျွန်းစွယ်ပြိုင်ပွဲတွင် ဂျူဒိုပြိုင်ပွဲများ၌ ရွှေတံဆိပ်(၂)ခုကို ဆွတ်ခူးနိုင်ခဲ့သော ထားဝယ်သူတစ်ဦးဖြစ်၏။

ထားဝယ်သမဂ္ဂ၏ ပညာရည်ချွန်ဆု

ပညာရည်ချွန်ဆု ချီးမြှင့်ခြင်းနှင့် ပညာသင်စရိတ် ထောက်ပံ့ခြင်းနှင့် ပတ်သတ်၍လည်း အနည်းငယ်ဖော်ပြမှ ပြည့်စုံမည်ဖြစ်သည်။ ထားဝယ်သမဂ္ဂအသင်းဝင်များ၏ သားသမီးများနှင့် ထားဝယ်ဒေသအတွက် ပညာရေးဖွံ့ဖြိုးမှုကို တနည်းတဖုံ ကျေးဇူးပြုနိုင်ရေးကို ရှေးရှု၍ ထားဝယ် သမဂ္ဂမှ ညှိနှိုင်းစဉ်းစားခဲ့ကြသည်။ သို့ဖြစ်၍လည်း ပညာရေးအဖွဲ့ငယ်ကို အသင်းတွင်ဖွဲ့စည်း ဆောင်ရွက်ရန်စည်းမျဉ်းက ခွင့်ပြုထားရှိခဲ့လေသည်။

အမှန်မှာ ပညာသင်ဆုများကို ၁၉၅၅-ခုနှစ် ကတည်းကပင် အစပြု၍ ထားဝယ်သမဂ္ဂမှ စတင်အကောင်အထည် ဖော်ခဲ့လေသည်။ မြန်မာနိုင်ငံတော် ရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌလည်းဖြစ်သူ ထားဝယ်သမဂ္ဂ၏ နာယကလည်းဖြစ်သူ ဦးလွန်းဘော်သည်၊ ထားဝယ်မြို့ရှိ ထားဝယ်ကူးသန်းရောင်းဝယ်ရေးလီမိတက် ဒါရိုက်တာလူကြီးများ၏ အကူအညီဖြင့် ထားဝယ်ခရိုင် တက္ကသိုလ်ပညာ ချီးမြှင့်ရေးအဖွဲ့ကို ဖွဲ့စည်းခဲ့လေသည်။

ဤအဖွဲ့၏ အဓိကရည်ရွယ်ချက်မှာ၊ မက်ထရစ်စာမေးပွဲ (တက္ကသိုလ်ဝင်) စာမေးပွဲကို ဖြေဆိုအောင်မြင်ပြီးဖြစ်သည့် ဆင်းရဲနွမ်းပါးသဖြင့် တက္ကသိုလ်ပညာကို ဆက်လက်မဆည်းပူးနိုင်သော ထားဝယ်သူ ထားဝယ်သားတို့အား လူမျိုးမရွေး၊ ဘာသာမရွေး တက္ကသိုလ်ပညာရပ်များကို ဆည်း ပူးနိုင်ရန်အတွက် သင့်တော်သည့် ထောက်ပံ့ကြေးများ ချီးမြှင့်ထောက်ပံ့ရန်ဖြစ်ပေသည်။

တက္ကသိုလ်ပညာသင်ထောက်ပံ့ချီးမြှင့်မှုရန်ပုံငွေ

၁၉၅၅-ခု ဇွန်လမှစ၍ ၁၉၅၈-ခု၊ အောက်တိုဘာလကုန်အထိ၊ ဤအဖွဲ့ထောက်ပံ့ချီးမြှင့်ခဲ့သော တက္ကသိုလ်ပညာသင် စရိတ်ငွေမှာ အောက်ပါအတိုင်းဖြစ်လေသည်။

ပညာသင်နှစ်၊	ထောက်ပံ့ခံရသူဦးရေ၊	ထောက်ခံငွေ(ကျပ်)၊
၁၉၅၅-၅၆	(၂)	၁၂၅၀-၀၀
၁၉၅၆-၅၇	(၄)	၂၄၀၀-၀၀
၁၉၅၇-၅၈	(၇)	၃၉၆၀-၀၀
၁၉၅၈ (ဇွန်လမှ (အောက်တိုဘာလထိ)	(၅)	၁၂၅၀-၀၀

ဤပညာသင်ဆုအတွက် အဓိကထည့်ဝင်လျှောဒါန်းမှုပြုကြသည့် အသင်းအဖွဲ့နှင့် ပုဂ္ဂိုလ်များမှာ-

၁။ ထားဝယ်ကူးသန်းရောင်းဂယ်ရေးလီမိတက် ထားဝယ်မြို့
၂။ စက်လှေပိုင်ရှင်များအသင်း၊ ထားဝယ်မြို့။
၃။ ဦးကြည်ဟန်၊ ဒေါ်အေးမေ၊ ဦးဘာလေ၊ ဦးချုံရှိန်နှင့် ဦးရန်ရှင်းတို့ဖြစ်ကြသည်။

တက္ကသိုလ် ပညာသင်ဆု ရန်ပုံငွေအတွက် နှစ်စဉ်ကြေး ၁၀-ကျပ် (တစ်ဆယ်ကျပ်)စီ ပေးသွင်းလျှောဒါန်းကြသည့် ထားဝယ်သူ ထားဝယ်သားများလည်း အများအပြားရှိလေသည်။

တက္ကသိုလ်ပညာသင်ဆုရပ်ဆိုင်းထားရခြင်း

ဤမွန်မြတ်သည့် လုပ်ငန်းကို ၁၉၅၅-ခုနှစ် ဇွန်လမှ အစပြုနိုင်ခဲ့သော်လည်း ရန်ပုံငွေ ချို့တဲ့မှုကြောင့်၊ ၁၉၅၈-ခု နိုဝင်ဘာလဟွင် ဝမ်းနည်းစွာနှင့်ပင် ရပ်ဆိုင်းထားခဲ့ရပေသည်။ ပညာသင်ဆု ချီးမြှင့်နိုင်ခဲ့သော လေးနှစ်ခွဲကာလအတွင်း ဝိဇ္ဇာအဝိုင်း(ခ)အောင်မြင်ပြီးသူ (၄)ဦး။ သိပ္ပံအဝိုင်း (က) အောင်မြင်ပြီးသူ(၁)ဦး၊ ဥပစာအဝိုင်း(ခ) အောင်မြင်ပြီးသူ(၁)ဦး ထွန်းပေါက်အောင်မြင်ခဲ့ သည်။ အားတက်ဝမ်းမြောက်ဖွယ်ပင် ဖြစ်၏။

ပညာသင်စရိတ်ထောက်ပံ့ရေးအမှုဆောင်အဖွဲ့ထပ်ဖွဲ့ခြင်း

ရပ်ဆိုင်းထားရသည့် တက္ကသိုလ် ပညာသင်စရိတ်ထောက်ပံ့ရေး ရန်ပုံငွေအဖွဲ့ကို အောက်ပါ အမှုဆောင်လူကြီးများ (၁၅)ဦး ပါဝင်၍ ၁၉၆၁-ခုနှစ်တွင် ပြန်လည်ဖွဲ့စည်းပြီး သည်။

(၁) ဦးဆင်ကျိုင် (ဥက္ကဋ္ဌ) (၉) ဦးဒင် -အမှုဆောင်
(၂) ဦးသိန်ညွန့် (ဒု-ဥက္ကဋ္ဌ) (၁၀) ဦးဘမောင် -အမှုဆောင်
(၃) ဦးဘဏ်လှိုင်(အတွင်းရေးမှူး) (၁၁) ဆရာကြီးဦးမောင်သင်း -အမှုဆောင်
(၄) ဦးထွန်းမြတ် (ဒွေထိန်း) (၁၂) ဆရာကြီး ဦးကြီးကြီး -အမှုဆောင်
(၅) ဦးသိန်းတင် (စာရင်းစစ်) (၁၃) ဆရာကြီးဦးသောင်းထွန်း -အမှုဆောင်
(၆) ဦးဆင်ဟန် (အမှုဆောင်) (၁၄) ဆရာကြီး ဦးစောစာလူး -အမှုဆောင်
(၇) ဦးဖိုးအေး (။) (၁၅) ဆရာမကြီးဒေါ်အေးမေ -အမှုဆောင်
(၈) ဦးအုန်းသင် (။) တို့ဖြစ်ကြသည်။

ဤအမှုဆောင်အဖွဲ့သည် ပညာသင်စရိတ်ပြန်လည် ထောက်ပံ့နိုင်ရေးအတွက် မဆုတ်မနစ်သောလုံ့လတို့ဖြင့် ပြန်၍ ကြိုးစားအားထုတ်ကြပြန်သည်။ သို့ဖြစ်၍ ၁၉၆၁-ခုနှစ်တွင် တက္ကသိုလ် ဝင်စာမေးပွဲ အောင်မြင်သည့် ထားဝယ်သူ ထားဝယ်သားများအနက်မှ အကျင့်စာရိတ္တကောင်းမွန်၍ ဆင်းရဲနွမ်းပါးသော ကျောင်းသားတစ်ဦးနှင့် ဥပစာသိပ္ပံအပိုင်း(ခ) စာမေးပွဲအောင်မြင်သော ကျောင်းသားတစ်ဦးကို ၁၉၆၁-ခုနှစ် ဖွန်လမှစ၍ တက္ကသိုလ်ပညာသင်စရိတ် ထောက်ပံ့နိုင်ခဲ့လေသည်။ အမှုဆောင်အဖွဲ့၏ ၁၃-၅-၁၉၆၁ နေ့တွင် ထားဝယ်သမဂ္ဂအသင်းတိုက်၌ အစည်းအဝေးပွဲ ကျင်းပ၍ "ထားဝယ်သမဂ္ဂပညာရေးရန်ပုံငွေအဖွဲ့" ငယ် တစ်ခုကို ဖွဲ့စည်းခဲ့လေသည်။ ထိုပညာရေး ရန်ပုံငွေအဖွဲ့ငယ် အစည်းအဝေးတွင် ဦးတင်ထွန်း(ထားဝယ်ကူးသန်းရောင်းဝယ်ရေး) ဦးကြည်စိန်၊ ဦးဆင်စွမ်၊ ဦးဘကလေး၊ ဦးဘအေး၊ ဦးစောမောင်၊ ဦးဘမောင်စသည့် အမှုဆောင်များ တက်ရောက်ကြသည်။ ဥက္ကဋ္ဌ ဦးတင်မှာ နေထိုင်မကောင်းသဖြင့် မတက်ရောက်နိုင်ခဲ့ပေ။

ဤအဖွဲ့ငယ်တွင် စည်းဝေးတက်ရောက်ကြသည့် အထက်ဖော်ပြပါ လူကြီးများပါဝင်ဖွဲ့စည်း ခဲ့လေသည်။ ထိုအဖွဲ့ငယ်တွင် ဦးတင်အား ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ဦးဘမောင်

အား အတွင်းရေးမှူးအဖြစ်နှင့်လည်းကောင်း၊ ဆောင်ရွက်ရန် သဘောတူခွေးချယ်ခဲ့ကြလေသည်။

ထားဝယ်ခရိုင်မှ အခြေခံအထက်တန်းပညာ(၁၀)တန်း အောင်မြင်ပြီး၊ တက္ကသိုလ်တက်ရောက်နိုင်ခွင့် ရှိသော်လည်း ဆင်းရဲနွမ်းပါးသဖြင့် တက္ကသိုလ်ပညာကို ဆက်လက်ဆည်းပူးရန် မတက်နိုင်သော အသင်းဝင်တို့၏ သားသမီးများအား အထောက်အပံ့ပေး၍ တက္ကသိုလ်ပညာကို တက်ရောက်သင်ကြားစေရန် ဖြစ်သည်။

ထားဝယ်ခရိုင်မှ အခြေခံအထက်တန်းပညာ(၁၀)တန်းကို ထူးချွန်စွာ အောင်မြင်သူ (၁၀)ဦး လျှောက်ထားခဲ့လေသည်။ ဤသို့ လျှောက်ထားလာကြသူ (၁၀)ဦးတည်းမှ ပညာရေးရန်ပုံငွေ အဖွဲ့ငယ်မှ အသင့်တော်ဆုံးသူ တစ်ဦးအား ရွေးချယ်၍ အမှုဆောင်အဖွဲ့၏ သဘောတူညီချက်ဖြင့် တက္ကသိုလ်ပညာသင်ဆုကို ချီးမြှင့်ခဲ့လေသည်။

ထိုနှစ် (၁၉၅၆)တွင် ထားဝယ်မြို့ ဧလိုင်းမရပ်မှ ဦးအောင်သင်-ဒေါ်သန်းတင်တို့၏ သားဖြစ်သူ မောင်မြင့်ကြည်အား ရွေးချယ်ချီးမြှင့်၏။ တစ်လလျှင် ထောက်ပံ့ကြေး ၇၅-ကျပ်နှုန်းဖြင့် တက္ကသိုလ်ဘွဲ့ရသည်အထိ ချီးမြှင့်ထောက်ပံ့ရန် ဖြစ်ပေသည်။

ဤသို့ ချီးမြှင့်ရာတွင် ချမှတ်ထားသော စည်းကမ်းချက်တစ်ခုမှာ တက္ကသိုလ်ပညာသင်ဆု ချီးမြှင့်ခံရသူသည်၊ ဘွဲ့မရမီအတွင်း စာမေးပွဲကျရှုံးမှုမရှိဘဲ တစ်ဆက်တည်း ဘွဲ့ရသည်အထိ အောင်မြင်သွားရပေမည်။ အကယ်၍-စာမေးပွဲကျရှုံးပါက၊ ကျရှုံးသည့်နှစ်တွင် ပညာသင်ထောက်ပံ့မှု ရပ်စဲရန် ဖြစ်ပေသည်။

ဤအဖွဲ့ငယ်၏ လက်ထက်နောက်ပိုင်းတွင် တက္ကသိုလ်ပညာသင်ဆု ချီးမြှင့်ခြင်းကို ခေတ္တရပ်ဆိုင်းထားခဲ့ရပြန်သည်။

ဤကား ပညာရေး ထောက်ပံ့ရေးကိစ္စများကို ဒုတိယအကြိမ် အကောင်အထည်ဖော်မှ ကြိုးပမ်းခဲ့ကြခြင်းပင် ဖြစ်သည်။

ပညာရည်မွန်ဆုချီးမြှင့်ခြင်း

ပညာရေးအဖွဲ့ငယ်သည်၊ ပညာရေးတိုးတက်လာစေရန်နှင့် ပတ်သတ်သော အသင်းဝင်များ ကိုရွေးဉီးစွာ တိုက်ရိုက် အကြိုးပြုမည့်ကိစ္စကို ရှေ့တန်းတင်၍ ဆောင်ရွက်ကြရန် ဆန္ဒရှိကြသည်။ ထို့ကြောင့် ထားဝယ်သမဂ္ဂ အသင်းဝင်များ၏ သားသမီးများ အခြေခံပညာအထက်တန်း (ဒသမတန်း)နှင့် အခြေခံပညာအလယ်တန်း(အဌမတန်း) အစိုးရစစ်စာမေးပွဲများတွင် တစ်ဘာသာနှင့် အထက် ဂုဏ်ထူးရရှိသော ကျောင်းသူ ကျောင်းသားများအား ပညာရည်မွန်ဆုချီးမြှင့်ရန်နှင့် ပညာ သင်စရိတ် ထောက်ပံ့ရေးကိစ္စကို ဆုံးဖြတ်ကြလေသည်။

ဤကဲ့သို့ ပညာရည်မွန်ဆုချီးမြှင့်ခြင်းကို ၁၉၇၇-ခုနှစ်တွင် စတင်အောင်မြင် အကောင်အထည်ဖော်နိုင်ခဲ့သည်။ ၁၉၇၇-ခု၊ နှစ်ကုန်ပိုင်းတွင်၊ အသင်းဝင်များ၏ သားသမီးများ(၁၃) ဉီးကို ပဌမဉီးဆုံး၊ ဆုချီးမြှင့်နိုင်ခဲ့လေသည်။ ထို့နောက်အသင်းဝင်များ၏ စည်းရုံးရေး အားနည်းမှုကြောင့်. နှစ်အနည်းငယ် ပြတ်တောက်သွားခဲ့ရပေသည်။

၁၉၈၅-ဓဖတွင် ၅-ဘာသာဂုဏ်ထူးရရှိသူ(၂)ဉီး၊ ၄-ဘာသာဂုဏ်ထူးရရှိသူ (၂)ဉီး၊ ၃-ဘာသာဂုဏ်ထူးရှင်(၄)ဉီး၊ ၂-ဘာသာဂုဏ်ထူးရှင်(၇)ဉီးနှင့် ၁-ဘာသာဂုဏ်ထူးရှင်(၇)ဉီး ပေါင်း(၂၂)ဉီး ဂုဏ်ထူး ရရှိကြလေသည်။ ၎င်းတို့အား ထားဝယ်သမဂ္ဂမှ ကျင်းပသည့် ကန်တော်ကြိုးမိတ်ဆုံစားပွဲတွင် ဂုဏ်ထူးဆုများကို ချီးမြှင့်လေသည်။ ထို့အပြင် တက္ကသိုလ်ပညာသင်ဆုအဖြစ်နှင့် မဖြူဖြူသန်းအား ထောက်ပံ့ကြေး(၁)လ ၁၀၀-ကျပ်နှုန်းဖြင့် (၁၀)လ အတွက် ၁၀၀၀-ကျပ်နှင့် စာအုပ်ဖိုး ၅၀၀-ကျပ်၊ ပေါင်း၁၅၀၀-ကျပ်ကို ဘွဲ့ရသည်အထိ ချီးမြှင့်ထောက်ပံ့ခဲ့လေသည်။

၁၉၈၇-ခုနှစ် (၁၄-၄-၈၇)နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် နှစ်ပတ်လည်စည်းဝေးပွဲကြီးတွင် အခြေခံပညာ အထက်တန်းစာမေးပွဲ ၁၉၈၅-ဓဖ ပညာသင်နှစ်တွင် တစ်ဘာသာနှင့်အထက် ဂုဏ်ထူး ရရှိအောင်မြင်ကြသော အသင်းဝင်များ၏ သားသမီးများကို ပညာရည်မွန်ဆု ချီးမြှင့်နိုင်ခဲ့လေသည်။ ဂုဏ်ထူးရရှိပြီး ပညာရည်မွန်ဆုချီးမြှင့်ခံရသူ

(၁၂)ဦးဖြစ်သည်။ ၎င်းတို့အနက် ၆-ဘာသာဂုဏ်ထူးရှင်(၁)ဦး၊ ၅-ဘာသာဂုဏ်ထူရှင်(၁)ဦး၊ ၄-ဘာသာဂုဏ်ထူးရှင်(၂)ဦး၊ ၃-ဘာသာ ဂုဏ်ထူးရှင်(၃)ဦး၊ ၂-ဘာသာဂုဏ်ထူးရှင်(၁)နှင့် ၁-ဘာသာဂုဏ်ထူရှင်(၄)ဦး ပေါင်း(၁၂)ဦး ဖြစ်သည်။ (၁၉၈၆-၈၇ နှစ်ပတ်လည် အစီရင်ခံစာ)။

၁၉၈၆-၈၇ ပညာသင်နှစ်တွင်၊ အခြေခံပညာအထက်တန်းနှင့် အခြေခံပညာအလယ်တန်းကို၊ ဂုဏ်ထူးဖြင့် အောင်မြင်ကြသော အသင်းဝင်များ၏ သားသမီးများအား ပညာရည်ချွန်ဆု ချီးမြှင့်ပြီး၊ ဆက်လက်ပညာသင်ရန် မတတ်နိုင်သည့် ပညာရည်ချွန်ထဲမှ ရွေးချယ်၍ ပညာသင် စရိတ်ထောက်ပံ့ရန်လည်း စီစဉ်ခဲ့လေသည်။ ထိုနှစ်တွင် ဒသမတန်းအောင် တစ်ဘာသာနှင့်အထက် ဂုဏ်ထူးရရှိသူ (၇)ဦးနှင့် အဋ္ဌမတန်းအောင်တစ်ဘာသာနှင့် အထက် ဂုဏ်ထူးရရှိသူ(၁၀)ဦး ရှိသည်။

မိတ်ဆုံပွဲတွင်ဆုချီးမြှင့်ခြင်း

ပညာရည်ချွန်ဆု ရရှိသူတို့အား (၁၄-၂-၁၉၈၈)နေ့တွင် ကျင်းပသည့် ထားဝယ်သမဂ္ဂ၏ ကန်တော်ကြီး မိတ်ဆုံစားပွဲတွင် ပညာရည်ချွန်ဆုများကို ချီးမြှင့်ခဲ့လေသည်။ ထို့အပြင် ၁၉၈၆-၈၇ ပညာသင်နှစ်အတွက် ပညာသင်စရိတ် လျှောက်ထားကြသူ(၄)ဦးရှိရာ "ပညာသင်ထောက်ပံ့ရေး စည်းကမ်း"နှင့်အညီ၊ ထားဝယ်ဒေသအသင်းခွဲမှ တစ်ဦးဖြစ်သည့် "မသူဇာဝင်း"အားရွေးချယ်၍ ပညာသင်စရိတ်နှင့် စာအုပ်ဖိုးကိုအသင်းမှ ထောက်ပံ့ခဲ့သည်။ လျှောက်ထားသူ (၄)ဦးအနက်၊ ကျန် အရွေးမခံရသူ(၃)ဦးအား ဆငွေ၃၀၀-ကျပ်စီ ချီးမြှင့်ခဲ့၏။ အသင်းဥက္ကဋ္ဌက ၁၉၈၆-၈၇ ပညာသင်နှစ် တစ်နှစ်အတွက်သာ ထောက်ပံ့ခြင်းပြုလုပ်ခဲ့လေသည်။ ယခင်နှစ်က တက္ကသိုလ်ပညာသင်စရိတ် ထောက်ပံ့ထားခဲ့သူ မဖြူဖြူသန်းအားလည်း ဆက်လက်ထောက်ပံ့သည့်အပြင် စာအုပ်ဖိုး၅၀၀-ကျပ်လည်း ထပ်မံထောက်ပံ့ခဲ့လေသည်။

၁၉၈၈-နှစ်ဦးပိုင်းကာလတွင် ကျင်းပခဲ့သော အခြေခံပညာအထက်တန်းနှင့် အလယ်တန်းအောင် တစ်ဘာသာနှင့်အထက် ဂုဏ်ထူးရရှိကြသော ကျောင်းသူ ကျောင်းသားများကို (၄-၂-၁၉၉၀)နေ့တွင် ကျင်းပသည့် ဂုဏ်ထူးဆောင် စာရင်းဝင်လက်မှတ် ပေးပွဲအခမ်းအနားတွင် ပညာ ရည်ချွန်ဆုများ ချီးမြှင့်နိုင်ခဲ့သည်။ အထက်တန်းအောင်မြင်သူ ဂုဏ်ထူးရှင်(၁၃)ဦးနှင့် အလယ်တန်း အောင်မြင်သူ ဂုဏ်ထူးရှင်(၁၃)ဦး ပေါင်း(၂၆)ဦး ဖြစ်သည်။

ထားဝယ်သမဂ္ဂ၏ ပညာရေးဆိုင်ရာရည်ရွယ်ချက်

ထားဝယ်သမဂ္ဂ၏ ပညာရေးဆိုင်ရာ ရည်ရွယ်ချက်များနှင့် ဆောင်ရွက်ချက်များကို ဖြည့် စွက်၍ ထပ်မံဖော်ပြသင့်သည်ဟု ယူဆသဖြင့် ဆက်၍ဖော်ပြလိုက်ရပေသည်။

ထားဝယ်သမဂ္ဂကို ၁၉၂၁-ခုနှစ်ကတည်းက စတင်တည်ထောင်လာခဲ့ရာတွင် ထားဝယ်သမဂ္ဂသမိုင်း ရေးသားမှတ်တမ်းတင်သည့်ကာလသည် နှစ်ပေါင်း(၇၂)နှစ် ရှိလာခဲ့လေပြီ။ ထားဝယ် သူ ထားဝယ်သား အချင်းချင်း ရင်းနှီးစည်းလုံးကြ၍ အကြောင်းကိစ္စ ပေါ်ပေါက်လာသောအခါ၊ တစ်ဦးကိုတစ်ဦး ရိုင်းပင်းကူညီနိုင်ရန် ရည်ရွယ်လျက် ဖွဲ့စည်းခဲ့သည်နှင့်အညီ၊ လူမှုရေးကိစ္စရပ် တစ်ခုဖြစ်သည့် ပညာရေးကဏ္ဍတွင်လည်း အသင်းသူ အသင်းသား၊ မိသားစုများ၏ ပညာရေးကို တတ်အားသမျှ ကူညီမြှင့်တင်ပေးရန် ဖြစ်ပေသည်။

ပညာရေးကဏ္ဍရည်ရွယ်ချက်

ထားဝယ်သမဂ္ဂသည်၊ ပညာရေးကဏ္ဍတွင် အောက်ပါလုပ်ငန်းရပ်များ ဆောင်ရွက်လျက် ရှိပါသည်။

(က) ကျောင်းပညာစာမေးပွဲ၊ အထူးသဖြင့် အခြေခံပညာအထက်တန်းနှင့် အလယ်တန်းစာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်သော အသင်းဝင်များ၏ သားသမီးများကို ဂုဏ်ပြုချီးမြှင့်ရန်။

(ခ) အခြေခံပညာ အထက်တန်းစာမေးပွဲကို၊ ထူးချွန်စွာ အောင်မြင်ခဲ့သော်လည်း ဆင်းရဲနွမ်းပါးသဖြင့်၊ အသက်မွေးဝမ်းကျောင်း၊ တက္ကသိုလ်ပညာ ဆက်လက်၍ မသင်ကြားနိုင်သော အကျင့်စာရိတ္တကောင်းမွန်သည့် ထားဝယ်သမဂ္ဂအသင်းဝင်များ၏ သားသမီးများကို အထူးအလှူရှင်ပုဂ္ဂိုလ်များ၏ ပညာသင်ဆုများ ချီးမြှင့်ထောက်ပံ့ရန်။

အထက်ပါလုပ်ငန်းရပ်များအနက် ဆင်းရဲနွမ်းပါးပြီး၊ ပညာထူးချွန်သူများကို တက္ကသိုလ်ပညာဆက်လက်သင်ကြားနိုင်ရေး ထောက်ပံ့ရန် ပညာသင်ဆု တစ်ဆုလျှင် အလှူငွေ

၁၀၀၀၀-ကျပ် (တစ်သောင်းကျပ်တိတိ)ကို သီးသန့်အလှူရှင်များ၏ အမည်ဖြင့်လည်းကောင်း၊ ပညာရည်ချွန်ဆု ချီးမြှင့်ရေးအတွက် စေတနာရှင်များထံမှ ထည့်ဝင်ငွေဖြင့်လည်းကောင်း၊ နှစ်စဉ်ကုန်ကျခံ ဆောင်ရွက်လျက်ရှိ၏။

လုပ်ငန်းဆောင်ရွက်ချက်များ

တက္ကသိုလ်ပညာသင်ဆု

ထားဝယ်သမဂ္ဂ၏ ပညာရေးရန်ပုံငွေတွင် သီးသန့်အလှူရှင်များထံမှ တစ်ဦးလျှင် ၁၀၀၀၀-ကျပ် (တစ်သောင်းတိတိ)စီ ထည့်ဝင်လှူဒါန်းထားသည့် တက္ကသိုလ်ပညာသင်ဆု၊ ယခုအချိန်ထိ (၉)ဆု ရှိ၏။ ၎င်းပညာသင်ဆုများအတွက် ဦးအောင်ဘသွင်-ဒေါ်ငွေတင် ပညာသင်ဆုကို ၁၉၈၆-ခုနှစ်တွင် ကျောင်းသူ မဖြူဖြူသန်းအား လည်းကောင်း၊ ဦးဗဆွေ-ဒေါ်နုနုဆွေ ပညာသင်ဆုကို ၁၉၈၇-ခုနှစ်တွင် ကျောင်းသူ မသူဇာဝင်းအား လည်းကောင်း၊ ချီးမြှင့်ခဲ့လေသည်။

ပညာသင်ဆုထောက်ပံ့မှုမှာ တက္ကသိုလ်သို့ ရောက်ရှိသည်မှစ၍၊ ဘွဲ့ရရှိသည်အထိဖြစ်ရာ နှစ်စဉ်ကျောင်းစတင် ဖွင့်လှစ်ချိန်တွင် စာအုပ်ဖိုး ၅၀၀-ကျပ်နှင့်၊ ကျောင်းတက်ရောက်နေသည့် ကာလများတွင် တစ်လလျှင် ၁၀၀-ကျပ်နှုန်းဖြင့် စတင် ချီးမြှင့်လာခဲ့ပေသည်။ ယခုအခါ ပညာသင်နှစ် ၁၉၉၁-၉၂မှစ၍ လစဉ်ထောက်ပံ့ကြေးငွေကို ၃၀၀-ကျပ်နှုန်းဖြင့် ပိုမိုချီးမြှင့်လာခဲ့ပေသည်။

ပညာထူးချွန်ဆု

ပညာရည်ချွန်ဆုအနေဖြင့် အခြေခံပညာအထက်တန်း စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်သူများအား ၁၉၇၆-၇၇တွင် ဆုချီးမြှင့်ခဲ့ပြီး (၅)နှစ်ရပ်ဆိုင်းသွားပါသည်။ ထို့နောက် ၁၉၈၃-၈၄ ပညာသင်နှစ်မှ ပြန်လည်စတင်ကာ၊ ဆုများအသီးသီးဂုဏ်ပြု ချီးမြှင့်ခဲ့၏။ အခြေခံပညာ အထက်တန်း ဂုဏ်ထူးရှင်များကို ဂုဏ်ထူးတစ်ဘာသာလျှင် ၂၀၀-ကျပ်စီနှင့် (၆)ဘာသာဂုဏ်ထူးရှင်ကို ၁၈၀၀-ကျပ်ဖြင့်လည်းကောင်း၊ အခြေခံပညာအလယ်တန်း ဂုဏ်ထူးရှင်များကို တစ်ဘာသာလျှင် ၁၀၀-ကျပ် (၆)ဘာသာဂုဏ်ထူးရှင်ကို ၁၀၀၀-ကျပ်ဖြင့် လည်းကောင်း၊ ဆုငွေချီးမြှင့်ခဲ့၏။ ၁၉၈၄-၈၅-ခုနှစ်မှစ၍ ပညာထူးချွန်သူ ကျောင်းသူ ကျောင်းသားများ ဦးရေမှာ နှစ်အလိုက် အောက်ပါအတိုင်း ဖြစ်ပေသည်။

ဂုဏ်ထူးရရှိသည့် ဘာသာ	ခုနှစ်/ ပညာရည်ချွန်ဆုရသူဦးရေ					
	၈၄-၈၅	၈၅-၈၆	၈၆-၈၇	၈၇-၈၈	၈၉-၉၀	၉၀-၉၁
(က) အခြေခံပညာအထက်တန်း:						
၆-ဘာသာ	-	၁	-	-	-	-
၅-ဘာသာ	၂	၁	၁	၁	-	၁
၄-ဘာသာ	၂	၂	၂	၂	၂	
၃-ဘာသာ	၄	၃	၂	၁	-	၁
၂-ဘာသာ	၇	၁	၂	၃	၂	၃
၁-ဘာသာ	၇	၄	-	၆	၃	၁
စုစုပေါင်း:	၂၂	၁၂	၇	၁၃	၇	၈

(ခ)အခြေခံပညာအလယ်တန်း						
၆-ဘာသာ	-	-	-	၂	၂	၂
၅-ဘာသာ	-	-	-	၁	၇	၂
၄-ဘာသာ	-	-	၁	-	၃	၁
၃-ဘာသာ	-	-	-	၂	၄	၁
၂-ဘာသာ	-	-	၄	၅	၅	၁
၁-ဘာသာ	-	-	၅	၃	၁၂	၅
စုစုပေါင်း	-	-	၁၀	၁၃	၃၃	၁၂

သို့ဖြစ်ရာ ၁၉၈၄-၈၅-ခုနှစ်မှစ၍ ယခုအချိန်အထိ အခြေခံပညာအထက်တန်းနှင့် အလယ်တန်းတွင် ပညာထူးချွန်သူ ထားဝယ်သမဂ္ဂဝင် သားသမီး စုစုပေါင်း(၁၃၇)ဦးကို ဂုဏ်ပြုချီးမြှင့်နိုင်ခဲ့လေသည်။

ပညာရေးရန်ပုံငွေစေတနာရှင်များ

ပညာရေးရန်ပုံငွေသို့ ၁၀၀၀၀-ကျပ် (တစ်သောင်းကျပ်တိတိ)ကို လှူဒါန်းသူ(၉)ဦး ရှိ၏။ ၎င်းအလှူရှင်(၉)ဦးတို့၏ အမည်စာရင်းကို နောက်ဆက်တွဲ( )ဇယားဌ ဖော်ပြထား ပါသည်။ ၎င်း(၉)ဦးအနက် ပထမသုံးဦးမှာ ၁၉၈၄နှင့် ၁၉၈၅-ခုနှစ်များတွင် **လှူဒါန်း** သူများဖြစ်ကြပြီး ကျန် (၆)ဦးမှာ ၁၉၉၁-ခုနှစ်တွင် ထည့်ဝင်လှူဒါန်းကြသူများ **ဖြစ်ကြလေ** သည်။

ထို့အပြင် ၅၀၀-ကျပ်(ငါးရာ)မှ ၅၀၀၀-ကျပ်အထိ လှူဒါန်းထည့်ဝင်ကြသည့် **စေတနာ** ရှင် ပုဂ္ဂိုလ် ၃၄ဦး၏ စာရင်းကိုလည်း နောက်ဆက်တွဲ( )ဇယားဌ ဖော်ပြ**ထား၏**။

ထိုအလှူရှင်ပုဂ္ဂိုလ်စုစုပေါင်း (၄၃)ဦး ပညာရေးရန်ပုံငွေ ထည့်ဝင်လှူဒါန်းငွေ စုစုပေါင်းမှာ ၁၄၆၅၀၀-ကျပ်(တစ်သိန်းလေးသောင်းခြောက်ထောင်ငါးရာတိတိ) ဖြစ်လေသည်။ ၁၉၈၅-ခုနှစ်မှ ယခုအချိန် စုစုပေါင်းအသုံးစရိတ်မှာ ၇၃၃၂၂-ကျပ် ၅၀-ပြားဖြစ်သည်။ ပညာရေးချီးမြှင့်ထောက်ပံ့မှုများကို အဆက်မပြတ် ဆက်လက်ပြုလုပ်နိုင်ရန်အတွက် ပညာရေး ပဒေသာပင်အဖြစ် ငွေစုလက်မှတ် ၉၀၀၀၀-ကျပ်ဖိုး ဝယ်ယူစေ့ဆောင်း ထားရှိခဲ့လေသည်။

ပညာသင်ဆုငွေ-တိုးမြှင့်ပေးခြင်း

(၂၂-၁၂-၁၉၉၁)နေ့တွင် ပြုလုပ်သည့် ဂုဏ်ထူးဆောင် စာရင်းဝင်လက်မှတ် ပေးအပ်ပွဲအခမ်းအနားတွင် အခြေခံအထက်တန်းအောင် ဂုဏ်ထူးရှင်(၁၈)ဦးနှင့် အလယ်တန်းအောင် ဂုဏ်ထူးရှင်(၁၂)ဦးအပြင်၊ စည်းကမ်းနှင့်ညီညွတ်သော ပညာသင်စရိတ် လျှော့ကထားသူများအနက်မှ မောင်ကျော်စွာလွင်အား ဆေးတက္ကသိုလ်တက်နိုင်ရန် ချီးမြှင့်ထောက်ပံ့ခြင်း ပြုလုပ်နိုင်ခဲ့လေသည်။

၁၉၉၁-၉၂ ခုနှစ်တွင် ပညာသင်ဆုကို ယခင်တစ်လ ၁၀၀-ကျပ်မှ ယခု ၃၀၀-ကျပ်အထိ တိုးမြှင့်၍ ချီးမြှင့်ခဲ့လေသည်။ တစ်နှစ်အတွက် စာအုပ်ဖိုး ထောက်ပံ့ငွေ ၅၀၀-ကျပ်ကိုမူ ပြောင်းလဲမှုမရှိဘဲ မူလအတိုင်း ဆက်လက်ထောက်ပံ့ခဲ့၏။ ထိုနှစ်တွင် အဆက်တန်းမှ ၅-ဘာသာ ဂုဏ်ထူးရှင်(၁)ဦး၊ ၄-ဘာသာ(၂)ဦး၊ ၃-ဘာသာ(၁)ဦး၊ ၂-ဘာသာ(၃)ဦး နှင့် ၁-ဘာသာ(၁)ဦး တို့ဖြစ်သည်။ အလယ်တန်းအောင်သူများထဲမှ ၆-ဘာသာ ဂုဏ်ထူးရှင် (၂)ဦး၊ ၅-ဘာသာ(၂)ဦး၊ ၄-ဘာသာ(၁)ဦး၊ ၃-ဘာသာ(၁)ဦး၊ ၂-ဘာသာ(၁)ဦးနှင့် ၁-ဘာသာ(၅)ဦး တို့ဖြစ်သည်။ ၎င်းတို့အား ထားဝယ်သမဂ္ဂမှ ပညာရည်ချန်ဆု ချီးမြှင့်လေသည်။ (၁၉၉၁-၉၂ နှစ်လည် စည်းဝေး မှတ်တမ်းစာ-၁၅/၁၆)။

ဂုဏ်ထူးဆောင် စာရင်းဝင်များ

အထက်တန်း၊ အလယ်တန်း ဂုဏ်ထူးနှင့် အောင်မြင်သူတို့အား ပညာရည်ချွန်ဆု ချီးမြှင့်သည့် အခမ်းအနားများကို ဖော်ပြရာ၌ "ဂုဏ်ထူးဆောင် စာရင်းဝင်လက်မှတ် ပေးအပ်ပွဲ အခမ်းအနားတွင်" ပညာရည်ချွန်ဆုများ ချီးမြှင့်ခဲ့သည်ဟု အခါအားလျော်စွာ ရေးသား ဖော်ပြလာခဲ့ရာ စာတတ်သူတစ်ချို့က "ဂုဏ်ထူးဆောင် စာရင်းဝင်လက်မှတ်ပေးအပ်ပဲ့ အခမ်းအနား" ဆိုသည်ကို သဘောပေါက်ချင်မှ ပေါက်ပေမည်။ သို့ဖြစ်၍ အနည်းငယ် ရှင်းလင်းဖော်ပြဖို့ လိုပေသည်။

ပညာရေးရန်ပုံငွေကို အချို့သော အသင်းဝင်လူကြီးများက စေတနာသဒ္ဓါတရား ထက်သန်စွာဖြင့် ပညာချွန်လူငယ်များကို ထောက်ကူမှုပေးလိုသဖြင့် ရက်ရက်ရောရော လှူဒါန်းမှု ပြုကြလေသည်။ သောင်းနှင့်ချီ၍ ထည့်ဝင်လှူဒါန်းသူများလည်း အတော်ပင်ရှိသည်။ ၁၀၀၀-ကျပ် (တစ်ထောင်)နှင့်အထက် လှူဒါန်းကြသော အလှူရှင်များအား ဂုဏ်ပြုသောအားဖြင့် ဂုဏ်ထူးဆောင် စာရင်းဝင်လက်မှတ် ပေးအပ်သော အခမ်းအနားဖြစ်သည်။

ဤအခမ်းအနား၌ပင်လျှင် တစ်ဘာသာနှင့်အထက် ဂုဏ်ထူးရသူ အထက်တန်းနှင့် အလယ်တန်းအောင် ကျောင်းသားများအတွက် ပညာရည်ချွန်ဆုများကို တပါတည်းချီးမြှင့်လေသည်။

၂၂-၁၁-၉၂ နေ့တွင် ကျင်းပသည့် ဂုဏ်ထူးဆောင် စာရင်းဝင်လက်မှတ် အပ်နှင်းပွဲအခမ်းအနား၌ အထက်တန်းတစ်ဘာသာနှင့်အထက် ဂုဏ်ထူးရှင်(၁၇)ဦးနှင့် အခြေခံပညာ အလယ်တန်း တစ်ဘာသာနှင့်အထက် ဂုဏ်ထူးရှင်(၂၃)ဦးတို့ကို ပညာရည်ချွန်ဆုများ ချီးမြှင့်နိုင်ခဲ့လေသည်။

စာအောင်သံဃာတော်များနှင့် ဘွဲ့ထူးရသံဃာတော်များအား ချီးမြှင့်ပူဇော်ခြင်း

ပညာရေးနှင့်ပတ်သက်၍ ချီးမြှင့်ရာ၌ ထူးချွန်စွာအောင်မြင်ကြသည့် ကျောင်းသူကျောင်းသားများမျှသာမက၊ ထားဝယ်ဒေသမှလာရောက် ပရိယတ္တိပညာသင်ကြားကြသည့် သံဃာများ၊ သီလရှင်များလည်း မိမိတို့ထူးချွန်စွာ အောင်မြင်ကြသည့်အခါ ထားဝယ်သမဂ္ဂနှင့် ရန်ကုန်မှ ထားဝယ်သူ ထားဝယ်သား ဒါယိကာ ဒါယိကာမများ ပူးပေါင်းညှိနှိုင်း၍ ထိုထူးချွန်သံဃာများ၊ သီလရှင်များအား ချီးမြှင့်ဂုဏ်ပြုလေ့ရှိသည်။

အလားတူပင် အခါအားလျော်စွာ နိုင်ငံတော်မှ ချီးမြှင့်ဆက်ကပ်သည့် သာသနာ့ဆိုင်ရာ ဘွဲ့ဆူး တံဆိပ်ထူးများကို ရရှိသည့် ထားဝယ်ဆရာတော်များအားလည်း ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်ပူဇော်လေ့ရှိပေသည်။

ထားဝယ်မှ ၁၉၈၉-ခု၊ အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တဃောသိတဘိဝံသ ဆရာတော်ကြီးအား၊ အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်ကို ထပ်မံ၍ ဆက်ကပ်ခြင်းခံရသဖြင့်၊ သာသနာရေးဆိုင်ရာ အမြင့်ဆုံးဘွဲ့တံဆိပ်ကို ရရှိခြင်းကြောင့် ခမ်းနားစွာ ပူဇော်ပွဲ ကျင်းပခဲ့သည်။ ထိုဂုဏ်ပြုပူဇော်ပွဲကြီးကို ထားဝယ်သမဂ္ဂနှင့် ရန်ကုန်နေ ထားဝယ်သူ ထားဝယ်သားများ (၂၂-၆-၁၉၈၉)နေ့တွင် ရွှေတိဂုံဘုရားလမ်း ကျားကူးဓမ္မာရုံတွင် ကျင်းပလေသည်။ ဆရာတော်ကြီးအား အလှူငွေ ၃၅၀၀-ကျပ် ကပ်လှူနိုင်ခဲ့သည်။

အထက်ဖော်ပြပါ ထားဝယ်ပါဠိတက္ကသိုလ်မှ ဘဒ္ဒန္တဃောသိတမထေရ်မြတ်အား ၁၉၈၂ ခုနှစ်ကလည်း အဂ္ဂမဟာပဏ္ဍိတဘွဲ့ ဆက်ကပ်လှူဒါန်းခြင်းခံရသဖြင့် ထားဝယ်သမဂ္ဂနှင့် ရန်ကုန်နေ ထားဝယ်သူ ထားဝယ်သားအလှူရှင်များ ပူးပေါင်း၍ (၇-၆-၈၂)မွန်းလွဲ(၃)နာရီတွင် ကျားကူးဓမ္မာရုံ၌ ဂုဏ်ပြုချီးမြှင့်ပူဇော်ပွဲကို ကျင်းပခဲ့သေးသည်။

ထားဝယ်မြို့ ဧယျဝတီကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝိရိယအားလည်းကောင်း၊ ယောသီတာရာမာပါဠိတက္ကသိုလ်ကျောင်းတိုက်မှ တိုက်အုပ်ဆရာတော် ဘဒ္ဒန္တအဂ္ဂမဟာပဏ္ဍိတဝံသတို့အားလည်းကောင်း အဂ္ဂမဟာပဏ္ဍိတဘွဲ့ဆက်ကပ်ခြင်းခံရလေသည်။

ထို့အပြင် ထားဝယ်ယဉ်ငေးစာသင်တိုက်မှ ဘဒ္ဒန္တသုဒဿနဆရာတော်အားလည်း စူဠဂန္ထာဝါစကပဏ္ဍိတဘွဲ့တံဆိပ် ဆက်ကပ်ခြင်းခံရ၏။

ထားဝယ်မြို့ ရတနာမာန်အောင် သီလရှင်စာသင်တိုက်မှ သီလရှင်အား မဟာဂန္ထာဝါစကပဏ္ဍိတဘွဲ့ကို ဆက်ကပ်လှူဒါန်းခြင်း ခံရလေသည်။

အထက်ဖော်ပြပါ သံဃာတော်မထေရ်မြတ်(၃)ပါးနှင့် သီလရှင်(၁)ပါးတို့အား ၂၂-၃-၉၂ တွင် ချီးမြှင့်ဂုဏ်ပြုခဲ့လေသည်။

ထားဝယ်သမဂ္ဂမှ ဘက်စုံမွမ်းမံရေးကိစ္စ အလှူငွေအတွက်လည်း လှူဒါန်းမှုများ ပြုခဲ့သေးရာ (၁) ကမ္ဘာစေတီအတွက် အလှူငွေ ၁၀၀၀-ကျပ်နှင့် (၂)သရက်တောကျောင်းတိုက်အတွက် ၂၅၀၀-ကျပ်တို့ဖြစ်လေသည်။ (၁၉၉၀-၉၁ နှစ်လည် အစီရင်ခံစာ)။

ကယ်ဆယ်ရေးရန်ပုံငွေထူထောင်ခြင်း

လူမှုရေးနှင့် ယဉ်ကျေးမှုအဖွဲ့သည် ထားဝယ်သမဂ္ဂအသင်း၏ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာကိစ္စ ဆောင်ရွက်ပေးရာတွင် ကယ်ဆယ်ရေးလုပ်ငန်းများပါဝင်ခဲ့လေသည်။ ကယ်ဆယ်ရေးကိစ္စကို ဆောင်ရွက်ရာတွင် လူမှုရေးအတိဒုက္ခရောက်သူများ၊ မီးဘေးသင့်သူများ၊ လေမုန်တိုင်းမိ၍ လှေမျောဒုက္ခသည်များ ပါဝင်ကြပေသည်။

လူမှုရေးအတိဒုက္ခရောက်သူ ထားဝယ်အမျိုးသား၊ အမျိုးသမီးများကို အသင်း၏ရန်ပုံငွေကို မထိခိုက်စေဘဲ၊ စေတနာရှိသော အမှုဆောင်များထံမှ အလှူခံ၍ အခါအားလျော်စွာ

ပေါ်ပေါက်လာသည့် အဖြစ်သနစ်ကိုလိုက်၍ ကယ်ဆယ်၍ ငွေလှူဒါန်းမှုများ ပြုလုပ်ခဲ့လေသည်။

အိန္ဒိယပြည်မှ ၁၉၇၅-ခုနှစ်တွင် ပြန်လာသော လှေပျက်ဒုက္ခသည်(၄၁)ဦးအား လည်းကောင်း၊ ၁၉၈၇-ခုနှစ် အောက်တိုဘာလတွင် ရောက်ရှိသော လှေမျောဒုက္ခသည်(၆)ဦးအားလည်းကောင်း၊ အသင်းမှ ပစ္စည်းနှင့်ငွေလှူဒါန်းခဲ့လေသည်။ ၎င်းအပြင် ၁၉၈၇-ခုနှစ် ဇန္နဝါရီလ(၂၇)ရက်နေ့တွင် ရန်ကုန်မှအထွက် ပင်လယ်ဝတွင် မျောက်သွားသည့် မောင်းမကန်မှ "ခင်ဧော်ဝင်း" စက်လှေ ဒုက္ခသည်(၁၈)ဦးကို တပ်မတော်(ရေ)မှ တစ်ဦးလျှင် ငွေကျပ် ၂၀၀-ကျပ်စီနှင့် အဝတ်အစားများ ထောက်ပံ့လှူဒါန်းခဲ့၍ အသင်းမှလည်း ရုံးကိစ္စအဝဝနှင့် ထားဝယ်သို့ လေယာဉ်ခကို ကူညီလှူဒါန်းခဲ့လေသည်။ ယင်းစက်လှေဒုက္ခသည်များ အတွက် ငါးဖမ်းဂလှအသင်းမှ ငွေကျပ် ၅၀၀၀-ကျပ်နှင့် စက်လှေညှိနှိုင်းမှုကော်မတီမှ ငွေကျပ် ၃၀၀၀-ကျပ်လှူဒါန်းခဲ့ပြီး သမဂ္ဂအသင်းမှလည်း ထည့်ဝင်လှူဒါန်းငွေတို့ကို အသုံးပြုပြီး နောက် ငွေကျပ် ၅၆၇၅-ကျပ် လက်ကျန်ရှိခဲ့ပေသည်။

(၁၄-၂-၈၇)နေ့တွင် ကျင်းပသော (၁၃)ကြိမ်မြောက် အမှုဆောင်အစည်းအဝေးတွင် ထားဝယ်မြို့ မီးပုံးပျံ ဦးကျော်ရင်၏သမီးကြီး ဒေါ်သိန်းတင်မှ ကယ်ဆယ်ရေးရန်ပုံငွေအတွက် ငွေပဒေသာပင်စိုက်၍ ရန်ပုံငွေထူထောင်နိုင်ရန်အတွက် လှူဒါန်းရာတွင် ယင်းရန်ပုံငွေသို့ ထည့်ဝင်သူများနှင့် ရငွေမှာ-

	ထည့်ဝင်သူများ	ရငွေ(ကျပ်)
၁။	ဆရာမကြီးဒေါ်သိန်းတင်	၅၀၀
၂။	ဦးကျော်ဆန်း	၃၀၀
၃။	ဦးကျော်သိန်း	၂၀၀
၄။	ဦးဘဇစိန်	၁၀၀

၅။	ဦးတင်အေး	၁၀၀
၆။	ဦးအောင်မည်	၁၀၀
၇။	ဦးစောရွှေ	၁၀၀
၈။	ဦးကျော်လင်း	၁၀၀

တို့ဖြစ်ကြသည်။

အထက်ပါလှူဒါန်းငွေနှင့် ကယ်ဆယ်ရေးအတွက် အသုံးပြုပြီးလက်ကျန်ငွေ ၅၆၇၅-ကျပ်၊ နှစ်ရပ်ကိုပေါင်းစည်း၍ (၂၀-၂-၈၇)နေ့တွင် ကျင်းပသည့် အစည်းအဝေးသဘောတူညီချက်အရ "ကယ်ဆယ်ရေးရန်ပုံငွေ" ကို ထူထောင်ခဲ့လေသည်။

မိုးဘေးသင့်ခဲ့သော ထားဝယ်မြို့၊ သင်္ဘောဆိပ်ရပ် (၁၈-၁၂-၇၅) နေ့ မိုးလောင်မှု၏ဒုက္ခသည်များအားလည်းကောင်း၊ (၂၂-၁၂-၇၇) နေ့ တံငါရပ် အိမ်ခြေ(၁၅၉) အိမ်ထောင်စုပေါင်း (၂၂၈) အိုးမဲ့အိမ်မဲ့ဖြစ်သော မိုးဘေးဒုက္ခသည်များလည်းကောင်း၊ ၁၉၈၉ ခုနှစ်ဦးပိုင်းတွင် မြိတ်မြို့၌ မိုးလောင်သဖြင့် ဒုက္ခသည်များအတွက် အသင်းရန်ပုံငွေမှ ထည့်ဝင်ငွေနှင့် သီးခြားစုဆောင်း အလှူခံရရှိသော ငွေဖြင့် လှူဒါန်းကယ်ဆယ်ခြင်း အမှုကို ဆောင်ရွက်ခဲ့ပေသည်။

သို့သော် ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဂွတ္တလစ် မိုးဘေးဒုက္ခသည်များကိစ္စတွင် (၁၉၇၉-ဇန္နဝါရီလအတွင်းမိုးလောင်သည်။)

သမဂ္ဂအသင်းဝင်နှင့် အသင်းဝင်မဟုတ်သော ထားဝယ်အိမ်ထောင်စုများကို ကယ်ဆယ်ရေးအတွက် အလှူခံ၍ လှူဒါန်းခဲ့လေသည်။ ထို့အပြင် အခါအားလျော်စွာ မိုးဘေးသင့်၍ တောင်းခံလာသော အသင်းဝင်ဒုက္ခသည်များအား လည်း အသင်းဝင်စေတနာရှင်များထံမှ ကောက်ခံ၍ လှူဒါန်းသမ္မပြုခဲ့ကြောင်း ဖော်ပြလိုက်ရပေသည်။

ဒုကသည်များ ကယ်ဆယ်ရေး

လှိုင်းဒဏ်၊ လေဒဏ်မိသည့် ရေလုပ်သား်များနှင့် လေသမားဒုကသည်များ။

ထားဝယ်သူ ထားဝယ်သားများသည်၊ ရှေးအခါကာလကတည်းကပင်လျှင် ပင်လယ်ရေကြောင်းခရီးနှင့် ယဉ်ပါးကြပြီးဖြစ်သည်။ ရွက်လှေ၊ စက်လှေများကို အားကိုးအားထားပြုခဲ့ကြရလေသည်။ သို့ဖြစ်၍ လှိုင်းလေထန်သော အချိန်ရာသီကာလများတွင် ကြီးမားသော အန္တရာယ်များနှင့် ကြုံတွေ့ကြရ၏။ လေပြင်းမုန်တိုင်းမိသဖြင့်၊ လှေလွင့်သွားပြီး သေကြေပျက်စီးကြသူများလည်း ရှိတတ်လေသည်။ ဤကဲ့သို့ လှေလွင့်သွားသူများအချို့ အသက်မသေဘဲ လွတ်မြောက်ကြသူများလည်းရှိသည်။

အသက်မသေဘဲ လွတ်မြောက်သည့် ထားဝယ်သားများသည် ၎င်းတို့ရောက်နေရာ အရပ်မှ ထားဝယ်သမဂ္ဂသို့ ဖြစ်သည့်နည်းနှင့် ကြိုးစား၍ ရောက်လာတတ်ကြပေသည်။ ထားဝယ်သမဂ္ဂကလည်း၊ ကူညီမှုတတ်နိုင်သမျှပေးပြီး၊ ထားဝယ်သို့ ပြန်ပို့ပေးသည်ချည်းသာတည်း။

ထားဝယ်သမဂ္ဂမှ ဤကိစ္စမျိုးများကို များစွာ ကူညီမှုပြုပေးခဲ့ရာ၊ အထူးခြားဆုံးဖြစ်ရပ်သုံးခုကို ကြုံတွေ့ခဲ့ရလေသည်။

ပထမဆုံး ဖြစ်ရပ်တစ်ခုမှာ ၁၉၇၅-ခုနှစ်တွင် လှေပျက်ဒုက္ခသည်(၄၁)ဦး (လေးဆယ့်တစ်ဦး)ကို ကူညီခဲ့ရခြင်းဖြစ်သည်။ ထားဝယ်သမဂ္ဂမှ မျက်နှာသုတ်ပုဝါနှင့် စွပ်ကျယ်အင်္ကျီများ လျှာဒါန်းပြီး၊ ထားဝယ်သို့ပြန်လည်ပို့ပေးရန်စီစဉ်မှု ပြုလုပ်ခဲ့ရပေသည်။ (၁၇-၅-၁၉၇၅ စည်းဝေးမှတ်တမ်းစာ-၃၁/၃၂)။ ဤကား ပထမဦးဆုံးဒုက္ခသည်ဦးရေ များများစားစား ကူညီပေးခဲ့ရဖူးသည့် ဖြစ်ရပ်တစ်ခုပင်တည်း။

ဒုတိယဖြစ်ရပ်တစ်ခုမှာ ၁၉-၉-၁၉၈၁ ခုနှစ် ပြုလုပ်သည့် စည်းဝေးမှတ်တမ်းတွင် လေမုန်တိုင်းကြောင့် သဘောလွှင့်သွားပြီး အိန္ဒိယနိုင်ငံမှတဆင့် မြန်မာပြည်သို့ ပြန်ရောက်လာကြကာ၊ ထားဝယ်သို့ မပြန်နိုင်သော လေ့သမား၊ ထားဝယ်သား(၆)ဦးတို့အား၊ ထားဝယ်သမဂ္ဂမှ ကူညီထောက်ပံ့ပြီး ထားဝယ်သို့ ပြန်လည်ပို့ဆောင်ပေးခဲ့ရကြောင်း ပါရှိသည်ကို တွေ့ရှိရသည်။ (စည်းဝေးမှတ်တမ်းစာ-၁၂၉)။

မုန်တိုင်းမိ၍လွှင့်သွားသော ထိုရွက်လှေသည် အိန္ဒိယနိုင်ငံပိုင် အန်ဒမန်ကျွန်း (ဂ်ပွလီကျွန်း)သို့ရောက်သွားခဲ့ရာ၊ အသက်မသေဘဲ ကျန်ရစ်ခဲ့သည့် လှေသားများအား ကပွလီကျွန်း၌ ခေတ္တထားရှိစစ်ဆေးပြီး၊ ၎င်းတို့အား အခြားကျွန်းတစ်ကျွန်းသို့ ပို့လိုက်သည်ဟု သိရ၏။ ထိုကျွန်း၌ လအနည်းငယ်နေထိုင်ရပြီးနောက် အိန္ဒိယနိုင်ငံ ကလာကတ္တားမြို့သို့ ပို့ဆောင်ပြီး၊ ကလာကတ္တား၌ နိုင်ငံတွင်း တရားမဝင် ဝင်ရောက်လာမှုနှင့် ရုံးတင်တရားစွဲပြီး (၆)လချုပ်ခံထားရကြောင်းသိရသည်။

ထိုနောက် ၎င်းတို့အားလွှတ်ပြီး၊ မြန်မာပြည်သားများဖြစ်၍ မြန်မာနိုင်ငံသို့ လွှဲပြောင်းပေးသည်။ မြန်မာနိုင်ငံမှ ၎င်းတို့အားလွှဲပြောင်းလက်ခံယူပြီး နိုင်ငံခြားသို့ ခိုးထွက်သူများအဖြစ် စုံစမ်းစစ်ဆေးပြီး အချုပ်ခံရပြန်သည်။ ၎င်းတို့အား အင်းစိန်ထောင်မှ လွတ်လိုက်သည့် အခါတွင် ထောင်ထဲ၌ တွေ့ရှိခဲ့သည့်ထားဝယ်သားမိတ်ဆွေတစ်ဦးက ၎င်းတို့အား ထားဝယ်သမဂ္ဂသို့သွား၍ အကူအညီတောင်း မှာကြားလိုက်ကြောင်း၊ ထိုလှေလွှင့်ဒုက္ခသည်များက ပြောပြကြသည်ဆို၏။

၎င်းတို့သည် ယခင်ကရန်ကုန်သို့လည်း မရောက်ဘူး၊ ရန်ကုန်ရှိထားဝယ်သမဂ္ဂသို့လည်းမသွားတတ်ကြပေ။ သို့တစေထောင်မှလွတ်လျှင်၊ လေးဘီးတက်စိတစ်စီးကိုငှားပြီး ထားဝယ်အသင်းတိုက်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာခဲ့ကြလေသည်။ ယာဉ်ငှါးခပေးရန်လည်းငွေမရှိကြ။ မိမိတို့ဝတ်လာသော အင်္ကျီကိုချွတ်ပေးသည်ဟု ဆိုသည်။ ထားဝယ်သမဂ္ဂမှ ၎င်းတို့အားမေးမြန်းစုံစမ်းရာ လှေလွှင့်သည့် ဒုက္ခသည်များ အမှန်တကယ် ဖြစ်သည်ကို သိရသည်။ တက်ဆီသမားကလည်း ယာဉ်ငှားခမ ယူတော့ဟုသိရ၏။

ထိုဒုက္ခသည်(၆)ဦးအား ထားဝယ်သို့ ပြန်ပို့ရေးကိစ္စ အကူအညီပေးရန် ပြင်ဆင်ကြိုးပမ်းနေခိုက် ထားဝယ်သမဂ္ဂအသင်းတိုက်၌ ရက်သတ္တတစ်ပတ်မျှ တည်းခိုခွင့်ပေးပြီး၊ ကျွေးမွေးပြုစု စောင့်ရှောက်ထားလေသည်။ ဒုက္ခသည်(၆)ဦး တစ်ယောက်လျှင် ၄၆-ကျပ်နှုန်းဖြင့် (၇)ရက် ထမင်းကျွေးမွေးရန် အသင်းရန်ပုံငွေမှ ကျခံကျွေးမွေးရန် ဆုံးဖြတ်ခွင့်ပြုခဲ့လေသည်။ (၁၁-၁၀-၁၉၈၇ မှစည်းဝေးမှတ်တမ်း)။ ဤဒုက္ခသည်(၆)ဦးကိုလည်း ထားဝယ်သို့ လေယာဉ်ဖြင့် ပို့ပေးခဲ့လေသည်။

တတိယဖြစ်ရပ်တစ်ခုမှာ ၂၇-၁-၁၉၈၇တွင် ပင်လယ်ဝတွင် မှောက်သွားသော မောင်းမကန်မှ ခင်ဇော်ဝင်း စက်လှေကိစ္စ ဖြစ်လေသည်။ ထိုစက်လှေ နှစ်မြုပ်ခဲ့ရာတွင် စက်လှေပိုင်ရှင် အပါအဝင် စီးနင်းလိုက်ပါလာသည့် ခရီးသည် အများအပြားပင် သေကြေပျက်စီးခဲ့လေသည်။ ထူးထူးခြားခြား အသက်ဘေး လွတ်မြောက်ခဲ့သူများလည်း ရှိသည်။ နစ်မြုပ်သည့်နေရာနှင့် အလွန်ကွာလှမ်းသည့် နေရာဒေသများသို့ ရေမျောကမ်းတင် ရောက်ခဲ့ကြောင်းလည်း သိရှိရပေသည်။ သေက်မရောက်သဖြင့် ပြန်ရောက်လာသူများထဲမှ ထားဝယ်သမဂ္ဂသို့လည်း ရောက်ရှိလာခဲ့ကြသည်။

ဒုက္ခသည်(၁၈)ဦးကို တပ်မတော်ရေမှ ကယ်ဆယ်ပြီး၊ တစ်ဦးကို ငွေ၂၀၀-ကျပ်စီပေးပြီး၊ အဝတ်အစားများလည်း ထောက်ပံ့ခဲ့သည်ဟုသိရ၏။ ထားဝယ်သမဂ္ဂအသင်းသို့ ရောက်ရှိလာကြသည့် ထားဝယ်သား ဒုက္ခသည်(၃၀)ကျော်မျှ ထားဝယ်သမဂ္ဂ၏ အကူအညီဖြင့် ထားဝယ်မြို့သို့ လေယာဉ်ဖြင့် ပြန်လည်ပို့ဆောင်ပေးခဲ့ရလေသည်။ (၁၄-၂-၁၉၈၇ စည်းဝေးမှတ်တမ်းစာ-၁၄၇)။

ရေးအသင်း၊ ပုလောအသင်းတို့မှလည်း အလှူငွေစုဆောင်း၍ လေယာဉ်အတွက် ၄၀၀၀-ကျပ်(လေးထောင်ကျပ်) လှူဒါန်းခဲ့ကြလေသည်။ ဒုက္ခသည်များအတွက်၊ ထားဝယ်ကိုးဖမ်းစက်လှေအသင်းမှ ငွေ ၅၀၀၀-ကျပ် (ငါးထောင်ကျပ်) နှင့် စက်လှေညှိနှိုင်းရေးကော်မတီမှ (ငွေ၃၀၀၀-ကျပ် (သုံးထောင်ကျပ်) အသီးသီး လှူဒါန်းကြ၏။ (၂၀-၂-၁၉၈၇၊ စည်းဝေးမှတ်တမ်း)။

လေ့ပျက်ဒုက္ခသည်များအား ကယ်ဆယ်ကူညီမှု ပေးခဲ့ရသည့်ဖြစ်ရပ်များတွင် ဤဖြစ်ရပ်သုံးခုမှာ အထူးခြားဆုံးဖြစ်ရပ်များပင် ဖြစ်လေသည်။ တစ်ဦးစ၊ နှစ်ဦးစ သာမန်လေလွင့်ဒုက္ခသည်များကိစ္စများနှင့် ပတ်သက်၍ မှုလည်းရှိသေးသည်။ သို့ရာတွင် အထက်ဖော်ပြခဲ့သည့် ဖြစ်ရပ်များလောက် ကူညီထောက်ပံ့ခဲ့ရမှု မရှိခဲ့ပေ။

၁၉၈၇-ခုနှစ်တွင် ချစ်မိတ်ဆွေအမည်ရှိ ထားဝယ်စက်လှေတစ်စီး၊ ပင်လယ်ဝတွင် နစ်မြုပ်ခဲ့သေးသည်။ ရန်ကုန်မှ ထားဝယ်သို့သွားသည့် ခရီးဖြစ်သည်။ တစ်စီးလုံးနစ်သွားပြီး ခရီးသည်တစ်ဦးသာ အသက်ရှင်ကျန်ခဲ့လေသည်။ ၁၉၉၁-၉၂ခုနှစ်တွင် ငါးဖမ်းစက်လှေပျက်ဒုက္ခသည်တစ်ဦးအား ထားဝယ်သမဂ္ဂမှ ထားဝယ်သို့ ကုန်းလမ်းခရီးဖြင့် ပြန်ပို့ ပေးခဲ့လေသည်။ (၁၉၉၁-၉၂ခုနှစ်ပတ်လည်စီရင်ခံစာ ၁၄)။

လူမှုရေးနှင့်အခြားကယ်ဆယ်ရေးကိစ္စများ

မြိတ်မြို့တွင် မီးဘေးသင့်သဖြင့် ထားဝယ်သမဂ္ဂအသင်းမှ ၇၀၀၀-ကျပ်(ခုနှစ်ထောင်) ကိုမြိတ်အသင်းမှတဆင့် လှူဒါန်းခဲ့လေသည်။ ဒုတိယအကြိမ်ထပ်မံ၍ ၁၈၃၀ကျပ် (တစ်ထောင်ရှစ်ရာသုံးဆယ်ကျပ်) ကိုလည်း မြိတ်အသင်းမှ တစ်ဆင့်ပင် လှူဒါန်းခဲ့၏။

ရန်ကုန်၊ လှိုင်မီးဘေးသင့်ရာတွင် ပါဝင်သည့် မီးဘေးဒုက္ခသည် ထားဝယ်သမဂ္ဂဝင် အသင်းသား ၆-ဦးနှင့် အသင်းဝင်မဟုတ်သူ ထားဝယ်သူ ထားဝယ်သား (၂၀)ဦးအား ငွေ ၃၉၀၀ကျပ် (သုံးထောင့်ကိုးရာကျပ်) ၂၈-၁-၁၉၉၃နေ့တွင် ပေးအပ် လှူဒါန်းခဲ့လေသည်။ (၂၁-၁-၈၉ မှတ်တမ်းစာ-၅၇)။

၁၉၈၄-ခုနှစ်တွင်လည်း ရန်ကုန်ဆေးရုံကြီး၌ လောင်းလုံမြို့နယ်မှ လာရောက်ဆေးကုသခံပြီး၊ ကွယ်လွန်သွားသော ဦးအောင်ကြည် ကိစ္စအကူအညီတောင်းခံလာသဖြင့် အာဂန္တုအနေဖြင့် ကူညီထောက်ပံ့မှုပြုရန် ဆုံးဖြတ်ကြသည်။ (၅-၂-၈၄ မှတ်တမ်းစာ-၃၁)။

နာရေးထောက်ပံ့ရာ၌ မိုခိုသူဇနီး၊ ခင်ပွန်းကိုသာ မိုခိုအဖြစ်နှင့် အသိအမှတ်ပြု၍၊ အသင်းရန်ပုံငွေမှ ကားတစ်စီးနှင့် သတင်းစာတစ်ရက် ကြေညာပေးရန် ဆုံးဖြတ်ကြ၏။ (၂၃-၄-၁၉၈၈ မှတ်တမ်းစာ၊ ၁၅)။

တရားဝင်စာရွက်စာတမ်းများဖြင့် ထောင်မှလွတ်လာသူတို့က ထားဝယ်သမဂ္ဂ၌ အကူအညီတောင်းခံလာပါက ထိုထားဝယ်သားအတွက် ကူညီရန်နှင့်အသင်း၌မူကား တည်းခိုခွင့် မပြုရန် ဆုံးဖြတ်ကြ၏။ (၁၆-၇-၈၈ စည်းဝေးမှတ်တမ်းစာ၊ ၃၆)

အလုံမြို့နယ်ရှိ ဇမ္မူရတနာကျောင်း၊ ပါဠိတက္ကသိုလ်စာသင်တိုက်မှ ဆရာတော်ဦးနာဂဝံသ(ထားဝယ်)ပျံလွန်တော်မူသဖြင့် ဆရာတော်၏ ဈာပနအတွက်ထားဝယ်သမဂ္ဂမှ အလှူငွေ ၃၀၀၀-ကျပ်နှင့် ကားတစ်စီးကူညီရန် ဆုံးဖြတ်ကြလေသည်။ (၂၄-၂-၁၉၉၀၊ မှတ်တမ်းစာ-၄၅)။

ထားဝယ်သမဂ္ဂဟုခေါ်ဆိုခြင်း

၁၉၂၁-ခု ထားဝယ်သမဂ္ဂအသင်းကို ပြန်လည်စုစည်း တည်ထောင်ခဲ့ကတည်းကပင် ထားဝယ်သမဂ္ဂဟူသည့် အမည်ဖြင့် ပြန်လည်ဖွဲ့စည်း တည်ထောင်ခဲ့လေသည်။ စည်းမျဉ်း ဥပဒေစာအုပ်တွင်လည်း ထားဝယ်သမဂ္ဂအသင်း **TAVOY UNION ASSOCIATION** ဟူသည့် စကားလုံးများပင် အသုံးပြုခဲ့သည်။ သို့ရာတွင် အသင်းသားများ၏ ပါးစပ်ဖျားတွင်ကား၊ နှုတ်ကျိုးနေသည်။ "ထားဝယ်အသင်း" ဟူ၍သာ တိုတိုခေါ်လေ့ရှိကြသည်။

၁၉၄၉-ခု အသင်းစည်းမျဉ်း ဥပဒေကို ပြန်လည် ရိုက်နှိပ်သောအခါ၊ စာအုပ်၏ မျက်နှာဖုံး စာတမ်းကို "ထားဝယ်သမဂ္ဂအသင်း" အစား "ထားဝယ်သမဂ္ဂ" ဟုသုံးလာသည်။ နောက်ပိုင်းတွင် ထားဝယ်သမဂ္ဂဟူသည့် အမည်ကို အစဉ်တစ်စိုက် သုံးလာခဲ့လေသည်။

၁၉၈၂-ခုနှစ်တွင် ပြင်ဆင်ရေးသားသည့် စည်းမျဉ်းဥပဒေ စာအုပ်တွင်မူ၊ စည်းမျဉ်း

ရေးဆွဲရေး ကော်မရှင်၏ ရှင်းလင်းချက်စာတမ်း၌ ဤကဲ့သို့ ရှင်းလင်းဖော်ပြထားသည်ကို တွေ့ရ၏။

"ဒေသကိုအခြေခံ၍ ဖွဲ့စည်းထားသော လူမှုရေးအသင်း အဖွဲ့များသည် မြို့အမည်ခံ၍ အသင်းဟု ခေါ်ကြသည်ကို အများအားဖြင့်တွေ့ရ၏။ ဥပမာမြိတ်အသင်း၊ ပဲခူးအသင်း၊ မန္တလေးအသင်းဟူ၍ ဖြစ်သည်။ "သမဂ္ဂ" ဟူသောစကားရပ်သည် ခေတ်အလျောက်နိုင်ငံရေးအသွေးအရောင်မကင်းသော အဖွဲ့အစည်းကိုခေါ်ဆိုသည်ဟု ထင်ရစေသော်လည်း၊ ထားဝယ်အသင်းဟု အမည်မတပ်ဘဲ၊ ထားဝယ်သမဂ္ဂဟုပင် အမည်တပ်ပါသည်။" ဟု ဖော်ညွှန်းမှုပြုထားသည်ကို တွေ့ရ၏။

ထားဝယ်သမဂ္ဂသည် ထားဝယ်မြို့နယ် တစ်ခုတည်းကိုသာ ကိုယ်စားပြုသည့် အသင်းအဖွဲ့မျိုးမဟုတ်ချေ။ ထာဝယ်ဒေသတစ်ခုလုံးကို ကိုယ်စားပြုသည့် အသင်းအဖွဲ့တစ်ခုဖြစ်သည်။ ဥပမာ၊ ထားဝယ်မြို့နယ်၊ သရက်ချောင်းမြို့နယ်၊ ရေဖြူမြို့နယ်၊ လောင်းလုံမြို့နယ် အစရှိသဖြင့်၊ မြို့နယ်(၄)မြို့နယ် ပါဝင်လျက်ရှိသော ဒေသဖြစ်လေသည်။ သို့ဖြစ်၍ သရက်ချောင်းမြို့နယ်အသင်း၊ ရေဖြူ သို့မဟုတ် လောင်းလုံမြို့နယ်အသင်းဟု တစ်သီးတစ်ခြား ဖွဲ့စည်းမှုမပြုတော့ဘဲ၊ ထားဝယ်သူ ထားဝယ်သားအားလုံး ထားဝယ်ဒေသတစ်ခုလုံးကို ကိုယ်စားပြုသည့် အသင်းအဖွဲ့တစ်ခုတည်းဖြင့်ပင်၊ ကျစ်ကျစ်လစ်လစ် ထားဝယ်သမဂ္ဂကို တည်ထောင်ခဲ့ခြင်း ဖြစ်လေသည်။

"ထားဝယ်သမဂ္ဂ အသင်းဟူ၍၊ တည်ထောင်ကာစမှစ၍ နှစ်ပေါင်းများစွာ စွဲစွဲမြဲမြဲ လက်ခံလာခဲ့သော အမည်ဖြစ်သည်။ ထားဝယ်အသင်းဟု ပြင်ဆင်ခြင်းဖြင့် နှစ်ပေါင်းများစွာ လက်ခံ အသုံးပြုလာခဲ့သည်။ အစဉ်အလာကို ပစ်ပယ်ရာ ရောက်သည့်အပြင်၊ သရက်ချောင်း ရေဖြူ၊ လောင်းလုံမြို့နယ်များမှ ပုဂ္ဂိုလ်များ ပါဝင်ရေးတွင်ပင် အနှောက်အယှက် ဖြစ်စေနိုင်ပေသည်။ အသင်းဟူသော ဝေါဟာရထက် ကျယ်ဝန်းသော သမဂ္ဂဟူသော ဝေါဟာရကို သုံးခြင်းဖြင့် ထားဝယ်ခရိုင်၊ ထားဝယ်ဒေသတွင် ပါဝင်သော လက်ရှိမြို့နယ် (၄) မြို့နယ် ပူးပေါင်းဖွဲ့စည်း ထားသည်ဟူသော သဘောကိုလည်း ဆောင်ပါသည်"ဟူ၍လည်း

စည်းမျဉ်း ပြင်ဆင်ရေးဆွေရေး အဖွဲ့မှ အစီရင်ခံထားခဲ့ပေသည်။ (၁၉၈၂-ထားဝယ်သမဂ္ဂ စည်းမျဉ်းစာ ၃၅)။

ထားဝယ်ဒေသ၊ ထားဝယ်(၄)မြို့နယ်လုံးကိုကိုယ်စားပြုသည့် ထားဝယ်သမဂ္ဂအသင်းမှထားဝယ်သမဂ္ဂဟု ခေါ်ဝေါ်အသုံးပြုလာကြသည်။ အသင်းလည်းသမဂ္ဂ၊ သမဂ္ဂလည်းအသင်းပင်ဖြစ်သည်။ သို့ဖြစ်၍ ထားဝယ်သမဂ္ဂအသင်းဟု အသုံးမပြုတော့ဘဲ၊ ထားဝယ်သမဂ္ဂမျှဖြင့်ပင် အဓိပ္ပါယ်ပြည့်စုံလုံလောက်သည်ဟု ထားဝယ်သမဂ္ဂအမည်ကို အသုံးပြုခဲ့ကြလေသည်။ ထားဝယ်သမဂ္ဂသည် လူမှုရေးအသင်းအဖွဲ့တစ်ခုအနေဖြင့် မယိမ်းမယိုင်၊ မူဝါဒလမ်းကြောင်းမပြောင်းဘဲ မြဲမြံစွာ ရပ်တည်ခဲ့လေသည်။

အခန်း(၅)

စည်းမျဉ်းဥပဒေပြင်ဆင်ခြင်းများ

ထားဝယ်အသင်းသည်၊ တည်ထောင်စဉ်ကာလကတည်းကပင်၊ စည်းကမ်းတစ်ကျ၊ တည်ထောင်လာခဲ့သည့်အသင်းတစ်သင်းဖြစ်သည်။ စည်းဝေးမှတ်တမ်းများကို လေ့လာသုံးသပ်ကြည့်သည့်အခါတွင်လည်း၊ ဘဏ္ဍာရေး၊ ငွေရေး၊ ကြေးရေး၊ ချွေတာသည်။ ခြိုးခြံသည်။ စည်းကမ်းစနစ်ရှိသည်။ လူမှုရေး ဆောင်ရွက်မှုများလည်း စံနစ်ရှိသည်။ ဒုတိယကမ္ဘာစစ်ကြီးမဖြစ်မီအစဦးကာလကပင် ဥပဒေစည်းမျဉ်းစာအုပ်ရှိခဲ့သည်။

ထားဝယ်အသင်းကို ၁၉၁၁-ခုနှစ် ကတည်းကစ၍၊ အသင်းအဖွဲ့တစ်ခုအဖြစ် တည်ထောင်ခဲ့သည်။ သို့သော်လည်း စနစ်တကျ၊ တစ်စည်းတစ်လုံးတည်း ကျစ်လစ်ခိုင်မာစွာရပ်တည်နိုင်မှုမရှိသေးဟု ထင်ရပေသည်။ ၁၉၂၁-ခုနှစ်တွင်မှ ပြန်လည်၍၊ စံနစ်တကျဖွဲ့စည်းထူထောင်ခဲ့ကြလေသည်။

ထားဝယ်သမဂ္ဂအသင်းဥပဒေဟူသော ပုံနှိပ်စာအုပ်ဟောင်းတစ်ခုကို ထိုစဉ်က စည်းဝေးမှတ်တမ်းစာအုပ်တစ်ချို့နှင့်အတူ တွေ့ရသည်။ ဤဥပဒေစာအုပ်၏ မျက်နှာဖုံးအလယ်ဗဟိုရှိ တွင် ဟသံဒ့ဂ်ရုပ်ပါရှိသည့် ထားဝယ်အသင်းတံဆိပ်ကို ရိုက်နှိပ်ထားပြီး ခေါင်းစည်းတွင် **TAVOY UNION ASSOCIATION, RANGOON, ESTD, NOV. 27th 1921** (ထားဝယ်သမဂ္ဂအသင်း၊ ရန်ကုန်မြို့၊ ၁၉၂၁-ခု၊ နိုဝင်ဘာလ(၂၇) ရက်နေ့တွင် တည်ထောင်သည်) ဟူသည့် အင်္ဂလိပ်ဘာသာဖြင့် စာတမ်းကိုတွေ့ရသည်။

အသင်းစည်းမျဉ်းဥပဒေစာအုပ်များ။

အသင်းတံဆိပ်၏ အောက်ဘက်တွင် ထားဝယ်သမဂ္ဂအသင်းဥပဒေဟု မြန်မာစာတမ်းဖြင့်လည်းကောင်း၊ ၎င်း၏ အောက်ဘက်တွင် **RULES AND REGULATIONS** (ဥပဒေများနှင့် စည်းကမ်းများ) ဟူ၍လည်းကောင်း၊ **CORRECTED UP TO 1st JAN** (၁၉၃၆-ခု၊ ဧန်နဝါရီလ (၁)ရက်နေ့ထိ ပြင်ဆင်ထားသည်)။ အင်္ဂလိပ်ဘာသာဖြင့် စာတမ်းပါရှိလေသည်။ ၁၉၃၆-ခု၊ ဧန်နဝါရီလ(၁)ရက်နေ့ အထိပြင်ဆင်ထားသည်ဟု ဆိုထားရာ၊ ၁၉၃၆-ခု မတိုင်မီကာလ၊ အသင်းတည်ထောင်စကာလကပင် အသင်းစည်းမျဉ်းဥပဒေဖြင့် စနစ်ဘကျ တည်ထောင်ခဲ့သည်မှာ ယုံမှားသံသယဖြစ်ဖွယ်မရှိပေ။

ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံးသည့်တိုင်ပင်၊ ဟသံဉက်တံဆိပ်ပါ ထားဝယ်သမဂ္ဂအသင်းတံဆိပ်ကို အသုံးပြုလျှက်ရှိသည်။ ၁၉၃၆ ဧန်နဝါရီလ(၁)ရက်နေ့ထိ ပြင်ဆင်ထားသည့် ဥပဒေစည်းမျဉ်းများကိုပင် အသုံးပြုခဲ့၏။ စစ်တွင်းအခြေအနေနှင့် စစ်ပြီးစအသင်း၏ အခြေအနေများကို ဖော်ပြခဲ့ပြီးဖြစ်သည်။

ထားဝယ်သမဂ္ဂစည်းကမ်းဥပဒေများဟူသော အသင်းစည်းမျဉ်းဥပဒေ စာအုပ်တစ်အုပ်ကို ၁၉၄၉-ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေပြန်သည်။ ခေါင်းစီးအနေဖြင့် "ထားဝယ်သမဂ္ဂ" ဟူသည့် အမည်ကိုတွေ့ရသည်။ "အသင်းဟူသည့်စကားလုံးများမပါတော့ချေ။ စာမျက်နှာ အလယ်ဗဟိုရှိတွင် ထားဝယ်သမဂ္ဂအသင်းတံဆိပ်ပါရှိသည်။ တံဆိပ်မှာ ဟသံဉက်တံဆိပ်မဟုတ်တော့ပေ။ ထားဝယ်ဒေသမြေပုံပါရှိသည့် အဝိုင်းပုံစံ တံဆိပ်ဖြစ်သည်။ တံဆိပ်ကို သအက္ခရာသုံးလုံးပါရှိသည့် သံကြိုးဖြင့် ဝိုင်းထားပြီး ထားဝယ်သမဂ္ဂဟူသည့် ကန့်လန့်ဖြတ်စာတမ်းတစ်ခုကို အဝိုင်း၏အောက်ခြေဘက်၌ ပါရှိလေသည်။ ၁၉၂၁-ခုနှစ်တည်ထောင်သည် ဟူသည့် စာတမ်းကလေးလည်း တံဆိပ်၏အောက်ခြေ၌ ပါရှိသည်။ စာအုပ်မျက်နှာဖုံး၏အောက်ဘက်တွင်မူ **The Rule of The Tavoy Union No. 828 Dalhosie Rgn.**

ထားဝယ်သမဂ္ဂ၏ စည်းကမ်းဥပဒေများ၊ အမှတ်၅၂၈၊ ဒါလဟိုဇီလမ်း၊ ရန်ကုန်မြို့ဟု ရိုက်နှိပ်ထားလေသည်။ ဤ စည်းကမ်းဥပဒေစာအုပ်ကို ၁၉၄၉-ခု၊ ဇူလိုင်လ(၂၆)ရက် နေ့စွဲဖြင့် ထားဝယ်သမဂ္ဂအတွင်းရေးမှူး ဦးအေးကြွယ်၏နိဒါန်းကိုလည်း တွေ့ရသည်။

ထားဝယ်သမဂ္ဂအသင်း၏ တံဆိပ်များနှင့် ပတ်သက်၍ အဓိပ္ပါယ်ဖော်ညွှန်းချက်များပါ၊ သီးသန့်ရေးသားဖော်ပြပြီးဖြစ်၍၊ ထပ်၍ရေးသားရန်မလိုတော့ပေ။ ယခု အသုံးပြုလျက်ရှိသည့် ထားဝယ်သမဂ္ဂတံဆိပ်ကိုပန်းချီ ဦးခင်လှိုင်(ထားဝယ်)က ရေးဆွဲတင်ပြပြီး ၂-၁-၄၉ တွင်ကျင်းပသည့် အကြိမ်၂၀-မြောက် နှစ်လည်စည်းဝေးကြီးက ဆုံးဖြတ်ချက်နှင့် အညီ ၁၉၄၉-ခု၊ အမှုဆောင်အဖွဲ့က၊ ရွေးချယ်သတ်မှတ်ခြင်းဖြစ်သည်ဟု ဖော်ပြထားလေသည်။

ထို့နောက် "ထားဝယ်သမဂ္ဂစည်းမျဉ်းဥပဒေများ" စာအုပ်ကို ထပ်မံရိုက်နှိပ်ပြန်သည်။ ဤစာအုပ်တွင် အသင်းကို တည်ထောင်ခဲ့သည့် ပုဂ္ဂိုလ်ကြီး(၃)ဦး၏ဓာတ်ပုံနှင့် စစ်ပြီးခေတ်နောက်ပိုင်းပြန်လည်၍ အသစ်တည်ဆောက်ပြီးစီးသည့် ထားဝယ်သမဂ္ဂအသင်းတိုက်၏ ဓာတ်ပုံဘလောက်လည်းပါရှိလေသည်။ ဤစည်းမျဉ်းစာအုပ်ကို မည်သည့်ခုနှစ်တွင် ရိုက်နှိပ်သည် စသဖြင့်ဖော်ပြထားသည်ကို မတွေ့ရချေ။ သို့ရာတွင် ပြန်လည်တည်ဆောက်ပြီးသည့် အသင်းတိုက်၏ အဆောက်အအုံပုံ၏ မျက်နှာချင်းဆိုင်စာမျက်နှာတွင် "၁၉၅၅-ခုနှစ်အတွင်း ဆောက်လုပ်ပြီးစီး၍ (၉-၇-၅၅)စနေနေ့တွင် သိုက်မြို့က်ခမ်းနားစွာ အောင်ပွဲခံ ဖွင့်လှစ်ခဲ့သော လက်ရှိထားဝယ်သမဂ္ဂပိုင် တိုက်သစ်ဖြစ်သည်"ဟု ရေးသားဖော်ပြထားသည်ကို တွေ့ရှိရသဖြင့် ဤစည်းကမ်းဥပဒေစာအုပ်မှာ ၁၉၅၅ထက်မစောနိုင်။

ထူးခြားချက်တစ်ခုမှာ ဤစည်းမျဉ်းစာအုပ်၏ နောက်ပိုင်း၌ အသင်းဝင်များ၏ အမည်နှင့် လိပ်စာများကို ထည့်သွင်းဖော်ပြထားခြင်းပင်ဖြစ်သည်။အသင်းသားများအချင်းချင်း ဆက်သွယ်ရန် လွယ်ကူစိမ့်သောငှာ ဖော်ပြခြင်းဖြစ်ဟန်တူသည်။ ထိုစည်းမျဉ်းစာအုပ်၏ အသင်းသားစာရင်းတွင် သာမန်အသင်းဝင် (၁)မှ(၂၃)အထိရှိပြီး၊ ရာသက်ပန်အသင်းဝင်(၁)မှ (၂၅၇)

အထိရှိသည်ကိုတွေ့ရသဖြင့်၊ အသင်းဝင်ဦးရေမှာ (၂၈၀)ဦးရှိကြောင်း သိရှိနိုင်ပေသည်။

ထို့နောက်၁၉၇၇-ခု၊ မေလတွင် ထားဝယ်သမဂ္ဂ စည်းမျဉ်းဥပဒေနှင့် အသင်းဝင်များ၏ နေရပ်လိပ်စာလမ်းညွှန်ဟူသည့် စာအုပ်တစ်အုပ်ထွက်လာသည်။ ဤစာအုပ်ပါအသင်းဝင်စာရင်းအရ ရာသက်ပန်အသင်းဝင် (၂၅၅) ဦးနှင့် သာမန်အသင်းဝင် (၇၉၉) ဦးရှိ၏။ စုစုပေါင်း အသင်းဝင် (၁၀၅၄) ဦး ရှိသည်ကို တွေ့ရသည်။ အသင်းဝင်တောင့်တင်းသည့် အချိန်ကာလတည်း။

အသင်း၏ နှစ်ပတ်လည်အစည်းအဝေးပွဲများတွင် အသင်း၏အလုပ်အမှုဆောင်များ၊ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးစသည်များကို ရွေးချယ်တင်မြှောက်ကြရာတွင်၊ အသင်းသားတစ်ဦးဦးက အဆိုတင်သွင်းပြီး၊ တစ်ဦးဦးက ထောက်ခံကာ၊ ရွေးချယ်တင်မြှောက်ကြသည့် အစဉ်အလာရှိခဲ့ကြလေသည်။ နောက် အသင်းသားဦးရေ များပြားလာသည့်အခါတွင် ၊ အဆိုတင်သွင်းသူများသည် တစ်ယောက်တစ်ပေါက်ဆိုသလို၊ အဆိုတင်သွင်းမှုများဖြစ်လာပြီး၊ ရံဖန်ရံခါ ယှဉ်ပြိုင်အရွေးခံရန် ကိစ္စပေါ်ပေါက်လာသည်ကိုလည်း တွေ့ရတတ်သည်။ သို့ရာတွင် မဲခွဲရွေးချယ်မှုမျိုး မဖြစ်ရအောင်၊ အဆိုသွင်းခံရသူ ပုဂ္ဂိုလ်တစ်ချို့က နောက်ဆုတ်ရုတ်သိမ်းပေးကြခြင်းနှင့်ပင် ပြေလည်ခဲ့လေသည်။

တရားဝင်အသိအမှတ်ပြုခြင်းခံရသည့်ထားဝယ်သမဂ္ဂ

တော်လှန်ရေးကောင်စီ တက်ရောက်လာပြီးနောက် ပါတီ၊ အသင်းအဖွဲ့များအားလုံးကို ဖျက်သိမ်းလိုက်ရာ ခေတ္တမျှ ရပ်ဆိုင်းသွားလေသည်။ ရည်ရွယ်ချက်မှာ နိုင်ငံရေးပါတီများကိုသာဖျက်သိမ်းရန် ရည်ရွယ်ရင်း ရှိပေလိမ့်မည်။ သို့ရာတွင် နိုင်ငံရေးလောင်းရိပ်ဖြင့် အသင်းများကို ထူထောင်မည်စိုးသဖြင့်၊ အားလုံးဖျက်သိမ်းခြင်း ဖြစ်သွားရပေသည်။ သို့ရာတွင်နောင်အခါတွင် ဘာသာရေးအသင်းအဖွဲ့နှင့် တစ်ချို့သောလူမှုရေး စစ်စစ်အသင်းတချို့ကို အစိုးရ၏ ခွင့်ပြုချက်ခံယူ၍၊ ဖွဲ့စည်းနိုင်ခဲ့လေသည်။ ဤအထဲတွင် ထားဝယ်သမဂ္ဂ

သည်လည်း တစ်ခုပါဝင်ခဲ့လေသည်။ ထားဝယ်သမဂ္ဂသည် အသင်း/အဖွဲ့ မှတ်ပုံတင်အမှတ် (၂၅၄/၈၂)ဖြင့် နိုင်ငံတော်အစိုးရက တရားဝင်ခွင့်ပြုထားသည့် လူမှုရေးအသင်းတစ်ခုအဖြစ်၊ ယနေ့တိုင် ရပ်တည်လျှက်ပင် ရှိနေပေသည်။

ထားဝယ်သမဂ္ဂစည်းမျဉ်းဥပဒေကိုတိုးချဲ့ပြင်ဆင်ရေးဆွဲခြင်း

ထားဝယ်သမဂ္ဂ၏ စည်းမျဉ်းများကိုလည်း ပြန်လည်၍ တိုးချဲ့ပြင်ဆင် ရေးဆွဲသင့်လာပြီဖြစ်၏။ ထားဝယ်သမဂ္ဂသည် နှစ်ပေါင်း(၇၀)ကျော် ဖြတ်ကျော်လာခဲ့သည့်အလျှောက် အခြေအနေများ ပြောင်းလဲလာခဲ့သည်။ အခါကာလအမျိုးမျိုးကိုလည်း ဖြတ်သန်းလာခဲ့ပြီ။ ရန်ကုန်မြို့နေ ထားဝယ်သူ ထားဝယ်သားဦးရေလည်း တိုးတက် များပြားလာခဲ့သည်။ နာယကအဖွဲ့လူကြီးများကလည်း ထားဝယ်သမဂ္ဂ ပိုမိုစည်းလုံး တိုးတက်ရေးအတွက် ရှေ့ရှု၍၊ အသင်း၏စည်းမျဉ်း ဥပဒေကို ခေတ်နှင့်လျော်ညီစွာ ပြန်လည်ရေးဆွဲရန် အကြံပေးကြလေသည်။

စည်းမျဉ်းရေးဆွဲရေးကော်မရှင်ဖွဲ့စည်းခြင်း

(၁၅-၅-၈၂) နေ့တွင် ပြုလုပ်ခဲ့သော အသင်းအမှုဆောင်အဖွဲ့၏ (၆၀)ကြိမ်မြောက် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး ကျင်းပနိုင်ရန်အတွက် ကြိုတင်ပြင်ဆင်မှု စည်းဝေး (တစ်)ခု၌ ထားဝယ်သမဂ္ဂအသင်း၏ စည်းမျဉ်းကို တစ်နှစ်အတွင်း ရေးဆွဲရေး ကော်မရှင် တစ်ရပ် အမှုဆောင်အဖွဲ့မှ ဖွဲ့စည်းနိုင်ရန်အတွက် (၆၀)ကြိမ်မြောက် နှစ်ပတ်လည် **အစည်း**အဝေးပွဲကြီးသို့ တင်ပြခွင့်ပြုချက်ယူရန် အမှုဆောင်အဖွဲ့မှ ဆုံးဖြတ်ခဲ့လေသည်။ သို့ဖြစ်၍ စည်းမျဉ်းရေးဆွဲရေးကော်မရှင်ကို အမှုဆောင်အဖွဲ့မှ တာဝန်ယူဖွဲ့နိုင်ရန်အတွက် (၂၀-၆-၈၂) နေ့တွင် ကျင်းပသော (၆၀)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးမှ သဘောတူ

နွင့်ပြု အတည်ပြုချက် ရရှိပြီးနောက် စည်းမျဉ်းရေးဆွဲရေးကော်မရှင်ကို အောက်ပြပါပုဂ္ဂိုလ်များ ပါ ဝင်၍ ဖွဲ့စည်းခဲ့လေသည်။

စည်းမျဉ်းရေးဆွဲရေး ကော်မရှင်ကို (၇-၈-၈၂)နေ့တွင် ဖွဲ့စည်းရာ၌ ပါဝင်သူများ။		
စဉ်	အမည်	တာဝန်
၁။	ဦးအုန်းတင်	ဥက္ကဋ္ဌ
၂။	ဦးပေါသိမ်း	အဖွဲ့ဝင်
၃။	ဦးဘသန်း	အဖွဲ့ဝင်
၄။	ဦးစိုးမောင်	အဖွဲ့ဝင်
၅။	ဦးကျော်တင့်	အဖွဲ့ဝင်
၆။	ဦးကျင်ထွေး	အတွင်းရေးမှူး
၇။	ဦးကျော်သိန်း	တွဲဘက်-အတွင်းရေးမှူး
၈။	ဦးမြင့်စိုး	ရုံးအုပ်။

ဤအကြံပြုချက်များအရ (၂၀-၆-၁၉၈၂)နေ့တွင် ကျင်းပသည့် အကြိမ်(၆၀)မြောက် နှစ်ပတ်လည်အစည်းအဝေးကြီးမှ ဆုံးဖြတ်ချက် ချမှတ်ခဲ့သည့်အတိုင်း၊ စည်းမျဉ်းဥပဒေ ရေးဆွဲရေး ကော်မရှင်တစ်ရပ်ကို ဖွဲ့စည်းပြီး၊ ထားဝယ်သမဂ္ဂ၏ မူလရည်ရွယ်ချက်များကို မထိခိုက်စေဘဲ၊ ခေတ်နှင့်လျော်ညီ၍၊ ကျစ်လစ်ခိုင်မာသော စည်းမျဉ်းသစ်တစ်ရပ်ကို ရေးဆွဲခဲ့လေသည်။ စည်းမျဉ်းရေးဆွဲရေး ကော်မရှင်သည် အသင်းအဖွဲ့များစွာမှ စည်းမျဉ်းများကို လေ့လာခြင်း၊ အသင်းသားများထံမှ အကြံဉာဏ်တောင်းခံခြင်းနှင့် ဝါရင့်အသင်းသားများနှင့်လည်း အကြိမ်ကြိမ်ဆွေးနွေးပြီးလျှင်၊ စည်းမျဉ်းစည်းကမ်းသစ်မူကြမ်း တစ်စောင်ကို အကြိမ်ကြိမ် ညှိနှိုင်းရေးဆွဲ တင်ပြနိုင်ခဲ့သည်။ ဤသို့လျှင် အကောင်အထည်ဖော်လာခဲ့သည့် စည်းမျဉ်းတစ်ခုကို (၂၂-၁-၁၉၈၄)နေ့တွင် ကျင်းပသည့် အထူးအစည်းအဝေးကြီး၌ တင်

ပြု၍ အတည်ပြုချက် ရယူနိုင်ခဲ့လေသည်။ (ထားဝယ်သမဂ္ဂအမှုဆောင်ကော်မတီ ၂၇-၅-၈၄ အစီရင်ခံစာ)။

စည်းမျဉ်းသစ်ကိုအတည်ပြုခြင်း။

စည်းမျဉ်းဥပဒေသစ်ကို အတည်ပြုရေးအတွက် အထူးအစည်းအဝေးကြီးကို ရွှေတိဂုံဘုရားခြေတော်ရင်း ဓမ္မာရုံ၌ ကျင်းပသည်။ ဤအစည်းအဝေးကြီးသို့ မြို့နယ်အသီးသီးမှ အရန်အမှုဆောင်များက အသင်းဝင်များအား စည်းရုံး၍၊ ဘတ်(စ်)ကား၊ မော်တော်ယာဉ်တို့ဖြင့် စုစည်းတက်ရောက်လာခဲ့ကြသည်။ ထိုစည်းမျဉ်းဥပဒေကို ၂၂-၁-၁၉၈၄ တနင်္ဂနွေနေ့ ညနေပိုင်း၌ အထူးအစည်းအဝေးကြီးမှ အတည်ပြု မှတ်တမ်းတင်ပြလေသည်။ (၂၂-၁-၁၉၈၈ မှတ်တမ်းစာ ၂၆)။

ဦးသိန်းတင် (ဦးကျော်လင်းနှင့် ဦးခင်လှိုင်တို့က၊ စည်းမျဉ်းစာအုပ်ထုတ်ဝေရေးအဖွဲ့ ယမ်တွင် ပါဝင်ဆောင်ရွက်ကြ၏။ ထိုစည်းမျဉ်းစာအုပ်ကို ၁၉၈၄-ခု၊ ဇွန်လတွင် ရိုက်နှိပ်ထုတ်ဝေနိုင်ခဲ့လေသည်။ စာအုပ်မျက်နှာဖုံးကို ရောင်စုံပုံနှိပ်ထားပြီး၊ လက်ဝဲဘက် အပေါ်ပိုင်းတွင် အသင်း၏ကံဆိပ်ကိုလည်းကောင်း၊ အလယ်၌ ကန့်လန့်ဖြတ်၍ "ထားဝယ်သမဂ္ဂစည်းမျဉ်း" ဟူသည့်ငွေမင်စာလုံးကြီးဖြင့်လည်းကောင်း၊ အောက်ဘက်ဘွင် ၁၉၂၁-ခုနှစ်တွင် တည်ထောင်သည်ဟူသော စာတန်းနှင့် လက်ရာဘက် အောက်ခြေဒေါင့်တွင် ထားဝယ်သမဂ္ဂ ၈၂၈၊ မဟာဗန္ဓုလလမ်း၊ ရန်ကုန်မြို့ဟူသည့် အသင်းလိပ်စာနှင့် ဖုန်းနံပါတ်ကို လည်းကောင်း ထည့်သွင်းဖော်ပြထားလေသည်။

ထားဝယ်သမဂ္ဂအသင်းကို ကနဦးစ၍ တည်ထောင်ခဲ့သည့် ပုဂ္ဂိုလ်(၃)ဦးဖြစ်သည့် ဦးထွန်းမြိုင်၊ ဦးအေးနှင့် ဦးရွှေဇုံတို့၏ ပုံများကိုလည်း စာအုပ်၏အစပိုင်း၊ စာမျက်နှာ၌ ဖော်ပြပါရှိလေသည်။

ခေါင်းစဉ်အသီးသီးဖြင့်ဘဏ္ဍာငွေရှာဖွေစုဆောင်းခြင်း

ခေါင်းစဉ်အသီးသီးဖြင့် ရန်ပုံငွေ ဖွင့်လှစ်ထားရှိနိုင်ရန် ဘဏ္ဍာငွေကို ရှာဖွေစုဆောင်းကြရလေသည်။ အမှုဆောင် လပတ်အစည်းအဝေးတွင်၊ စည်းမျဉ်းအသစ်ရေးဆွဲရေးကို ဆောင်ရွက်ရန် (၂၀-၆-၈၂)နေ့တွင် ကျင်းပခဲ့သော (၆၀)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးက "စည်းမျဉ်းသစ်ရေးဆွဲရေးကော်မရှင်" တစ်ရပ် ဖွဲ့စည်းခဲ့ကြောင်း ဖော်ပြခဲ့ပြီးဖြစ်သည်။ ဤ စည်းမျဉ်းသစ်တွင်လည်း ရန်ပုံငွေများကို စနစ်တကျ ခေါင်းစဉ်ငယ် အသီးသီး ခွဲခြားကန့်သတ်၍ ပျိုးထောင်ထားရန် ပါရှိခဲ့လေသည်။

တိုးချဲ့ဆောက်လုပ်ထားပြီးသော သမဂ္ဂအဆောက်အအုံကိုလည်း စည်ပင်သာယာ၏ ညွှန်ကြားချက်နှင့်အညီ ပိုမိုခိုင်ခန့်၍ စိတ်ချရစေရန်၊ ပြင်ဆင်ရေးပြုလုပ်ရန် လိုအပ်လာသဖြင့် နာယကလူကြီးအချို့ ဦးဆောင်၍ အမှုဆောင်တို့လိုက်ပါပြီး အသင်းအတွက်ဘဏ္ဍာငွေရရှိရန် ထားဝယ်မြို့သို့ မိမိတို့စားစရိတ်ဖြင့် သွားရောက်အလှူခံပြီး၊ ရန်ကုန်မြို့၌လည်း၊ စုဆောင်း ကောက်ခံခဲ့ကြလေသည်။

(၁) အဆောက်အအုံ ပြင်ဆင်မှုအတွက် ရန်ပုံငွေကို (၁၀-၁၂-၁၉၈၃)နေ့မှ စတင်စုဆောင်းခဲ့ရာ၊ အလှူငွေထည့်ဝင်သူ(၃၉)ဦးမှ၊ ငွေပေါင်း ၄၅၈၀၀ ကျပ် (လေးသောင်းငါးထောင်ရှစ်ရာ) ရရှိခဲ့လေသည်။ (နောင်ဆက်တွဲ( )တွင်ကြည့်ပါ)။

(၂) "ထားဝယ်သမဂ္ဂဖွဲ့ဖြိုးရေးရန်ပုံငွေ" တစ်ရပ်ထူထောင်ရခြင်းမှာ စည်းမျဉ်းသစ်ကမျှော်မှန်းထားရှိချက်များအတိုင်း လူပ်ရှားဆောင်ရွက်နိုင်ရန် ၁၉၈၄-ခုနှစ်၊ ဧပြီလတွင် နာယကကြီးများနှင့် အမှုဆောင်အဖွဲ့ဝင်တို့ လိုက်ပါလျက်၊ ထားဝယ်မြို့နှင့်ရန်ကုန်မြို့တို့တွင် ရန်ပုံငွေ စုဆောင်းကောက်ခံခဲ့ရာ ထားဝယ်သူ ထားဝယ်သားများ စေတနာရှင် ပုဂ္ဂိုလ်များမှ ထည့်ဝင်သူ(၈၀)ဦးမှ ငွေပေါင်း၁၄၀၆၀၀-

ကျပ်(တစ်သိန်းလေးသောင်း ခြောက်ရာကျပ်) ရရှိခဲ့ပေသည်။ (နောက်ဆက်တွဲ ( ) တွင်ကြည့်)။

(၃) လူမှုရေးဆောင်ရွက်ရာတွင် အသင်းတစ်သင်းသည် ယေဘုယျသဘောအားဖြင့် အသုံးသာများ၍၊ အဝင်မရှိသော အသွင်ဆောင်တတ်သည်။ သို့ဖြစ်၍ အသင်းကြေး ကြွေးကျန်များကိုလည်း စီစီစင်စင်ကောက်ခံကြရန်၊ ထို့အပြင် အသင်းတိုက်တွင် ဧည့်ရိပ်သာတစ်ခုတည်ထောင်ပြီး၊ ထားဝယ်မှ အကြောင်းအားလျော်စွာ၊ ရန်ကုန်သို့ သွားလာဝင်ထွက်လေ့ရှိသည့် အသင်းသားများ ခေတ္တတည်းခိုရန် လွယ်ကူစိမ့်သောငှာ၊ ပုံပိုးမှုအတွက် စဉ်းစားကြလေသည်။ အသင်းသားများအတွက်လည်း ခေတ္တတည်းခိုမှုအတွက် လူမှုရေးအထောက်အကူဖြစ်စေသည့်အပြင်၊ ရန်ပုံငွေလည်း အသင့်အတင့် ရရှိလာနိုင်စေရန်၊ ဧည့်ရိပ်သာ ဖြစ်မြောက်ရေးအတွက် စေတနာရှင်သုံးဦးက ငွေ၃၅၀၀-ကျပ်(သုံးထောင်ငါးရာ) ထည့်ဝင်ကြသဖြင့် "မင်္ဂလာဧည့်ရိပ်သာ"ကို (၁၀-၈-၈၅)နေ့တွင် ဖွင့်လှစ်နိုင်ခဲ့သောကြောင့် ရန်ပုံငွေ တဖက်တလမ်း အသင့်အတင့် ရရှိခဲ့လေသည်။

(၄) "ကယ်ဆယ်ရေးရန်ပုံငွေ လူမှုဒုက္ခအပေါင်းနှင့် တွေ့ကြုံကြရသော အသင်းဝင်တို့အား လည်းကောင်း၊ ထားဝယ်ဒေသမှ လူမှုရေးနှင့် သဘာဝဘေးကြုံရသူတို့ကို ထားဝယ်သမဂ္ဂမှ ကယ်ဆယ်ရေးကိစ္စကို အသင်း၏ ရန်ပုံငွေ အခြေအနေအရ၊ လူမှုရေးနှင့် ယဉ်ကျေးမှုအဖွဲ့မှ ကမကထပြု၍ ကူညီမှုများ ပြုလုပ်ခဲ့လေသည်။ ထိုကိစ္စတို့ကို ဆောင်ရွက်ရန်အတွက် ရန်ပုံငွေ လိုအပ်မှုကို ဖြည့်သောအားဖြင့် စေတနာရှင် ဆရာမကြီးဒေါ်သိန်းတင်က ငွေပဒေသာပင် ထူရန် မတ်ညှင်ငွေ လှူဒါန်းခြင်းနှင့် ငါးဖမ်းလေအသင်းနှင့် စက်လှေညှိနှိုင်းမှုကော်မတီတို့မှ လှူဒါန်းကြသဖြင့်၊ (၂၁-၂-၁၉၈၇)နေ့တွင် အမှုဆောင် အစည်း

အဝေး၏ သဘောတူမှုဖြင့် ကယ်ဆယ်ရေးရန်ပုံငွေကို ဖွင့်လှစ်ခဲ့လေသည်။

(၅) ပညာရေးရန်ပုံငွေကို ထားဝယ်သမဂ္ဂ ပညာရေးအဖွဲ့မှ အသင်းဝင်များ၏ သား သမီးများ ပညာရေးကို တိုးတက် မြင့်မားမှု ရှိလာစေရန် ပညာရည်မွန်ဆုနှင့် ပညာသင်စရိတ် နှစ်စဉ် ချီးမြှင့်နိုင်ရေးအတွက် ၁၉၈၈–ခုနှစ် မတ်လ(၁၂)ရက်တွင် ပြုလုပ်သောအစည်းအဝေးဆုံးဖြတ်ချက်အရ၊ ပညာရေးရန်ပုံငွေ ဖွင့်လှစ်ထားရှိနိုင်ရန်၊ ရန်ပုံငွေကောက်ခံခဲ့ရာတွင် အလှူရှင်(၇၀)ဦးမှ ငွေကျပ်၂၃၂၅၆၀ (နှစ်သိန်းသုံးသောင်းနှစ်ထောင်ငါးရာခြောက်ဆယ်ကျပ်) ရရှိခဲ့လေသည်။

(နောက်ဆက်တွဲ ( )ကိုကြည့်ပါ)။

အသင်း၏ရန်ပုံငွေနှင့်ဘဏ္ဍာရေးကိစ္စများ

ထားဝယ်သမဂ္ဂတွင် ရန်ပုံငွေ(၄)မျိုး ခွဲခြားထားသည်။

(၁) ဖွံ့ဖြိုးရေး ရန်ပုံငွေ

(၂) နာရေးထောက်ပံ့ကြေး ရန်ပုံငွေ

(၃) ပညာရေးထောက်ပံ့မှု ရန်ပုံငွေနှင့်

(၄) ကယ်ဆယ်ရေး ရန်ပုံငွေတို့မှာ ထားဝယ်သမဂ္ဂမှ သီးသန့်ဖွင့်လှစ်ထားသည့် ရန်ပုံငွေများ ဖြစ်လေသည်။

ပုံမှန်ရန်ပုံငွေမှာ အသင်းသူ အသင်းသားများ၏ ဝင်ကြေး၊ လစဉ်ကြေး သို့မဟုတ် နှစ်စဉ်ကြေး၊ ရာသက်ပန်ကြေး စသည်များမှ ရသည့်ငွေများဖြစ်သည်။

စစ်မဖြစ်မီခေတ်က အသင်းပုံမှန် ရန်ပုံငွေမှာလည်း ဤသို့ပင်၊ အသင်းဝင်ကြေး၊ လစဉ်၊ နှစ်စဉ်ကြေးနှင့် အောက်ထပ်ငှားရမ်းခများမှရသည့် ဝင်ငွေပင်ဖြစ်သည်။ သို့ရာတွင် ဒေဟာယရန်ပုံငွေဟု သီးသန့် ရန်ပုံငွေ တစ်ခုရှိသည်။ အသင်းသို့ လာရောက်အပမ်းဖြေ

အနားယူသူများက စုဆောင်းထည့်ဝင်ကြသည့် ရန်ပုံငွေတစ်ရပ်ဖြစ်သည်။ ယခုနောက်ပိုင်း၌ သဟာယရန်ပုံငွေ မထားရှိတော့ပေ။

အခါအားလျော်စွာ အထူးကိစ္စရပ်များဆောင်ရွက်ရာတွင် အသင်း၏ပုံမှန် ရန်ပုံငွေထဲမှ ကုန်ကျခံရန် မဖြစ်နိုင်သည့် ကိစ္စများအတွက်၊ ဥပမာ အသင်းတိုက် ပြန်လည်တည်ဆောက်ခြင်း၊ တိုးချဲ့ပြုပြင်ခြင်း စသည်တို့အတွက် အသင်းဝင်များနှင့် ထားဝယ်သူ ထားဝယ်သား စေတနာရှင်များထံမှ သီးခြားကောက်ခံရသည်လည်းရှိ၏။ ပျော်ပွဲစားထွက်ခြင်း၊ သို့မဟုတ် မိတ်ဆုံစားပွဲများ ကျင်းပခြင်းစသည့် ကိစ္စများအတွက် အသင်းဝင်တို့ကထည့်ဝင်ကြသည်။ သို့မဟုတ် လက်မှတ်ဝယ်ယူကြသည်။ ဆွမ်းတော်ကြီးတင်ပွဲ၊ သက်ကြီး ပူဇော်ပွဲများတွင်လည်း အသင်းမှ သင့်တင့်သည့် ခွင့်ပြုငွေကိုသာ မတည်ပြီး၊ အသင်းသူ အသင်းသားများကပင် စေတနာအလျောက် အလှူထည့်ဝင် လှူဒါန်းငွေများဖြင့်ပင်၊ ကောင်း စွာကျင်းပနိုင်ခဲ့သည်သာ။

ရံဖန်ရံခါ လှူဒါန်းထည့်ဝင်ကြသည့် ရရှိငွေမှာ ကုန်ကျငွေထက်ပင် များနေသေးသည်ကိုတွေ့ရ၏။ ဤသို့ပိုလျှံငွေများကိုလည်း နောက်လာမည့် ကုသိုလ်ရေး၊ အလှူအတန်း ရန်ပုံငွေများအဖြစ်နှင့် အသင်းရန်ပုံငွေ၌ သိမ်းဆည်းထားနိုင်ခဲ့ပေသည်။

နာရေးရန်ပုံငွေ

မတည်အရင်းအနှီးများသည့် ရန်ပုံငွေတစ်ခုခုကို စတင်ပျိုးထောင်နိုင်ရန်၊ အသင်း၏ပုံမှန်ရန်ပုံငွေဖြင့်မည်သို့မျှ မဖြစ်နိုင်။ သို့ဖြစ်၍၊ နာရေးထောက်ပံ့မှု ရန်ပုံငွေကိုလည်း သီးခြားစီမံရလေသည်။ စစ်မဖြစ်မီကာလ ၁၉၃၀ကျော်ပိုင်းလောက်က အသင်းဝင်များ နာရေးကြုံသည့်အခါ ငွေ၃၀-ကျပ်ကို နာရေးအတွက်၊ ထောက်ပံ့ခဲ့သည်။ ဤသို့ပင် အစဉ်တစိုက် ဆောင်ရွက်လာခဲ့သော်လည်း စစ်ပြီးကာလပိုင်းတွင်မူ ငွေ၃၀-ကျပ်သည် မဖြစ်စလောက်ပမာဏမျှသာဖြစ်လာသဖြင့် ထောက်ပံ့ရေးစရိတ်ကို အခါအားလျော်စွာ တိုးမြှင့်သတ်မှတ်လာခဲ့ရသည်။

နောက်ပိုင်းတွင် အသင်းဝင်များလည်း များပြားလာသည့်အပြင် နာရေးကိစ္စများလည်း များပြားလာခဲ့သည်။ နာရေးထောက်ပံ့မှုကို ပြန်၍ ပြင်ဆင်သုံးသပ်လာရသည်၊ အသင်း၏မူရင်း၊ ရန်ပုံငွေထည်းမှလည်း တသတ်မတ်ထည်းကျခံရန် မဖြစ်နိုင်။ ကျခံနိုင်လောက်အောင်လည်း ရန်ပုံငွေကား ပြည့်စုံလုံလောက်မှုမရှိသဖြင့်၊ နာရေးရန်ပုံငွေတစ်ခုကို သီးခြားဖွင့်လှစ်ကောက်ခံ၍ဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့ကြရပေသည်။

အသင်းသားဦးရေလည်း တစ်ထောင်ကျော်နေပြီဖြစ်၍၊ နာရေးကြုံတိုင်း၊ အသင်းသား တစ်ဦးလျှင် တစ်ကျပ်ကျဖြင့် ကောက်ခံက ငွေ၁၀၀၀-ကျပ်ကိုလွယ်လွယ်ကူကူပင်ရရှိနိုင်သည်ဟူသောယူဆချက်ဖြင့် ကောက်ခံခဲ့ဖူးသည်၊ ဤသို့ ကောက်ခံရသည်မှာလည်း အသင်း၏ ပုံမှန်ရန်ပုံငွေမှ နာရေးထောက်ပံ့မှု လုံလောက်မှုမရှိ၊ ဘတ်(စ်)ကားငှားခ ဈေးနှုန်းကလည်း ကြီးမြင့်လာမှု၊ နာရေးကြော်ငြာစရိတ်လည်း နှုန်းမြင့်မားလာမှုကြောင့် အခက်အခဲတွေ့လာရခြင်းဖြစ်လေသည်။

အရေးကြုံလာသည့်အခါမှ တစ်ဦးတစ်ကျပ်စီလိုက်၍ ကောက်ခံရေးမှာ လက်တွေ့မလွယ်ကူ။ အသင်းသားများမှာ နေရာအနှံ့အပြား။ ရန်ကုန်မြို့နယ်အနှံ့၊ ရပ်ကွက်အနှံ့၊ မဟာ ရန်ကုန်နယ်နိမိတ်အတွင်း အနှံ့အပြားနေထိုင်ကြသည်ဖြစ်၍၊ လိုက်လံကောက်ခံ၍ ရသည့်ငွေ နှင့် ကုန်ကျသည့်လမ်းစရိတ်၊ လူပင်ပန်းမှုတို့အပြင် အချိန်မီရရှိနိုင်ရန် မလွယ်ကူသည်ကို တွေ့ရ၏။ စမ်းသပ်ပြုလုပ်ကြည့်ပြီးနောက် လက်တွေ့မဖြစ်နိုင်၊ မလွယ်ကူသောကြောင့် ဤနည်းကို ဖွန့်လွှတ်လိုက်ရလေသည်။

နာရေးရန်ပုံငွေစနစ်သစ်

ထိုနောက် နာရေးရန်ပုံငွေအဖြစ် စနစ်တစ်ခုကိုချမှတ်၍ ဖွင့်လှစ်ကောက်ခံခဲ့သည်။ အသင်းဝင်များ၏ နာရေးအတွက်အသင်းမှ၊ ပုံမှန်ရန်ပုံငွေမှ ဘတ်(စ)ကားတစ်စီး၊ လွမ်းသူ့ပန်းခွေတစ်ခု၊ သတင်းစာမှ နာရေးကြော်ငြာတစ်ရက် ကြော်ငြာပေးခြင်းကို ပြုလုပ်ပေးခြင်း

ငွေကြေးထောက်ပံ့မှုကိုမှ၊ နာရေးခံစားခွင့် ရန်ပုံငွေတွင် နာရေးကြေး ထည့်ဝင်သူများကို သာလျှင် ၊ နာရေးထောက်ပံ့ကြေး ပေးသောစံနစ်ပင် ဖြစ်သည်။

အသင်းဝင်တိုင်းသည် နာရေးခံစားခွင့် ရန်ပုံငွေသို့ ပါဝင်ထည့်ဝင်ရန် စာရင်းသွင်းနိုင်သည်။ နာရေးကြေးခံစားခွင့် ရန်ပုံငွေသို့ အသက်(၅၅)ထက်မကြီးသေးသော အသင်းဝင်တိုင်းပါဝင်နိုင်၏။ ဤသို့ နာရေးကြေးထည့်ဝင်ခြင်းဖြင့် နာရေးခံစားခွင့် ရရှိနိုင်လေသည်။ နာရေးကြေး ရန်ပုံငွေထည့်ဝင်ထားသူ အသင်းသားတစ်ဦးဦး ကွယ်လွန်လျှင်၊ နာရေးထောက်ပံ့ကြေးကို တစ်ဦးလျှင် နာရေးထောက်ပံ့ငွေကို ထည့်ဝင်သည့် နှစ်ကာလအလိုက် ရာခိုင်နှုန်းအချိုးကျကို ခံစားရရှိနိုင်လေသည်။

ဤစနစ်ဖြင့် နာရေးကြေး ရန်ပုံငွေ ကောက်ခံမှု နာရေးကိစ္စ၌၊ ထောက်ပံ့မှုကို ၁၆-၂-၁၉၇၇ စည်းဝေးဆုံးဖြတ်ချက်ဖြင့် စတင်၍ အကောင်အထည် ဖော်လာခဲ့ကြရာ၊ အောင်မြင်လျှက်ရှိလေသည်။

နာရေးထောက်ပံ့ကြေးအဖွဲ့ဝင်လိုသူ အသင်းဝင်သည်၊ ဝင်ကြေး၅-ကျပ်နှင့် လစဉ်ကြေး၂-ကျပ်ကို သီးသန့်ထည့်ဝင်ရလေသည်။ သို့မဟုတ် နှစ်စဉ်ကြေးအဖြစ်နှင့် ၂၄-ကျပ်ကို တပေါင်းတည်း ပေးသွင်း၍ဖြစ်စေ၊ (၆)လစီ၂-ကြိမ်ခွဲ၍ ၁၂-ကျပ်စီ ၂-ကြိမ်ထည့်ဝင်၍ဖြစ်စေ၊ ပြုလုပ်နိုင်သည်။ ဤထည့်ဝင်ငွေမှာ ရိုးရိုးသာမန်အသင်းဝင်ကြေး နှစ်စဉ်ကြေးများနှင့် မဆိုင်ချေ။ နာရေးကိစ္စအတွက် အထူးခံစားခွင့်အတွက် နာရေးကြေး ရန်ပုံငွေအဖွဲ့သို့ ပါဝင်ခြင်းသာဖြစ်သည်။ သို့ဖြစ်၍ နာရေးကိစ္စအတွက် အထူးခံစားခွင့် ရရှိလေသည်။

နာရေးကြေး ရန်ပုံငွေအဖွဲ့ဝင်အဖြစ် ပါလိုသူများထံ၌ နာရေးကြေးရန်ပုံငွေကောက်ခံရာတွင်၊ အသင်းဝင်များကို မူဟောင်းနှင့် ကောက်ခံ၍၊ ရာသက်ပန်အသင်းသားများကို ၂၀၀-ကျပ်၊ အသင်းသားဟောင်းများကို ၁၀၀-ကျပ် သတ်မှတ်ကောက်ခံရန် ဆုံးဖြတ်ကြသည်။

(၁၆-၅-၁၉၈၁ စည်းဝေးမှတ်တမ်းစာ ၆၇)

အသင်းသားဟောင်းဟုဆိုသည်မှာ (၁၅-၅-၁၉၈၈)နေ့မတိုင်မီ ၀င်ထားသော အသင်းသူအသင်းများကို သာမန်အသင်းသားဟောင်းဟု သတ်မှတ်သည်ဟု ၁၉၈၀-နှစ်ပတ်လည်အစည်းအဝေးက ပြဋ္ဌာန်းခဲ့လေသည်။ (၇-၂-၈၁ စည်းဝေးမှတ်တမ်းစာ ၂၂)။

နာရေးကူညီမှုကိစ္စရပ်များ

ထား၀ယ်သမဂ္ဂခရီးတလျှောက်တွင် နာရေးနှင့် ပတ်သက်သည့် ကူညီမှုများကို တွေ့ခဲ့ရလေသည်။ အသင်း၀င်များ ကွယ်လွန်အနိစ္စရောက်သည့်အခါ တစ်ဦးလျှင် ၃၀-ကျပ် ကူညီခဲ့သည်ကို ၁၉၃၀-ကျော်ပိုင်းကပင် တွေ့ရှိခဲ့ရကြောင်း ဖော်ပြခဲ့ပြီ။ လွမ်းသူ့ပန်းခွေနှင့် လိုက်ပါပို့ဆောင်ရန် ဘတ်(စ)ကားတစ်စီး၊တစ်ရက်အတွက် နာရေးကြော်ညာထည့်ပေးမှုတို့ကို ပုံမှန် ပင် အသင်းရန်ပုံငွေမှ၊ ဆောင်ရွက်ပုံပိုးပေးခဲ့သည်။ သို့ရာတွင် နာရေးကြေးခံစားခွင့်ကိုမူ နာရေးကြေးရန်ပုံငွေ အဖွဲ့၀င်ထားသည့် အသင်း၀င်များသာ ခံစားခွင့်ရှိလေသည်။

အသင်းဥက္ကဋ္ဌများ ကွယ်လွန်အနိစ္စရောက်သည့်အခါတွင်လည်း အသင်း၌ သံဃာပင့်၍ ဆွမ်းကြွေးပရိတ်နာကြသည် သာဓက အစဉ်အလာများလည်း ရှိခဲ့လေသည်။ သို့ရာတွင် ဤကိစ္စကို အခြေအနေ ပုံမှန်ဆောက်ရွက်ခြင်းမျိုးကားမဟုတ်ပေ။

ဤမျှမကသေး၊ အကြောင်းကြောင်းကြောင့်၊ ရန်ကုန်တွင် ကွယ်လွန်အနိစ္စရောက်ကြသည့် ထား၀ယ်သူ ထား၀ယ်သား ဧည့်သည်များ၊ ဘုန်းကြီး၊ ရဟန်း၊ အာဂန္တုများအတွက်လည်း ရံဖန်ရံခါ၊ ကူညီမှုပြုခဲ့သည်။ သို့ရာတွင် ရန်ပုံငွေမှ အကုန်အကျခံ၍ ထောက်ပံ့ကူညီခဲ့ခြင်းမျိုးမဟုတ်ဘဲ၊ လက်လှမ်းမီရာ အသင်း၀င်များထံမှ၊ သဒ္ဓါကြေးကောက်ခံလှူဒါန်းခြင်း၊ အသုဘလိုက်၍ ပို့ဆောင်ခြင်းကိစ္စများကိုဆောင်ရွက်ကြလေသည်။

အသင်းဝင်များ၏ မိုခိုမှုများ

အသင်းဝင်များ ကိုယ်တိုင်မဟုတ်ဘဲ၊ အသင်းဝင်များ၏ မိဘ၊ ဇနီး၊ သားသမီးစသည့် တိုက်ရိုက်တော်စပ်ပြီး၊ ၎င်း၏ အိမ်ထောင်စုအတွင်း နေထိုင်သည့် မှီခိုသူများ၏ နာရေးကိစ္စများတွင်လည်း၊ အလားတူပင် ကူညီမှုပြုခဲ့လေသည်။ ရန်ပုံငွေမှ တိုက်ရိုက်မဟုတ်ပဲ ရံဖန်ထပ်မံပံ့ပိုး ကောက်ခံမှုဖြင့် ကူညီမှုပြုလေသည်။ ရန်ကုန်နယ်နိမိတ် အတွင်း၌ဖြစ်လျှင် ဘတ်(စ်)ကားတစ်စီးကိုလည်း အကူအညီပေးလေသည်။

အသုဘပို့ဆောင်ရန် ဘတ်(စ်)ကားတစ်စီး စီစဉ်ပေးခြင်းဆိုသည်မှာလည်း၊ အသုဘပို့ဆောင်ရန် ဘတ်(စ်)ကား တစ်စီး ငှားရမ်းခငွေကို၊ ပေးခြင်းမျိုးမဟုတ်ပဲ၊ အသင်းသူ အသင်းသားများ သိုက်သိုက်မြိုက်မြိုက်၊ စုစုစည်းစည်း အသုဘပို့ပေးနိုင်ရန် ဘတ်(စ)ကား တစ်စီးကိုအသင်းတိုက်တွင်စုရုပ်ပြုပြီး နာရေးနှင့်သက်ဆိုင်သည့်အိမ်သို့ (သို့မဟုတ်) အသုဘရှိသည့် နေရာသို့သွားပြီး လိုက်ပါပို့ဆောင်ပေးခြင်း ဖြစ်လေသည်။

ယခုအခါတွင်မူ မဟာရန်ကုန်နယ်နိမိတ်သည် အလွန်ကျယ်ပြန့်လာသည့်အပြင်၊ မဟာ ရန်ကုန်အတွင်း၌၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ တောင်ပိုင်း၊ ဥက္ကလာမြောက်ပိုင်း တိုးချဲ့ဒေသမြို့သစ်များဖြစ်သည့် ရွှေပေါက်ကံ၊ ရွှေပြည်သာ၊ လှိုင်သာယာစသည်တို့ပါ ကျယ်ပြန့်လွန်းလာပြီဖြစ်၍ ဤကူညီမှုကိုပင်လျှင် ကန့်သတ်မှုပြုလုပ် လာရပေသည်။ အလှမ်းဝေးသည့် ဒေသများအတွက် ဘတ်(စ)ကားခနှုန်း ကြီးမြင့်လှသဖြင့် အသုဘပို့ဆောင်မှုကိုကြံတော၊ တာမွေ၊စသည့် မြို့မ၊ ဒေသအတွင်းရှိသချိုင်းများ၌ သင်္ဂြိလ်ဂူသွင်း မြှုပ်နှံကြသည့် အသုဘကိစ္စများမှတပါး၊ ဝေးလံသည့်ဒေသများသို့ ဘတ်(စ)ကား အကူအညီမပေးနိုင်တော့ချေ။ သို့ရာတွင် လွမ်းသူ့ပန်းခွေပို့ခြင်း၊ သတင်းစာတွင်နာရေး ကြော်ငြာတစ်ရက်အတွက် ထည့်ပေးခြင်းကိုမူ အစဉ်အလာမပျက် ကူညီဆောင်ရွက်ပေးလျက်ပင်ရှိသည်။

နာရေးထောက်ကူမှုကိစ္စအလွန်ကျယ်ပြန့်လာခြင်း

ရန်ကုန်တွင် အခြေချနေထိုင်ကြသည့် ထားဝယ်သူ ထားဝယ်သားများ ဦးရေသည် လည်းကောင်း၊ ရန်ကုန်သို့အလုပ်ကိစ္စ အရောင်းအဝယ်ကိစ္စတို့ဖြင့် သွားလာဝင်ထွက်ကြ သည့် ထားဝယ်သူ ထားဝယ်သားဦးရေသည်လည်းကောင်း၊ များစွာ တိုးတက်များပြားလာ သည်နှင့်အမျှ၊ နာရေးကိစ္စကြုံရသည့် အသင်းဝင်များနှင့် အာဂန္တုများလည်း များပြားလာခဲ့ ပေသည်။ နာရေးထောက်ပံ့မှုသီးသန့်ရံပုံငွေ ဖွင့်လှစ်ခြင်း၏ ရည်ရွယ်ချက်မှာလည်း အသင်း၏သာမန်အသုံးစားရိတ် ရန်ပုံငွေမှနာရေး ထောက်ပံ့ကြေး ပေးနိုင်မည့်အခြေအနေမရှိပါ။

အသင်းကစေတနာပို၍ ငွေကြေးထောက်ပံ့မှုကို ပြုပါကလည်း အသင်း၏ရေရှည် တည်တံ့ နိုင်မြဲမှုကိုမျက်ကွယ်ပြုကာ နာမည်ကောင်းရယူလိုသော ဆောင်ရွက်ခြင်းမျိုးသာ ဖြစ်လာမည်။ သို့ဖြစ်၍၊ ကိုယ့်အားကိုယ်ကိုးသည့် သဘောမျိုးပါဝင်သည့် သီးခြားရန်ပုံငွေ ဖွဲ့စည်းကာဝိုင်းဝန်း ကူညီထောက်ပံ့သည့် ပုံသဏ္ဌာန်မျိုးဖြင့် ငွေကြေးကူညီထောက်ပံ့မှုပြုရန် ဖြစ်ပါသည်။

နာရေးရန်ပုံငွေသို့ ဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ၊ အသင်းသားတိုင်းသည် နာရေး တွင် အသုဘပို့ယာဉ်ကူညီမှုကိုမူ၊ တန်းတူခံစားကြရပေသည်။ သီးခြားနာရေး ထောက်ပံ့ ကြေးငွေကိုမူ နာရေးထောက်ပံ့ကြေး ရန်ပုံငွေအဖွဲ့ဝင်အဖြစ် ပါဝင်သူများသာ စည်းကမ်းနှင့် အညီခံစားခွင့်ရှိသည်ဟု တိကျပြတ်သားစွာ ထားဝယ်သမဂ္ဂ စည်းကမ်းချက်(၅)၌ ဖွင့်ဆို သားသည်ကို တွေ့ရ၏။

စည်းမျဉ်းသစ်အရ နာရေးထောက်ပံ့မှု ခံစားခွင့်ရသည့် အသင်းဝင်ဦးရေမှာ ၉၈၄-ခ

မှစ၍ အောက်ပါအတိုင်း တွေ့ရှိခဲ့ရပေသည်။

နာရေးထောက်ပံ့မှု

ခုနှစ်		နာရေးထောက်ပံ့ရသူဦးရေ
၁၉၈၄	-	၂၅
၁၉၈၅	-	၆၄
၁၉၈၆	-	၁၁၄
၁၉၈၇	-	၁၉၉
၁၉၈၈	-	၂၃၀
၁၉၈၉	-	၂၃၈
၁၉၉၀	-	၂၆၈
၁၉၉၁	-	၃၄၉
၁၉၉၂	-	၄၂၇

ပညာသင်ထောက်ပံ့ရေးရန်ပုံငွေ

-ကွယ်လွန်သူ ထားဝယ်မြို့ အစိုးရအထက်တန်းကျောင်းဆရာ မစွတာပီလေး၏ဇနီး ဒေါ်ဖွားကြည်က ထားဝယ်သမဂ္ဂအသင်းသို့ ပညာရေးရန်ပုံငွေအဖြစ် အသုံးပြုနိုင်ရန် ငွေ၁၀၀၀- ကျပ်ကိုပေးလှူသည်။

-ထားဝယ်သမဂ္ဂအသင်းက ထားဝယ်လေးမြို့နယ် အသုံးလုံးကြေသင်တန်းအတွက် ၅၀၀- ကျပ်ကိုလည်း လှူဒါန်းသည်ကို တွေ့ရ၏။

– ရန်ကုန်တက္ကသိုလ်တွင် ပညာသင်ကြားနေကြသော ထားဝယ်ကျောင်းသူ ကျောင်းသားများ ယဉ်ကျေးမှုနှင့်စာပေ ဟောပြောပွဲပြုလုပ်ရန် လိုအပ်သောရန်ပုံငွေ ၈၀၀-ကျပ် ကိုအသင်းရန်ပုံ ငွေမှ ၄၀၀-ကျပ် နှင့် အမှုဆောင်လူကြီးများမှ ကောက်ခံရရှိငွေ ၄၀၀-ကျပ် ပေါင်း ၈၀၀- ကျပ်ကို လှူခဲ့သည်။ (၁၉၈၀-၈၁အစီရင်ခံစာ)

ထားဝယ်သမဂ္ဂအသင်းဝင်များ၏ သားသမီးများထဲမှ ပညာချွန်သူများ ဂုဏ်ပြုချီးမြှင့်ပညာရည်ချွန်ဆုပေးခြင်းကအစ၊ ပေါ်ထွန်းလာသည့် ရန်ပုံငွေဖြစ်သည်။ မိမိတို့သားသမီးများ (၁၀)တန်း (မက်ထရစ်စာမေးပွဲ) များတွင် အနည်းဆုံး (၁)ဘာသာဂုဏ်ထူးမှ၊ အမြင့်ဆုံး (၆)ဘာသာဂုဏ်ဆူးအထိ၊ ဂုဏ်ထူးရသူများရှိက အသင်းဝင်များက ထားဝယ်သမဂ္ဂသို့ အချိန်မီအကြောင်းကြားလျှင် ပညာရည်ချွန်ချီးမြှင့်လေသည်။ ဤကဲ့သို့ချီးမြှင့်ခြင်းကိုလည်း အသင်းတိုက်၌ဖြစ်စေ၊ တစ်ခုခုသောအသင်းမှ ကျင်းပပြုလုပ်သည့် မိတ်ဆုံစားပွဲ သို့မဟုတ် အခြား အခမ်းအနားတစ်ခုခု၌ဖြစ်စေ ချီးမြှင့်ခြင်းဖြစ်လေသည်။

ပညာရည်ချွန်ဆုများကို (၁၉၅၅-)မှစတင်၍ချီးမြှင့်ခြင်း ပြုလုပ်ခဲ့လေသည်။ နောက်ကာလများတွင်(၁၀)တန်းသာမက၊ အလယ်တန်း(၈)တန်း အောင်မြင်သူများအတွက်ပါ ချီးမြှင့်ခြင်းဖြစ်လေသည်။ တစ်ဖန် တက္ကသိုလ်ပညာသင်ဆုများကိုလည်း ချီးမြှင့်ခဲ့လေသည်။ ပညာထူးချွန်ပြီး၊ မိဘများက တက္ကသိုလ်သွားပို့၍ ပညာကိုဆက်လက်သင်ကြားစေရန် မတတ်နိုင်သဖြင့်၊ လျှောက်ထားသူများအထဲမှ၊ ထားဝယ်သမဂ္ဂ၏ ပညာရေးအဖွဲ့ငယ်သီးသန့်ကော်မတီမှ စည်းကမ်းနှင့် ညီညွတ်သူများကို ရွေးချယ်ပြီး သမဂ္ဂမှ အတည်ပြုရွေးချယ်ကာ တက္ကသိုလ် ပညာသင်ဆုကို ချီးမြှင့်ပေးခြင်းဖြစ်သည်။

တက္ကသိုလ်ပညာသင်ဆု

တက္ကသိုလ်ပညာသင်ဆုကိုတစ်လ ၁၀၀-ကျပ်နှုန်းဖြင့် (၁၀)လအတွက် ၁၀၀၀-ကျပ် အပြင် တစ်နှစ်အတွက် စာအုပ်ဖိုး၅၀၀-ကျပ်၊ ပေါင်း၁၅၀၀-ကျပ်ကို ချီးမြှင့်ထောက်ပံ့ခဲ့လေ

သည်။ စာမေးပွဲမကျရုံးပါက၊ ဤနှုန်းဖြင့် တက္ကသိုလ်မှ ဘွဲ့ရသည်အထိ ချီးမြှင့်ထောက်ပံ့လေသည်။ ဤသို့တက္ကသိုလ်ပညာသင်ဆုတွင်၊ ထားဝယ်သမဂ္ဂမှ ထောက်ပံ့ခဲ့သူ(၂)ဦးရှိခဲ့ရာ၊ တစ်ဦးမှာ အမ်ဘီဘီအက်စ် ဆရာဝန်ဘွဲ့ရသည်အထိပင် အောင်မြင်ခဲ့သည်။

ပညာရည်ချွန်ဆုများ၊ တက္ကသိုလ်ပညာသင်ဆုများကို အစဉ်တစိုက် ချီးမြှင့်လာသည့်အခါတွင်၊ ရန်ပုံငွေခိုင်ခိုင်မာမာ ရပ်တည်နိုင်ဖို့လိုအပ်လာပေသည်။ သို့ဖြစ်၍ ပညာရေး ရန်ပုံငွေတစ်ခုကို ဖွင့်လှစ် ကောက်ခံခဲ့သည်။ အသင်းသူ အသင်းသားများနှင့် ထားဝယ်သူ ထားဝယ်သား မြို့မိမြို့ဘများကလည်း စိတ်အားထက်သန်စွာ ပံ့ပိုးထည့်ဝင်လျှဒါန်းကြလေသည်။ နာယကကြီးများ အမှုဆောင်လူကြီးများသည်လည်း စေတနာထက်သန်စွာ ထည့်ဝင်ကြသည်။ ငွေကြေးတတ်နိုင်သူများကလည်း ရက်ရက်ရောရောထည့်ဝင်လှူဒါန်းကြသည်။

ဤသို့ပင် ထားဝယ်သမဂ္ဂ၏ ပညာရေးအဖွဲ့မှ နှစ်စဉ်ပညာရည်ချွန်ဆု ချီးမြှင့်နိုင်ရေးနှင့် တက္ကသိုလ်ပညာသင်စရိတ် ချီးမြှင့်ထောက်ပံ့နိုင်ရေးတို့အတွက် ပညာရေးရန်ပုံငွေဖွင့်လှစ်ထားရှိနိုင်ရန်၊ ၁၉၈၈-ခုနှစ်၊ မတ်လ(၁၂)ရက်နေ့တွင် ပြုလုပ်သည့်စည်းဝေးမှဆုံးဖြတ်ခဲ့သည်။

နာယကလူကြီးများနှင့် အမှုဆောင်လူကြီးတချို့ ရန်ပုံငွေကို ကောက်ခံခဲ့ရာတွင် အလှူရှင် ၇၀ဦးထံမှ၊ ကျပ်နှစ်သိန်းခြောက်သောင်းကျော်ပင် ရရှိခဲ့လေသည်။ ပညာရေးရန်ပုံငွေမှ ငွေစုလက်မှတ်များကိုလည်း ဝယ်ယူစုဆောင်းမှု ပြုလုပ်ထားခဲ့သည်။

ရန်ကုန်ထားဝယ် ကုန်းလမ်းပို့ဆောင်ရေး အစီအစဉ်

ထားဝယ်ရန်ကုန်၊ ရန်ကုန်ထားဝယ်၊ ကုန်းလမ်းပို့ဆောင်ရေး အစ်အစဉ်တစ်ရပ်ကို ၁၉၈၅-ခု ဖွန်လပိုင်းမှစ၍ ထားဝယ်သမဂ္ဂမှဦးဆောင်စည်းရုံးရ၍ အစမ်းသဘောဖြင့် ယာဉ်(၅)စီးဖြင့် စတင်ပြေးဆွဲအဆောင်အထည်ဖော်ခဲ့သည်။

ဤကဲ့သို့ဆောင်ရွက်ခဲ့ခြင်းမှာ လူမှုရေးအရ တစ်ဖက်တစ်လမ်း ကူညီဆောင်ရွက်ပေးမှု တစ်ရပ်ပင် ဖြစ်သည်။ ထားဝယ်သူ ထားဝယ်သားများမှာ ထားဝယ်နှင့်ရန်ကုန်၊ ရန်ကုန်နှင့် ထားဝယ်ကုန်းလမ်းခရီး အဆက်အသွယ် ပြတ်နေခဲ့သည်မှာ ကြာညောင်းခဲ့ပြီ ဖြစ်သည်။ ရေလမ်းသွား စက်လှေများတွင်လည်း ခရီးသည်များလိုက်ပါနွင့် မရှိသဖြင့်၊ လေကြောင်းခရီး တစ်ခုတည်းကိုသာ မှီခိုအားထားနေရသောကြောင့်လည်းတစ်ကြောင်း၊ လေယာဉ်လက်မှတ်ကလည်း ရရန်လွယ်ကူသည်မဟုတ်။ ခရီးသွားဦးရေမှာ အဆမတန် များပြားနေသဖြင့် လက်မှတ်အခက်အခဲ အမြဲတစေရှိသည်။ ရေလမ်းသဘော်ခရီးမှာလည်း တစ်လမှာ-ခေါက်၊ ၂-ခေါက်မျှသာရှိပြီးမလွယ်ကူလှပေ။

လူစီးကားခရီးစဉ်စီစဉ်ပြေးဆွဲခြင်း

သို့ဖြစ်၍၊ ကုန်းလမ်းခရီးကိုပြန်၍၊ အသက်သွင်းခြင်းဖြစ်၏။ ထားဝယ်-ရန်ကုန်၊ ထားဝယ်ခေါက်တုန်လူးလား သွားရေးလာရေး၊ အလွန်ပင်အခက်အခဲတွေ့နေကြရသည့် ထားဝယ်သူ ထားဝယ်သားများအား တစ်ဖက်တစ်လမ်းခရီးသွားလာမှု လွယ်ကူနိုင်စေရန် ကြိုးပမ်းထောက်ကူပေးခြင်းဖြစ်သည်။

ဤခရီးစဉ်ကို စတင်သည်မှစ၍ တစ်လတစ်လ၊ ခရီးသည်များ များပြားလာသဖြင့် (၅-၃-၈၆)မှစ၍ ပို့ဆောင်ရေးကြီးကြပ်မှု ကော်မတီတစ်ရပ် ဖွဲ့စည်းပြီး ခရီးစဉ်ကို ပြေးဆွဲစေခဲ့ရပေသည်။ (၅-၃-၁၉၈၆)မှ(၃၁-၃-၁၉၈၇)အထိ ခရီးစဉ်ပေါင်း ၁၃၀-ခေါက်ပြေးဆွဲပေးနိုင်ခဲ့ပြီး ထားဝယ်မှ ရန်ကုန်သို့ ခရီးသည် ၂၄၃၅-ယောက်ကို သယ်ယူပို့ဆောင်ပေးနိုင်ခဲ့ပေသည်။ (၁၉၈၆-၈၇ နှစ်ပတ်လည်အစီရင်ခံစာ။ စာ ၁၅)

၁၉၈၇-ခု ဇွန်လမှ မေလကုန်အထိ ခရီးသည်ပို့ဆောင်ခြင်းအတွက် အခက်အခဲနှင့်

ရင်ဆိုင်ရလေသည်။ မွန်ပြည်နယ်အတွင်း သံဖြူစရပ်အထိ (၅၈)မိုင်မျှ ကွာဝေးသော ခရိုးစဉ်တွင် အစောင့်အကြပ်မှန်မှန် လိုက်ပါပို့ဆောင်ပေးနိုင်ခြင်း မရှိသဖြင့်လည်းကောင်း၊ သက်ဆိုင်ရာဌာနမှလည်း၊ တရားဝင်ပြေးဆွဲခွင့် မရသေးသဖြင့်လည်းကောင်း၊ ၁၉၈၇-ခုဒွန်လမှ ဒီဇင်ဘာလအထိ၊ ခရိုးစဉ်များကို၊ ရပ်ဆိုင်းထားရပေသည်။ သယ်ယူပို့ဆောင်မှု ပြုလုပ်နိုင်ခဲ့သည့် ကာလ ၁၉၈၇-ခုဇန်နဝါရီလမှ မေလအထိ ခရိုးစဉ် ၄၅-ခေါက် မော်တော်ယာဉ် ၂၃-စီးဖြင့် ရန်ကုန်မှထားဝယ်သို့ ခရိုးသည်၁၀၀၉-ဦးနှင့် ထားဝယ်မှရန်ကုန်သို့ ခရိုးသည် ၁၀၁၉-ဦးကို ပို့ဆောင်သယ်ယူပေးနိုင်ခဲ့ပေသည်။

၁၉၈၇-ခု ဒီဇင်ဘာ(၄)ရက်နေ့တွင်မူကား တရားဝင်ပြေးဆွဲခွင့်ရပြန်သည်။ အသင်းတိုက်၏အောက်ထပ်တွင်လည်း ယာယီမော်တော်ယာဉ်ဂိတ် တစ်ခုကို ဖွင့်၍ ဆောင်ရွက်နိုင်ခွင့် အမိန့်ကိုလက်ခံရရှိခဲ့လေသည်။

ထားဝယ်သမဂ္ဂမှ ကူညီဦးဆောင် လုပ်ကိုင်ဆောင်ရွက်ပေးလျက်ရှိသည့် ထားဝယ်ရန်ကုန်၊ ထားဝယ်ကုန်းလမ်းပို့ဆောင်ရေး လုပ်ငန်းများကို ရပ်ဆိုင်းခဲ့ရလေသည်။ ဆက်လက်၍ လုပ်ဆောင်ပေးရန် အလားအလာမရှိတော့သဖြင့် ရပ်ဆိုင်းပြီး ပို့ဆောင်ရေးရုံးခန်းနှင့် ကားဂိတ်ကိုလည်း အသင်းတိုက်၏ အောက်ထပ်၌ ဖွင့်လှစ်ထားခြင်းကို ရုပ်သိမ်းလိုက်ရလေသည်။

ကုန်းလမ်းခရိုးစဉ်ရပ်စဲသွားခြင်း

(၁၄-၁၀-၁၉၈၈)နှင့် (၁၄-၁၁-၁၉၈၈) နေ့များတွင် ခရိုးစဉ်၂-ကြိမ် ရန်ကုန်မှထားဝယ်သို့ ပို့ဆောင်ပေးခဲ့သော်၏။ သို့ရာတွင် ထားဝယ်မှရန်ကုန်သို့ ကားပို့ဆောင်ပေးနိုင်ခြင်းမရှိတော့ပေ။ ၁၉၈၉ ကုန်ဆုံးသည့်တိုင် ခရိုးစဉ်လည်း လုံးဝရပ်ဆိုင်းသွားတော့သည်။ အစည်းအဝေး ဆုံးဖြတ်ချက်ဖြင့် ဤလုပ်ငန်းကို အများသဘောတူ ရပ်ဆိုင်းလိုက်ခြင်းဖြစ်၏။ (၁၉၈၈-၉၀နှစ်ပတ်လည်အစီရင်ခံစာ၊ စာ ၂၃)။

ထားဝယ်ခရီးသွားများ လွယ်ကူရေးအတွက် ယခင်ကလည်း ထားဝယ်သမဂ္ဂအနေနှင့် စက်လှေများ၌ လိုက်ပါနိုင်ရန်လည်းကောင်း၊ စက်လှေများ၊ ကုန်ကစ္စည်း လွယ်ကူစွာ သယ်ယူပို့ဆောင် တင်ချမှုပြုနိုင်ရန်လည်းကောင်း၊ စက်လှေပိုင်ရှင်များနှင့် ညှိနှိုင်းပြီး ထားဝယ်သမဂ္ဂအဖွဲ့ငယ်တစ်ခုဖွဲ့၍ ဦးဆောင်ကူညီပေးခဲ့ဖူးသည်ကို ဖော်ပြခဲ့ပြီးဖြစ်သည်။

အခန်း(၆)

ကျန်းမာရေးနှင့်အားကစားကိစ္စများ

ထားဝယ်သမဂ္ဂသည် ထူးချွန်သည့် အားကစားသမားများ ပေါ်ထွန်းလာရေးကို ကနဦးကပင် သတိချပ်မိလျက် အားကစား အသင်းအဖွဲ့များကို သော်လည်းကောင်း၊ တစ်ဦးချင်း ထူးချွန်ကြသည့် အားကစားသမားများကိုသော်လည်းကောင်း အားပေးခြင်း ဂုဏ်ပြုခြင်းများကို ဆောင်ရွက်လေ့ရှိသည်ကို ယခင်မှတ်တမ်းများ၌ မကြာခဏတွေ့ရလေသည်။ ဤကား အသင်းဝင်များ စိတ်ဓာတ်တက်ကြွမှုရှိ၍ အများအကျိုးအတွက် ဆောင်ရွက်လိုစိတ်ရှင်သန်ထက်မြက်လာစေရန်လည်းကောင်း၊ ကိုယ်လက်ကြံ့ခိုင်မှုနှင့် အားကစားထူးချွန်မှုရှိသည့် ထားဝယ်သူ ထားဝယ်သားများ မျိုးဆက်မပြတ် ပေါ်ထွန်းလာရေးကိုလည်းကောင်း ရှေးရှုအားပေးခဲ့ခြင်းပင် ဖြစ်လေသည်။

ဘောလုံးအားကစား

၁၉၅၃မေလတွင် ရန်ကုန်၌ လာရောက်၍ ဘောလုံးကစားရသော ထားဝယ်မြို့မရဲဘောလုံးအသင်းကို စည့်ခံဂုဏ်ပြုခဲ့သည်။ တဖန် ၁၉၅၄ခုနှစ်အောက်တိုဘာလတွင် ရန်ကုန်မြို့၌ ကျင်းပခဲ့သည့် တိုင်းနှင့်ပြည်နယ်ဘောလုံးပွဲသို့ လာရောက်ယှဉ်ပြိုင်ကစားသော တနင်္သာရီတိုင်းဘောလုံးအသင်းကိုလည်း အိုးရီးယင်းဟော်တယ်တွင် နေ့လည်စာဖြင့် စည့်ခံကျွေးမွေးအားပေးခဲ့သည်။ တနင်္သာရီတိုင်းဘောလုံးအသင်း ယှဉ်ပြိုင်ရန်ရောက်ရှိတိုင်း ထိုစဉ်က

သထုံခရိုင်၊ မော်လမြိုင်ခရိုင်၊ ထားဝယ်ခရိုင်နှင့် မြိတ်ခရိုင်တို့ စုပေါင်း၍ ဝိုင်းဝန်းစည်းရုံး ဂုဏ်ပြုစည်းရုံးခဲ့ကြသည်။

၁၉၅၇ခုနှစ်၊ သြဂုတ်လတွင် ရဲမှူးချုပ် ခိုင်းဆုအတွက် လာရောက်ယှဉ်ပြိုင်သည့် ထားဝယ်ခရိုင် ရဲအဖွဲ့ ဘောလုံးအသင်းအားလည်းကောင်း၊ ထိုနှစ်ပြည်နယ်နှင့်တိုင်း ဘောလုံးပွဲသို့ လာရောက်ယှဉ်ပြိုင်ရသည့် တနင်္သာရီတိုင်းဘောလုံးအသင်းအားလည်းကောင်း၊ ဂုဏ်ပြုကျွေးမွေးစည်းရုံးခဲ့သည်ကို စည်းဝေးမှတ်တမ်းများ၌ တွေ့ရှိရမြဲဖြစ်သည်။

ထားဝယ်ဒေသကို အခြေခံသည့် ထားဝယ်ဒေသကို ကိုယ်စားပြုသည့် သို့မဟုတ် တနင်္သာရီတိုင်းကို ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ကြသည့် အားကစားအဖွဲ့များ ရောက်ရှိလာတိုင်း အားပေးဂုဏ်ပြုစည်းရုံးခဲ့သည်မှာ အစဉ်အလာတစ်ရပ်ကဲ့သို့ပင် ဖြစ်ခဲ့လေသည်။

ဤသို့ အားပေးချီးမြှောက်မှုများကြောင့် နိုင်ငံကို ကိုယ်စားပြုနိုင်သည့် သိမ်းအောင်၊ ဘွမ်ရိုန်၊ ဖေမြင့် ၊ အောင်ခင်စသည့် မြန်မာလက်ရွေးစင် ဘောလုံးသမားများစွာ ထွန်းကားလာခဲ့လေသည်။

ပြေးခုန်ကစား

ထားဝယ်ခရိုင်ရေဖြူမြို့နယ်မှ အမျိုးသမီးအားကစားသမားတစ်ဦးဖြစ်သော မအလိုင်းချစ်သည် အရှေ့တောင်အာရှကျွန်းဆွယ် မိသားစုပြိုင်ပွဲတွင် အမြင့်ခုန်ချန်ပီယံအဖြစ် ရွှေတံဆိပ်ဆွတ်ခူးနိုင်ခဲ့သည်။ မြန်မာပြည်တွင် ကြောကော့၍ တွန်းကိုနောက်ပြန်ခုန်ကျော်လွှားသည့် (Leap Frog) အမြင့်ခုန်နည်းကို ပထမဦးဆုံး အသုံးပြု၍ အမြင့်ခုန်ခဲ့သူတစ်ဦးလည်း ဖြစ်သည်။

၁၉၇၈ခုနှစ်တွင် မအလိုင်းချစ်အား ဂုဏ်ပြုချီးမြှင့်ပွဲပြုလုပ်ရာတွင် ထားဝယ်မှ နိုင်ငံကိုယ်စားပြု ဘောလီဘောသမား ကိုအုန်းရှိန်ကိုလည်းတပါတည်း ဂုဏ်ပြုခဲ့လေသည်။

အလေးမအားကစား

ထားဝယ်မှ အလေးမသမားကိုထွန်းမောင်သည် ၁၀ကြိမ်မြောက်အရှေ့တောင်အာရှ အားကစားပြိုင်ပွဲဝင် ဆုရရှိခဲ့လေသည်။ ၄င်းအား အလေးမပစ္စည်းဝယ်ရန် အကူအညီ ရစေရန် ထားဝယ်သမဂ္ဂအားကစား ထောက်ပံ့ကြေး ရန်ပုံငွေမှ ဂုဏ်ပြုအကူအညီပေးခဲ့လေသည်။

နိုင်ငံတော်ကို ကိုယ်စားပြု၍ အာရှကျွန်းစွယ် ပြိုင်ပွဲများတွင် အကြိမ်ကြိမ် ရွှေတံဆိပ် ငွေတံဆိပ်များကို ဆွတ်ခူးနိုင်ခဲ့သူ အလေးမသမား ကိုဖေအေး (ပြည်သူ့ရဲ) အားလည်း ထားဝယ်သမဂ္ဂမှ ထိုက်တန်စွာ ဂုဏ်ပြုချီးမြှင့်ခဲ့လေသည်။

ဂျူဒိုအားကစား

ထားဝယ်သူ မခင်မူမူသည် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဂျူဒိုအားကစားကို (အတန်းမဲ့)တွင် ယှဉ်ပြိုင်ခဲ့ရာ ပဌမဆုရွှေတံဆိပ် ရရှိခဲ့လေသည်။ မခင်မူမူအားလည်း ၁၉၈၁-ခု ဒီဇင်ဘာလ(၂၆)ရက်နေ့ ကန်တော်ကြီး ဗိုလ်ချုပ် အောင်ဆန်းပန်းခြံ မိတ်ဆုံစားပွဲတွင် ထားဝယ်သမဂ္ဂမှ ဆုချီးမြှင့်၍ ဂုဏ်ပြုလေသည်။

ရိုးရာလှေလှော်ပြိုင်ပွဲ

တနင်္သာရီတိုင်း လှေလှော်အဖွဲ့အား သမဂ္ဂ၌ (၂-၁၂-၁၉၈၉)နေ့ နံနက်(၈)နာရီ တွင် မိတ်ဆက်ပွဲခံပွဲကျင်းပလေသည်။ မိတ်ဆက်ပွဲတွင် တနင်္သာရီတိုင်းနှင့် ပတ်သက်၍ အကျဉ်းဝင်သည့် မြေတ်အသင်းနှင့် ပုလောအသင်း ကိုယ်စားလှယ်(၅)ဦးစီ ကိုလည်း ဖိတ်ကြားလေသည်။ (၂-၁၂-၈၉ အစည်းအဝေးမှတ်တမ်းစာ ၆)။ ထားဝယ်ရိုးရာ လှေလှော်အသင်းမှလည်း ထားဝယ်သမဂ္ဂအတွက် ၆၅၀-ကျပ်တန် နာရီတစ်လုံး လှူဒါန်းသည်။

ထားဝယ်သမဂ္ဂ အတွင်းရေးမှူး(ထိုစဉ်)က လေ့လော်အသင်းအား ငွေသား၁၀၀၀-ကျပ်၊ ဂုဏ်ပြုချီးမြှင့်ခဲ့သည်။

ထားဝယ်သမဂ္ဂဝင်အင်အား

ထားဝယ်သမဂ္ဂ အသင်းဝင်ဦးရေနှင့် ပတ်သက်၍ ရှေ့ပိုင်းတွင် တစ်စိတ်တစ်ဒေသ ဖော်ပြခဲ့ပြီး၊ ၁၉၈၂-ခုမှစ၍ ၁၉၉၂-ခုနှစ်အထိ တည်ရှိသည့် အသင်းသားဦးရေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

ခုနှစ်	ရာသက်ပန်အသင်းဝင်	သာမန်	ပေါင်း	နှစ်လည်အကြိမ်မြောက်
၁၉၈၂	၃၂၂	၇၄၆	၁၃၄၀	(၆၀)ကြိမ်
၁၉၈၄	၄၈၄	၉၂၁	၁၄၀၅	(၆၁)ကြိမ်
၁၉၈၅	၅၁၀	၉၇၄	၁၄၈၄	(၆၂)ကြိမ်
၁၉၈၆	၅၂၁	၁၀၁၇	၁၅၃၈	(၆၃)ကြိမ်
၁၉၈၇	၅၆၄	၁၀၁၃	၁၆၁၆	(၆၄)ကြိမ်
၁၉၈၈	၁၀၆၈	၅၈၃	၁၆၅၁	(၆၅)ကြိမ်
၁၉၉၁	၈၂၈	၅၁	၈၇၉	*(၆၆)ကြိမ်
၁၉၉၂	၉၆၆	၅၉	၁၀၂၅	**(၆၇)ကြိမ်

* ၁၉၇၄-ခုနှစ်မှစ၍ အဆက်အသွယ်မရသည့် ၂၆ဦးနှင့် ၁၉၈၄မှစ၍ အဆက်အသွယ်ပြတ်နေသူ ၄၄၀။ ပေါင်း(၇၀၁)ဦးကို အသင်းဝင်အဖြစ်မှ ရပ်စဲထား၍ ဖြစ်သည်။

* သာမန် အသင်းဝင် ၁၈၇-ဦး ရပ်စဲခြင်းရှိသည်။

ကွယ်လွန်သည့်လူကြီးများ

ထားဝယ်သမဂ္ဂအသင်း၏ အကျိုးအတွက် အဖက်ဖက်မှ မိမိတတ်စွမ်းသမျှ စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြပြီး ကွယ်လွန်ခဲ့ကြကုန်သော နာယကကြီးများ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများမှာ-

	အမည်		ကွယ်လွန်သည့်နှစ်
၁။	ဦးထွန်းမြိုင်	(ဥက္ကဋ္ဌ)	၁၉၃၅
၂။	ဦးအေး	(ဥက္ကဋ္ဌ)	၁၉၃၉
၃။	ဦးအေးကြွယ်	(အတွင်းရေးမှူး)	
၄။	ဦးမောင်မောင်	(ဥက္ကဋ္ဌ)	၁၆-၅-၁၉၆၄
၅။	ဦးတင်	(ဥက္ကဋ္ဌ)	၃-၄-၁၉၇၈
၆။	ဦးသိန်းဟန်	(အတွင်းရေးမှူး)	၂၁-၁-၁၉၈၁
၇။	ဦစောရွှေ	(နာယက)	၁-၃-၁၉၈၅
၈။	ဦးစံလွင်	(ဥက္ကဋ္ဌ)	၁၇-၉-၁၉၈၆
၉။	ဦးဗဆွေ	(နာယက)	၇-၁၂-၁၉၈၇
၁၀။	ဦးကျော်ဆန်း	(အတွင်းရေးမှူး)	၈-၃-၁၉၈၈
၁၁။	ဦးဘကျော့	(ဥက္ကဋ္ဌ)	၂၆-၁၁-၁၉၈၈
၁၂။	ဦးကြူစိန်	(နာယက)	၂၂-၁၀-၁၉၉၁
၁၃။	ဦးကြီးဖေ	(ဥက္ကဋ္ဌ)	၂၇-၁၂-၁၉၉၁
၁၄။	ဦးသိန်းတင်	(နာယက)	၅- ၄-၁၉၉၂

အသင်းတိုက်ကိုမျက်ခြေမပြတ်ကြည့်ရှုစောင့်ရှောက်ကြသူတချို့

အသင်းတိုက်သို့မပြတ်မလပ် ရောက်လေ့ရှိကြပြီး စောင့်ရှောက်အကူအညီပေးကြသည့် အမှုဆောင်လူကြီး တချို့ကိုလည်း ဖော်ပြသင့်ပေသည်။ ထိုပုဂ္ဂိုလ်များမှာ အများအားဖြင့် အသင်းပတ်ဝန်းကျင်နှင့် အသင်းတိုက်နှင့် နီးသည့်ရပ်ကွက်များ၊ လမ်းများ၌ နေထိုင်ကြသည့် အမှုဆောင်လူကြီးများ ဖြစ်ကြပေသည်။ ၎င်းတို့မှာ အဝေးရှိ နေထိုင်ကြသည့် အမှုဆောင်လူကြီးများထက် အသင်းသို့ မကြာခဏ လာရောက်ရန် အခွင့်အရေး သာသူများလည်း ဖြစ်သည်။

မိမိနေထိုင်သည့်နေရာနှင့် နီးသဖြင့်လည်း ကိစ္စကြီးငယ် ပေါ်လာသည့်အခါများတွင်လည်းကောင်း၊ အရေးပေါ်ကိစ္စများ ဆောင်ရွက်စရာရှိလျှင်လည်းကောင်း၊ အလွယ်တကူ လာရောက် ဆောင်ရွက်ပေးမှုမျိုးကို ပြုလုပ်နိုင်ကြပေသည်။ ဤပုဂ္ဂိုလ်တချို့ကို ဖော်ပြရလျှင် ဦးဘကျော့၊ ဦးရှမ်း၊ ဦးကျော်ဒင်၊ ဒေါ်လှရီ၊ ဒေါ်ခင်မူ၊ ဦးမောင်ကြိုင် စသည်တို့ ဖြစ်ချေသည်။

စစ်မဖြစ်မီကာလများကလည်း အသင်း၌ပင် ရံဖန်ရံခါ နေထိုင်ခဲ့ကြပြီး၊ အသင်းကိုလည်း ကြည့်ရှု စောင့်ရှောက်ပေးကြသည်။ ဦးဖေသစ်၊ ဦးဘသစ်၊ ဦးဖြူဝင်း စသည်များနှင့် စစ်ပြီးခေတ်နောက်ပိုင်း၌ ဦးပို--- တို့ကဲ့သို့သော လူများလည်းရှိသည်။ သို့ရာတွင် ဦးဖြူဝင်းနှင့် ဦးပိုတို့မှာ အသင်း၏ ဝန်ထမ်းတာဝန်ကိုလည်း လုပ်ကိုင်ဆောင်ရွက်ကြသူများဖြစ်လေသည်။

ထားဝယ်သမဂ္ဂအသင်းခွဲများ

ထားဝယ်သမဂ္ဂအသင်းသည် ကနဦးတည်ထောင်စဉ်ကပင်လျှင်၊ ရန်ကုန်မြို့၌ အခြေစိုက် တည်ထောင်ခဲ့သည်။ အဓိကအားဖြင့် ရန်ကုန်သို့ ရောက်ရှိလာကြသည့် ထားဝယ်သူ ထားဝယ်သားများအား ကူညီရိုင်းပင်းနိုင်ရန် ဖြစ်သည်၊ သို့ရာတွင် ထားဝယ် သမဂ္ဂအသင်းသည် ထားဝယ်မြို့ ထားဝယ်ဒေသ လူထုနှင့်လည်း အမြဲတစေ ထိတွေ့ဆက်သွယ်မှုရှိစေ

ရန်၊ ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီဆိုသလို စည်းလုံးညီညွတ်မှု အတော်ရှိပြီး၊ ကူညီထောက်ကူမှု အပြန်အလှန် ပြုနိုင်ကြစေရန် ထားဝယ်မြို့တွင်လည်း အသင်းခွဲတစ်ခုကို (၁၉၃၃)ခုနှစ်ကတည်းကပင် ဖွဲ့စည်းတည်ထောင်ခဲ့ဖူးကြောင်း ဖော်ပြခဲ့ပြီးဖြစ်သည်။

ထိုမျှမကသေးပဲ မန္တလေးမြို့တွင်လည်းကောင်း၊ မော်လမြိုင်မြို့တွင်လည်းကောင်း၊ ထားဝယ်သမဂ္ဂ အသင်းများကို ဖွဲ့စည်းတည်ထောင်ဖူးကြလေသည်။ ဤကဲ့သို့ ဖွဲ့စည်းတည်ထောင်ထားကြသည့် ထားဝယ်အသင်းများမှာ ပုံမှန်မဟုတ်စေကာမူ ရံဖန်ရံခါ **ရန်ကုန်**ရှိ ထားဝယ်သမဂ္ဂအသင်းသို့ ဆက်သွယ်၍ ၎င်းတို့အသင်း၏ နှစ်ပတ်လည် စည်း**ဝေးသို့** တက်ရောက်ရန် ကိုယ်စားလှယ် (၂)ဦး သို့မဟုတ် (၃)ဦး စေလွှတ်ပေးစေလိုကြောင်း **မေတ္တာ**ရပ်ခံမှု၊ ဖိတ်ကြားမှုများကိုလည်း ထားဝယ်သမဂ္ဂအသင်း၏ **စည်းဝေးမှတ်တမ်း**တချို့ကိုတွေ့ရပေသည်။

မန္တလေးမြို့၌ ထားဝယ်သမဂ္ဂအသင်းကို ဦးသန်းထွန်း၊ ဦးအေးညွန့်နှင့် ထိုစဉ်က မန္တလေး ဆရာအတတ်သင် ကောလိပ်တွင် ပန်းချီကထိကတစ်ဦးအဖြစ်နှင့် တာဝန်ထမ်းဆောင်လျက်ရှိသူ ဦးခင်လှိုင်(ထားဝယ်)က စု၍ ထားဝယ်သားများနှင့် စုရုံးတည်ထောင်ဖွဲ့စည်းခဲ့လေသည်။ (၁၉၅၉)နှစ်ပိုင်းလောက်တွင် ဖြစ်သည်။ သို့ရာတွင် ဤအသင်းသည် နှစ်အနည်းငယ်မျှသာ ရှင်သန်ဖွံ့ဖြိုးခဲ့ပြီး တဖြည်းဖြည်း မှေးမှိန်သွားခဲ့သည်။

မော်လမြိုင်မြို့တွင် မော်လမြိုင်၌အခြေချ နေထိုင်လျက်ရှိကြသည့် ထားဝယ်သူ ထားဝယ်သားများနှင့် အကြောင်းကြောင်းကြောင့် အစိုးရတာဝန်ဖြင့် ပြောင်းရွှေ့လာရောက်သော အမှုထမ်းဆောင်နေကြသည့် ထားဝယ်သူ ထားဝယ်သားများနှင့် ထားဝယ် ကျောင်းသားလူငယ်တချို့ ပူးပေါင်းတည်ထောင်ခဲ့ကြခြင်း ဖြစ်သည်။ မော်လမြိုင်ရှိ ထားဝယ်အသင်းသည် ကိုယ်ပိုင်အသင်းတိုက် အဆောက်အအုံနှင့် ယနေ့အထိပင် ရှင်သန်လျက် ရှိလေသည်။

မော်လမြိုင်ရှိ ထားဝယ်အသင်းမှ ၁၉၈၉-ခု ရွေးချယ်တင်မြှောက်ထားသည့် ၎င်းတို့၏ အမှုဆောင်လူကြီးများ စာရင်းကို (၂၁-၁၀-၁၉၈၉) ရန်ကုန်ရှိ ထားဝယ်သမဂ္ဂအသင်း

အစည်းအဝေးခွဲ ဖတ်ကြား မှတ်တမ်းတင်ကြသည်ကို တွေ့ရ၏။ (၂၁-၁၀-၁၉၈၉ စည်းဝေးမှတ်တမ်းစာ-၁၁၅)။

မော်လမြိုင်ရှိ ထားဝယ်သမဂ္ဂ နှစ်လည်စည်းဝေးသို့လည်း ရန်ကုန်အသင်းမှ ကိုယ်စားလှယ် (၃)ဦး တက်ရောက်ရန် ဖိတ်ကြားသဖြင့် ရန်ကုန်မှ (၁) ဦးကမောင် (၂) ဦးလှကျော်နှင့် (၃) ဦးဖေအေးတို့ တက်ရောက်ကြရန် ဆုံးဖြတ်ကြသည်။ (၂၀-၁၂-၁၉၈၇)စည်းဝေးမှတ်တမ်း)။

ထားဝယ်မြို့ရှိ ထားဝယ်သမဂ္ဂအသင်းခွဲကိုမူ ရန်ကုန်တွင် ဖွဲ့စည်းထားသည်၊ စနစ်ပုံစံမျိုး အဖွဲ့ငယ်များခွဲ၍ ဆောင်ရွက်လုပ်ကိုင်ရန်ဆုံးဖြတ်ကြသည်။ ထားဝယ်အသင်းခွဲအသင်းဝင်များအားလည်း၊ ထားဝယ်သမဂ္ဂ စည်းမျဉ်း စည်းကမ်းအရ၊ တပြေးညီ အကျိုးခံစားခွင့်ပေးရန် ဆုံးဖြတ်ကြသည်ကို တွေ့ရ၏။ (၁၈-၄-၁၉၈၉ စည်းဝေးမှတ်တမ်း စာ-၆၆)။

ထားဝယ်ဒေသ စည်းရုံးရေးကော်မတီအတွက် ထားဝယ်သမဂ္ဂရန်ပုံငွေမှ ၁၅၀၀-ကျပ်ကို လွှဲပြောင်းပေးရန် အတည်ပြုပေးသည်ကို လည်းကောင်း၊ ၅၀၀-ကျပ်ကို အတွင်းရေးမှူး လက်ဝယ်ရှိနိုင်ရန်နှင့် ၁၀၀၀-ကျပ်ကို ငွေစုစာအုပ်ဖြင့် ထားရှိရန်ဆုံးဖြတ်သည်ကိုလည်း တွေ့ရ၏။ (၅-၃-၁၉၉၀ စည်းဝေးမှတ်တမ်းစာ ၅၆-၅၇)။

ထားဝယ်သမဂ္ဂမှ ပုံမှန်ကျင်းပမြဲဖြစ်သည့် သက်ကြီးပူဇော်ပွဲများကိုလည်း ထားဝယ်ရှိအသင်းခွဲ၌ သက်ကြီးပူဇော် ကန်တော့ပွဲတစ်ခုကို အမြဲ ပူးတွဲကျင်းပဆောင်ရွက် လေ့ရှိပေသည်။

အမျိုးသမီးအမှုဆောင်များ

ထားဝယ်သမဂ္ဂတွင် အမျိုးသမီးအမှုဆောင်များလည်း အများအပြား ပါဝင်ဆောင်ရွက်ခဲ့သည်ကို တွေ့ရ၏။ ထားဝယ်သမဂ္ဂအသင်းကို စတင်ထူထောင်ခဲ့စဉ်ကပင်လျှင် ဦးထွန်းမြင့်၊ ဦးအေးတို့နှင့်အတူ ဒေါ်မမကြီးဆိုသူ အမျိုးသမီးတစ်ဦး၏ အမည်ကိုလည်း တွေ့ရ၏။ ဒေါ်မမကြီးသည်လည်း ထားဝယ်သမဂ္ဂ ဖြစ်မြောက်ရေးအတွက် တစ်ဖက်တစ်လမ်း အကူအည

ပေးခဲ့သူတစ်ဦး ဖြစ်သည်။ သို့ရာတွင် အသင်းဖွဲ့စည်းရာတွင် အမှုဆောင် တစ်ဦးအဖြစ်နှင့် ပါဝင်ဆောင်ရွက်ခြင်း ပြုဟန်မတူပေ။ လပတ်အစည်းအဝေး စသည်တို့၌ အစည်းအဝေးတက်သည့် အမှုဆောင်များ အမည်စာရင်း၌ မတွေ့ရ။

ထားဝယ်သမဂ္ဂ အမှုဆောင်အဖြစ်နှင့် ပထမဆုံးရွေးချယ်ခံရသည့် အမျိုးသမီးအမှုဆောင်မှာ ဒေါသန်းတင်ဖြစ်သည်။ ထားဝယ်သမဂ္ဂ၏ အမှုဆောင်အဖြစ်နှင့် ယနေ့အထိ တာဝန်ယူ ဆောင်ရွက်လာခဲ့သည့် အမျိုးသမီးအမှုဆောင်များမှာ အောက်ပါအတိုင်း ဖြစ်လေသည်။

အမျိုးသမီးအမှုဆောင်များ

စဉ်	အမည်	ထမ်းဆောင်သည့်ခုနှစ်
၁။	ဒေါသန်းတင်	၁၉၅၆ မှ ၁၉၅၈ ထိ
၂။	ဒေါခင်တီ	၁၉၇၁ မှ ၁၉၇၄ ထိ
		-၁၉၈၁ မှ ၁၉၉၀ ထိ
၃။	ဒေါတင်မြိုင်	၁၉၇၁ မှ ၁၉၇၄ ထိ
၄။	ဒေါခင်ကြီး	၁၉၇၁ မှ ၁၉၇၄ ထိ
၅။	ဒေါသန်းညွန့်	၁၉၇၁ မှ ၁၉၇၄ ထိ
၆။	ဒေါခင်ကြူ	၁၉၇၆ မှ ၁၉၇၇ ထိ
၇။	ဒေါခင်ကြိုင်	၁၉၇၆ မှ ၁၉၇၇ ထိ
၈။	ဒေါလှကြည်	၁၉၇၆ မှ ၁၉၇၇ ထိ
၉။	ဒေါဖွားကြည်	၁၉၈၁ မှ ၁၉၈၅ ထိ
၁၀။	ဒေါအုန်းကြည်	၁၉၈၁ မှ ၁၉၉၀ ထိ
၁၁။	ဒေါတင်လှိုင်	၁၉၈၈ မှ ၁၉၈၉ ထိ
၁၂။	ဒေါခင်မူ	၁၉၈၈ မှ ၁၉၉၂ ထိ
၁၃။	ဒေါမေညွန့်လှိုင်	၁၉၈၈ မှ ၁၉၉၂ ထိ
၁၄။	ဒေါလှရီ	၁၉၉၀ မှ ၁၉၉၂ ထိ

၁၅။ ဒေါ်မိမိလှတင် ၁၉၉၁ မှ ၁၉၉၂ ထိ
၁၆။ ဒေါ်အလိုင်းချစ် ၁၉၉၁ မှ ၁၉၉၂ ထိ

၀န်ထမ်းများ

၁၉၈၀ နောက်ပိုင်းတွင် ခန့်အပ်ပြီး တာ၀န်ထမ်းဆောင်ကြသည့် ထား၀ယ်သမဂ္ဂ၏ ရုံးတာ၀န်ခံစာရေး၊ ညစောင့်စသည့် ၀န်ထမ်းများနှင့် ပတ်သက်၍ ဖော်ပြရလျှင်-

၁၉၈၁(၁) အသင်းစာရေး ဦးလှကြည် နှုတ်ထွက်စာတင်သဖြင့် တစ်လစာ ၁၀၀ကျပ် ပေးပြီး နှုတ်ထွက်ခွင့် ပြုလိုက်သည်။

(၂) မောင်မြင့်စိုးအား တစ်လ ၃၀-ကျပ်ထောက်ပံ့ရန် ခွင့်ပြုလေသည်။ (၆-၆-၈၁ မှတ်တမ်းစာ-၈၁)။

(၃) ဦးဘသန်းအား အသင်းစာရေးအဖြစ် တစ်လ ၁၀၀-ကျပ်ဖြင့် (၁-၈-၁၉၈၁) မှစ၍ ခန့်သည်။ (၁၁-၇-၈၁ မှတ်တမ်းစာ-၉၂)။

၁၉၈၆(၁) ဦးဘသန်းအား ယခင်တာ၀န်ကို ရုပ်သိမ်း၍ ဆည်ဂေဟာအတွက် ၃၀-ကျပ်ဖြင့် ညစောင့်တာ၀န် ထမ်းဆောင်စေသည်။

(၂) (၁၈-၄-၈၆)မှစ၍ ဦးဘအေးစိန်အား ရုံးအဖွဲ့မှူးအဖြစ် တစ်လ ၄၀၀-ကျပ် ဖြင့် ခန့်ထားသည်။

(၃) အကူစာရေးတစ်ဦးကို ၁၈၀-ကျပ် ထောက်ပံ့ကြေးဖြင့် (၁-၈-၈၆)နေ့မှ စ၍ ခန့်ထားရန်ဆုံးဖြတ်သည်။

၁၉၈၈(၁) ကိုထွန်းမြင့်အား တစ်လ ၁၀၀-ကျပ်နှုန်းဖြင့် ညတာ၀န်ကျအဖြစ် ခန့်ထားအတည်ပြုသည်။ (၃၈-၆-၈၈ မှတ်တမ်းစာ-၃၅)။

၁၉၈၉(၁) ညတာ၀န်ကျ ကိုထွန်းမြင့်အား (၁-၁-၈၉)နေ့မှ စ၍ တစ်လ ၂၀-ကျပ်နှုန်းဖြင့် တိုးမြှင့်ခန့်ထားသည် (၂၁-၁-၈၉၊ စည်းဝေးမှတ်တမ်း စာ-၅၀)။

(၂) နေ့တာဝန်ကျ မောင်ကိုဦးအား တစ်နေ့ ၁၀-ကျပ်နှုန်းဖြင့် (၃-၁-၈၉)မှ စ၍ ခန့်ထားရန်ဆုံးဖြတ်သည်။ ထို့နောက် မောင်ကိုဦးအား နေ့စားမှ လစားအဖြစ် တစ်လ ၃၀၀-ကျပ်ဖြင့် ခန့်ထားရန်ဆုံးဖြတ်သည်။ (၁၈-၃-၈၉ မှတ်တမ်းစာ-၆၃)။

(၃) ရုံးအဖွဲ့မှူးတာဝန်မှ ဦးဘအေးစိန် အနားယူသွားသဖြင့် ဦးထွန်းမြင့်အား လခ၃၀၀-ကျပ်ထက်မနည်း ၄၀၀-ကျပ်ထက် မများနှုန်းဖြင့် ယာယီ ခန့်အပ်လေသည်။ သို့ရာတွင် ၎င်းအား ၄၀၀-ကျပ် ချီးမြှင့်ရန် ဆုံးဖြတ်ကြ၏။ (၁၅-၇-၈၉မှတ်တမ်းစာ-၈၉)။

(၄) ဦးထွန်းမြင့်နှင့် ဦးစိုးနိုင်တို့ (၂)ဦးအား ညဉ့်လည့်ပြည့်ရိပ်သာ ဝန်ထမ်းတာဝန်နှင့် အသင်း၏ ညစောင့် တာဝန်များအတွက် တစ်ဦးလျှင် ၁၀၀-ကျပ်နှုန်းဖြင့် လက်ရှိလစာအပြင် တိုး၍ခံစားခွင့်ပြုရန် ဆုံးဖြတ်ကြ၏။ (၅-၈-၈၉ မှတ်တမ်းစာ-၉၅)။ ဤတွင် ညတာဝန် လုံခြုံရေးနှင့် ပြည့်ရိပ်သာ တာဝန်ကိုပါ မူးတွဲ၍ တာဝန်ယူရသဖြင့် မူလခံစားရသော ထောက်ပံ့ငွေအပြင် ၂၀၀-ကျပ် ထပ်မံခံစားခွင့်ပြု၏။ (၁၆-၁၂-၈၉ မှတ်တမ်းစာ-၁၂)။

ရိုးရာယဉ်ကျေးမှု၊ ဗဟုသုတနှင့်ဟောပြောပွဲများ

ပြည်ထောင်စုနေ့နှင့် အခြားသော နိုင်ငံတော်မှ ကျင်းပပြုလုပ်သည့် အထိမ်းအမှတ်နေ့များတွင်၊ ထားဝယ် ယဉ်ကျေးမှု ထိန်းသိမ်းရေးနှင့် ပတ်သက်၍ ထားဝယ်မြို့မှ ယဉ်ကျေးမှုအဖွဲ့ကို ဖိတ်ခေါ်လေ့ ရှိလေသည်။ ထားဝယ်ရိုးရာ ယဉ်ကျေးမှုအဖွဲ့ လာရောက်၍ ယဉ်ကျေးမှု သရုပ်ဖော်ကပြခြင်း၊ ထားဝယ်ရိုးရာ ဒိန်းသံသီချင်းများ၊ အဆိုအကများဖြင့် ဖြေဖျော်ရန်၊ ရန်ကုန်သို့ ရောက်ရှိလာကြသည့် ထားဝယ်ယဉ်ကျေးမှု အဖွဲ့အားလည်း ထားဝယ်သမဂ္ဂမှ ဖိတ်ကြားဂုဏ်ပြု ပြည့်ခံလေ့ရှိသည့် အစဉ်အလာလည်း ရှိခဲ့လေသည်။

ဟောပြောပွဲများ

ဗဟုသုတအတွက် လည်းကောင်း၊ ထားဝယ်ယဉ်ကျေးမှုနှင့် ပတ်သက်၍ သိကောင်းစရာ အဖြာဖြာကို လည်းကောင်း၊ ဟောပြောပွဲများကို စီမံပြုလုပ်ပေးလေသည်။ ၂၁-၁၂-၈၅ နေ့တွင် ထားဝယ်သမဂ္ဂအသင်းတိုက်တွင် ဟောပြောပွဲတစ်ရပ် ကျင်းပပေးခဲ့လေသည်။ ထားဝယ်အကြောင်း သိကောင်းစရာ ဟောပြောပွဲဖြစ်၏။

ဦးကျော်လင်းက "ထားဝယ်လူမျိုးအကြောင်း"နှင့် ပတ်သက်၍ ဟောပြောပြီး၊ ဦးအောင်မြင့်က "ထားဝယ်ဒေသမှ ရှေးမြို့ဟောင်းများ" အကြောင်းကို ဟောပြောလေသည်။ တက္ကသိုလ် ကျောင်းသူ ကျောင်းသားများနှင့် အသင်းဝင်များ၊ စိတ်ဝင်စားစွာ တက်ရောက်နားထောင်ကြလေသည်။

ထားဝယ်သမဂ္ဂသမိုင်းပြုစုရေး

ထားဝယ်အသင်း တည်ထောင်ခဲ့သည်မှစ၍ ထားဝယ်သမဂ္ဂ၏ ဆောင်ရွက်ချက်များကို စုစည်း၍ ထားဝယ်သမဂ္ဂ သမိုင်းတစ်စောင် ထုတ်သင့်ကြောင်း ဆွေးနွေးကြပြီး ထားဝယ်သမဂ္ဂသမိုင်းပြုစုရေး ဆပ်ကော်မတီ တစ်ရပ်ကို ဖွဲ့စည်းခဲ့လေသည်။ ထိုစဉ်က ဥက္ကဋ္ဌအဖြစ် ဦးကျော်လင်း၊ ဦးဘမောင်နှင့် အတွင်းရေးမှူး ဦးကျော်ဆန်း တို့ပါဝင်ကြ၏။ ဦးကျော်ဆန်းမှာ မကျန်းမမာဖြစ်လာပြန်သဖြင့်လည်းကောင်း အဖွဲ့ဝင်များမအားမလပ်အောင် အလုပ်များနေကြ၍ လည်းကောင်း၊ လုပ်ငန်းမတွင်ကျယ်ခဲ့ပေ။ အတွင်းရေးမှူး ဦးကျော်ဆန်း သည်လည်း (၈-၃- ၈၈)နေ့တွင် ကွယ်လွန်ရှာသည်။

ထို့နောက် သမိုင်းပြုစုရေးအဖွဲ့ကို ထပ်မံဖွဲ့စည်းပြန်သည်။ ဤဆပ်ကော်မတီတွင် ဦးဘမောင်(ဥက္ကဋ္ဌ)၊ ဦးကျော်လင်း (ဒု-ဥက္ကဋ္ဌ)၊ ဦးဖေအေး (အတွင်းရေးမှူး)နှင့် ဦးမောင်မောင်သိန်း (တွဲဘက်အတွင်းရေးမှူး)တို့အပြင် အဖွဲ့ဝင်များအဖြစ်နှင့် ဦးတင်ထွန်း၊ ဦးစော

မောင်၊ ဦးစိုးမောင်၊ ဦးအောင်မြင့်၊ ဦးသိန်းတင်၊ ဦးထွန်းအေးနှင့် ဦးဘလှတို့ ဖြစ်ကြသည်။ (၁၈-၂-၈၉ စည်းဝေးမှတ်တမ်းစာ-၅၈)။

ယင်းအဖွဲ့သည် အကြောင်းအမျိုးမျိုးကြောင့် လှုပ်ရှားနိုင်ခြင်း မရှိခဲ့ပေ။ သို့ဖြစ်၍ ၁၉၉၁-ခု၊ မေလ(၃၁)ရက် နေ့တွင် ဥက္ကဋ္ဌဦးလှကျော်က ထားဝယ်သမိုင်းပြုစုရေးအဖွဲ့ကို အားမာန်မလျှော့ပဲ အသစ်တဖန်၊ နာယက ဦးထွန်းအေး ခေါင်းဆောင်၍ နာယက ဦးကျော်လင်း အဖွဲ့ဝင်၊ နာယက ဦးတင်ထွန်း အဖွဲ့ဝင်၊ နာယက ဦးကြီးဖေ အဖွဲ့ဝင်၊ နာယက ဦးသိန်းတင် အဖွဲ့ဝင်၊ နာယက ဦးဘမောင် အဖွဲ့ဝင်၊ ဦးစောမောင် အတွင်းရေးမှူးဟောင်း အဖွဲ့ဝင်၊ ဦးကျော်မြင့်ဦး အတွင်းရေးမှူးဟောင်းက အတွင်းရေးမှူး၊ ပုဂ္ဂိုလ်(၈)ဦးဖြင့် ဖွဲ့စည်းပေးသော်လည်း၊ အတွင်းရေးမှူးဖြစ်သူက အချိန်မပေးနိုင်ကြောင်း-သမဂ္ဂဥက္ကဋ္ဌထံ (၅-၆-၉၁)နေ့စွဲဖြင့် အကြောင်းကြားခဲ့ပြန်ရာ (ဝင်စာ-၂၂/နေ့စွဲ ၇-၆-၉၁) ဤအားထုတ်ကြိုးပမ်းချက်သည်လည်း မလှုပ်ရှားနိုင်သောကြောင့် ဒုတိယအကြိမ် ဖွဲ့စည်းသော သမိုင်းပြုစုရေးအဖွဲ့သည်လည်း အသက်မဝင်ခဲ့ပါ။

သမိုင်းပြုစုရေးအဖွဲ့သည် ထားဝယ်သမဂ္ဂ၏ တခြားသော လုပ်ငန်းဆောင်တာ ကိစ္စများပြားနေကြသဖြင့် သမိုင်းပြုစု ရေးသားမှုကို ဖိဖိစီးစီးပြုလုပ်ရန် မအားမလပ် ဖြစ်နေကြသဖြင့် အကောင်အထည် မပေါ်ဘဲ ဖြစ်နေခဲ့ရာမှ ထားဝယ်သမဂ္ဂသမိုင်းအတွက်လည်း မျက်ခြေမပြတ်စေဘဲ ဆက်လက်ဆောင်ရွက်နိုင်ရန် တွန်းအားပေးမှုပြုလာခဲ့ပြန်သည်။ ဆပ်ကော်မတီတစ်ခုကို ကျစ်ကျစ်လစ်လစ် ပြန်လည်ဖွဲ့စည်းပြန်သည်။

ဤပြန်လည်ဖွဲ့စည်းသည့် သမိုင်းပြုစုရေးအဖွဲ့တွင် နာယကကြီး ဦးထွန်းအေးက အဖွဲ့ခေါင်းဆောင် အဖြစ်နှင့်ပါဝင်ပြီး၊ ဦးတင်ထွန်း (နာယကအဖွဲ့ဝင်)၊ ဦးကျော်လင်း (နာယကအဖွဲ့ဝင်)၊ ဦးဘမောင် (နာယကအဖွဲ့ဝင်) ဦးအောင်မြင့် (အဖွဲ့ဝင်)၊ ဦးစောမောင် (နာယကအဖွဲ့ဝင်)၊ ဦးကျော်မြင့်ဦး (အတွင်းရေးမှူးဟောင်း)၊ ဦးမောင်မောင်သိန်း (တွဲဘက်အတွင်းရေးမှူးဟောင်း)၊ ဦးကျော်သိန်း (အတွင်းရေးမှူးဟောင်း) ဦးဘဝင်း (အမှုဆောင်)၊ ဦးဘအေးစိန်(အမှုဆောင်ဟောင်း)၊ ဦးမြသွင် (အတွင်းရေးမှူးအကိုင်ပင်ခံ) တို့ကိုပါ၊ ပါဝင်တိုးချဲ့ ဖွဲ့စည်းခဲ့လေသည်။ ထားဝယ်သမဂ္ဂ အတွင်းရေးမှူး ဦးအောင်သိန်းက

သမိုင်းပြုစုရေးအဖွဲ့ အတွင်းရေးမှူးအဖြစ်နှင့် ဆောင်ရွက်လေသည်။ (၆-၇-၁၉၉၂ စာ။)

ထားဝယ်သမဂ္ဂသမိုင်း ပြုစုရေးအဖွဲ့သည် လစဉ်စည်းဝေးခေါ်ယူပြီး ထားဝယ်သမဂ္ဂသမိုင်းတစ်ခုကို မဖြစ်မနေ အကောင်အထည် ဖော်လှုပ်ရှားခဲ့လေသည်။

ထားဝယ်သမဂ္ဂသိမှတ်ဖွယ်ရာသတင်းလွှာ

သမိုင်းစာမူကြမ်း ရေးသားပြီးစီးသောအခါတွင် ဆက်လက်ဆောင်ရွက်ရမည့် စာအုပ်ထုတ်ပေးရေးကိစ္စအတွက် စာအုပ်ထုတ်ဝေရေးအဖွဲ့ကို နာယက ဦးဘမောင် ခေါင်းဆောင်၍ အဖွဲ့ဝင်များအဖြစ် ဦးအောင်မြင့်၊ ဦးအောင်သိန်း၊ ဦးကျော်သိန်း၊ ဦးဘဝင်း၊ ဦးသိမ်းဝင်းနှင့် ဒေါ်ခင်မူတို့ဖြင့် ဖွဲ့စည်းခဲ့လေသည်။

၁၉၉၁-ခုနှစ် ဇွန်လ(၂၉)ရက်နေ့စွဲနှင့် ထားဝယ်သမဂ္ဂအမှုဆောင် ကော်မတီမှ ထုတ်ဝေခဲ့သော "ထားဝယ်သမဂ္ဂသိမှတ်ဖွယ်ရာ သတင်းလွှာ" ဟူသည့် ကြေညာချက် စာစောင်ငယ်တစ်ခု ထွက်ပေါ်လာခဲ့လေသည်။ တိုတိုတုတ်တုတ်နှင့် ထားဝယ်သမဂ္ဂ၏ အကြောင်း၊ ရည်ရွယ်ချက်၊ ဆောင်ရွက်ချက်တချို့ကို အသင်းဝင်များ အလွယ်တကူသိရှိနိုင်ရန် ရည်ရွယ်၍ ထုတ်ဝေခဲ့ခြင်းဖြစ်သည်။ ဤစာစောင်ငယ်ကိုလည်း ထားဝယ်သမဂ္ဂသမိုင်း၌ ဖော်ပြသင့်သည့် အားလျော်စွာ ထည့်သွင်း ဖော်ပြလိုက်ရပေသည်။

၁။ ထားဝယ်သမဂ္ဂကို ၁၉၂၁-ခုနှစ်၊ စက်တင်ဘာလ ၂၇-ရက် နေ့တွင် စတင်ဖွဲ့စည်းထူထောင်ခဲ့ပါသည်။

၂။ အသင်းတိုက်တည်နေရာမှာ အမှတ်(၈၂၈)၊ မဟာဗန္ဓုလလမ်း၊ ၁၀ လမ်းထိပ်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့တွင် တည်ရှိပြီး၊ အသင်းပိုင်(၃)ထပ် အဆောက်အအုံဖြစ်သည်။ တယ်လီဖုန်းအမှတ်မှာ (၂၂၂၁၉) ဖြစ်ပါသည်။

၃။ သက်တမ်း ၇၀-ကျော်လွန်ပြီဖြစ်သော ထားဝယ်သမဂ္ဂသည် ပြည်ထဲရေးဝန်ကြီးဌာနတွင် မှတ်ပုံတင်အမှတ် (၁၀၂၃)ဖြင့် မှတ်ပုံတင်ထားသော လူမှုရေးအသင်း ဖြစ်ပါသည်။

၄။ ထားဝယ်သမဂ္ဂ၏ ဆောင်ပုဒ်မှာ " သ-သုံးလုံးကြေ၊ ထားဝယ်အမွေ" ဖြစ်သည်။ သသုံးလုံး အဓိပ္ပါယ်မှာ သစ္စာ၊ သတ္တိ၊ သမာဓိ ဖြစ်ပါသည်။

၅။ သမဂ္ဂဟူသောစကား အဓိပ္ပါယ်မှာ စည်းလုံးညီညာ ကောင်းစွာပြုခြင်း ကိစ္စဟူသော အဓိပ္ပါယ်ဆောင်ပါသည်။

၆။ ထားဝယ်သမဂ္ဂအသင်းသည် (၂၂-၁-၁၉၈၄) ရက်နေ့တွင် ကျင်းပသော အသင်းအထူးအစည်းဝေးခွဲ အတည်ပြုခဲ့ပြီးဖြစ်သည့် ထားဝယ်သမဂ္ဂစည်းမျဉ်း စည်းကမ်းသစ်များကို အခြေခံလျက်၊ လူမှုရေးကိစ္စရပ်များကို ဆောင်ရွက်လျက် ရှိပါသည်။

၇။ ထားဝယ်သမဂ္ဂ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

ရည်ရွယ်ချက်များ

(က) အသင်းသူအသင်းသား အချင်းချင်း တစ်ဦးနှင့်တစ်ဦး၊ ညီရင်းအစ်ကို၊ မောင်ရင်းနှမ ကဲ့သို့ နှလုံးသွင်းကြ၍ အဆင့်အတန်းမခွဲဘဲ၊ ပေါင်းသင်းဆက်ဆံကြရန်။

(ခ) အသင်းသူအသင်းသား အချင်းချင်း၊ တစ်ဦးနှင့်တစ်ဦး၊ အကြောင်းရှိက တတ်အားသမျှ ကူညီစောင့်ရှောက် ထောက်ပံ့ချီးမြှင့်ကြရန်။

(ဂ) အသင်းသူအသင်းသားများအား၊ အကျိုးကျေးဇူး ဖြစ်ထွန်းစေမည့် ကိစ္စများကို၊ တတ်နိုင်သမျှ ဆောင်ရွက်ရန်၊ အထူးသဖြင့် အသင်းသူအသင်းသားများ မျော်ရွင်ရင်းနှီးစွာ တွေ့ဆုံရေးနှင့် အသင်းသူအသင်းသားများ၏ ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှု တို့ကို တတ်အားသမျှ မြှင့်တင်ပေးရန်။

(ဃ) ထားဝယ်ဒေသနှင့်တကွ၊ ထားဝယ်သူထားဝယ်သားများနှင့် ပတ်သက်သော အရေး ကိစ္စများတွင် အသင်းက ဝင်ရောက်ဆောင်ရွက်ရန်၊ သင့်တော်မည်ဟု ထင်မြင်ယူဆသည့်အခါ၊ တတ်အားသမျှ ပါဝင်ဆောင်ရွက်ရန်။

(င) တနင်္သာရီတိုင်းအတွင်းရှိ ကျန်သောဒေသများကို ကိုယ်စားပြု၍၊ ရန်ကုန်မြို့တွင် ဖွဲ့စည်းထူထောင်ထားသော လူမှုရေးအသင်းများနှင့် ရင်းနှီးစွာ ညှိနှိုင်းပူးပေါင်းရန်

(စ) အများပြည်သူနှင့် အကျိုးဝင်သည့် အခြားသော၊ လူမှုရေးကိစ္စများတွင် လည်းကောင်း၊ အသင်းက သင့်တော်သည်ဟု ယူဆလျှင် လိုအပ်သလို ပါဝင်ဆောင်ရွက်ရန်။

၈။ အသက်(၁၈)နှစ်ပြည့်ပြီးသူတိုင်း သတ်မှတ်ထားသော ပုံစံဖြင့် အသင်းဝင် လျှောက်ထားနိုင်ပါသည်။ ဝင်ကြေး ၅-ကျပ်၊ လစဉ်ကြေး၂-ကျပ် (သို့မဟုတ်) နှစ်စဉ်ကြေး၂၀-ကျပ် ပေးသွင်းလျက် သာမန်အသင်းသားအဖြစ်သော်လည်းကောင်း။ ဝင်ကြေး ၅-ကျပ်နှင့် ရာသက်ပန်ကြေး ၂၀၀-ကျပ်ပေးသွင်းလျက် ရာသက်မှန် အသင်းသားအဖြစ်သော်လည်းကောင်း ပါဝင်နိုင်ပါသည်။ ရာသက်ပန် အသင်းသားများအဖြစ် လျှောက်ထား ခံယူလျှင် ပိုမိုသင့်တော်ပါသည်။

၉။ ထားဝယ်ဒေသဆိုသည်မှာ ယခင်ထားဝယ်ခရိုင်တွင် ပါဝင်သော ထားဝယ်မြို့နယ်၊ လောင်းလုံမြို့နယ်၊ ရေဖြူမြို့နယ်၊ သရက်ချောင်းမြို့နယ်များပါဝင်သော ထားဝယ်ဒေသကို ဆိုလိုခြင်းဖြစ်ပါသည်။

၁၀။ ထားဝယ်သမဂ္ဂ အသင်းကြီး၏ လုပ်ငန်းဆောင်တာများကို ကဏ္ဍအလိုက် စီစဉ်ဆောင်ရွက်လုပ်ကိုင်ရန် အဖွဲ့ငယ်များ နှစ်စဉ် ဖွဲ့စည်းထားရှိပါသည်။ ၎င်းအဖွဲ့ငယ်များမှာ (၁) စံညီးရုံးရေးအဖွဲ့ငယ်။ (၂) ဘဏ္ဍာရေး အဖွဲ့ငယ်။ (၃) ပညာရေးအဖွဲ့ငယ်။ (၄) လူမှုရေးနှင့် ယဉ်ကျေးမှုအဖွဲ့ငယ်။ (၅) နာရေးထောက်ပံ့ကြေးအဖွဲ့ငယ်။ (၆) အားကစားအဖွဲ့ငယ်။ (၇) မဂ္ဂဇင်းရိပ်သာအဖွဲ့ငယ်နှင့် (၈) အဆောက်အအုံပြုပြင်ထိန်းသိမ်းရေးအဖွဲ့ငယ်တို့ ဖြစ်ပါသည်။

၁၁။ နာရေးထောက်ပံ့ကြေး ရန်ပုံငွေအဖွဲ့ကို၊ သီးခြားစည်းမျဉ်း၊ စည်းကမ်းဖြင့် ဖွဲ့စည်းထားပြီး၊ သီးခြားရန်ပုံငွေ ဖွင့်လှစ်ထားပါသည်။ အာမခံလုပ်ငန်းနှင့် လူမှုဖူလုံရေးလုပ်ငန်းသဘောမျိုး ဖြစ်ပါသည်။ ပါဝင်လိုသော အသင်းသားများဖြင့် သီးခြားရန်ပုံငွေ ဖွဲ့စည်းကာ၊ စုပေါင်းငွေကြေး ထည့်ဝင်ပြီး၊ ဝိုင်းဝန်းကူညီ ထောက်ပံ့သည့် သဘောဖြင့် နာရေးထောက်ပံ့ကြေးငွေ ခံစားခွင့် ရရှိသည့်စနစ်ကို ကျင့်သုံးလျက် ရှိပါသည်။

၁၂။ နာရေးထောက်ပံ့ကြေး ရန်ပုံငွေအဖွဲ့သို့ ပါဝင်လိုလျှင် ဝင်ကြေး ၅-ကျပ် လစဉ်ကြေး ၂-ကျပ်နှင့် ငွေသွင်းစာအုပ်အတွက် ၅-ကျပ် ပေးသွင်း၍ ပါဝင်နိုင်သည်။ အသက် (၅၅) နှစ်အောက် အသင်းသားဖြစ်ရမည်ဖြစ်ပြီး လစဉ်ကြေးကို နှစ်အကန့်အသတ်မရှိ ကြိုတင်ပေးသွင်းနိုင်ပါသည်။

၁၃။ အသင်းသူအသင်းသားများ၊ ထားဝယ်သူ၊ ထားဝယ်သားများ၊ သက်သာချောင်ချိစွာ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းစွာဖြင့်၊ တည်ခိုနားနေနိုင်ရန်အတွက်၊ ထားဝယ်သမဂ္ဂအဆောက်အအုံ၊ တတိယအထပ်တွင် မင်္ဂလာဆည့်ရိပ်သာကို ဖွင့်လှစ်ထားရှိပါသည်။ မင်္ဂလာဆည့်ရိပ်သာ၌ သတ်မှတ်ထားသော စည်းကမ်းများနှင့်အညီ တည်ခို၊ နားနေနိုင်ရန် စီစဉ်ထားရှိပါသည်။

၁၄။ ထားဝယ်သမဂ္ဂ၏ ရည်ရွယ်ချက်များကို၊ အတတ်နိုင်ဆုံး ကြိုးပမ်းအကောင်အထည်ဖော်ရာတွင်၊ အောက်ပါ လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

(က) နှစ်ပတ်လည်ပုံမှန် အစည်းဝေးကို နှစ်စဉ်ပုံမှန်ကျင်းပခြင်း။

(ခ) ထားဝယ်ရိုးရာ သင်္ကြန်လှုပ်ရှားမှု (ရေဓိမှန်းပွဲ)ကို အကောင်အထည်မဖော် ဆောင်ရွက်ခြင်း။

(ဂ) ဝါဆိုသင်္ကန်းကပ်လှူ ပူဇော်ပွဲ ကျင်းပခြင်း။

(ဃ) သီတင်းကျွတ် ဆွမ်းတော်ကြီးကပ်လှူ ပူဇော်ပွဲ ကျင်းပခြင်း။

(င) သင်္ကြီးပူဇော်ပွဲ ကျင်းပခြင်း။

(စ) ပညာရည်ချွန်ဆု ချီးမြှင့်ပွဲ အခမ်းအနား ကျင်းပခြင်း။

(ဆ) ဂုဏ်ထူးဆောင် ဂုဏ်ပြုလွှာပေးအပ်ပွဲ အခမ်းအနား ကျင်းပခြင်း။

(ဇ) အခါအားလျော်စွာ ဖြစ်ပေါ်လာတတ်သည့် သဘာဝ ဘေးအန္တရာယ်ဖြစ်သည့် ရေဘေး၊ လေဘေး၊ မီးဘေးဒုက္ခသည်များနှင့် လူမှုရေး ဒုက္ခရောက်နေသူများအား၊ ကယ်ဆယ်ရေး အစီအစဉ်များ ကူညီဆောင်ရွက်ပေးခြင်း။

(ဈ) နာရေးကိစ္စ ပေါ်ပေါက်လာလျှင်၊ အသင်းဝင်နှင့် အတူနေထိုင်သော၊ အသင်းဝင်၏ အဘ၊ အမိ၊ ဇနီး၊ ခင်ပွန်းနှင့် သားသမီးတို့၏ နာရေးကိစ္စများတွင်၊ သတင်းစာမှကြော်ငြာပေးခြင်း၊ အသင်းဝင်များ အသုဘလိုက်ပါပို့ဆောင်ခြင်းတို့ကို အသင်း၏

စည်းကမ်းများနှင့်အညီ ဆောင်ရွက်ပေးခြင်း။

(ည) နာရေးထောက်ပံ့ကြေး ရန်ပုံငွေအဖွဲ့ဝင် တစ်ဦးဖြစ်ပါက၊ အဖွဲ့ဝင်သက်တမ်း (တစ်နှစ်) ပြည့်သည့် အချိန်မှစ၍ အဖွဲ့ဝင်သက်တမ်းအလိုက်၊ အဆင့်ဆင့် တိုးမြှင့်ပေးထားသော ထောက်ပံ့ကြေးငွေကို၊ သီးခြားခံစားခွင့် ရရှိခြင်း (ထောက်ပံ့ကြေးမှာ ၃၀၀-ကျပ်မှ ၅၀၀-ကျပ်အထိ ဖြစ်ပါသည်။)။

(ဋ) အသင်းဝင်များ၏ သားသမီးများ ပညာထူးချွန်သူ (၃)ဦးအား တက္ကသိုလ်ပညာသင်ဆုကို ၁၉၈၅-ခုဖမှ စတင် ချီးမြှင့်လာခဲ့ပြီး၊ အခြေခံပညာအလယ်တန်း (၈)တန်းနှင့် အခြေခံအထက်တန်း (၁၀)တန်းများတွင် ဂုဏ်ထူးရရှိသူများအား(တစ်ဘာသာ)မှ စ၍ ရရှိသည့် ဘာသာအလိုက် နှစ်စဉ်အသင်းမှ အထူးဂုဏ်ပြုချီးမြှင့်ခြင်းများကို အသင်း၏ ဆုံးဖြတ်ချက်များနှင့်အညီ၊ ပုံမှန်စီစဉ်ဆောင်ရွက်ပေးခြင်း။

(ဌ) အခါအားလျော်စွာ အသင်းမှ ကူညီပံ့ပိုးရန် ရှိသည့် ကိစ္စရပ်များကို ပါဝင်ကူညီ ဆောင်ရွက်ခြင်း။

(ဍ) အခါအားလျော်စွာ အသင်းဝင်များ ပျော်ရွှင်စွာ တွေ့ဆုံနိုင်ရန် မိတ်ဆုံပွဲအခမ်းအနားများ စီစဉ်ဆောင်ရွက်ပေးခြင်း။

၁၅။ မိတ်ဆုံစားပွဲ ရိုးရာမုန့်ရောင်းပွဲ ကျင်းပခြင်း၊ စုပေါင်းခရီးထွက်ခြင်းစသည့် ကောင်းမွန်သည့် အစီအစဉ်တို့သည်၊ ကာလဒေသ အခြေအနေများအရ ဆောင်ရွက်ရပါသဖြင့် အခြေအနေနှင့် အချိန်အခါပေးလျှင် ပေးသလို စီစဉ်ဆောင်ရွက်နေမည်သာ ဖြစ်ပါသည်။

၁၆။ ထားဝယ်သမဂ္ဂ၏ စည်းမျဉ်း၊ စည်းကမ်းအချက်များအရ၊ ထားဝယ်သူ ထားဝယ်သားအပေါင်းတို့၏ လူမှုရေး အကျိုးစီးပွားကိုသာ၊ အစဉ်ဦးထိပ်ထား ဆောင်ရွက်လာခဲ့သည့် ထားဝယ်သမဂ္ဂအသင်းကြီး ပိုမိုတိုးတက် အောင်မြင်ပြီး၊ အဓွန့်ရှည်၊ တည်တံ့ခိုင်မြဲရေးအတွက်၊ အသင်းသူ အသင်းသားများနှင့်တကွ ထားဝယ်သူ ထားဝယ်သား အပေါင်းတို့၊ ပူးပေါင်းညီညာ လက်တွဲလျက်၊ မိမိတို့ဆန္ဒအလျောက် ဖြစ်နိုင်သည့် ကိစ္စရပ်များတွင် အသင်းကြီးအား၊ ကူညီပံ့ပိုးခြင်း၊ ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆောင်ရွက်ခြင်းဖြင့်အသင်းကြီးသည် ထားဝယ်သူ ထားဝယ်သားများ၏ လူမှုရေးအကျိုးပြု

လုပ်ငန်းများကို ပိုမိုထိရောက်စွာ စီစဉ်ဆောင်ရွက်သွားနိုင်မည်မှာ မုချဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။

၁၇။ ပိုမိုသိရှိသည့် အချက်အလက်များ ရှိပါလျှင် သော်လည်းကောင်း၊ ကောင်းမွန်သော အကြံပြုချက်များ ပေးပို့လိုလျှင် သော်လည်းကောင်း၊ ရုံးချိန်အတွင်း အသင်းတိုက်သို့ ကိုယ်တိုင်ကြွရောက်၍ဖြစ်စေ၊ ဖုန်းအမှတ် (၂၂၂၁၉)သို့ ဆက်သွယ်၍ဖြစ်စေ၊ ရုံးအဖွဲ့မှူးထံ စုံစမ်းမေးမြန်းခြင်း၊ ကောင်းမွန်သော အကြံပြုချက် ပေးပို့ခြင်းများဆောင်ရွက်နိုင်ပါသည်။

ထားဝယ်သမဂ္ဂအသင်းကြီးကို အားပေးချီးမြှောက်ခြင်းသည် ထားဝယ်သူ ထားဝယ်သားများ၏ အကျိုးစီးပွားကို လိုလားသည်မည်ပေသည်။

အမှုဆောင်ကော်မတီ
(ထားဝယ်သမဂ္ဂ)

ရက်စွဲ။ ။ ၁၉၉၁၊ ဇွန်လ–(၂၉)ရက်

နိဒါန်း

မည်သို့ပင်ဆိုစေ၊ ထားဝယ်သမဂ္ဂ၏ သမိုင်းအကျဉ်းတစ်ခုကား.. ရေးသားပြုစု၍ ပြီးခဲ့လေပြီ။ ထားဝယ်သမဂ္ဂ၏ သမိုင်းကို ပြုစုရေးသားရာ၌၊ ရရှိသမျှ မှတ်တမ်းများကို အခြေခံ၍ ရေးသားပြု စုခဲ့ရပေသည်။ ဤထားဝယ်သမဂ္ဂသမိုင်းသည့်၊ အပြီးပြည့်စုံပြီဟူ၍ မဆိုလိုပါ။ ရနိုင်သမျှ အစည်းဝေး မှတ်တမ်း မှတ်ရာများ၊ နှစ်ပတ်လည် အစည်းဝေးကြီးများ၏ နှစ်ချုပ်အစီရင်ခံစာများကိုပါ၊ အပြန်ပြန် အလှန်လှန်လေ့လာ၍၊ မြုစုရေးသားခဲ့ခြင်းဖြစ်သည်။ ဤအထောက်အထားများပင်လျှင် တချို့နှစ်ကာလပိုင်းများအတွက် မှတ်ဗဟိုများ ပျက်စီးပျောက်ဆုံးနေသဖြင့် မျက်ခြေပြတ်ခဲ့ရသည်လည်း ရှိပေသည်။

ကိုယ်တိုင်ပါဝင်ဆောင်ရွက်လာခဲ့ဖူးသည့် အသင်းဝင်ဟောင်း၊ အမှုဆောင်ဟောင်း၊ သက်ကြီးပုဂ္ဂိုလ်များ၏ အတွေ့အကြုံများကိုလည်း၊ ၎င်းတို့မှတ်မိသမျှ၊ ကိုယ်တိုင်ကိုယ်ကျ သွားရောက်မေးမြန်းစုံစမ်း၍၊ လိုအပ်ချက်တချို့ကိုလည်း မှတ်တမ်းတင်ခဲ့ပါသည်။

သမိုင်းမှတ်တမ်းတင်ပြုစုရာ၌၊ ရေးသားသူများအနေနှင့် အချို့ကိစ္စများကား

အရေးမကြီးတန်ရာဟူသော ယူဆချက်ဖြင့် ချန်ခဲ့သည်လည်းရှိ၏။ သို့ရာတွင် အရေးမကြီးဟု ချန်ခဲ့သည့်အချက်များပင်လျှင် ထည့်သွင်းသင့်သည်ဟု၊ ဦးဆောင်လူကြီးများက ထင်မြင်ယူဆလျှင် ပြန်၍ထည့်သွင်းဖော်ပြခြင်း။ အချို့မလိုအပ်သည့် အသေးစိတ် ဖော်ပြချက်များကို အတိုချုံး ဖော်ပြသင့်သည်ဟူသော ယူဆချက်ဖြင့် ဦးဆောင်လူကြီးများက အကြံပြုလျှင်လည်း၊ အကျဉ်းချုံး၍လည်းကောင်း နှုတ်ပါယ်ချန့်ထား၍လည်းကောင်း၊ ပြန်၍ ပြန်ဆင်ပြုစု ရေးသားခြင်း ပြုခဲ့ရပေသည်၊

အသင်းစတင်တည်ထောင် ပေါ်ပေါက်လာချိန်၊ အသင်း၏ စောစောပိုင်း လှုပ်ရှားမှုနှင့် စစ်ဦးကာလ၊ စစ်တွင်းကာလနှင့် စစ်ပြီးစကာလများတွင် အသင်းသည် စစ်ကာလ၏ အခြေအနေအပေါ် မူတည်၍ လှုပ်ရှားခဲ့ရသည်။ ဤလှိုင်းဂယက်များသည် အသင်းဒဏ် တစ်နည်း တစ်ပုံ ရိုက်ခတ်လေသည်။ လွှမ်းမိုးခဲ့လေသည်။ ဤအချိန်ကာလ ပိုင်းတွင် ဖြစ်ပေါ်ရိုက်ခတ်နေသည့် (အထူးသဖြင့် ထားဝယ်နှင့် ထားဝယ်သမဂ္ဂအသင်းစည်ရှိရာ ရန်ကုန်)၏ အခြေအနေ အချို့ကိုလည်း အကျဉ်းချုံး၍ ဖော်ပြသင့်သည်ဟု ယူဆသဖြင့်၊ ခပ်ကျဉ်းကျဉ် ဖော်ပြထားပါသည်။

တချို့သော စာရင်းဇယားများ၊ မှတ်တမ်းများကိုလည်း နောက်ဆက်တွဲတွင် ထည့်သွင်း၍ ပူးတွဲဖော်ပြထား၏။ အသင်း၏ လှုပ်ရှားခဲ့သည့် လုပ်ငန်းဆောင်ရွက်ချက်များနှင့် ပတ်သတ်သည့် စာတိုပုံမှတ်တမ်း များကိုလည်းကောင်း၊ အသင်းမှ အတည်ပြုပြဋ္ဌာန်းပြီး အသုံးပြုခဲ့သည့် အသင်းတံဆိပ်များကိုလည်းကောင်း ဖော်ပြထားပေသည်။

အသင်းကိစ္စများအတွက် စွမ်းစွမ်းတမံ ဆောင်ရွက်လှုပ်ရှားခဲ့သည့် နာယကကြီးများ၊ ဥက္ကဋ္ဌကြီးများနှင့် အမှုဆောင်များ၊ အသင်းဝင်များနှင့် ပတ်သက်၍လည်း ဖော်ပြထားချက်များ ပါရှိသကဲ့သို့၊ ချွတ်ချော်၍ လစ်ဟင်း ကျန်ရစ်ခဲ့သည်များလည်း ရှိပေလိမ့်မည်။

ဤသို့ လစ်ဟင်းမေ့ကျန်မှု ရှိခဲ့ပါက၊ နောင်ပြုစုမည့် ထားဝယ်သမဂ္ဂသမိုင်းတွင် ထပ်မံဖြည့်စွက် ရေးသားနိုင်ရန်အတွက် သက်ဆိုင်ရာလက်ဆင့်ကမ်း၍ ဆောင်ရွက်သွားကြမည့် အမှုဆောင် လူကြီးများက၊ မှတ်တမ်းတင် ပြုစုထားကြပေလိမ့်မည်။

အသင်း၏ လှုပ်ရှားမှု၊ ဆောင်ရွက်လုပ်ကိုင်မှု အားလုံးကို ခြုံငုံသုံးသပ်၍ လေ့လာကြလျှင်၊ ကိုယ်ကျိုးမပါ၊ စေတနာသန့်သန့်ဖြင့်၊ အင်တိုက်အားကိုက် ဆောင်ရွက်ကြသည်ကို အများဆုံး တွေ့ကြရမည် ဖြစ်ပေသည်။ အသင်း၏ ရန်ပုံငွေကို ရွေတာမှု၊ ရန်ပုံငွေ ရရှိရေး

များအတွက် ကိုယ်ဖိရင်ဖိ ကြိုးပမ်းဆောင်ရွက်မှု စသည်များကိုလည်း တွေ့ရပေသည်။ အများအကျိုးအတွက် လူမှုရေး၊ ကယ်ဆယ်ရေး စသည်တို့ကို ဆောင်ရွက်ရာတွင်လည်း၊ အခြေအနေပေးသ၍၊ အကောင်းဆုံး ဖြစ်ရန်နှင့်၊ အကျိုးအများဆုံး ဖြစ်စေရန် ဆောင်ရွက်လုပ်ကိုင်ခဲ့ကြသည်ကိုလည်း တွေ့ရပေသည်။

အများနှင့် ဆောင်ရွက်ရသည့်၊ မည်သည့်အသင်းအဖွဲ့မျိုးမဆို၊ အားနည်းအားသာချက် ရှိမြဲဖြစ်၏။ ထားဝယ်သမဂ္ဂသည်လည်း ဤလောကခံတရားမှ ကင်းလွတ်သည်မရှိ။ (၁၉၇၀)ကျော် ကာလပိုင်းတွင်၊ စည်းရုံးရေး အခြေအနေ အားနည်းလာချိန်တွင်၊ အသင်းနာယကကြီးများကိုယ်တိုင် ဦးဆောင်၍၊ အဖွဲ့ဝင်များ၊ အသင်းဝင်များနှင့် တွေ့ဆုံညှိနှိုင်း၍လည်းကောင်း၊ ကိုယ်တိုင်ကိုယ်ကြ စည်းရုံးရေးဆင်း၍လည်းကောင်း၊ ဆောင်ရွက်ခဲ့ကြရာ၊ ထားဝယ် သမဂ္ဂကြီး ပြန်လည်အားကောင်း တောင့်တင်းလာခဲ့သည်ကို တွေ့ကြုံလာခဲ့ရသည်။

မတည်ရန်ပုံငွေများ အရေးပေါ် လိုအပ်လာသည့် အခါများတွင်လည်း၊ နာယကများ အပါအဝင် ဥက္ကဋ္ဌများလည်း နယ်ဆင်း၍ အထူးအဖြင့် ဒေသအရင်းခံဖြစ်သည့် ထားဝယ်မြို့သို့ဆင်း၍ ရန်ပုံငွေ ကောက်ခံဖြေရှင်း ပေးခဲ့ရသည်များကိုလည်း ကြိမ်ဖန်များစွာ တွေ့ခဲ့သည်။ ဤကိစ္စများမှာ ထားဝယ်သမဂ္ဂ တည်ထောင်စ ဦးထွန်းမြင့်၊ ဦးအေးတို့ လက်ထက်ကတည်းကပင် အသင်းအဆောက်အအုံ ရန်ပုံငွေအတွက် ထားဝယ်သို့သွားရောက်၍ အလှူငွေကောက်ခံခြင်းမှအစ၊ နောင်တွင်လည်း၊ အစဉ်အဆက်ဆက်၊ အဓိကရန်ပုံငွေများကို အရေးတကြီး လိုအပ်လာပါက၊ လူကြီးများကပင် ဦးဆောင်၍၊ အဆောက်အအုံ ရန်ပုံငွေကိစ္စ၊ ဖွဲ့ဖြိုးရေး၊ ပညာရေး ရန်ပုံငွေကိစ္စ၊ ကယ်ဆယ်ရေး ရန်ပုံငွေကိစ္စများ၌၊ ထားဝယ်ဒေသသို့၊ မိမိတို့စရိတ်နှင့် မိမိတို့ အကုန်အကျခံ သွားရောက်ကာ ရန်ပုံငွေရှာဖွေဖြည့်တင်း ပေးခဲ့ကြသည်ကို တွေ့ရသည်။ လူကြီးများ ကိုယ်တိုင်ကလည်း အင်တိုက်အားတိုက် ရန်ပုံငွေ ကိုယ်တိုင်ထည့်ဝင် ကူညီကြသည်ချည်း ဖြစ်လေသည်။

ထားဝယ်သမဂ္ဂသည် အမြင်ကျဉ်းသည့်၊ ဘောင်ကျဉ်းသည့်၊ ဒေသဆိုင်ရာ အဖွဲ့အစည်းတစ်ခုမဟုတ်။ ဒေသခွဲ၊ တစ်ခုတည်းကိုသာ ရှေ့တန်းတင်သည့် အသင်းအဖွဲ့မျိုးလည်း မဟုတ်ချေ။ နိုးစပ်ရာဒေသများနှင့်လည်း တစ်လုံးတစ်စည်းတည်း၊ ညီညွတ်စွာ ဆောင်ရွက်လုပ်ကိုင်လေ့ရှိသည်မှာ အတုယူဖွယ် ဖြစ်လေသည်။ အထူးသဖြင့် မြိတ်အသင်း၊

ပုလောအသင်း စသည်တို့နှင့်လည်းကောင်း၊ မော်လမြိုင်၊ ထားဝယ်အသင်းနှင့်လည်းကောင်း၊ ညီညီညွတ်ညွတ် လုပ်ကိုင်ဆောင်ရွက်လေ့ရှိသည့်အပြင် အခြားအသင်းအဖွဲ့များနှင့်လည်း အမြဲမပြတ် ပြေပြစ်အဆင်ပြေစွာ ဆက်ဆံဆောင်ရွက်မှုများလည်း ရှိခဲ့လေသည်။

တစ်ခုထူးခြားသည်မှာ ထားဝယ်သမဂ္ဂသည် လူမှုရေး ကူညီမှုကိစ္စများကို အဓိကရှေ့ထားဆောင်ရွက်လာခဲ့သည့် အသင်းအဖွဲ့တစ်ခုသာဖြစ်သည်။ နိုင်ငံရေးလှိုင်းဂယက် အလွန်ပြင်းထန်လှုပ်ရှား ရိုက်ခတ်လာသည့် အချိန်ကာလ ပိုင်းများ၌ပင်လျှင်၊ ထားဝယ်သမဂ္ဂအသင်းသည် အသင်းအဖွဲ့ တစ်ခုအနေဖြင့် နိုင်ငံရေးကိစ္စ၌ ပါဝင်ဆင်နွှဲခဲ့ခြင်း မရှိခဲ့ပေ။ သို့ရာတွင် ထားဝယ်သမဂ္ဂ၏ စည်းမျဉ်းအရ၊ ပုဂ္ဂိုလ်ရေးအရ၊ ပုဂ္ဂိုလ်တစ်ဦးချင်းအရကား၊ မိမိယုံကြည်ချက်အတိုင်း၊ မည်သည့်ကိစ္စတွင်မဆို ပါဝင်ဆောင်ရွက်နိုင်ခွင့်ရှိသည်။ ထားဝယ်သမဂ္ဂအနေဖြင့်မူ နိုင်ငံရေးလောင်းရိပ်၊ နိုင်ငံရေးလှိုင်းဂယက်ကို တတ်နိုင်သမျှ လွတ်ကင်းစွာ ဆောင်ရွက်တတ်သည့် သာဓက၊ အစဉ်အလာများ ထင်ရှားလှပေသည်။

ထားဝယ်သမဂ္ဂသမိုင်းသည် ဤတွင်နိဂုံးချုပ်ပြီ။ သို့ရာတွင် ပြီးပြတ်သွားလေပြီ။ နောက်ဆက်လုပ်ရန် ဆက်၍ ရေးသားရန် မလိုတော့ဟူ၍ကား မဟုတ်ပါ။ နောင်အသင်းဝင်များ၊ နောင်ထားဝယ်သမဂ္ဂကို ဦးဆောင်ကြမည့် လူများက ဆက်၍ဆက်၍၊ အစဉ်တစိုက် ပြုစုသွားရပေလိမ့်မည်။ ရေးသားဖြည့်စွက် သွားရပေမည်။

လစ်ဟင်းကျန်နေခဲ့သည့် ဟာကွက်၊ လိုအပ်ချက်များကို ကွက်လပ်ဖြည့်သွားရပေမည်။ နောင်လာလတ္တံ့သော ကာလများအတွက်လည်း ပို၍ပို၍ပြည့်စုံသော၊ တိကျသော၊ မှတ်တမ်းမှတ်ရာများ၊ နှစ်လည်အစီရင်ခံစာများ၊ စာရင်းဇယားများကို မပြတ်မလပ်၊ စေ့စေ့စပ်စပ် ဆက်လက်ပြုစုသွားရမည်သာ။ မှတ်တမ်းများကို ဆက်၍ ထိန်းသိမ်းသွားရမည်သာတည်း။

ကိုးကားစာအုပ်စာတမ်းများ

၁။ ရန်ကုန်ရာဇဝင် (ဦးသိမ်းမောင်)

၂။ ရန်ကုန်ရာဇဝင် (နဂါးဗိုလ်ထိပ်တင်ဒွေး)

၃။ သမိုင်းဝင် သူရိယ မြန်မာ့အလင်း၊ (မြန်မာ့အလင်းကြည်ညွန့်)

၄။ သုံးထောင်စံကိုယ်တွေ့ (ထားဝယ်ဦးကျော်မင်း၊ စာပေဗိမာန်)

၅။ ဂျူဗလီဟောမြင်ကွင်း။ (တိုက်စိုး)

၆။ ဗမာ့မော်ကွန်းမှတ်တိုင်များ (သတင်းဆရာတစ်ဦး) ခလုံဖူးစာစဉ်။

၇။ မြန်မာလွတ်လပ်ရေးကြိုးပမ်းမှု သုတေသနစာတမ်းများ၊ (နတ်မောက်ဘုန်းကျော်၊ စပါယ်ဦး စာပေဖြန့်ချိရေး ၁၉၇၅ အပြီး။)

၈။ နှစ် ၂၀၀၊ မြန်မာနိုင်ငံရေးသမိုင်း၊ အဘိဓာန်ဦးစိန်မြင့်၊ ပင်မရေစီးစာပေ ၁၉၆၉ မေလ။

၉။ ၁၉၅၈–၁၉၆၂ မြန်မာ့နိုင်ငံရေး၊ ပထမတွဲ ဦးစံငြိမ်းနှင့် ဒေါက်တာဒေါမြင့်ကြည်။ တက္ကသိုလ်ပုံနှိပ်တိုက် ၁၉၉၁ ဇွန်လ။

၁၀။ ၁၉၅၈–၁၉၆၂ မြန်မာ့နိုင်ငံရေး ဒုတိယတွဲ၊ ဒေါက်တာဒေါမြင့်ကြည်နှင့် ဒေါက်တာနော်အင်ဂျလင်း။ တက္ကသိုလ်များပုံနှိပ်တိုက် ၁၉၉၂ ဇွန်လ။

၁၁။ ၁၉၅၈–၆၂ မြန်မာနိုင်ငံရေး တတိယတွဲ။ ဦးကျော်ဝင်း၊ ဦးမြဟန်နှင့် ဦးသိန်းလှိုင်။ တက္ကသိုလ်များပုံနှိပ်တိုက် ၁၉၉၁ ဇွန်လ။

၁၂။ ၁၉၅၈–၆၂ မြန်မာ့နိုင်ငံရေး၊ စတုတ္ထတွဲ ဦးမြဟန်နှင့် ဦးသိန်းလှိုင်၊ တက္ကသိုလ်များပုံနှိပ်တိုက် ၁၉၉၁ ဇွန်လ။

၁၃။ ဆောင်းပါးပေါင်းချုပ်အတွဲ (၂၀) ပြန်ကြားရေးဝန်ကြီးဌာန၊ ၁၉၉၀ ဇွန်လ။

၁၄။ ဆောင်းပါးပေါင်းချုပ်အတွဲ (၂၇) ပြန်ကြားရေးဝန်ကြီးဌာန၊ ၁၉၉၀ နိုဝင်ဘာလ။
၁၅။ ပြည်မြန်မာ ၁၉၈၃၊ မြဝတီပုံနှိပ်တိုက်။ ၁၉၈၄။
၁၆။ ထားဝယ်သမဂ္ဂဖွဲ့စည်းပုံ စည်းမျဉ်းဥပဒေ။ ၁၉၃၆
ဂုဏ်း- ၁၉၅၁
ဂုဏ်း- ၁၉၈၄
၁၇။ ထားဝယ်ကူးသန်းရောင်းဝယ်ရေး လီမိတက်နှစ်(၄၀)ပြည့် စာစောင် ၁၉ (ထားဝယ်ကူးသန်းရောင်းဝယ်ရေး)
၁၈။ ထားဝယ်သမဂ္ဂအစည်းအဝေး မှတ်တမ်းစာအုပ်များ
၁၉။ ထားဝယ်သမဂ္ဂ၏ နှစ်လည်အစည်းအဝေးမှတ်တမ်းများနှင့် နှစ်ချုပ်အစီရင်ခံစာများ။
၂၀။ ထားဝယ်သမဂ္ဂစာဖိုင်တွဲများ။

ကိုးကားအင်္ဂလိပ်စာအုပ်များ

1. Imperial Gazetteer of india, Provincial Series, BURMA Vol.1
2. Tavoy District Gezeteer Vol.A
3. TaVoy District Gezeteer Vol.B
4. Ahmerst District Gezeteer Vol.A

ထားဝယ်သမဂ္ဂသမိုင်း

နောက်ဆက်တွဲများ

ထားဝယ်သမဂ္ဂ
၁၉၉၃-ခုနှစ်၊ စတုတ္ထအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူရန်
ထားဝယ်ဘုန်းတော်ကြီးကျောင်းများစာရင်း

စဉ်	ဘုန်းကြီးကျောင်းအမည်	မြို့နယ်
၁။	ပုညာရာမ	စမ်းချောင်း
၂။	ထားဝယ်	စမ်းချောင်း
၃။	ရွှေဘို	စမ်းချောင်း
၄။	သီရိသုခ	စမ်းချောင်း
၅။	ဓမ္မာဘယ	စမ်းချောင်း
၆။	ဇေယျသုခ	စမ်းချောင်း
၇။	ဂန္ဓာထူရ	စမ်းချောင်း
၈။	မေဃဝတီ	စမ်းချောင်း
၉။	ဦးသာသန	ဗဟန်း
၁၀။	ကံသာ	ဗဟန်း
၁၁။	ရွှေကျင်ကျောင်းသစ်	ဗဟန်း
၁၂။	ရွှေတိဂုံတနင်္ဂနွေဒေါင့်	ဗဟန်း
၁၃။	လောကမာန်အောင်	ဗဟန်း
၁၄။	စိတ္တသုခ	ဗဟန်း
၁၅။	အထက်ထားဝယ်ပိန္နဲကုန်း	မင်္ဂလာတောင်ညွန့်
၁၆	အောက်ထားဝယ်ပိန္နဲကုန်း	မင်္ဂလာတောင်ညွန့်
၁၇။	ပါဠိ	မင်္ဂလာတောင်ညွန့်
၁၈	အောင်သာဝတီ	မြောက်ဥက္ကလာပ
၁၉။	ကံပေါက်	မြောက်ဥက္ကလာပ

၂၀။	ဓမ္မသီတာ	မြောက်ဥက္ကလာပ
၂၁။	ဓမ္မူမင်္ဂလာ	သင်္ကန်းကျွန်း
၂၂။	ငါးကျမ်းပြန်	သင်္ကန်းကျွန်း
၂၃။	ခေမာသီဝံ	သင်္ကန်းကျွန်း
၂၄။	ကန့်ကော်မြိုင်သာသနာ့ရိပ်သာ	သင်္ကန်းကျွန်း
၂၅။	တံခွန်တိုင်	သာကေတ
၂၆။	ပသာဒံသီ	သာကေတ
၂၇။	ဓမ္မရံသီ	သာကေတ
၂၈။	သုခရိပ်သာ	မရမ်းကုန်း
၂၉။	ဝိဇယာရာမ	မရမ်းကုန်း
၃၀။	ဓမ္မူရတနာ	အလုံ
၃၁။	ဥက္ကလာမာန်အောင်	တာမွေ
၃၂။	သင်္ကန်းကျွန်းကြီး	မင်္ဂလာဒုံ
၃၃။	ပညာသုတ	အင်းစိန်(ကြို့ကုန်း)
၃၄။	ကျောက်တိုင်	ရွှေပြည်သာ

ထားဝယ်သမဂ္ဂ-ဖွဲ့ဖြိုးရေးရန်ပုံငွေ-သို့ထည့်ဝင်ကြသူများစာရင်းနှင့် ကောက်ခံရငွေ ပေါင်းစာရင်း

၁၉၈၄ ခု-ဧပြီလအတွင်း အောက်တွင်ဖော်ပြသော နာယကလူကြီးများနှင့် အဖွဲ့သည် ထားဝယ်မြို့သို့ မိမိတို့၏ စရိတ်ဖြင့် သွားရောက်ကာ ဖွဲ့ဖြိုးရေးရန်ပုံငွေ၊ ငွေပေးသာပင်အတွက် အလှူရှင်များကို ရှာဖွေပြီး အလှူငွေများကို ကောက်ခံခဲ့ကြလေသည်။

၁။ ဦးဗဆွေ(နာယက) ၂။ ဦးထွန်းအေး(နာယက) ၃။ ဦးကြီးဝေ
၄။ ဦးဘမောင် ၅။ ဦးဝေအေး ၆။ ဦးငွေလှိုင်

ထားဝယ်သမဂ္ဂဖွဲ့ဖြိုးရေးငွေပဒေသာပင်သို့ထည့်ဝင်သောအလှူရှင်များ

၁။	ဦးကြည်လင်	၅၀၀၀-ကျပ်
၂။	ဒေါ်ငွေတင်	၁၀၀၀၀-ကျပ်
၃။	ဒေါ်သန်း(ဂဏန်းဆေးပေါ်လိပ်)	၈၀၀၀-ကျပ်
၄။	ဦးစိန်ဝက်	၃၀၀၀-ကျပ်
၅။	ဦးဘသန်းကြည်(ရွှေငါး)	၃၀၀၀-ကျပ်
၆။	ဦးစောလှ-ဒေါ်စိန်တင်	၃၀၀၀-ကျပ်
၇။	ဒေါ်ထွန်းမေ မိသားစု	၂၀၀၀-ကျပ်
၈။	ဦးအေးမောင်-ဒေါ်လှရွှေ	၁၀၀၀-ကျပ်
၉။	ဦးထွန်းလှိုင်-ဒေါ်ပဲလေး သားသမီးမြေးများ	၁၀၀၀၀-ကျပ်
၁၀။	ကြားမော်တော်ယာဉ်အသင်း	၁၀၀၀-ကျပ်
၁၁။	ဦးရွှေလုံ(ကျောက်ဆူး)	၁၀၀၀-ကျပ်
၁၂။	ဦးရန်လင်း-ဒေါ်စွမ်တီ	၂၀၀၀-ကျပ်
၁၃။	ဦးဘွန်ကြက်နှင့်ညီမများ	၁၀၀၀-ကျပ်
၁၄။	ဒေါ်လှခင် မိသားစု	၁၀၀၀-ကျပ်
၁၅။	ဦးတာလိုက်-ဒေါ်စိန်	၂၀၀၀-ကျပ်
၁၆။	ဦးမြတ်စိန်-ဒေါ်ရှုကင်း	၁၀၀၀-ကျပ်
၁၇။	ဦးဖေမောင်-ဒေါ်စောမြ	၂၀၀၀-ကျပ်
၁၈။	ဦးသင်းဟန်-ဒေါ်သိန်းညွှန့်	၁၀၀၀-ကျပ်
၁၉။	ဦးအောင်ညွှန့်-ဒေါ်ထွားရီ (အောင်လံတော်)	၁၀၀၀-ကျပ်
၂၀။	ဦးဝွမ် စိန်-ဒေါ်သောင်းညွှန့်	၂၀၀၀-ကျပ်
၂၁။	ဦးမောင်လွင်-ဒေါ်တင်လှ	၁၀၀၀-ကျပ်
၂၂။	ဦးတင်ရွှေ-ဒေါ်မြသန်း	၅၀၀-ကျပ်
၂၃။	ဦးသန်းမြင့်-ဒေါ်စန်းရီ	၁၀၀၀-ကျပ်

၂၄။	ဦးဘိန်ကြည်-ဒေါသောင်းစိန်	၁၀၀၀-ကျပ်
၂၅။	ဦးကျော်ဝင်း-ဒေါခင်မမလေး	၁၀၀၀-ကျပ်
၂၆။	ဦးခင်မောင်-ဒေါခင်အေး	၁၀၀၀-ကျပ်
၂၇။	ဦးတင်လေး-ဒေါလှသိန်း	၁၀၀၀-ကျပ်
၂၈။	ဦးတတ်ချူး-ဒေါလှမြင့်	၁၅၀၀-ကျပ်
၂၉။	ထားဝယ်သံတုံတားကုန်တင်ကုန်ချ	၁၀၀၀-ကျပ်
၃၀။	ဦးဗရွေ-ဒေါအုန်းမြ	၅၀၀-ကျပ်
၃၁။	ဒေါခင်ရွေ	၃၀၀-ကျပ်
၃၂။	ဦးသန်းရွေ-ဒေါခင်ဝင်း	၁၀၀၀-ကျပ်
၃၃။	ဦးအစ်စွမ်-ဒေါစွမ်း	၅၀၀-ကျပ်
၃၄။	ဦးဘစိန်-ဒေါခင်သန်း	၅၀၀-ကျပ်
၃၅။	ဦးအချိုင်း-ဒေါရွေ	၃၀၀၀-ကျပ်
၃၆။	ဦးကြိုင်-ဒေါကာဌေး	၃၀၀၀-ကျပ်
၃၇။	ဦးဦးကြည်-ဒေါကြင်ပေါ	၃၀၀၀-ကျပ်
၃၈။	ဦးဘွန်အိန်-ဒေါငွေကြည်	၁၀၀၀-ကျပ်
၃၉။	ဒေါခင်မြနှင့်ညီမများ	၂၀၀၀-ကျပ်
၄၀။	ဦးရန်ရှင်း-ဒေါဂင်စိန်	၁၀၀၀-ကျပ်
၄၁။	ဦးလှရိန်-ဒေါခင်သိန်း	၃၀၀၀-ကျပ်
၄၂။	ဦးဖုန်းမြင့်-ဒေါကြင်တွမ်	၃၀၀၀-ကျပ်
၄၃။	ဦးယုကြည်-ဒေါကြင်လွမ်	၂၀၀၀-ကျပ်
၄၄။	ဗိုလ်မှူးကြီးဖေအောင်-ဒေါခင်ကြည်	၁၀၀၀-ကျပ်
၄၅။	ဦးဘာလေ-ဒေါမိမိလှ	၂၀၀၀-ကျပ်
၄၆။	ဗိုလ်မှူးကြီးမျိုးအောင်-ဒေါဝါဝါ	၁၀၀၀-ကျပ်
၄၇။	ဦးကျော်တင့်-ဒေါမေခင်ရီ	၁၀၀၀-ကျပ်
၄၈။	ဦးကြင်ထွေး-ဒေါအုန်းကြင်	၁၀၀၀-ကျပ်
၄၉။	ဦးခင်ဝင်း-ဒေါစိန်ကြည်	၃၀၀၀-ကျပ်
၅၀။	ဦးကျော်သိမ်း(မိသားစုစက်မှုလက်မှု)	၃၀၀၀-ကျပ်

၅၁။	ဦးအောင်သိမ်း-ဒေါ်ခင်ကြည်	၁၀၀၀-ကျပ်
၅၂။	ဦးစောရိန်-ဒေါ်ချိုချိုလွင်	၁၀၀၀-ကျပ်
၅၃။	ဦးစစ်စွမ်-ဒေါ်ခင်ကြည်	၂၀၀၀-ကျပ်
၅၄။	ဦးဘွန်ကြည်-ဒေါ်သောင်းကြယ်	၅၀၀-ကျပ်
၅၅။	ဦးရီကျင်း-ဒေါ်လှလှတင်	၁၀၀၀-ကျပ်
၅၆။	ဒေါ်ညွှန့် မိသားစု	၁၀၀၀-ကျပ်
၅၇။	ဒေါ်စောမြ(ဆင်ပုနစ်)	၁၀၀၀-ကျပ်
၅၈။	ဦးထွန်းအေး(မောင်းမကန်)	၂၀၀၀-ကျပ်
၅၉။	ဦးသန်းလှ-ဒေါ်လှမြင့်	၁၅၀၀-ကျပ်
၆၀။	ဦးထွန်းကြွယ်-ဒေါ်သန်းစိန်(မောင်းမကန်)	၅၀၀-ကျပ်

၆၁။	ဦးဟန်စိန် မိသားစု(တလိုင်းမ)	၁၀၀၀-ကျပ်
၆၂။	ဦးရန်လင်း(ရာဘာလုပ်ငန်း)	၁၀၀၀-ကျပ်
၆၃။	ဦးမြင့်သိန်းမိသားစု(အာဇာနည်လမ်း)	၅၀၀-ကျပ်
၆၄။	ဦးဘဘမိသားစု(ပိန္နဲတောရပ်)	၅၀၀-ကျပ်
၆၅။	ပဒေသာစားသောက်ဆိုင်(ဗိုလ်ချုပ်လမ်း)	၂၀၀၀-ကျပ်
၆၆။	ဦးကြီးခင်-ဒေါ်စန်းမွေး	၅၀၀-ကျပ်
၆၇။	ဦးဖေညွှန့်(ကုန်သည်)	၅၀၀-ကျပ်
၆၈။	ဦးစစ်ငွေ-ဒေါ်အင်ကြည်	၅၀၀-ကျပ်
၆၉။	ဦးမြသိန်း-ဒေါ်တင်ကြည်	၅၀၀-ကျပ်
၇၀။	ဦးရန်ရှိန်-ဒေါ်သောင်းညွှန့် ဦးဟိုဝါ-ဒေါ်ခင်ပို	၅၀၀-ကျပ်
၇၁။	ဦးဘစွမ်-ဒေါ်ပိုအေး	၅၀၀-ကျပ်
၇၂။	ဦးအောင်စိုး-ဒေါ်အုန်းကြည်	၅၀၀-ကျပ်
၇၃။	ဦးဖေသိန်း-ဒေါ်ကြည်လှ	၅၀၀-ကျပ်
၇၄။	ဦးတင်လေး-ဒေါ်ငွေးရီ(အာဇာနည်လမ်း)	၅၀၀-ကျပ်
၇၅။	ဦးအောင်ဝင်း-ဒေါ်ငွေး	၁၀၀၀-ကျပ်

၇၆။	ဦးဟန်ချီ-ဒေါ်ငွေသိန်း	၅၀၀-ကျပ်
၇၇။	ဦးထိန်ဝင်း-ဒေါ်တင်ထွေးမူ	၃၀၀-ကျပ်
၇၈။	ဦးလှကြွယ်-ဒေါ်ခင်ကြည် (မြိတ်တည်းခိုရိပ်သာ)	၃၀၀၀-ကျပ်
၈၀။	ဦးလွိုင်တင်	၅၀၀-ကျပ်
၈၁။	ဦးပါလေး	၅၀၀-ကျပ်

မော်လမြိုင်မြို့ရှိ ထားဝယ်အသင်း (၂၁-၃-၈၂)ရက်နေ့တွင် ကျင်းပသော နှစ်ပတ်လည် အစည်းအဝေးသို့ ဥက္ကဋ္ဌနှင့် စာရင်းစစ်ကိုယ်စားလှယ်အဖြစ် ရန်ကုန်မှသွား၍ တက်ရောက်ခဲ့လေသည်။

ထားဝယ်သမဂ္ဂကြီးအတွက် ထားဝယ်မြို့မှအမြဲတန်း ကိုယ်စားလှယ်(၅)ဦးကို အောက်ပါအတိုင်း ခန့်ထားခဲ့လေသည်။

၁၉၆၁-ခုနှစ် အတွက် ကိုယ်စားလှယ်များ

၁။ ဦးငွေလွိုင် ၂။ ဦးသိန်းမောင် ၃။ ဦးလှကြွယ်
၄။ ဦးထွန်းတင် ၅။ ဦးချစ်ထွန်း

၁၉၆၂-ခုနှစ် အတွက် ကိုယ်စားလှယ်များ

၁။ ဦးငွေလွိုင် ၂။ ဦးချစ်ထွန်း ၃။ ဦးအုန်းမြင့်

၁၉၆၃/၆၄-ခုနှစ် အတွက် ကိုယ်စားလှယ်များ

၁။ ဦးငွေလွိုင် ၂။ ဦးချစ်ထွန်း ၃။ ဦးအုန်းမြင့်
၄။ ဦးချိုင်

၁၉၆၅/၆၆-ခုနှစ် အတွက် ကိုယ်စားလှယ်များ

၁။ ဦးဘရွှေ(ဥက္ကဋ္ဌ)	၂။ ဦးအုန်းမြင့်(အတွင်းရေးမှူး)	၃။ ဦးချိုဝိုင်
၄။ ဦးဘအေး	၅။ ဦးငွေလှိုင်	၆။ ဦးတတ်ချူး
၇။ ဒေါ်အောင်မေ	၈။ ဦးချစ်ထွန်း	၉။ ဦးဂွမ်စိန်
၁၀။ ဦးအောင်ညွှန့်(အောင်လံတော်)	၁၁။ ဦးသန်းမြင့်	

၁၉၆၇-ခုနှစ် အတွက် ကိုယ်စားလှယ်များ

၁။ ဦးကျော်ဝင်း (ဥက္ကဋ္ဌ)	၂။ ဦးအုန်းမြင့် (အတွင်းရေးမှူး)	၃။ ဦးချစ်ထွန်း (အဖွဲ့ဝင်)	၄။ ဦးတတ်ချူး (အဖွဲ့ဝင်)
၅။ ဦးသန်းမြင့် (အဖွဲ့ဝင်)	၆။ ဦးဘခွေး (အဖွဲ့ဝင်)	၇။ ဦးကျင်လှ (အဖွဲ့ဝင်)	၈။ ဒေါ်အောင်မေကြည် (အဖွဲ့ဝင်)
၉။ ဦးငွေလှိုင် (အဖွဲ့ဝင်)			

မော်လမြိုင်မြို့ရှိ ထားဝယ်သူထားဝယ်သားများသည် ယခင်ဖွဲ့စည်းထားခဲ့သော ထားဝယ်သမဂ္ဂအသင်းကို ပြန်လည်မွမ်းမံ ဖွဲ့စည်းရန် လိုအပ်လာပါသဖြင့် ရန်ကုန်၊ ထားဝယ်သမဂ္ဂအသင်းကို ဖိတ်ကြားလာသောကြောင့် ဒု- ဥက္ကဋ္ဌ(၂)ဦးနှင့် စည်းရုံးရေးအဖွဲ့ ဥက္ကဋ္ဌ(၁)ဦးတို့သည် (၂၇-၁၂-၈၇)နေ့တွင် ကျင်းပသည့် အသင်းပြန်လည်ဖွဲ့ စည်းရေးအစည်းအဝေးသို့ တက်ရောက်ပြီး အသင်းပြန်လည် ဖွဲ့စည်းနိုင်ရေးအတွက် ကူညီခဲ့ပေသည်။

ပြန်လည်ဖွဲ့စည်းသော အသင်းအမှုဆောင်များမှာ-

၁။ ဦးတင်လှ	ဥက္ကဋ္ဌ	၂။ ဒေါက်တာစန်းရှိန်	ဒုဥက္ကဋ္ဌ
၃။ ဒေါ်သန်းသန်းတင်	ဒုဥက္ကဋ္ဌ	၄။ ဦးကြည်ဝင်း	အတွင်းရေးမှူး
၅။ ဦးသိန်းမြင့်	တွဲဘက်/မှူး (၁)	၆။ ဦးသိန်းထိုက်	တွဲဘက်/မှူး (၂)

၇။ ဒေါ်နွယ်နွယ်အောင် ဘဏ္ဍာရေးမှူး ၈။ ဦးခင်ကြွေ အမှုဆောင်
၉။ ဦးထွန်းရှိန်- အမှုဆောင် ၁၀။ ဦးကံဝင်း- အမှုဆောင်
၁၁။ ဦးဘရှီ - အမှုဆောင် ၁၂။ ဒေါက်တာသန့်ဇင်- အမှုဆောင်
၁၃။ ဦးစိုးတင် - အမှုဆောင် ၁၄။ ဦးလှကြည်- စာရင်းစစ်
၁၅။ ဦးလှမောင်- စာရင်းစစ်

ထိုအသင်းသည် ထားဝယ်သမဂ္ဂအသင်းကြီးနှင့် ဆက်သွယ်ဆောင်ရွက်ခြင်းများ ရှိသော်လည်း သီးခြားအသင်း ဖြစ်ပါသည်။

●

* နှစ်ပတ်လည်မဆည်းအဝေးအစီရင်ခံစာများ။

ထားဝယ်အသင်း(မော်လမြိုင်မြို့)

အဆိုပါအသင်းသည် **ပြည်ထဲရေးနှင့်** သာသနာရေးဝန်ကြီးဌာနတွင် မှတ်ပုံတင်ထားပြီးသည့်အတိုင်း (၂၁- ၅-၈၉)**ရက်နေ့တွင်**' နှစ်ပတ်လည်အစည်းအဝေး ကျင်းပလျက် အောက်ဖော်ပြပါ အမှုဆောင်**သစ်များဖြင့် ဖွဲ့**စည်း ထားကြောင်း (၂၇-၈-၈၉)ရက်နေ့တွင် အကြောင်းကြားခဲ့လေသည်။

၁။ ဦးလှတင် **ဥက္ကဋ္ဌ** ၂။ ဒေါက်တာစန်းရှိန် ဒု-ဥက္ကဋ္ဌ
၃။ ဦးစုစိုင် **ဒု-ဥက္ကဋ္ဌ** ၄။ ဦးစိုးတင့် အကျင်းရေးမှူး
၅။ ဦးသိန်းမြင့် **တွဲဘက်/မှူး(၁)** ၆။ ဦးဘရှိန် တွဲဘက်/မှူး(၂)
၇။ ဒေါ်နွယ်နွယ်အောင် ဘဏ္ဍာရေးမှူး ၈။ ဒေါ်တင်တင်သန်း စာရင်းစစ်
၉။ ဦးကြည်ဝင်း အဖွဲ့ဝင် ၁၀။ ဦးခန့်မြင့် အဖွဲ့ဝင်
၁၁။ ဦးခင်မောင်ကျော် အဖွဲ့ဝင် ၁၂။ ဦးစစ်ကြည် အဖွဲ့ဝင်
၁၃။ ဦးသောင်းထွန်း အဖွဲ့ဝင် ၁၄။ ဦးခင်ကြွေ အဖွဲ့ဝင်
၁၅။ ဦးမင်းဇင် အဖွဲ့ဝင်

ထားဝယ်ဒေသစည်းရုံးရေးအဖွဲ့ (၁၉၆၈-ခုနှစ်)

၁။ ဦးချုံမိုင်　　၂။ ဦးငွေလှိုင်　　၃။ ဦးချစ်ထွန်း
၄။ ဦးဘရွေး　　၅။ ဦးသန်းမြင့်　　၆။ ဒေါ်အောင်မေ

ထားဝယ်သမဂ္ဂအသင်း၏နာယကကြီးများ

စဉ်	အမည်	တာဝန်ထမ်းဆောင်ခဲ့သည့်ကာလအပိုင်းအခြား
၁။	ဦးလူကြီး	၁၉၇၁ မှ ၁၉၇၃ အထိ
၂။	ဦးဖေလှိုင်	၇၁ မှ ၇၃။ ၁၉၇၇ မှ ၁၉၇၈ အထိ
၃။	ဦးလှဒင်	၇၁ မှ ၇၃။ ၇၇ မှ ၈၄ အထိ
၄။	ဦးဘအေး	၇၂ မှ ၇၃။
၅။	ဦးကြီးဖေ	၇၁ မှ ၇၃။ ၈၉ မှ ၉၁ အထိ
၆။	ဦးစောရွှေ	၇၆ မှ ၇၈။ ၈၀ မှ ၈၄ အထိ
၇။	ဦးထွန်းအေး	၇၆ မှ ၇၈။ ၈၁ မှ ၉၃အထိ။
၈။	ဦးဘလှ	၇၆ မှ ၇၈။ ၈၀ မှ ၉၃အထိ။
၉။	ဦးကြူစိန်	၇၇ မှ ၉၁ အထိ။
၁၀။	ဦးတင်ထွန်း	၇၇ မှ ၇၈။ ၈၀ မှ ၈၁။ ၈၆ မှ ၉၃။
၁၁။	ဦးစိန်ဝင်း	၇၉ မှ ၉၃ အထိ။
၁၂။	ဦးသိန်း	၇၉ မှ ၈၃။
၁၃။	ဦးဗဆွေ	၈၁ မှ ၈၈။
၁၄။	ဦးဘကျော်	၈၁ မှ ၉၀ အထိ။
၁၅။	ဦးကြည်မွန်	၈၁ မှ ၈၇။
၁၆။	ဦးကျော်လင်း	၈၇ မှ ၉၃။
၁၇။	ဦးသိန်းဟင်	၉၀ မှ ၉၂။
၁၈။	ဦးဘမောင်	၁၉၉၁ မှ ၉၃။

အသင်းစတင်သည်မှ ၁၉၉၂ ခုနှစ်အထိ၊ အလုပ်အမှုဆောင်များ၏
တာဝန်နှင့်တာဝန်ထမ်းဆောင်သည့် ကာလအပိုင်းအခြားဖေါ်ပြခြင်း

စဉ်	အမည်	တာဝန်	တာဝန်ထမ်းဆောင်သည့်ကာလ အပိုင်းအခြား
၁။	ဦးထွန်းမြိုင်	ဥက္ကဋ္ဌ	၁၉၂၁ မှ ၁၉၃၁ ထိ
၂။	ဦးမောင်မောင်	။	၁၉၃၆ မှ ၁၉၆၄ ထိ
၃။	ဦးတင်	။	၁၉၆၄ မှ ၁၉၇၁ ထိ
၄။	ဦးတင်ထွန်း	။	၁၉၇၁ မှ ၁၉၇၅ ထိ။ ၁၉၈၁ မှ ၁၉၈၃ အထိ။
၅။	ဦးကြီးဖေ	။	၁၉၇၅ မှ ၁၉၇၇ ထိ။ ၁၉၈၄ မှ ၁၉၈၈ အထိ။
၆။	ဦးစံလွင်	။	၁၉၇၇ မှ ၁၉၈၀ ထိ။
၇။	ဦးဘကျော့	။	၁၉၈၀ မှ ၁၉၈၁ ထိ။
၈။	ဦးဘမောင်	။	၁၉၈၈ မှ ၁၉၉၁ ထိ။
၉။	ဦးလှကျော်	။	၁၉၉၁ မှ ၁၉၉၂ ထိ။
၁၀။	ဦးသန်းနိုင်	။	၁၉၉၂ မှ ၁၉၉၃ ထိ။
၁။	ဦးအေး	ဒု-ဥက္ကဋ္ဌ	၁၉၃၂ မှ ၁၉၃၆
၂။	ဦးဘကြာ	။	၁၄ မှ ၁၆
၃။	ဦးတင်	။	၁၆ မှ ၁၉
၄။	ဦးဘစိန်	။	၁၆ မှ ၁၈
၅။	ဦးကျော်လင်း	။	၇၀ မှ ၇၄
၆။	ဦးဖေမြင့်	။	၇၃ မှ ၇၈
၇။	ဦးဘအေး	။	၇၆ မှ ၇၇
၈။	ဦးရန်ကင်း	။	၇၇ မှ ၇၈

၉။	ဦးကျော်တင့်	။	၇၉ မှ ၈၀
၁၀။	ဦးဘကျော့	။	၇၉ မှ ၈၀
၁၁။	ဦးသိန်းတင်	။	၈၀ မှ ၈၆
၁၂။	ဦးကြီးလေ	။	၈၁ မှ ၈၃

၁၃။	ဦးကျော်လင်း	။	၈၄ မှ ၈၇
၁၄။	ဦးလှကျော်	။	၈၆ မှ ၉၁
၁၅။	ဦးဘမောင်	။	၈၇ မှ ၈၈
၁၆။	ဦးရန်ရှင်း	။	၈၉ မှ ၉၀
၁၇။	ဦးကျော်ဒင်	။	၉၀ မှ ၉၃
၁၈။	ဦးစံမြင့်	။	၉၁ မှ ၉၃
၁၉။	ဦးအောင်ညွှန့်	။	၉၂ မှ ၉၃

စဉ်	အမည်	တာဝန်	တာဝန်ထမ်းဆောင်သောကာလ အပိုင်းအခြား။
၁။	ဦးစိန်လှိုင်	အတွင်းရေးမှူး	၁၉၂၁ မှ ၁၉၃၇
၂။	ဦးအေးကြွယ်	။	၁၉၂၁ မှ ၁၉၆၄
၃။	ဦးဖေလှိုင်	။	၁၉၂၁ မှ ၁၉၆၄
၄။	ဦးလူကြီး(၂)	။	၁၉၃၇ မှ ၁၉၆၄
၅။	ဦးကျော်လင်း	။	၁၉၃၇ မှ ၁၉၆၄
၆။	ဦးထွာစိုင်	။	၁၉၇၃ မှ ၁၉၇၄
၇။	ဦးကျော်သိန်း	။	၁၉၇၅ မှ ၁၉၇၇
၈။	ဦးစောမောင်	။	၁၉၃၇ မှ ၁၉၇၂။ ၁၉၇၇ မှ ၁၉၈၀
၉။	ဦးသိန်းဟန်	။	၁၉၈၀ မှ ၁၉၈၁
၁၀။	ဦးထွာစိုင်	။	၁၉၈၀ မှ ၁၉၈၁
၁၁။	ဦးကျော်ဆန်း	။	၁၉၈၁ မှ ၁၉၈၅။ ၁၉၈၆ မှ ၁၉၈၈

၁၂။	ဦးဖေအေး	။	၁၉၇၂ မှ ၁၉၇၅။ ၁၉၈၈ မှ ၁၉၉၀
၁၃။	ဦးကျော်မြင့်ဦး	။	၁၉၉၀ မှ ၁၉၉၁
၁၄။	ဦးသန်းနိုင်	။	၁၉၉၁ မှ ၁၉၉၂
၁၅။	ဦးအောင်သိန်း	။	၁၉၉၂ မှ ၁၉၉၃

၁။	ဦးချစ်ထွန်း	တွဲဘက်အတွင်းရေးမှူး	၁၉၃၄ မှ ၁၉၅၁
၂။	ဦးဘကြီး	။	၁၉၅၄ မှ ၁၉၅၅
၃။	ဦးထွန်းဘိန်	။	၁၉၅၆ မှ ၁၉၆၀
၄။	ဦးမောင်မောင်သိန်း	။	၁၉၇၂ မှ ၁၉၇၃။ ၁၉၇၄ မှ ၁၉၇၇။၁၉၈၅ မှ ၁၉၉၀
၅။	ဦးမြင့်ဝေ	။	၁၉၇၂ မှ ၁၉၇၄
၆။	ဦးချစ်လှိုင်	။	၁၉၇၃ မှ ၁၉၇၄
၇။	ဦးခင်လှိုင်	။	၁၉၇၆ မှ ၁၉၇၇
၈။	ဦးဖေအေး	။	၁၉၇၇ မှ ၁၉၇၈။ ၁၉၈၄ မှ၁၉၈၈
၉။	ဦးထွာစိုင်	။	၁၉၇၇ မှ ၁၉၇၈
၁၀။	ဦးသိန်းဟန်	။	၁၉၇၉ မှ ၁၉၈၀

၁၁။	ဦးရန်ကင်း	။	၁၉၇၉ မှ ၁၉၈၀
၁၂။	ဦးလေးတင်	။	၁၉၈၀ မှ ၁၉၈၁
၁၃။	ဦးမောင်မောင်	။	၁၉၈၁ မှ ၁၉၈၄
၁၄။	ဦးထွာစိုင်	။	၁၉၈၁ မှ ၁၉၈၃
၁၅။	ဦးကျော်သိန်း	။	၁၉၈၄ မှ ၁၉၈၅
၁၆။	ဦးကျော်မြင့်ဦး	။	၁၉၈၈ မှ ၁၉၉၀
၁၇။	ဦးအောင်သိမ်း	။	၁၉၉၀ မှ ၁၉၉၂
၁၈။	ဦးသိမ်းဝင်း	။	၁၉၉၀ မှ ၁၉၉၃
၁၉။	ဦးဘကြည်	။	၁၉၉၂ မှ ၁၉၉၃

စဉ်	အမည်	တာဝန်	တာဝန်ထမ်းဆောင်သည့်ကာလ အပိုင်းအခြား
၁။	ဦးကြီးသွင်	ဘဏ္ဍာရေးမှူး	၁၉၁၄ မှ ၁၉၁၅။ ၁၉၁၇ မှ ၁၉၁၈
၂။	ဦးလူကြီး–၁	။	၁၉၁၅ မှ ၁၉၁၇။
၃။	ဦးဘမောင်	။	၁၉၇၆ မှ ၁၉၇၇။ ၁၉၈၁ မှ ၁၉၈၇
၄။	ဦးကြီးဖေ	။	၁၉၇၇ မှ ၁၉၇၈
၅။	ဦးစံဝက်	။	၁၉၇၉ မှ ၁၉၈၁
၆။	ဒေါ်စိန်ကြည်	။	၁၉၈၀ မှ ၁၉၈၁
၇။	ဦးကျော်သိန်း	။	၁၉၈၇ မှ ၁၉၈၈
၈။	ဦးကျော်ဒင်	။	၁၉၈၈ မှ ၁၉၉၀
၉။	ဒေါ်ခင်မူ	။	၁၉၉၀ မှ ၁၉၉၃
၁။	ဦးဘချစ်	စာရင်းစစ်	၁၉၁၄ မှ ၁၉၁၅။ ၁၉၁၇ မှ ၁၉၁၇
၂။	ဦးလှဒင်	။	၁၉၁၄ မှ ၁၉၁၅
၃။	ဦးသာဟန်	။	၁၉၁၆ မှ ၁၉၁၇။ ၁၉၇၃ မှ ၁၉၇၄။ ၁၉၇၇ မှ ၁၉၇၉။
၄။	ဦးချစ်ထွန်း	။	၁၉၁၇ မှ ၁၉၁၈
၅။	ဦးအေးသွင်	။	၁၉၁၇ မှ ၁၉၁၈
၆။	ဦးကြီးညွန့်	။	၁၉၁၈ မှ ၁၉၆၀
၇။	ဦးစောမောင်	။	၁၉၇၁ မှ ၁၉၇၂
၈။	ဦးတင်ထွန်း	။	၁၉၇၇ မှ ၁၉၈၀
၉။	ဦးဘိုး	။	၁၉၇၁ မှ ၁၉၇၄။ ၁၉၈၀ မှ ၁၉၈၃
၁၀။	ဦးလှအောင်	။	၁၉၇၉ မှ ၁၉၈၀
၁၁။	ဦးဖေအေး	။	၁၉၈၁ မှ ၁၉၈၄။ ၁၉၉၀ မှ ၁၉၉၁
၁၂။	ဦးမြင့်ဝေ	။	၁၉၈၄ မှ ၁၉၈၆
၁၃။	ဦးမောင်မောင်	။	၁၉၈၄ မှ ၁၉၈၅

၁၄။	ဦးကြီးမြင့်	။	၁၉၈၅ မှ ၁၉၈၈
၁၅။	ဦးဘစိုးချစ်	။	၁၉၈၆ မှ ၁၉၈၇။ ၁၉၉၀ မှ ၁၉၉၁
၁၆။	ဦးဝတင်	။	၁၉၈၇ မှ ၁၉၈၈
၁၇။	ဦးခင်သိန်း	။	၁၉၈၈ မှ ၁၉၉၀
၁၈။	ဦးအေးကင်	။	၁၉၈၈ မှ ၁၉၉၀
၁၉။	ဦးလှအောင်	။	၁၉၉၁ မှ ၁၉၉၃
၂၀။	ဒေါ်မိမိလှတင်	။	၁၉၉၁ မှ ၁၉၉၂
၂၁။	ဦးအောင်ထူး	။	၁၉၉၂ မှ ၁၉၉၃

အသင်းဥက္ကဋ္ဌတာဝန်ထမ်းဆောင်ခဲ့သော အမှုဆောင်များနှင့် ကာလအပိုင်းအခြား

စဉ်	အမည်	တာဝန်	တာဝန်ထမ်းဆောင်သည့်ကာလ အပိုင်းအခြား
၁။	ဦးမောင်မောင်	အမှုဆောင်	၁၉၃၂ မှ ၁၉၃၅
၂။	ဦးအေး	။	၁၉၃၂ မှ ၁၉၃၅
၃။	ဦးလူကြီး-၂	။	၁၉၃၄ မှ ၁၉၅၀
၄။	ဦးဖိုးသစ် (ရွှေတိဂုံ)	။	၁၉၃၅ မှ ၁၉၃၇
၅။	ဦးကေါလှိုင်	။	၁၉၃၂ မှ ၁၉၃၅
၆။	မစ္စတာအာတိတ်	။	၁၉၃၂
၇။	ကေထွန်းဘိန်	။	၁၉၃၂ မှ ၁၉၅၆
၈။	ဦးစိန်လှိုင်	။	၁၉၃၂ မှ ၁၉၃၅
၉။	ဦးကိုကိုကြီး	။	၁၉၃၂ မှ ၁၉၃၅
၁၀။	ဦးကြီးသွင်	။	၁၉၃၂ မှ ၁၉၅၈
၁၁။	ဦးမောင်ဟန်	။	၁၉၃၂ မှ ၁၉၃၃
၁၂။	ကေ-မောင်ကလေး	။	၁၉၃၂ မှ ၁၉၃၄
၁၃။	ဦးကြီးညွန့်	။	၁၉၃၂ မှ ၁၉၅၈
၁၄။	ကေစူကိတ်	။	၁၉၃၂ မှ ၁၉၃၉
၁၅။	ဦးဖေသစ်	။	၁၉၃၂ မှ ၁၉၄၆

၁၆။	ကေစူဟန်	။	၁၉၃၂ မှ ၁၉၃၉
၁၇။	ဦးဘတင်	။	၁၉၃၂
၁၈။	ဦးဖေလှိုင်	။	၁၉၃၂ မှ ၁၉၃၆။ ၁၄ မှ ၁၆။ ၁၇ မှ ၁၈
၁၉။	မစ္စတာအီစင်	။	၁၉၃၃ မှ ၁၉၃၅
၂၀။	ဦးစုသား	။	၁၉၃၃ မှ ၁၉၃၉
၂၁။	ဦးသာလှိုင်	။	၁၉၃၃ မှ ၁၉၃၇
၂၂။	ဦးဖိုးသီး	။	၁၉၃၅ မှ ၁၉၃၉
၂၃။	ဦးထူးရွှေ	။	၁၉၃၅ မှ ၁၉၃၉
၂၄။	ဦးလူကြီး(၁)	။	၁၉၃၅ မှ ၁၉၅၆
၂၅။	ဦးဝွမ်းလှိုင်	။	၁၉၃၅ မှ ၁၉၅၉
၂၆။	ဦးဖိုးမျော်	။	၁၉၃၆ မှ ၁၉၃၇
၂၇။	ကေဘဝွမ်	။	၁၉၃၆ မှ ၁၉၃၈
၂၈။	အီဘာစိန်	။	၁၉၃၆ မှ ၁၉၆၀
၂၉။	ဦးကျော်ရင်	။	၁၉၃၇ မှ ၁၉၃၈
၃၀။	ဦးသိန်းမောင်	။	၁၉၃၉ မှ ၁၉၆၀
၃၁။	ဦးထွန်အေး	။	၁၉၃၉ မှ ၁၉၄၆
၃၂။	ဦးဘိုးညက်	။	၁၉၄၆
၃၃။	D.B.Rao	။	၁၉၄၆
၃၄။	ဦးဘအေး	။	၁၉၅၆ မှ ၁၉၆၀
၃၅။	ဦးရှမ်း	။	၁၉၅၆ မှ ၁၉၆၀
၃၆။	ဦးစု	။	၁၉၅၆ မှ ၁၉၆၀
၃၇။	ဦးကြီးဖေ	။	၁၉၅၆ မှ ၁၉၆၀
၃၈။	ဦးရှိန်	။	၁၉၅၆ မှ ၁၉၅၇
၃၉။	ဦးဘကျော့	။	၁၉၅၆ မှ ၁၉၆၀
၄၀။	ဦးစောမောင်	။	၁၉၅၆ မှ ၁၉၆၀။၁၉၈၀ မှ ၁၉၈၁။ ၁၉၈၄ မှ ၁၉၈၅

၄၁။	ဦးမောင်ရှင်	။	၁၉၅၆ မှ ၁၉၅၈
၄၂။	ဦးဘသင်း	။	၁၉၅၆ မှ ၁၉၅၇
၄၃။	ဦးကြည်စိန်	။	၁၉၅၆ မှ ၁၉၅၇
၄၄။	ဦးလှဒင်	။	၁၉၅၆ မှ ၁၉၆၀
၄၅။	ဦးစံမင်း	။	၁၉၅၆ မှ ၁၉၅၉
၄၆။	ဒေါ်သန်းတင်	။	၁၉၅၆ မှ ၁၉၅၈
၄၇။	ဦးကျော်လင်း	။	၁၉၅၅ မှ ၁၉၅၈။၁၉၇၆ မှ ၁၉၈၀။ ၁၉၈၁ မှ ၁၉၈၄
၄၈။	ဦးလှတင်	။	၁၉၅၇ မှ ၁၉၅၈
၄၉။	ဦးဟမောင်	။	၁၉၅၈ မှ ၁၉၆၀။ ၁၉၇၇ မှ ၁၉၇၈
၅၀။	ဦးအေးသွင်	။	၁၉၅၈ မှ ၁၉၆၀
၅၁။	ဒေါက်တာအုန်းတင်	။	၁၉၅၈
၅၂။	ဦးစံမြင့်	။	၁၉၅၈
၅၃။	ဦးစိုးမြင့်(ခ)မိုးကျော်	။	၁၉၅၈ မှ ၁၉၆၀
၅၄။	မစ္စတာလိုင်နင်	။	၁၉၅၈
၅၅။	ဦးအုန်းတင်	။	၁၉၅၈
၅၆။	ဦးကြီးတင်	။	၁၉၅၉ မှ ၁၉၆၀
၅၇။	ဦးဘချစ်	။	၁၉၅၉ မှ ၁၉၆၀
၅၈။	ဦးကြူစိန်	။	၁၉၅၉ မှ ၁၉၆၀
၅၉။	ဦးဖိုးရုံ	။	၁၉၅၄ မှ ၁၉၅၅
၆၀။	ဦးဘသစ်	။	၁၉၅၄ မှ ၁၉၅၅
၆၁။	ဦးတင်	။	၁၉၅၄ မှ ၁၉၅၆
၆၂။	ဦးဘကြီး	။	၁၉၅၅ မှ ၁၉၅၆
၆၃။	သခင်ဗရန်	။	၁၉၅၅ မှ ၁၉၅၆

၆၄။	ဦးမောင်မောင်သိန်း	။	၁၉၇၁ မှ ၁၉၇၄။
			၁၉၇၇ မှ ၁၉၈၈။
၆၅။	ဦးဘကျော့	။	၁၉၇၁ မှ ၁၉၇၃
၆၆။	ဦးခင်လှိုင်	။	၁၉၇၁ မှ ၁၉၇၃။
			၁၉၈၄ မှ ၁၉၈၈။
၆၇။	ဦးဟန်ဂင်	။	၁၉၇၁ မှ ၁၉၇၄။
			၁၉၇၇ မှ ၁၉၈၁
၆၈။	ဦးကြီးမြင့်	။	၁၉၇၁ မှ ၁၉၇၄
၆၉။	ဒေါ်တင်မြိုင်	။	၁၉၇၁ မှ ၁၉၇၄။
			၁၉၇၆ မှ ၁၉၈၁။
၇၀။	ဒေါ်ခင်တီ	။	၁၉၇၁ မှ ၁၉၇၄။
			၁၉၇၇ မှ ၁၉၈၈။
၇၁။	ဦးချစ်လှိုင်	။	၁၉၇၂ မှ ၁၉၇၄။
			၁၉၇၆ မှ ၁၉၈၁။
၇၂။	ဦးဘအေးစိန်	။	၁၉၇၂ မှ ခ၉၇၄။
			၁၉၇၇ မှ ၁၉၈၆။
၇၃။	ဦးထွန်းကြည်	။	၁၉၇၂ မှ ၁၉၇၃။
			၁၉၈၁ မှ ၁၉၈၃။
၇၄။	ဦးသန်းရွှေ	။	၁၉၇၂ မှ ၁၉၇၄။
			၁၉၇၆ မှ ၁၉၇၈။
၇၅။	ဦးဌေကိုင်	။	၁၉၇၂ မှ ၁၉၇၄။
			၁၉၇၆ မှ ၁၉၈၇။
၇၆။	ဦးအုန်းတင်	။	၁၉၇၂ မှ ၁၉၇၄
၇၇။	ဦးသန်းလွင်	။	၁၉၇၃ မှ ၁၉၇၄။ ၁၉၈၁ မှ ၁၉၈၇။ ၁၉၉၀ မှ ၁၉၉၂

၇၈။	ဦးထွာစိုင်	။	၁၉၇၃ မှ ၁၉၇၄။ ၁၉၈၇ မှ ၁၉၉၀
၇၉။	ဦးထွန်းကြည်	။	၁၉၇၃ မှ ၁၉၇၄။ ၁၉၇၆ မှ ၁၉၇၇။ ၁၉၇၉ မှ ၁၉၈၀။
၈၀။	ဦးဝတင်	။	၁၉၇၃ မှ ၁၉၇၄
၈၁။	ဦးမောင်မောင်	။	၁၉၇၃ မှ ၁၉၇၄။ ၁၉၇၇ မှ ၁၉၈၁။
၈၂။	ဦးကျော်သိန်း	။	၁၉၇၃ မှ ၁၉၇၄။ ၁၉၈၄ မှ ၁၉၈၇။
၈၃။	ဒေါ်ခင်ကြီး	။	၁၉၇၃ မှ ၁၉၇၄။
၈၄။	ဒေါ်သန်းညွန့်	။	၁၉၇၃ မှ ၁၉၇၄။
၈၅။	ဦးဖေမြင့်	။	၁၉၇၂ မှ ၁၉၇၃။ ၁၉၇၉ မှ ၁၉၈၄ မှ ၁၉၈၈ အထိ
၈၆။	ဦးမြင့်ဝေ	။	၁၉၇၃ မှ ၁၉၇၄။ ၁၉၇၉ မှ ၁၉၈၀။
၈၇။	ဦးသန်းလွင်	။	၁၉၇၃ မှ ၁၉၇၄။ ၁၉၈၁ မှ ၁၉၈၇။
၈၈။	ဦးကိုကို	။	၁၉၇၆ မှ ၁၉၇၇။
၈၉။	ဦးကျော်ဆန်း	။	၁၉၇၆ မှ ၁၉၇၇။
၉၀။	ဒေါ်ခင်ကြူ	။	၁၉၇၆ မှ ၁၉၇၇။
၉၁။	ဒေါ်ခင်ကြည်	။	၁၉၇၆ မှ ၁၉၇၇။
၉၂။	ဒေါ်လှကြည်	။	၁၉၇၆ မှ ၁၉၇၇။
၉၃။	ဦးကျော်စွာ	။	၁၉၇၆ မှ ၁၉၇၇။
၉၄။	ဦးမောင်သန်း	။	၁၉၇၆မှ ၇၇။ ၈၀မှ ၈၁။ ၈၅မှ၈၇။
၉၅။	ဦးသန်းဝင်း	။	၁၉၇၆ မှ ၈၃။ ၈၆ မှ ၉၁။
၉၆။	ဦးကျော်တင့်	။	၁၉၇၇ မှ ၇၈။ ၈၁ မှ ၈၃။
၉၇။	ဦးစံဝှက်	။	၁၉၇၇ မှ ၇၈။
၉၈။	ဦးတင်စိုး	။	၁၉၇၇ မှ ၇၈။ ၈၀ မှ ၈၁။

၉၉။	ဦးဖေအေး	။	၁၉၇၉ မှ ၈၀။
၁၀၀။	ဦးဘညွန့်	။	၁၉၇၉ မှ ၈၀။

၁၀၁။	ဦးရန်ကင်း	။	၁၉၈၀ မှ ၁၉၈၁
၁၀၂။	ဦးကျော်သန်း	။	၁၉၈၀ မှ ၁၉၈၁။၁၉၈၄ မှ ၄၉၈၇
၁၀၃။	ဦးသစ်တုံး	။	၁၉၈၀ မှ ၁၉၈၁
၁၀၄။	ဦးရွှေကြည်	။	၁၉၈၀ မှ ၁၉၈၁။၁၉၉၀ မှ ၁၉၉၃
၁၀၅။	ဦးဖေအောင်	။	၁၉၈၁ မှ ၁၉၈၃
၁၀၆။	ဦးရဲဝင်း	။	၁၉၈၁ မှ ၁၉၈၃
၁၀၇။	ဦးအောင်မည့်	။	၁၉၈၁ မှ ၁၉၈၇
၁၀၈။	ဦးယူထွေး	။	၁၉၈၁ မှ ၁၉၈၃
၁၀၉။	ဦးကံရွှေ	။	၁၉၈၁ မှ ၁၉၈၅
၁၁၀။	ဦးဟန်သိန်း	။	၁၉၈၁ မှ ၁၉၈၃
၁၁၁။	ဒေါ်ဖွားကြည်		၁၉၈၁ မှ ၁၉၈၅
၁၁၂။	ဒေါ်အုန်းကြည်	။	၁၉၈၁ မှ ၁၉၉၀
၁၁၃။	ဦးသိန်းဖေ	။	၁၉၈၂ မှ ၁၉၈၄
၁၁၄။	ဦးကြင်စိန်	။	၁၉၈၄ မှ ၁၉၈၇
၁၁၅။	ဦးမောင်မောင်မြင့်	။	၁၉၈၄ မှ ၁၉၈၇
၁၁၆။	ဦးလှကျော်	။	၁၉၈၅ မှ ၁၉၈၆။ ၁၉၉၂ မှ ၁၉၉၃
၁၁၇။	ဦးတင်အေး	။	၁၉၈၆ မှ ၁၉၉၀
၁၁၈။	ဦးချစ်တင်	။	၁၉၈၆ မှ ၁၉၈၇
၁၁၉။	ဦးစောရှိန်	။	၁၉၈၇ မှ ၁၉၉၃
၁၂၀။	ဒေါ်မေညွန့်လှိုင်	။	၁၉၈၇ မှ ၁၉၉၂။ ၁၉၉၁ မှ ၁၉၉၂
၁၂၁။	ဦးကျော်မြင့်	။	၁၉၈၇ မှ ၁၉၈၈
၁၂၂။	ဦးဝွမ်ကြည်	။	၁၉၈၇ မှ ၁၉၉၂
၁၂၃။	ဦးစောရွှေ	။	၁၉၈၇ မှ ၁၉၉၀

၁၂၄။	ဦးရိကျင်း(ခ)		
	ဦးရန်အောင်	။	၁၉၈၇ မှ ၁၉၉၀
၁၂၅။	ဦးသိန်းအောင်	။	၁၉၈၈ မှ ၁၉၉၀
၁၂၆။	ဦးအောင်သိမ်း	။	၁၉၈၈ မှ ၁၉၉၀
၁၂၇။	ဒေါ်တင်လှိုင်	။	၁၉၈၈ မှ ၁၉၉၀
၁၂၈။	ဒေါ်ခင်မူ	။	၁၉၈၈ မှ ၁၉၉၀
၁၂၉။	ဦးသိန်းဝင်း	။	၁၉၈၈ မှ ၁၉၉၀
၁၃၀။	ဦးစံမြင့်	။	၁၉၉၀ မှ ၁၉၉၁။ ၁၉၉၂ မှ ၁၉၉၃
၁၃၁။	ဦးသန်းနိုင်	။	၁၉၉၀ မှ ၁၉၉၁
၁၃၂။	ဦးအောင်ညွန့်	။	၁၉၉၀ မှ ၁၉၉၁။၁၉၉၁ မှ ၁၉၉၂
၁၃၃။	ဦးရန်ရှင်း	။	၁၉၉၀ မှ ၁၉၉၁
၁၃၄။	ဦးအောင်ကြည်	။	၁၉၉၀မှ ၁၉၉၁။ ၁၉၉၁၊ ၁၉၉၂မှ ၁၉၉၃
၁၃၅။	ဦးအေကင်	။	၁၉၉၀ မှ ၁၉၉၂။၁၉၉၁၊ ၁၉၉၂မှ ၁၉၉၃
၁၃၆။	ဦးဘခွေး	။	၁၉၉၀ မှ ၁၉၉၂။၁၉၉၁ ၁၉၉၂မှ ၁၉၉၃
၁၃၇။	ဒေါ်လှရီ	။	၁၉၉၀ မှ ၁၉၉၂။၁၉၉၂ မှ ၁၉၉၃
၁၃၈။	ဦးဘကြည်	။	၁၉၉၁ မှ ၁၉၉၂
၁၃၉။	ဦးကျော်မြင့်ဦး	။	၁၉၈၇ မှ ၁၉၉၂
၁၄၀။	ဦးစိုင်	။	၁၉၉၁ မှ ၁၉၉၂။ ၁၉၉၂ မှ ၁၉၉၃
၁၄၁။	ဒေါ်အလိုင်းချစ်	။	၁၉၉၁ မှ ၁၉၉၂။ ၁၉၉၂ မှ ၁၉၉၃
၁၄၂။	ဦးသန်းလွင်	။	၁၉၉၁ မှ ၁၉၉၂။၁၉၉၂ မှ ၁၉၉၃
၁၄၃။	ဦးထွန်းမြင့်	။	၁၉၉၂ မှ ၁၉၉၃
၁၄၄။	ဦးဖေဝင်း	။	၁၉၉၂ မှ ၁၉၉၃
၁၄၅။	ဦးဘဝင်း	။	၁၉၉၂ မှ ၁၉၉၃

ထားဝယ်သမဂ္ဂတိုးချဲ့အဆောက်အအုံပြင်ဆင်မှုအတွက်
ရန်ပုံငွေထည့်ဝင်ကြသူများစာရင်းနှင့်ရငွေပေါင်း
(၁၀-၁၂-၈၃)

စဉ်	အမည်	ငွေပေါင်း
	နာယကအဖွဲ့မှကောက်ခံရငွေ	(ကျပ်)
၁။	ဦးဗဆွေ	၁၀၀၀
၂။	ဦးစိန်ဝင်း	၁၀၀၀
၃။	ဦးဘလှ	၁၀၀၀
၄။	ဦးပေါ်သိမ်း	၁၀၀၀
၅။	ဦးအုန်းတင်	၁၀၀၀
၆။	ဦးကြူစိန်	၃၀၀
၇။	ဦးဘကျော့	၁၀၀၀
၈။	ဦးကြည်မွန်	၄၀၀
၉။	ဦးထွန်းအေး	၁၀၀၀
၁၀။	ဦလှဒင်	၃၀၀
၁၁။	ဦးစောရွှေ	၁၀၀၀
၁၂။	ဦးချူရှိန်း	၁၅၀၀
၁၃။	ဦးဘာလေ	၁၀၀၀
၁၄။	ဦးကြိုင်	၁၀၀၀
၁၅။	ဦးစစ်နွမ်	၁၀၀၀
၁၆။	ဒေါက်တာစိုးမြင့်	၁၀၀၀
	စုစုပေါင်း	၁၄၀၀၀

အမှုဆောင်အဖွဲ့.မှထည့်ဝင်ကောက်ခံရငွေ

၁။	ဦးကြီးဖေ(ပထမအကြိမ်)	၁၀၀၀၀
၂။	ဦးသိန်းတင်	၁၀၀၀
၃။	ဦးကျော်ဆန်း	၂၀၀
၄။	ဦးမောင်မောင်	၁၀၀
၅။	ဦးမောင်မောင်သိန်း	၁၀၀
၆။	ဦးဘမောင်	၃၀၀၀
၇။	ဦးကျော်လင်း	၁၀၀
၈။	ဦးဖေမြင့်	၃၀၀
၉။	ဦးသန်းလွင်	၁၀၀
၁၀။	ဦးဘင်စိန်	၁၀၀
၁၁။	ဦးငွေကိုင်	၁၀၀
၁၂။	ဦးကံရွှေ	၁၀၀
၁၃။	ဦးခင်လှိုင်	၃၀၀
၁၄။	ဦးချန်တင်	၁၀၀
၁၅။	ဒေါ်ဖွားကြည်	၁၀၀
၁၆။	ဦးကျော်သိန်း	၂၀၀
၁၇။	ဦးအောင်မည်	၁၀၀
၁၈။	ဦးကျော်သန်း	၂၀၀
၁၉။	ဦးအောင်ကြည်	၁၀၀
၂၀။	ဦးအံစိန်(ထားဝယ်)	၁၀၀
	ဦးကြီးဖေ(ဒုတိယအကြိမ်)	၁၀၀၀၀

၂၁။	ဗိုလ်မှူးဦးဘာ	၁၀၀
၂၂။	ဦးအောင်ကြည်	၃၀၀
၂၃။	ထားဝယ်ကူးသန်းရေးလီမိတက်	၅၀၀၀
	ကောက်ခံရရှိငွေ-စုစုပေါင်း	၄၅၈၁

* နာယကကြီးများ ထည့်ဝင်ကောက်ခံရငွေ ၁၄၀၀၀-ကျပ်နှင့် သမဂ္ဂအမှုဆောင်နှင့် လူကြီးများ ထည့်ဝင်ငွေမှာ ၃၁၈၀၀-ကျပ်ဖြစ်၍ စုစုပေါင်း ၄၅၈၀၀-ကျပ်ရရှိသည်။ အဆောက်အအုံ ပြင်ဆင်၍ ပိုလျှံပစ္စည်းရောင်းရငွေမှာ ၁၃၅၃၇-ကျပ်ဖြစ်၍ အားလုံးပေါင်း ၅၉၃၃၇-ကျပ်ဖြစ်ပါသည်။ ပြင်ဆင်မှုကုန်ကျစရိတ်မှာ ၅၅၃၆၇-ကျပ် ၃၆-ပြားဖြစ်၍ လက်ကျန်ငွေ ၃၉၆၉-ကျပ်၊ ၆၄-ပြားဖြစ်သည်။ ယင်းလက်ကျန်ငွေဖြင့် လျှပ်စစ်မီးကြိုးများ သွဲယ်တန်းခြင်း ရေသလျှောက်များပြင်ဆင်မှုကိစ္စတွင် အသုံးပြုခဲ့လေသည်။

ထားဝယ်သမဂ္ဂပညာရေးရန်ပုံငွေ

၁၉၆၁-ခုနှစ်ဘာလမှစ၍-၁၉၆၃-ခုမတ်လအထိ(၁၇)လရှင်းတမ်း။

ရငွေ		ကျပ်	ကုန်ငွေ	ကျပ်-ပြား
ဦးမောင်မောင်ထည့်ဝင်ငွေ		၈၅	မောင်မြင့်ကြည်သို့ပညာသင်	
ဦးတင်	။	၆၀	စရိတ်(၁၀)လအတွက်	၇၅၀-၀၀
ဦးစောမောင်	။	၃၃	ငွေတင်ပို့စရိတ်	၁၂-၇၀
ဦးကြီးတင်	။	၄၅	စာရေးကိရိယာများဝယ်	၁၉-၂၅
ဦးကျော်လင်း	။	၅၁	အလှူခံသေတ္တာတစ်ခုဝယ်	၁၄-၀၀

ဦးရှမ်း	။ ၃၆	အရပ်ရပ်ကုန်ကျငွေ	၇၉၅-၅၁
ဦးကြိုးဖေ	။ ၇၅	ကျန်ငွေ	၁၇၇၇-၀၅
ဦးဘမောင်	။ ၆၀		
ဦးမောင်ခင်	။ ၃၆		
ဦးဘာစိန်	။ ၆၀		
ဦးစု	။ ၆		
ဦးလှဒင်	။ ၃၆		
ဦးကြည်စိန်	။ ၁၁၀		
ဦးတင်ထွန်း	။ ၆၀		
ဦးဆင်စွမ်	။ ၁၅		
ဦးဘအေး	။ ၁၈		
ဦးဗကလေး	။ ၁၅		
ဦးဘအေးစိန်	။ ၂		
ဖက်စပ်(၁၀)ကိုယ်စားလှယ်များ	၃၉၀		
ထားဝယ်ကိုယ်စားလှယ်များအဖွဲ့	၃၀၀		
ဦးမောင်မောင်-ဒေါ်ချမ်းမြ	၁၀၀၀		
ပေါင်း -	၂၅၇၃		၂၅၇၃-၀၀

ထားဝယ်သမဂ္ဂပညာရေးရန်ပုံငွေလက်ကျန် ၁၇၇၇ကျပ်၀၅ပြား (တစ်ထောင်ခုနှစ်ရာခုနှစ်ဆယ်ခုနှစ်ကျပ်- ငါးပြားတိတိ)ဖြစ်ပါကြောင်း။

ဦးဘမောင်
ငွေထိန်းနှင့်ဆော်သြရေးမှူး

ဦးလှဒင်
စာရင်းစစ်

ပညာရေးရန်ပုံငွေသို့ပါဝင်လှူဒါန်းကြသည့်စာရင်း

		ကျပ်
၁။	ဦးသိန်းမြင့်	၁၀၀၀
၂။	ဦးစုကြည်-ဒေါ်ထွေးလှ	၁၀၀၀
၃။	ဦးမောင်တိုး-ဒေါ်ညွန့်	၁၅၀၀
၄။	ဦးမြတ်စိုးလွင်-ဒေါ်ခင်မျိုးဝင်း	၁၅၀၀
၅။	ဦးရီပင်း-ဒေါ်ရွှကြည်	၁၅၀၀
၆။	ဦးစိန်လွင်-ဒေါ်ခင်စိန်	၁၀၀၀
၇။	ဦးရန်ရှင်း-ဒေါ်ဂင်စိန်	၅၀၀၀
၈။	ဦးလှရှိန်-ဒေါ်ခင်သိန်း	၃၀၀၀
၉။	ဦးသိန်းတင်-ဒေါ်အေးမြင့်	၃၀၀၀
၁၀။	ဦးဝင်းမောင်	၂၀၀၀
၁၁။	ဦးကြီးဝင်း-ဒေါ်ယဉ်ကြည်	၃၀၀၀
၁၂။	ဦးတင်ရွှေ-ဒေါ်ခင်စန်း	၁၀၀၀
၁၃။	ဦးအောင်သန်း	၂၀၀၀
၁၄။	ဦးစိုးဝင်း-ဒေါ်ရီရီသန့်	၁၀၀၀
၁၅။	ဦးကျော်မြင့်ဦး-ဒေါ်ခင်သိန်း	၁၀၀၀
၁၆။	ဦးအောင်သန်း-ဒေါ်ခင်သန်းနွဲ့	၁၀၀၀
၁၇။	ဦးစိုးမြင့်-ဒေါ်ခင်နန်းမူ	၁၀၀၀
၁၈။	ဦးရှိန်လှိုင်-ဒေါ်ယူလွမ်	၁၀၀၀
၁၉။	ဦးဘွန်ကြည်-ဒေါ်ချိန်ကြည်	၁၀၀၀

၂၀။	ဦးထွန်းသိန်း-ဒေါခင်ရွှေ	၁၀၀၀
၂၁။	ဦးတင်ဝင်း-ဒေါမိမိအေး	၁၀၀၀
၂၂။	ဦးသန်းလွင်-ဒေါသန်းဝင်း	၁၀၀၀
၂၃။	ဦးသိန်းကြည်-ဒေါသန်းညွန့်	၁၀၀၀
၂၄။	ဦးစစ်စွမ်-ဒေါခင်ကြည်	၃၀၀၀
၂၅။	ဦးအောင်သိမ်း-ဒေါခင်ကြည်	၁၀၀၀၀
၂၆။	ထားဝယ်ကူသန်းရောင်းဝယ်ရေး လီမိတက်	၅၀၀၀
၂၇။	ဦးအောင်ညွန့်-ဒေါခင်ခင်ကြိုး	၁၀၀၀၀
၂၈။	ဒေါသိန်းရွှ	၁၀၀၀
၂၉။	ဦးဘိုးဆွေ	၁၀၀၀
၃၀။	ဒေါလှကြိုး	၁၀၀၀၀
၃၁။	ဦးဂွမ်လိုက်-ဒေါမေစိန်လှိုင်	၁၀၀၀၀
၃၂။	ဦးစိုးရှိန်-ဒေါခင်ရီ	၁၀၀၀
၃၃။	ဦးကျော်ဝင်း-ဒေါစန်းရီ	၁၀၀၀
၃၄။	ဗိုလ်မှူးကြီးကြည်မင်း-ဒေါအေးအေး	၁၀၀၀
၃၅။	ဦးစံဝင်း-ဒေါခင်အေးချို	၁၀၀၀၀
၃၆။	ဦးတင်ထွန်း၊ ဦးမြင့်မောင်	၂၀၀၀
၃၇။	ဦးစိုးလင်း-ဒေါဂင်စွီ	၁၀၀၀၀
၃၈။	ဦးမောင်မောင်ဇော်-ဒေါခင်ဆွေမြင့်	၁၀၀၀
၃၉။	ဦးအောင်ထူး-ဒေါငွေသိန်း	၃၀၀၀

၄၀။	ဦးခွမ်ဝိုင်-ဒေါ်ကျင်ဟို	၁၀၀၀
၄၁။	ဒေါ်သန်းတင်	၂၀၀၀
၄၂။	ဦးမောင်သန်း	၁၀၀၀
၄၃။	ဦးခင်လှိုင်-ဒေါ်လှမူ	၁၀၀၀
၄၄။	ဦးဟုတ်ရွှင်-ဒေါ်လတ်လတ်	၁၀၀၀၀
၄၅။	ဦးတင်ထွန်း	၂၇၅
၄၆။	ဦးစံဝက်	၂၄၅
၄၇။	ဦးစောမောင်	၂၄၅.
၄၈။	ဦးမိုးကျော်	၂၄၅
၄၉။	ဒေါ်ခင်ဆွေ	၁၅၀
၅၀။	ဦးဘကော်ဝင်း-ဒေါ်ဌေးဌေးမော်	၁၀၀၀၀
၅၁။	ဦးသန်းနိုင်-ဒေါ်ခင်ရှိန်	၁၀၀၀၀
၅၂။	ဦးဘကြည်-ဒေါ်ခင်စန်း	၁၀၀၀
၅၃။	ဦးရန်ရှိန်-ဒေါ်သောင်းညွန့်	၁၀၀၀
၅၄။	ဦးရန်ရှင်း-ဒေါ်ဂင်စိန်	၅၀၀၀
၅၅။	ဦးဘမောင်-ဒေါ်အေးအေး	၁၀၀၀၀
၅၆။	ဦးဖေဝင်း-ဒေါ်ကျင်နွယ်	၁၀၀၀
၅၇။	ဦးဘိုးရင်နှင့်သမီးများ	၁၀၀၀
၅၈။	ထားဝယ်ကူးသန်းရောင်းဝယ်ရေး	၅၀၀၀
၅၉။	ဦးဘသိန်း-ဒေါ်နန်းနု	၁၅၀၀
၆၀။	ဦးဘလှ-ဒေါ်တင့်ငွေ	၁၀၀၀၀

၆၁။	ဦးအောင်သန်း-ဒေါ်အေးလှ	၁၀၀၀
၆၂။	ဒေါ်ညွှန့်	၁၀၀၀
၆၃။	ဦးတင်မြင့်	၁၀၀၀
၆၄။	ဦးထွန်းရှိန်(ဒေါ်လှဦး)	၃၀၀၀
၆၅။	ဦးတင်ထွန်း-ဒေါ်စန်းမြင့်	၁၀၀၀
၆၆။	ဒေါ်ဖြူဖြူသန့်	၄၀၀
၆၇။	ဦးအောင်ဘသွင်-ဒေါ်ငွေတင်	၁၀၀၀၀
၆၈။	ဦးဗဆွေ-ဒေါ်နုနုဆွေ	၁၉၀၀၀
၆၉။	ဦးချမ်းရှိန်း-ဒေါ်လှကြူ	၁၀၀၀၀

ဂုဏ်ထူးဆောင်ဂုဏ်ပြုလွှာပေးအမ်ခြင်း(ရန်ကုန်)(ထားဝယ်)

			ထည့်ဝင်လှူဒါန်းငွေ(ကျပ်)
